The House of the Seven Gables

Nathaniel Hawthorne

တကယ်တိုး
ခုနစ်ဆောင်ပြိုင်အိမ်ကြီး

WHISPER OF WORDS



ပြန်လည်ရိုက်နှိပ်ခြင်း

ခုနစ်ဆောင်ပြိုင်အိမ်ကြီး

တက်တိုး

The House of the Seven Gables

Nathaniel Hawthorne

နိဒါန်း

နယူးအင်္ဂလန်ပြည်၏ တောက်ပပူပြင်းသော နွေရာသီအချိန်အခါနှင့် နှင်းဖွေးဖွေး လေသံအူလျက် ရှိသော အေး၍တောင့်နေသည့် ဆောင်းရာသီအချိန်အခါတို့သည် ထူးဆန်းတည်ကြည်၍ ဆွေးဗျာ ထုကြွယ်သော ဝတ္ထုဇာတ်လမ်းများ ပေါ်ပေါက်စေကြပေသည်။

ခရစ်နှစ် ၁၆၀၀ ကျော်က မက်ဆာချူးဆက်နယ်သို့ ရောက်လာသော၊ စနစ်ကြီးသော၊ ပြူရိတန် ခရစ်ယာန်ဂိုဏ်းဝင်တို့၏ ခြောက်သွေ့ ပြင်းထန်လှသော စည်းစနစ်တို့၏ အဟုန်ကြောင့် ယခုထက်တိုင် ပင်လျှင် နယူးအင်္ဂလန်ပြည် နယ်သားတို့မှာ မိမိတို့၏ ဘိုးဘေးတို့ကဲ့သို့ ရင့်မာ ခက်တရော်ခြင်းမရှိတော့ဟု ဆိုရစေကာမူလည်း တည်ကြည်သောဣန္ဒြေဖြင့် စိတ်အာရုံတို့ကို မျိုသိပ်ဖိနှိပ်ထားသော ပုဂ္ဂိုလ်များ ဖြစ်နေကြချေသေးသည်။

နသန်နီယယ်ဟောသွန်း ရေးသော ‘ခုနစ်ဆောင်ပြိုင် အိမ်ကြီး’ ဝတ္ထုမှာ အမေရိကန်ပြည်သည် ဗြိတိန်ပြည် အုပ်ချုပ်မှုအောက်မှ ထွက်မြောက်၍ လွတ်လပ်ရေး ကြေညာပြီးနောက် အနှစ်ခုနစ်ဆယ် ကျော်ခါမျှ ရေးသားပြုစုသော ဝတ္ထုကြီးတပုဒ် ဖြစ်ပေသည်။ ဤဝတ္ထုကြီး၌ ပါဝင်ကြသည့် ဇာတ်ကောင်တို့မှာ ခေတ်ကာလအလျောက် ဖြစ်ပေါ်လာသော ဓလေ့ထုံးစံတို့ကို လိုက်နာနေခိုက်၌ ပင်လျှင် မိမိတို့၏ အဇ္ဈတ္တ သန္တာန်တွင် ဖြစ်ပေါ်လျက်ရှိသော စိတ်အာရုံတို့ကို ချုပ်ချယ် ဖိနှိပ်နေကြရသောကြောင့် စိတ်ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့နေကြသူများပင် ဖြစ်သည်။

ဥပမာ ပြုပြင်ရေးသမား အနုပညာဆရာလေး ဟောဂရေ့သည် တရားသူကြီး၏အလောင်းကို တုန်လှုပ်ခြင်းကင်းမဲ့သည့်စိတ်ဖြင့် ပုံတူရေးဆွဲခဲ့သည်။ သူ ယင်းသို့ ရေးဆွဲနေခိုက်တွင်ပင် တရားသူကြီးကို သတ်သည့် လူသတ်သမားအား တမြို့လုံးက ဂရုပြု၍ ရှာဖွေနေကြသည်။ တဖန် ရှေးခေတ် ရှေးအခါက သူကောင်းဘဝနှင့် နေခဲ့ရသည်ကို မမေ့နိုင်ဘဲ ယခုလတ်တလော ဆင်းရဲမှုကို တွန်းလှန်နိုင်ရန် ခြောက်ပြားတန်ဆိုင်ကလေးကို ဖွင့်ရရှာသော ဟက်ဇီဘာ ပင်းချွန်း အမည်ရှိသော သူကောင်းနွယ် အဒေါ်ကြီးလည်းရှိသေးသည်။ ထိုမှတဖန် ဟက်ဇီဘာ၏ မောင်ဖြစ်သူ ကလစ်ဖို့သည် အသက်အရွယ် ငယ်စဉ်ကတည်းက လောဘတိုက်တွန်းသော ဆွေမျိုးတဦး၏ ပယောဂကြောင့် ဒုက္ခကြီး ကြုံတွေ့ခဲ့ရသဖြင့် ရူးကြောင်ကြောင် ဖြစ်နေခဲ့ရှာသည်။ တဖန်တုံလည်း တံမြက်လှည်း ရသော ဘကြီးဗင်းနားသည် ကမ္ဘာကြီးတခုလုံးကို စိတ်ကူးနှင့်ချည်း ပြုပြင်၍နေရှာလေသည်။

ဗီဘီမှာမူ အပြစ်ကင်းစင်ကာ သန့်ရှင်းလတ်ဆတ်၍ ပျော်ရွှင်စွာ အလုပ်အကိုင်ကို မပျင်းမရိ ဝီရိယနှင့် လုပ်ကိုင်လေ့ရှိသည့် ချစ်စဖွယ် နယူးအင်္ဂလန် ပြည်နယ်သူကလေးတဦးပင် ဖြစ်ပေသည်။ သူ့ခမျာမှာ ပင်းချွန်းအနွယ်တို့ တွေ့ကြုံလေ့ရှိသည့် ဒုက္ခပင်လယ်ဗွေ၌ နစ်မျောတော့မည်ကဲ့သို့ ဝဲစုပ်ခံရချိန်၌ သူ၏ သန့်ရှင်းစင်ကြယ်မှုကြောင့် ဒုက္ခများ ပြေပျောက်သွားရတော့သည်။ ပင်းချွန်း အဆက်အနွယ် များမှာကား နယူးအင်္ဂလန် ပြည်သူပြည်သား ပြူရိတန် ခရစ်ယာန်ဂိုဏ်းဝင်တို့၏ ကြေကွဲဖွယ် ဒုက္ခအပေါင်းကို ဖော်ပြသော ပြယုဂ်ဖြစ်ခဲ့၍ ပန်းချီဆရာကလေး ဟောဂရေ့မှာ ရှေးဟောင်းခေတ် တို့ကို ပစ်ပယ်သည့် တော်လှန်ရေးသမားတို့ကို ပြယုဂ်ဆောင်ပါမူ၊ ဗီဘီသည် နယူးအင်္ဂလန် ပြည်နယ်သူ ပြည်နယ်သားတို့၏ စိတ်စေတနာဖြူစင်မှုကို သရုပ်ဖော်သည်ဟုပင် ဆိုရပေမည်။

ဝတ္ထုရေးဆရာကြီး ဟောသွန်းသည် သူ့ဝတ္ထုထဲတွင် ဇာတ်ကောင် တကောင်ကို ထည့်သွင်းလိုက်ပေ သေး၏။ ယင်းသည်ကား အခြားမဟုတ်၊ ခုနစ်ဆောင်ပြိုင်အိမ်ကြီးပင်တည်း။ ခုနစ်ဆောင်ပြိုင် အိမ်ကြီးမှာ အသက်သုံးရာရှိပြီ ဖြစ်သော်လည်း ယခုထက်တိုင် ရှိနေသေးသည်။ ဘော်စတွန် မြို့ဟောင်းလေးနှင့် မိုင်အနည်းငယ်ကွာသော မြို့ကလေးတွင် အထင်အရှား ရှိပေသည်။ ထိုအိမ်ကြီးသည် တနေ့လျှင် လူလေးငါးဆယ်ယောက်အား စုန်းကဝေအတတ် တတ်သည်ဟူသော စွပ်စွဲချက်ဖြင့် သာသနာ့ရန်သူဟု ကြေညာကာ ကြိုးစင်တင်သော ကြမ်းတမ်းလှသည့် ရှေးခေတ်၏ သရုပ်ကို ဖော်လျက်ရှိဟန်ဖြင့် ကြောက်ဖွယ်ကောင်းသော ဣန္ဒြေနှင့် တည်နေလေသည်။ တစ္ဆေ သရဲ စသည့် နာနာဘာဝတို့ကို ယုံကြည်သည့်ခေတ်၏ ပြယုဂ်လည်း ဖြစ်ပေသည်။ ယခုထက်တိုင်ပင် တစ္ဆေခြောက်တတ်သည်ဟု ဆိုလေ့ရှိသော အိမ်ကြီးမျိုးပင် ဖြစ်နေပေသည်။

ထိုခုနစ်ဆောင်ပြိုင်အိမ်ကြီး အထင်အရှား တည်နေသည်နှင့်အမျှ ဟောသွန်းရေးသော ဝတ္ထုကြီးသည် လည်း စာပေလောကတွင် အထင်အရှား တည်နေပေသည်။ နေရာတကာတွင် အမြန်ကြိုက်သော ယခုခေတ် ခေတ်မြန်သမားတို့အဖို့ ကွက်စိပ်ချကာ လေရှည်ဆွဲ၍ ရေးထားသော ဟောသွန်း၏ ဝတ္ထုသွားမျိုးကို ဖတ်ရန် စိတ်ရှည်မည် မဟုတ်ချေ။ သို့ရာတွင် ဟောသွန်း ထွန်းကားခဲ့သော ခေတ်ငြိမ်၌ စာရေးခြင်းအမှုမှာ မလွှဲမရှောင်သာ၍ လုပ်ရသောကိစ္စမျိုး မဟုတ်သည့်အလျောက် စာရေးရာ၌လည်းကောင်း၊ ဖတ်ရာ၌လည်းကောင်း၊ စည်းစိမ်နှင့်ရေး၊ စည်းစိမ်နှင့် ဖတ်ကြလေ့ ရှိသည်။ ဤဝတ္ထုကြီးမှာ လွန်ခဲ့သည့် အနှစ်တရာကျော်က ရေးထားသော ဝတ္ထုကြီးဖြစ်လေရာ ယခုစာဖတ်သူတို့သည် မိမိတို့ သည်းမခံနိုင်မှုကို ပဓာနပြု၍ ဆင်ခြင်သုံးသပ်ခြင်း မပြုကြရာ။ ပြဆိုခဲ့သည့်အတိုင်း ရှေးခေတ်က စာဖတ်သူတို့မှာ ကတိုက်ကရိုက် ဖတ်သူများမဟုတ်။ စာဖတ်ခြင်းကို အေးအေးဆေးဆေး ကျကျနန

ပယ်ပယ်နှယ်နှယ် ပြုသူများ ဖြစ်လေရကား ဟောသွန်းသည် ခေတ်အကြိုက်ကိုလိုက်၍ လေရှည်နှင့် ရေးထားခြင်း ဖြစ်ကြောင်း သတိမူကြရာသည်။ မည်သို့ပင် ဆိုရစေကာမူလည်း ဟောသွန်း၏ အရေးအသားတွင် ထိုခေတ်က မက်ဆာချူးဆက်နယ်၌ လူတို့ နေထိုင်ပုံ၊ ဝတ်စားပုံ၊ ဓလေ့ထုံးစံ၊ အတွေးအခေါ်တို့ကို ပြတ်သားစွာ ဖော်ပြထားသဖြင့် ဤဝတ္ထုကြီးကို ခေတ်ပြကြေးမုံတခုဟုပင် ခေါ်ဆိုနိုင်ပေသည်။

ဤဝတ္ထုကြီးနှင့်ပတ်သက်၍ ဆိုစရာအချက်တရပ်ကား ရှိပေသည်။ ယင်းသည် လွန်ခဲ့သော အနှစ်တရာကျော်က ရေးသားထားသော ဝတ္ထုဟောင်းကြီးတပုဒ် ဖြစ်စေကာမူလည်း အရေးအသားမှ အပ၊ အခြားအင်္ဂါလက္ခဏာတို့တွင် ယခုထက်ထိ ခေတ်မီပေသည်။ ဝတ္ထုအင်အားနှင့် ပြည့်စုံခြင်းပင် ဖြစ်သည်။ ဤဝတ္ထုကြီးကို ဘာသာအရပ်ရပ်သို့ ပြန်ဆိုပြီးဖြစ်ရာ ဘာသာခြားတို့အဖို့ ယင်းသည် အမေရိကန်တို့အဖို့ကဲ့သို့ပင် ဖတ်မငြီး ဖြစ်ခဲ့ပေသည်။ ဝတ္ထုကြီးသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီး ကဲ့သို့ပင် ခိုင်ခံ့လှပေသည်။ ခံ့ညားတင့်တယ်လှပေသည်။ ဖတ်သူတို့စိတ်ကို ယူကျုံး သိမ်းပိုက်နိုင်စွမ်း သည့် သတ္တိနှင့် ပြည့်စုံပေသည်။ အချို့အရပ်ဒေသများတွင် ဤဝတ္ထုကို ကျောင်းသားများသည် ပြဋ္ဌာန်းချက်ဖတ်စာအဖြစ် ဖတ်ရှုသင်ကြားကြရသည်၊ အချို့နေရာများ၌ စာအပျော်ဖတ်သူများ ပင်လျှင် ဤဝတ္ထုကို စွဲနေသဖြင့် အခိုက်အတန့်အားဖြင့် အခြား အရေးကြီး၍ လေးနက် ခက်ခဲလှသော ပညာရပ်များကိုပင် လေ့လာဆည်းပူးရန် မေ့သွားကြပေသေး၏။

ဤဝတ္ထုအခြေပြုသော နယူးအင်္ဂလန်ပြည်နယ်မှာ အမေရိကန်ပြည်ထောင်စု ပြည်နယ်အသီးသီး တို့နှင့် မတူ။ ထူးခြားစွာ ရှိပေသည်။ ဤဝတ္ထု၌ ဟောသွန်း ဖော်ပြခဲ့သည့်အတိုင်း စိတ်ပျက်စရာ အခြေအနေ၌ တည်နေသည်ဟု မဆိုနိုင်သော်လည်း နယူးအင်္ဂလန်ပြည်နယ်သည် ယခုထက်တိုင်ပင် အခြားပြည်နယ်များ ကဲ့သို့ မဟုတ်ဘဲ ဣန္ဒြေရှိရှိ အေးချမ်း ငြိမ်သက်လျက် ရှိပေသည်။ လေးနက်စွာ စဉ်းစားဆင်ခြင်တတ်သည့် ပညာရှိများထွက်သော ဒေသဖြစ်သည်ဟု ဆိုကြသည်။ လေးနက်သော စာပေဘဝနှင့် အနီးကပ်ဆုံး စာပေမျိုး ထွက်သောဒေသဖြစ်သည်ဟုလည်း ဆိုကြပေသည်။ စင်စစ် သော်ကား ခုနစ်ဆောင်ပြိုင်အိမ်ကြီးမျိုးကို တည်ဆောက်လိုသော စိတ်ဆန္ဒမျိုးသည် နယူးအင်္ဂလန် ပြည်နယ်၌သာ ပေါ်ပေါက်နိုင်ဖွယ် ရှိသည်နှင့်အမျှ 'ခုနစ်ဆောင်ပြိုင်အိမ်ကြီး' အမည်ရှိသော ဝတ္ထုမျိုးကိုလည်း နယူးအင်္ဂလန်ပြည်နယ်၌ သာ ရေးနိုင်ဖွယ်ရာ အကြောင်း ရှိပေသည်။

ခံ့ညားတည်ကြည်၍ လေးနက်သောအသွင်ကို ဆောင်လျက်ရှိသော

နယူးအင်္ဂလန်ပြည်နယ်၏ မြို့များ ဖြစ်သည့် ဘော်စတွန်နှင့် ဆာလမ်တို့သည် မည်သည့်နည်းနှင့်မျှ နယူးယောက်မြို့ကဲ့သို့ ပဝင်းပြောင်လက်၍ အပေါ်ယံကြောသဘောမျိုး ရှိနိုင်မည် မဟုတ်ချေ။ ထို့ကြောင့်လည်း နုနယ်လှသော စာပေအရေးအသားမျိုးမှာ နယူးယောက်ကဲ့သို့ မြို့ပျိုမြို့လွင်တို့မှ ထွက်လာသည့် အခါ၌ ရင့်မာလေးနက်သော စာပေမျိုးကို မြို့အိုမြို့ဟောင်းဖြစ်သည့် ဘော်စတွန်နှင့် ဆာလမ်တို့မှ ထွက်လာပေသည်။ မြို့အိုမြို့ဟောင်းကြီးများ ဖြစ်သည့်အလျောက် အရွယ်ရင့်သူတို့ကဲ့သို့ပင် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းကြည့်ရှုကာ ယခင်က ထင်ရှားခဲ့သော စာရေးဆရာကြီး များ၊ အမေရိကန် အရေး တော်ပုံ အစရှိသော မော်ကွန်းတင်အဖြစ်အပျက်များကို သုံးသပ် ဝေဖန်နိုင်စွမ်း ရှိကြပေသည်။

ဤဝတ္ထုကိုဖတ်ရှုသော မြန်မာပရိသတ်သည် အမေရိကန်ပြည်သမိုင်းနှင့် အမေရိကန်ပြည်ထောင်စု သားတို့၏ အတွေးအခေါ်အပြုအမူ အယုံအကြည်တို့ကို သုံးသပ်နိုင်ကြပေလိမ့်မည်ဟု မျှော်လင့်ရပေ သတည်း။

[၁] ပင်းချွန်းအနွယ်သမိုင်း

အမေရိကန်ပြည်နယ်၊ နယူးအင်္ဂလန်ပြည်နယ်ရှိ မြို့တမြို့၏ လမ်းကြားတခု၏ အလယ်လောက်တွင် အဆောင်ခုနစ်ခုရှိသည့် သစ်သားအိမ်အိုကြီးတလုံး ရှိလေသည်။ အဆောင်ကြီး ခုနစ်ဆောင်မှာ အရပ်ရှစ်မျက်နှာသို့ အသီးသီး မျက်နှာမူလျက်ရှိလေရာ အားလုံးပင်လျှင် အလယ်ကောင်ရှိ မီးခိုးခေါင်းတိုင်ရင်း၌ ဆုံကြလေသည်။ ထိုအိမ်ကြီးကို 'ပင်းချွန်း' အိမ်ကြီးဟူ၍လည်းကောင်း၊ ထိုလမ်းကို 'ပင်းချွန်း' လမ်းဟူ၍ လည်းကောင်း ခေါ်ကြသည်။ အိမ်ကြီးရှေ့တွင် အကိုင်းအခက် ဝေဆာ၍ အရိပ်အာဝါသ ကောင်းလှသည့် ဝက်သစ်ချပင်ကြီးကိုလည်း 'ပင်းချွန်း' ဝက်သစ်ချပင်ကြီး ဟု ခေါ်ကြသည်။

ထိုခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ အိုမင်းရင့်ရော်၍ မိုးလေဝသ၏ဒဏ်ကို အနှစ်နှစ်ခံခဲ့ရရုံသာမက အိမ်တွင်း၌လည်း အိမ်သူအိမ်သား အဆက်ဆက်တို့၏ အထူးထူး အပြားပြားသော ဖြစ်ထွေတို့ကို တွေ့ကြုံခဲ့ဖူးလေပြီ။ အိမ်ကြီးကို ကြည့်လိုက်လျှင်ပင် အဖြစ်အမျိုးမျိုး ကြုံတွေ့ခဲ့ရသော လူအိုကြီး၏ မျက်နှာနှင့် တူတော့၏။ အိမ်ကြီး၏ အသွင်အပြင်ကပင်လျှင် ယင်း၏သမိုင်းစဉ်ကို အကျဉ်းချုပ် သင်္ကေတအဖြစ်ဖြင့် ဖော်ပြနေသကဲ့သို့ ဖြစ်လေသည်။ ထိုအိမ်ကြီးအကြောင်းနှင့်တကွ အိမ်သူ အိမ်သား အစဉ်အဆက်တို့၏ အတ္ထုပ္ပတ္တိသမိုင်းစဉ်ကို ဖော်ပြရလျှင် စိတ်ဝင်စားဖွယ်၊ တရား သံဝေဂရဖွယ်ဖြစ်ရန် အကြောင်းလမ်းများစွာ ရှိလေသည်။

သို့ရာတွင် ထိုသမိုင်းစဉ်ကား အချိန်ကာလအတိုကလေးအဖို့ ဖြစ်မည်မဟုတ်၊ အနှစ်နှစ်ရာကျော် အဖြစ်အပျက်ကို ဖော်ပြရပေမည်။ ထိုကာလအတွင်း အဖြစ်အပျက် အလုံးစုံကိုသာ မှတ်တမ်းတင်ရပါမူ ယင်းမှတ်တမ်းကြီးမှာ အဆမတန် ကြီးမားနေပေလိမ့်မည်။ ယင်းသည့် အတွက်ကြောင့် အရေးကြီးသော အကြောင်းအရာတို့ကိုသာ မှတ်တမ်းတင်ရပေမည်။ ဤဝတ္ထုမစမီ အနှစ်နှစ်ရာခန့်က ဤအိမ်ကြီးကို စတင်တည်ဆောက်သည့် အကြောင်းအရာတို့မှာကား မှတ်သားဖွယ် ကောင်းလှပေ၏။

ဤခုနစ်ဆောင်ပြိုင်အိမ်ကြီးကို ဤနေရာ၌ မတည်ဆောက်မီက ဤနေရာကို ယခုကဲ့သို့ 'ပင်းချွန်း' လမ်းဟူ၍လည်း မခေါ်၊ ဤမျှကြီးကျယ်သော နာမည်ကြီးမျိုးလည်း မရှိချေ။ ယခင်က ဤလမ်းကလေးကို 'မော' လမ်းကြားဟု ခေါ်လေသည်။ ထိုခေတ် ထိုအခါက ဤလမ်းကြားကလေး တွင် နေသူ၏

အမည်ကား 'မက်သယူးမော' ဆိုသူဖြစ်သည်။ မက်သယူးမောသည် ချမ်းသာကြွယ်ဝသူ မဟုတ်ရကား သူ ဆောက်ထားသည့် တဲကုပ်ကလေးနှင့် လမ်းမကြီးကိုဆက်သော ကျွဲနွားများ သွားလာရန် လမ်းကြားကလေး ဖောက်ထားလေသည်။ သူ့တဲကလေးမှာလည်း ဆင်းရဲသားတဲများနည်းတူ သက်ငယ်မိုး၍ စုတ်ချာလှချေသည်။ ထိုတဲကလေးကို ထိုနေရာ၌ အဘယ်ကြောင့် ဆောက်ရသနည်းဟူမူ မက်သယူးမောမှာ တောင်သူလယ်သမား ဖြစ်သည့် အလျောက် အေးမြကြည်လင်လှသည့် စမ်းပေါက်ကလေးအနီးတွင် တဲဆောက်၍နေလျှင် မိမိ၏ ကျွဲနွားများနှင့် ပနံသင့်မည်ဟု တွက်ဆသောကြောင့်ပင် ဖြစ်သည်။

ယခင်က ဤတဲကုပ်ကလေး ရှိရာအရပ်မှာ ရွာစွန်ရွာဖျား ဖြစ်သဖြင့် ဘာမျှ တန်ဖိုးမရှိချေ။ မည်သူကမျှ မျက်စိ မကျခဲ့ချေ။ သို့ရာတွင် အနှစ်သုံးလေးဆယ်အတွင်း၌ ရွာကလေးမှ ရွာကြီး၊ ရွာကြီးမှ မြို့ကလေးအဖြစ်သို့ တဆင့်ဆင့် တိုးတက်လာသောအခါ၌မူကား ထိုနေရာကလေးမှာ အစွန်အဖျား မဟုတ်တော့ဘဲ မြို့လယ်ဘက်သို့ ခပ်ကျကျဖြစ်သဖြင့် ထိုနေရာကလေးကို မျက်စိကျသူတဦး ပေါ်ပေါက်လာလေတော့သည်။

မျက်စိကျသူမှာလည်း နှယ်နှယ်ရရ မဟုတ်ချေ။ မြို့ပေါ်တွင် ဩဇာတိက္ကမနှင့် ပြည့်စုံသည့် ကာနယ် ပင်းချွန်းပင်ဖြစ်သည်။ ကာနယ် ပင်းချွန်းမှာ မြေနေရာများကို အစိုးရထံမှ ဂရန်ယူ၍ အားမရသည့် အတိုင်း သူ့မြေနေရာနှင့် ကပ်လျက်ရှိသည့် မက်သယူးမော တဲကုပ်နေရာကလေးကိုပင် လိုချင်သဖြင့် သူသာ ပိုင်သည်ဟု တရားရုံးတွင် လျှောက်ထား တောင်းဆိုသဖြင့် မက်သယူးမောမှာ တောင်သူလယ်သမား အညတရတဦး ဖြစ်သော်လည်း မဟုတ်လျှင် မခံတတ်သည့် စိတ်ဓာတ်ရှိသူ တဦးဖြစ်သဖြင့် ခနရှင်က ဆင်းရဲသားကို မတရားသဖြင့် နှောင့်ယှက်ခြင်းကို မခံဘဲ အပြင်းအထန် ကန့်ကွက် တိုက်ခိုက်လေရာ နှစ်ပေါင်း အတော်ကြာသွားလေသည်။ ယင်းသို့ နှစ်အတော်ကြာမှ မိမိပိုင်သော မြေတစ်ကေကျော် နှစ်ကေကို ပြန်ရရှာသည်။

ယင်းသို့ ကာနယ်ပင်းချွန်းနှင့် မက်သယူးမောတို့ မြေမှုတရားဖြစ်ကြောင်း ရာဇဝင် အမှတ်အသား မရှိသော်လည်း ဘိုးဘေးမိဘ အစဉ်အဆက်တို့ ပြောလာကြသဖြင့် နောင်လာနောက်သားတို့ သိကြရလေသည်။ ခနရှင်နှင့် ဆင်းရဲသားဖြစ်၍ ခနရှင်က နိုင်လိုမင်းထက် ပြုလုပ်သည်ဟု အစဉ်အလာကဆိုသော်လည်း အကြောင်းခြင်းရာ အစုံအလင် မသိရှိသဖြင့် အသေအချာ စွပ်စွဲခြင်းငှာ မစွမ်းသာ။ နောက်ဆုံး၌ ခနရှင် ကာနယ်ပင်းချွန်း မြေမှုရှုံး၍ မက်သယူးမောမှာ သူ့တဲကုပ်ကလေးနှင့် ဥယျာဉ်မြေ တစ်ကေကျော်ကို ပြန်၍ရသော်လည်း သူ့ခမျာမှာ ကြာရှည်စွာ အကျိုးမခံစားရချေ။ မကြာမီပင်လျှင်

မက်သယူးမောမှာ အသေဆိုး သေရရှာလေသည်။ သေရပုံကား မက်သယူးမောအား စုန်းကဝေအတတ် တတ်မြောက်သည့် မိစ္ဆာဒိဋ္ဌိတဦးဟု စွပ်စွဲကာ ကြိုးစင်တင်၍ သတ်ပစ်ရန် အမိန့် ချမှတ်ခြင်း ခံရသည်။ လွန်ခဲ့သော အနှစ် တရာကျော် နှစ်ရာခန့်က ခရစ်ယာန်သာသနာဝင်တို့သည် မိမိတို့၏ ပြည်နယ်၌ မိမိတို့ကဲ့သို့ သာသနာကို မသက်ဝင် မကြည်ညိုသူတို့အား မိစ္ဆာဒိဋ္ဌိများ စုန်းကဝေ တတ်သူများဟု လုံလောက်သော အကြောင်းမရှိဘဲနှင့်ပင် စွပ်စွဲကာ ထိုခေတ်က ဥပဒေအရ အဆုံးစီရင်လေ့ရှိကြသည်။

ယင်းသို့ အကြောင်းလုံလောက်စွာ မရှိဘဲနှင့် မိစ္ဆာဒိဋ္ဌိဟူ၍လည်းကောင်း၊ စုန်းကဝေအတတ် တတ်သည်ဟူ၍လည်းကောင်း၊ စွပ်စွဲ၍ အဆုံးစီရင်ခြင်း ခံရသူများမှာ မြောက်မြားစွာပင် ဖြစ်၏။ ယင်းတို့မှာ များသောအားဖြင့် မျက်နှာမရှိသူ သူဆင်းရဲသားများသာ ဖြစ်လေသည်။ မက်သယူးမော အား စုန်းအတတ် တတ်သည်ဟု စွပ်စွဲ၍ သေဒဏ်ပေးသည်အထိ ဖြစ်စေရာ၌ ကာနယ်ပင်းချွန်း၏ ပယောဂ များစွာပါရှိသည် ဟု ဆိုကြသည်။

ယင်းသို့ ခရစ်ယာန်သာသနာကို ဆန့်ကျင်သူဟု စွပ်စွဲခြင်းခံရပြီးနောက် ကြိုးစင်တက်ရသူတို့မှာ ပရိသတ်လူထု၏ အဆဲအဆို အငြိုအငြင်ကို ကြီးစွာ ခံကြရလေသည်။ မက်သယူးမောအား ကြိုးစင်တင်ရန် ခေါ်ဆောင်သွားသောအခါ တမြို့လုံးရှိ လူအပေါင်းတို့က နောက်မှလိုက်၍ မိစ္ဆာဒိဋ္ဌိကြီး မက်သယူးမောအား ဆဲဆိုကျိန်ဆဲကြလေသည်။ မြို့မျက်နှာဖုံးဖြစ်သည့် တရားသူကြီး များ၊ ဘုန်းတော်ကြီးများ၊ နိုင်ငံရေး ခေါင်းဆောင်ကြီးများ၊ ကြေးရတက် ပုဂ္ဂိုလ်ကြီးများလည်း ကားစင်တင်ရာသို့ သွားရောက်ကြည့်ရှု ကြလေသည်။

မက်သယူးမောအား ကားစင်တင်ရန် လည်ပင်းတွင် ကြိုးစွပ်ပြီးနောက် ဒေါက်ဖြုတ်ချရန် အချိန် နီးကပ်လာသည်တွင် မြင်းပေါ်မှနေ၍ အခန့်သား ကြည့်နေသည့် ကာနယ်ပင်းချွန်းအား မက်သယူးမောက စိန်းစိန်းကြည့်ကာ ‘ဘုရားသခင် ဤသူ့အားသောက်ရန် သွေးပေးတော်မူပါ’ ဟု လက်ညှိုးတငေါက်ငေါက် ထိုးကာ ဆုတောင်း၍ သေပွဲဝင်လိုက်လေသည်။

ယင်းသို့ ကျိန်ဆဲခံရသော်လည်း မျက်နှာတချက်မျှ မပျက်သော လူချမ်းသာကြီး ကာနယ်ပင်းချွန်း သည်ကား သူ့ရန်သူ မက်သယူးမော သေဆုံးပြီးနောက် များမကြာမီပင် မက်သယူးမော၏ တဲကုပ်ကလေးနှင့် မြေနေရာကွက်ကို ဝယ်ယူသိမ်းပိုက်လိုက်လေသည်။

ထိုနေရာကွက်ကလေးကို ဝယ်ယူပြီးနောက် ကာနယ်ပင်းချွန်းက ထိုနေရာ၌ပင် မိမိနှင့်တကွ အိမ်သားများ အတည်အမြဲ နေထိုင်ကြရန် ခုနစ်ဆောင်ပြိုင်အိမ်ကြီး ဆောက်လုပ်မည်ဟူသော သတင်းကို

ကြားရသူအပေါင်းတို့က ခေါင်းတယမ်းယမ်းနှင့် ကွယ်ရာတွင် အပြစ်ပြောကြလေသည်။ အပြစ်ပြောသူတို့က ကျိန်ဆဲ၍သွားသော မက်သယူးမောကို သတိရကာ ဤနေရာတွင် အိမ်ကြီး အိမ်ကောင်း ဆောက်ရန် မထိုက်လှပဟု ပြောကြသည်။ ကွယ်လွန်သူ မက်သယူးမော၏ ဝိညာဉ်သည် ထိုအိမ်သစ်ကြီးတွင် ဝင်၍နှောင့်ယှက်မည်ကို စိုးရသည်ဟု ဆိုကြသည်။ “ကာနယ်ပင်းချွန်းမှာ ဆောက်စရာမြေတွေ ပေါရဲ့သားနဲ့ ဒီလိုမလွတ်ကင်းတဲ့ မြေကိုမှ ရွေးရသလား” ဟုဆိုကြလေသည်။

ယင်းသို့ အများက ဝိုင်းဝန်းအပြစ်တင်သော်လည်း ကာနယ်ပင်းချွန်းမှာ မက်သယူးမော၏ ကျိန်စာကိုလည်း မကြောက်၊ သူ့ဝိညာဉ်ကိုလည်း အမှုမထား၊ ဆောက်မည်ဟု ရည်စူးထားသည့် အတိုင်း အိမ်ကြီးကို ဆောက်ရန် အကြီးအကျယ် ပြင်ဆင်လေသည်။ ကာနယ်ကြီးမှာ နဂိုကပင် ထက်မြက်သောသဘောရှိသဖြင့် တကြောင်း၊ ငွေကြေးတတ်နိုင်သဖြင့် တကြောင်း။ အယူသီးသူ တို့က တားမြစ်သည်ကို အမှုမထားဘဲ မက်သယူးမော၏ တဲကုပ်ကလေးနေရာ၌ပင်လျှင် အိမ်ကြီး၏ ရိက္ခာခန်းကို ဆောက်လုပ်လိုက်လေသည်။ အိမ်ကြီးဆောက်လုပ်နေစဉ်ပင် ထူးခြားသော အချက် တခု ပေါ်ပေါက်လာသည်မှာ မက်သယူးမော တူးသွားသည့် ရေတွင်းမှ ရေသည် ယခင်ကကဲ့သို့ ကြည်လင်ချိုမြခြင်း မရှိတော့ဘဲ ချဉ်ငန်ငန် ဖြစ်လာလေသည်။ ယခင်က ခရီးပန်းလာသော ခရီးသည်တို့သည် မက်သယူးမော၏ရေတွင်းမှ ရေတပေါက်သောက်လိုက်ရလျှင် အမောပြေသွား သော်လည်း ယခုသော်မူ ထိုရေကို သောက်လိုက်လျှင် အမောမပြေရုံသာမကသေး ဥပဒ်အန္တရာယ် ဖြစ်ကြကြောင်း သတိပြုမိကြလေသည်။

အခြားထူးခြားချက်တခုကား မက်သယူးမော၏သား သောမတ်စ်မောသည် ထိုခုနစ်ဆောင်ပြိုင် အိမ်ကြီးကို တာဝန်ယူ၍ ဆောက်လုပ်ပေးရခြင်းပင် ဖြစ်သည်။ စင်စစ်တော့ကား ထိုအချက်မှာ ထူးဆန်းလှသည်မဟုတ်။ တောင်သူလယ်သမား လက်လုပ်လက်စားတဦး၏သားက ဗိသုကာအဖြစ် အသက်မွေးဝမ်းကျောင်းရှာရာ၌ မိမိလက်ခ ပြည့်စုံကျေပွန်အောင်ရလျှင် မည်သည့်နေရာ၌မဆို အဆောက်ခိုင်းသော အိမ်ကို ဆောက်ပေလိမ့်မည်။

ထိုခေတ်က ဓနရှင်တို့ ဆင်းရဲသားများအပေါ်တွင် နိုင်ထက်ကလူ ညှဉ်းဆဲသောအခါ၌ ဆင်းရဲသား များက အန်တုခြင်း မပြုဘဲ ငုံ့၍သာ ခံလေ့ရှိရကား မက်သယူးမော၏သားမှာ အိမ်ကြီးရှင် ကာနယ်ပင်းချွန်းအား အထူးအာဃာတတရား ထားသည်ဟူ၍ မရှိဘဲ မိမိတာဝန်ယူသော အလုပ်ကို မပျက်မကွက် ပြုလုပ်ဆောင်ရွက်လေသည်။ ဗိသုကာ သောမတ်စ်မော၏လက်ရာမှာ မည်မျှ ကောင်းသည်ဟု အထူးဆိုဖွယ်ရာ မရှိပေ။ နှစ်ပေါင်း ၂၀၀ ကျော်မျှ

ခိုင်ခံ့တည်မြဲအောင် ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို ဆောက်လုပ်ပေးသည်ကို ထောက်ရှုက ကောင်းစွာသိနိုင်ပေသည်။ အိမ်ကြီးပြီးသောအခါ ခရစ်ယာန် သာသနာဝင်တို့၏ထုံးစံအတိုင်း အိမ်တက်တရားနာပွဲ ကျင်းပလေ သည်။ ထိုအိမ်တက်တရားနာပွဲ၌ ဘုန်းတော်ကြီး ဟာစ်ဂင်ဆန်က ကျမ်းစာကိုဖတ်၍ အိမ်တက်မင်္ဂလာ တရား ဟောကြားလေသည်။ ထိုနေ့ညဉ့်၌ပင်လျှင် ညှော့ခံပွဲကြီးတရပ် ကျင်းပလေရာ နွားကောင်လုံး၊ သမင်ကောင်လုံး ကင်၍ တမြို့လုံးရှိ ဆင်းရဲချမ်းသာမရွေး မြို့သူမြို့သားအားလုံးတို့အား ဖိတ်ခေါ် ကျွေးမွေးလေသည်။ လူအများ စားသုံးရန်အတွက် ဟင်းကျွေးများ ချက်ပြုတ်ရသဖြင့် အိမ်သစ်ကြီး ၏ မီးဖိုခေါင်းတိုင်ကြီးမှ မီးခိုးလုံးနက်ကြီးများ လိပ်၍ လိပ်၍ တက်သွားသည်ကို မြင်ရလေသည်။ ပရိသတ်အပေါင်းတို့အား အရက်မျိုးစုံကို လှိုင်လှိုင်ကြီး တိုက်ကျွေးလေသည်။ ဟင်းနံ့ ကျွေးနံ့တို့ မှာလည်း ပတ်ဝန်းကျင်၌ပျံ့နှံ့ကာ လူအပေါင်းတို့အား သွားရည်ယိုကြ စေသည်။

ယခင်က 'မော' လမ်းကြားဟု အမည်မှည့်ထားသည်ကို ထိုနေ့၌ပင်လျှင် 'ပင်းချွန်း' လမ်းဟု အမည်ပြောင်း၍ မှည့်ခေါ်ကြလေသည်။ ချိန်းဆိုထားသောအချိန်၌ ပရိသတ်တို့သည် ပထမ ဘုရားရှိခိုးကျောင်း ရှိရာသို့ စီတန်း၍ သွားကြလေသည်။ ယင်းသို့သွားကြရာတွင် အသစ်စက်စက် ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို မော့၍ကြည့်ကာ ကျေနပ်ဝမ်းသာလျက် ရှိကြကုန်၏။ အိမ်ကြီးမှာလည်း မြင်သူတို့ အံ့ဘနန်း မြင့်မားခမ်းနားလှပေသည်။ အဆောင်ခုနစ်ဆောင်၏ ဝဲလင်းတို့မှာ မိုးပေါ်တွင် ပျံနေသကဲ့သို့ တင့်တယ်လှပေသည်။ ထိုအဆောင်ကြီး ခုနစ်ဆောင် အလယ်၌ ကြီးမားသော မီးဖိုခေါင်းတိုင်ကြီးကို အဝေးကပင် မြင်နိုင်သည်။ အခန်းများ၏ များလှစွာသော ပြတင်းပေါက် တံခါးတို့တွင် ဖြူ နီ ပြာ မှန်ရောင်စုံတပ်လျက် ရှိသောကြောင့် ကျနေရောင်အောက်တွင် ခုနစ်ဆောင်ပြိုင် အိမ်ကြီးမှာ ရောင်စုံခြယ်ထားသကဲ့သို့ ဖြစ်ပေသည်။

အိမ်ကြီး၏ တံခါးမကြီးများမှာ ဘုရားရှိခိုးကျောင်း တံခါးမကြီးများနီးပါး ကျယ်ဝန်းလှသည်။ ထိုကျယ်ဝန်းသော တံခါးမကြီးများမှာ အတွင်းခန်းမကြီးသို့ ထိုနေ့ညက မြို့ပေါ်ရှိ အထက်တန်းစား မင်းယောကျ်ား မင်းမိန်းမတို့သာမက အောက်တန်းစား တောင်သူလယ်သမား ဆင်းရဲသား အပေါင်းတို့လည်း ဝင်ရောက်၍ အိမ်ကြီးရှင်၏ စေတနာအလျောက် တည်ခင်းကျွေးမွေးသော စားဖွယ်သောက်ဖွယ်တို့ကို မြိန်ရှက်စွာ စားသောက်ကြလေသည်။ ကတ္တီပါအင်္ကျီများ ဝတ်လျက် ပန်းရောင်စုံထိုးထားသော လက်အိတ်ကြီးများကိုစွပ်ကာ ရှည်လျားခံ့ညားသော မုတ်ဆိတ်ကြီးများ တကားကားနှင့် တန်ခိုးအာဏာ ဩဇာတိက္ကမ ပိုင်သကြောင်း မိမိတို့၏ တည်ကြည်သော မျက်နှာ များက ဖော်ပြလျက်ရှိသော မြို့မျက်နှာဖုံးကြီးများနှင့်တကွ ယင်းတို့၏ လှပတင့်တယ်သော

ဧနီးသည်များ ကြွရောက်လာကြသောအခါ အိမ်ကြီးရှင်၏ ဘဏ္ဍာစိုးကြီး ရှေ့ဆောင်သည့် အစေခံတစုက ဆီးကြိုဧည့်ခံ၍ စားလိုရာ သောက်လိုရာ စားဖွယ်သောက်ဖွယ်တို့ကို တည်ခင်း ကျွေးမွေးကြလေသည်။ ညစ်ညစ်ထေးထေးနှင့် စုတ်စုတ်ပြတ်ပြတ် ဆင်းရဲသားတို့ကား အခန်းမကြီး အတွင်းသို့ မဝင်ကြဘဲ ဘေးမှရှောင်၍ ကျယ်ဝန်းလှသည့် မီးဖိုဆောင်ကြီး၌ ကြမ်းတမ်းညစ်ပေ လှသော စားပွဲကြီးများပေါ်မှ စားဖွယ် သောက်ဖွယ်တို့ကို ယူ၍ စားသောက်ကြရသည်။

ယင်းသို့လျှင် ထိုမြို့ကလေးအဖို့ မကြုံဖူးလောက်အောင် ထူးခြားစွာ စည်ကားသည့် ဧည့်ခံပွဲကြီးမှာ အစစအရာရာ၌ ဆိုစရာမရှိလောက်အောင် ဖြစ်သော်ငြားလည်း ကြွလာသော ပရိသတ်တို့၏စိတ်ဝယ် မကျေနပ်သော အချက်ကလေးတချက် ပြူထွက်၍လာလေသည်။ ထိုအချက်ကလေးသည်ကား အခြားမဟုတ်၊ ယင်းကဲ့သို့ ကြီးကျယ်ခမ်းနားစွာ ဧည့်ခံကျွေးမွေးသော်လည်း လူယဉ်ကျေးတို့၏ ထုံးစံအတိုင်း အိမ်ရှင်က ရှေ့ဆောင်၍ ဧည့်သည်များကို ခရီးဦးကြိုပြုရမည် ဖြစ်သော်လည်း အိမ်ကြီးရှင် ကာနယ်ပင်းချွန်းမှာ ဧည့်ခံပွဲကြီး၌ မတွေ့ရဘဲ ပျောက်ခြင်းမလှ ပျောက်နေခြင်းပင် ဖြစ်သည်။ ယင်းသို့ လူယဉ်ကျေးတို့ ထုံးစံကို မလိုက်ဘဲ အိမ်အစေခံများကသာ ခရီးဦးကြိုပြုကာ ဧည့်ခံနေခြင်းဖြင့် ရိုင်းပျသော အမူအရာကိုပြသည့် ကာနယ်ပင်းချွန်းအကြောင်းကို ဧည့်သည်များ တယောက်နှင့်တယောက် တီးတိုးပြောနေကြလေသည်။ သူတို့က ကာနယ်ပင်းချွန်းမှာ နဂိုက ဖော်ရွေသူတဦးဖြစ်ပါလျက်နှင့် ယင်းသို့ ဧည့်သည်များကို ဂရုမထားဘဲ ရှောင်ရှားနေခြင်းမှာ ထူးခြားသော အချက်တရပ် ဖြစ်သည်ဟု ဆိုကြလေသည်။ ဤမျှ ရိုင်းပျလိမ့်မည်ဟု မမျှော်လင့်ဘဲ နေခဲ့ကြသဖြင့် ဧည့်သည်အပေါင်းတို့က အိမ်ကြီးရှင်အား စိတ်နာကာ အချင်းချင်း အပြစ်ပြောနေကြ လေသည်။

ယင်းသို့ ကိုယ်တိုင် ဧည့်မခံခြင်းအကြောင်း ပြောနေစဉ်ပင် ဘုရင်ခံ မင်းကြီး ကြွရောက်လာရာ ဘဏ္ဍာစိုးကြီးကပင် မင်းကြီးအား ခရီးဦးကြိုပြု၍ ဧည့်ခံကျွေးမွေးသဖြင့် ပရိသတ်တို့မှာ ဆက်လက်၍ အရေးမယူဘဲ မနေနိုင်သောအဖြစ်သို့ ရောက်ကြရလေတော့သည်။

"ဘယ့်နှယ်ဗျာ၊ ကျုပ်တို့ကိုတော့ ထားပါတော့၊ အခုကြည့်ပါလား၊ ပြည်နယ်ဘုရင်ခံမင်းကြီး ကိုယ်တိုင် ကြွရောက်လာတာတောင် အိမ်ကြီးရှင်က အိမ်သူ့ဝတ်မကျေဘဲ ဂရုမပြုတာဟာ အတော်ပဲ အရုပ်ဆိုးတယ်" ဟု ပရိသတ်က တဖွဖွ ပြောလာကြသည်။ မုတ်ဆိတ် နီကြန်ကြန်နှင့် ဣန္ဒြေ ကြီးလှသည့် ခန့်ညားသော ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည့် ဘုရင်ခံ မင်းကြီးသည် ဘဏ္ဍာစိုးကြီး၏ ခရီးဦးကြိုပြုခြင်းကို ခံနေစဉ်ပင် မြို့တော်ဝန်ကြီးက မကျေနပ်သောကြောင့် ဘဏ္ဍာစိုးကြီးအား မင်းကြီးကြားလောက်သည့် နေရာ၌ပင်လျှင်

ဆူပူကြိမ်းမောင်းလေသည်။

"ဟေ့ကောင်... အခုလာတဲ့ ပုဂ္ဂိုလ်ကြီးကို မင်းမသိဘူးလား၊ ဘုရင်ခံမင်းကြီးကွ။ ဒီပုဂ္ဂိုလ်ကြီးမျိုးကို တောင် မင့်ဆရာက ဘာဖြစ်လို့ ထွက်မကြိုရတာလဲ။ သွား... သွား... မင့်ဆရာကာနယ်ကြီးကို သွားခေါ်ချေ...။ ဘုရင်ခံမင်းကြီးဆိုတာဟာ ဘုရင်ရဲ့ ကိုယ်စားလှယ်တော်ကွ၊ အိမ်ရှင်ကိုယ်တိုင်က လောကွတ်ပျူငှာနဲ့ မကြိုဆိုဘူးဆိုရင် တို့မြို့ နာမည်ပျက်တော့မပေါ့၊ မင်းဆရာရိုင်းတဲ့အတွက် ငါတို့ တမြို့လုံး ရာဇဝင် မရိုင်းစေချင်ဘူးကွာ၊ မင့်ဆရာကို သွားပြီး မြန်မြန်ခေါ်ချေစမ်း" ဟု ဆိုလေရာ ဘဏ္ဍာစိုးကြီးက ....

"ဒါတော့ သည်းခံပါ မြို့ဝန်ကြီးရာ၊ ကျွန်တော့်သခင်က အတိအကျ အမိန့်ပေးထားပါတယ်။ သူ့အမိန့်ကို ကျွန်တော် တသဝေမတိမ်း နာခံရပါလိမ့်မယ်။ သူက ဘာပဲဖြစ်ဖြစ်၊ ဘယ်သူကပဲခေါ်ခေါ် ငါ့ဆီ မလာရဘူးတဲ့။ အဲဒီတော့ ကျွန်တော်တို့အစေခံတွေကတော့ သခင့်စကားကို နားထောင်ရမှာမို့ သူ့ကို သွားမခေါ်ရဲပါဘူးခင်ဗျာ။ သွားခေါ်ရဲတဲ့သူရှိရင် ခေါ်ချေပါ။ ဟောဟို အခန်းထဲမှာပါ" ဟုပြော၍ အခန်းကြီးတခုဘက်သို့ လက်ညှိုးညွှန်လေသည်။ ထိုစကား အချေအတင်ကို ဘုရင်ခံ မင်းကြီး ကြားသဖြင့် မြို့ဝန်ကြီးအား "ဒုက္ခမရှာပါနဲ့ဗျာ တကယ်ဆိုတော့ ကာနယ်ကြီး အခုအချိန်လောက်ဆိုရင် အခန်းထဲက ထွက်ဖို့ တော်ပါပြီ၊ ကျုပ်ကိုယ်တိုင်လည်း ရောက်နေမင့်ဟာ၊ ကဲ... ကဲ... ကျုပ်ပဲ သွားခေါ်ပါ့မယ်" ဟုဆိုပြီးလျှင် ဘဏ္ဍာစိုးကြီး ညွှန်ပြသော အခန်းဘက်သို့သွား၍ ပိတ်ထားသော တံခါးကို ခေါက်လေသည်။ ယင်းသို့ခေါက်သော်လည်း အခန်းတွင်းက ဘာသံမျှ မကြားရချေ၊ ခန်းမကြီး၌ လူသံသူသံများ တိတ်၍ ဘုရင်ခံမင်းကြီး၏ တံခါးခေါက်သံကိုသာ အာရုံစိုက်၍ အခန်းတွင်းမှ ကာနယ်ကြီး ထွက်လာလိမ့်မည်ဟု အားလုံးက မျှော်နေကြသော်လည်း အခန်းတွင်းမှ တုတ်တုတ်မျှ လှုပ်သံမကြားရသဖြင့် အံ့အားသင့်ကာ ကြက်သေသေနေကြလေသည်။

မိမိကိုယ်တိုင် တံခါးခေါက်ပါလျက်နှင့် အိမ်ကြီးရှင်က ထွက်၍ မလာသောကြောင့် ဘုရင်ခံကြီးမှာ ငြိမ်သက်၍ စောင့်ကြည့်နေသော ပရိသတ်အလယ်တွင် အရှက်ကြီးရလေတော့သည်။ "တယ်လည်း ထူးဆန်းပါလားဗျာတို့။ ကျုပ်တို့အိမ်သည်က ဧည့်ဝတ်မကျေရင် ကျုပ်တို့ ဧည့်သည်ကလည်း ဝတ္တရားကျေဖို့ မလိုတော့ပါဘူးဗျာ၊ တံခါးခေါက်ရဲ့သားနဲ့မှ ဖွင့်မပေးရင် အတင်းရိုက်ချိုးပြီး ဝင်ရုံသာ ရှိတော့တာပဲ" ဟု ဆိုကာ တံခါးကို ရိုက်ချိုးဖို့ တံခါးလက်ကိုင်ဘုကြီးကို ကိုင်စမ်းကြည့်ခါမျှ ရှိသေးသည် တံခါးမှာ ဖွင့်ထားသောကြောင့် သာ၍ အံ့အားသင့်သွားလေသည်။ ထိုအခိုက်၌ပင် အပြင်ဘက်မှ လေကလေးတချက် ဖေ့လိုက်သဖြင့် ဟနေသောတံခါးမှာ ဟာလာဟင်းလင်း ပွင့်သွားလေတော့သည်။ ထိုလေကလေးတဖေ့ကား

အတော်ကြမ်းလှချေ၏။ မိန်းမများ၏ ဂါဝန်စ များ လွင့်သွားရုံသာမက ယောက်ျားများ ဆောင်းလာသော ဆံပင်ငှားအချို့မှာ ပြုတ်ကျခမန်းပင် ဖြစ်သွားလေသည်။ ယင်းသို့ မမျှော်လင့်ဘဲ လေတချက်ဝှေ့လိုက်သဖြင့် အားလုံးမှာ ကျောစိမ့်သွား ကြလေသည်။ ထို့ပြင်လည်း ဘုရင်ခံမင်းကြီး ရှေ့ဆောင်၍ ကာနယ်ကြီး၏ အခန်းထဲသို့ ဝင်သွားကြစဉ် အားလုံးသောလူတို့သည် စိတ်၌ စနောင့်စနင်း ဖြစ်၍နေကြလေသည်။ ရုတ်တရက် ဝင်၍တိုးသော လေအေးကလေးကြောင့်လားမသိ အားလုံးပင်စိတ်ထဲ၌ အေးစိမ့်သွားပြီးလျှင် ကြောက်စိတ် ဝင်လာကြလေသည်။

ဘုရင်ခံမင်းကြီးနှင့်တကွ လူကြီးလူကောင်းတစုတို့ ကာနယ်ပင်းချွန်းအခန်းထဲသို့ ရောက်သွားသော အခါ အခန်းမှာ လှပသေသပ်စွာ ခင်းကျင်းထားသဖြင့် စာကြည့်ခန်းနှင့် တူလှပေသည်။ စာအုပ်များ လည်း နံရံများတလျှောက်တွင် အဆင့်များဖြင့် မြောက်မြားစွာ စီ၍ထားလေသည်။ ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင် နံရံအလယ်အပေါ်ပိုင်း၌ ကာနယ်ပင်းချွန်း၏ရုပ်ပုံကြီးမှာ လူနှင့်မခြား တူလှပေ သည်။ ထိုရုပ်ပုံကြီးအောက်၌ ကာနယ်ပင်းချွန်းသည် ကြီးမားကျယ်ပြန့်သော စားပွဲကြီးတွင် လက်ထောက်၍ ဝင်လာသော ပရိသတ်ကို ငေးကြည့်နေလေသည်။ ဘုရင်ခံမင်းကြီးလည်း ကာနယ်ကြီး၏ ပြူးကြောင်ကြောင်မျက်လုံးများကို ငေးစိုက်ကာ စကားမပြောဘဲ ကြောင်တက်တက် ဖြစ်နေစဉ် ကာနယ်ကြီး၏ မြေးကလေးက သူ့အဘိုးထံသို့ ပြေး၍ ဖက်မည်အပြုတွင် သူ့အဘိုးကို ကြည့်၍ သံသေးသံကြောင် အော်ဟစ်ငိုကြွေးကာ ထွက်ပြေးလေသည်။ ဘာမှန်းမသိဘဲ ကြောက်အား ပိုနေသော လူတစုမှာ ဒူးတုန်၍ နေကြရာမှ တဖြည်းဖြည်း ရှေ့သို့ မလှမ်းရဲ လှမ်းရဲနှင့် တလှမ်းချင်း လှမ်းသွားကြသည်။ အနီးသို့ရောက်သောအခါ ဘုရင်ခံမင်းကြီးသည် ကာနယ်ကြီး၏ မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းလှသည့် အဖြစ်မျိုးသို့ ရောက်နေကြောင်း တွေ့ရရုံသာမက သူ့မုတ်ဆိတ်မှာ သွေးများ ပေကျံလျက် အင်္ကျီကော်လံပေါ်တွင်လည်း သွေးစက်များ ကျနေကြောင်း တွေ့ရှိရလေသည်။ ထိုအခါ အစက သူတို့အား ငေးကြောင်ကြောင် ကြည့်နေသည်ဟု ထင်ရသည့် ကာနယ်ကြီးမှာ ထိုင်လျက်ပင် ဇီဝိန်ချုပ်နေကြောင်း တွေ့ရတော့သည်။

ခုနစ်ဆောင်ပြိုင်အိမ်ကြီး ဆောက်ပြီး၍ အိမ်တက်မင်္ဂလာပြုနေချိန်တွင်ပင် အိမ်ကြီးရှင် ကာနယ် ပင်းချွန်းမှာ သူ့စာကြည့်ခန်းတွင် ထူးဆန်းစွာ သေနေကြောင်းကို အစဉ်အဆက် ပြောလာကြလေ သည်။ အချို့က ကာနယ်ကြီးပါးစပ်မှ သွေးများယိုစီး၍ မုတ်ဆိတ်တခုလုံး စိုခဲနေသည်မှာ အခြားကြောင့် မဟုတ်၊ မက်သယူးမောက သေခါနီးတွင် ဘုရားသခင်အား ကာနယ်ကြီးသောက်ရန် သွေးပေးတော်မူပါဟု ဆုတောင်းကျိန်ဆဲခဲ့ခြင်းကြောင့်ပင် ဖြစ်သည်ဟုဆိုရလေသည်။ တချို့က လည်း ဥပစာတင်သော သဘောဖြင့်

ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ ပထမဆုံး ကျင်းပသော မင်္ဂလာပွဲသို့ မင်းယောက်ျား မင်းမိန်းမ သူဌေးသူကြွယ် ဆင်းရဲသားတို့သာ တက်ရောက်ကြသည်မဟုတ်၊ သေမင်း ကိုယ်တိုင် တက်ရောက်ခဲ့သည်ဟု ဆိုကြလေသည်။ မည်သို့ပင် ဆိုကြစေကာမူ ခုနစ်ဆောင်ပြိုင် အိမ်ကြီး အပြီးတွင် အိမ်ကြီးရှင်ကာနယ်ကြီး ကွယ်လွန်ရသည့်အကြောင်းမှာ ထိုမြို့၌ အစဉ်အလာ ပြောစရာ အကြောင်းတရပ်ပင် ဖြစ်လေတော့သည်။

ကာနယ်ကြီး ထူးဆန်းစွာ သေဆုံးရသည့်အကြောင်းနှင့် ပတ်သက်၍ ထိုခေတ်အခါက သတင်း အမျိုးမျိုး ဖြစ်နေသည်။ တချို့က ကာနယ်ကြီးအား အမည်မသိသူတယောက် ပြတင်းပေါက်မှဝင်၍ သတ်သွားသည်ဟု ပြောကြသည်။ ကာနယ်ကြီး၏ လည်ပင်း၌ လက်ရာများ ထင်နေသည်ဟု ဆိုကြသေးသည်။ အချို့ကလည်း မက်သယူးမော၏ ကျိန်စာသင့်သည်ဟု ဆိုကြသည်။ ကာနယ်ကြီး ၏ အလောင်းကိုစစ်ဆေးသော ဆရာဝန်ကြီးကမူ ကာနယ်ကြီးမှာ လေသင်တုန်းဖြတ်၍ သေသည်ဟု ဆိုသည်။ ထိုခေတ်က ပုလိပ်အရာရှိတို့မှာမူကား အတော်ပင် ဆင်ခြင်တုံတရား ရှိကြဟန်တူသည်။ အလောင်းကို စစ်ဆေးပြီးနောက် ကာနယ်ကြီးမှာ ရုတ်တရက် သေဆုံးသွားခြင်း ဖြစ်သည်ဟု အစီရင်ခံကြလေသည်။ လူတယောက်ဝင်၍ သတ်သွားသည်ဆိုသော စကားမှာကား လက်ခံနိုင်ဖို့ ခဲယဉ်းလှတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုလူသတ်မှုနှင့် ပတ်သက်၍ ယခုထက်တိုင် အစွန်းအစ သိုးသိုးသန့်သန့်မျှ မကြားသိရချေ။ လူချမ်းသာတဦးဖြစ်၍ ပုလိပ်ဘက်မှ ထိုအမှုနှင့် ပတ်သက်၍ အတော်ပင် ကြိုးစားစုံစမ်းသော်လည်း လူသတ်သမားတရားခံကို မတွေ့ခဲ့ရခြင်းမှာ ကာနယ်ကြီးအား လူသတ်၍ သေသည်ဟူသော ထင်မြင်ချက်ကို ပယ်ဖျက်လိုက်ရန် ထောက်ခံသကဲ့ သို့ ဖြစ်၍နေလေသည်။ ထိုခေတ်က သတင်းစာများကလည်း ကာနယ်ကြီး ထူးဆန်းစွာ ကွယ်လွန်ရသည့်အကြောင်းနှင့် ပတ်သက်၍ အမျိုးမျိုး ရေးကြလေသည်။ အချုပ်ကို ဆိုရသော် ကာနယ်ကြီး ကွယ်လွန်ရသည့်အကြောင်းကို မည်သူမျှ မသိကြချေ။

ကာနယ်ပင်းချွန်း၏ အသုဘအခမ်းအနား၌ ဘုန်းတော်ကြီး ဟစ်ဂင်ဆန်က ကြေးရတတ်တို့နှင့် ပတ်သက်လျှင် အမြဲတမ်း ဘုန်းတော်ဘွဲ့ ရွတ်ဆိုလေ့ရှိသည့်အတိုင်းပင်လျှင် ကာနယ်ပင်းချွန်း၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်ပြောဆိုသွားကြောင်း အစဉ်အလာ ဆိုကြသည်။ ကာနယ်ကြီးမှာ ဘာသာတရား၌ ကိုင်းရှိုင်းကြောင်း မြို့ရေးရွာရေး၌ ရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ခဲ့ကြောင်း စသည်တို့ကို စီကာပတ်ကုံး ပြောရှာသော ဘုန်းတော်ကြီးခမျာမှာ ကာနယ်ကြီးအား လူသတ်သမား တယောက် သတ်သွားသည်ဟူသော အစွဲမျိုး မရှိချေ။ သဘာဝအတိုင်း သေရရှာသည်ဟူ၍သာ မှတ်ထင်မိလေသည်။

ကာနယ်ကြီး ကွယ်လွန်ပြီးနောက် သူ့သားမှာ ဖခင်ကြီး၏ အမွေအနှစ်တို့ကိုသာ ရရှိလိုက်သည် မဟုတ်ဘဲ လူရိုင်းဗိုလ်ကြီးတဦးနှင့် သဘောတူစာချုပ် ချုပ်ဆိုလိုက်သည်ကို အကြောင်းပြု၍ မြေနေရာ မြောက်မြားစွာ ရရှိလေသေးသည်။ ထိုမြေနေရာများမှာ ယခု ဝေါလဒို တိုက်နယ်ဟု ခေါ်နေကြသော နေရာကြီးပင်ဖြစ်ရာ အလွန်ကျယ်ဝန်းလှသဖြင့် ဥရောပတိုက်၌သာဆိုမူ ထိုမြေပိုင်ရှင်မှာ နယ်စားကြီး ဘွဲ့ထူးဖြစ်စေ မင်းသားကြီးဘွဲ့ထူးဖြစ်စေ ရတန်ရာ၏။ ထိုတိုက်နယ်မှာ မြေရိုင်းများပင် ဖြစ်သော်လည်း ခုတ်ထွင်တည်ထောင်သောကြောင့် ကောက်ပဲသီးနှံ မြောက်မြားစွာ ထွက်သော လယ်ကွင်းကြီးများအဖြစ်သို့ ရောက်ရှိသွားကြလေရာ မြေပိုင်ရှင် ကာနယ်ပင်းချွန်း၏ အဆက်အနွယ်တို့မှာ ငွေကြေးပေါများ၍ ကျိုကျိုတက် ချမ်းသာလာကြကုန်၏။

ယင်းသို့လျှင် ပစ္စည်းဥစ္စာ တိုးတက်ပွားများလာသော်လည်း ကွယ်လွန်သူ ကာနယ်ကြီး မရှိသဖြင့် သူ့သားမှာ ကာနယ်ကြီးလောက် နေရာတကာတွင် ဩဇာတိက္ကမ မကြီးမားလေရကား အဆိုပါ တိုက်နယ်ကြီးမှာ သူ့လက်ထဲသို့ ရောက်ပြီးခါမှ ပြန်လည် လွတ်ထွက်သွားလေတော့သည်။ အစဉ်အလာ အမှတ်အသားတို့မှာလည်း ဤအချက်၌ ကောင်းစွာ မရှိသောကြောင့် ပင်းချွန်း အဆက်အနွယ်တို့ ထိုနယ်ကို ရမရ မသိရတော့ချေ။ သို့ရာတွင် နောင်လာနောက်သားတို့ သိရသည်မှာ ထိုတိုက်နယ်ကြီးမှာ ပင်းချွန်းအဆက်အနွယ်တို့က မိမိတို့သာ ပိုင်ဆိုင်ထိုက်သည် ဟူသောအနေဖြင့် အပြင်းအထန် ကန့်ကွက်တိုက်ဖျက်ကြသော်လည်း နောက်ဆုံး၌ အခြားသူများ အား ဝေခွဲပေးလိုက်ကြောင်းပင် ဖြစ်သည်။

ယင်းသို့ လာဘ်ရတနာကြီးနှင့် လွဲခြင်းမလှ လွဲလိုက်ရရှာသော ပင်းချွန်းအဆက်အနွယ်တို့မှာ တဖြည်းဖြည်း ငွေကြေးဓန လျော့ပါးလာသည်နှင့်အမျှ ငါတို့အမျိုး ရှေးက ဘယ်သို့ကြီးကျယ်လှသည် ဟူသော ခရုဆန်ကျွတ်မာနမျိုးသာ ကျန်ခဲ့လေတော့သည်။ ယင်းသို့ မာနသာလျှင် အဆက်အနွယ် တလျှောက်လုံး အမွေအနှစ်အဖြစ် ရခဲ့သဖြင့် နောက်ဆုံးနွယ်များအထိ ထိုမာနသာလျှင် ထင်ရှားစွာ ကျန်ခဲ့လေသည်။ မာနသာရှိ၍ ငွေကြေးဓန မရှိတော့သော နောက်ဆုံးအနွယ်တို့မှာ ငွေကြေး ရှာဖွေရမည်ကို ကြောက်ရွံ့ပျင်းရိ နေကြလေသည်။ သူတို့သာ ပိုင်သင့်သည်ဆိုသောအချက်မှာလည်း ကာလရွေ့လျောသည့်အလျောက် တဖြည်းဖြည်း တိမ်ကောပပျောက်သွားလေရာ နောက်ဆုံး အနွယ်တို့အဖို့ ရှေးက ရွှေထီးဆောင်းခဲ့ဖူးသည့် အမျိုးအနွယ်ဖြစ်ပေသည်ဟူသော ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် သဘောတရားကလေးမျှသာ ကျန်ရှိလေတော့သည်။

အကြံဉာဏ် လုံ့လဝီရိယနှင့် ပြည့်စုံသည့် ပင်းချွန်း၏ အဆက်အနွယ်များမှာ ကာနယ်ကြီး၏ အရည်အချင်းကို မီသူမရှိသလောက် ရှားလေသောကြောင့်

တဖြည်းဖြည်း နစ်မြုပ်၍ အနွယ်ပါ တိမ်ကောတော့မည်အပြုတွင် တယောက်တလေက ကာနယ်ကြီးကဲ့သို့ပင် အကြံဉာဏ် လုံ့လဝီရိယ နှင့် ပြည့်စုံသူအဖြစ် ပေါ်လာပြန်သဖြင့် အနွယ်အဆက် မပျက်ဘဲ ဆက်လက်တည်တံ့နေပြန်တော့ သည်။ ထိုပုဂ္ဂိုလ်မျိုး ပေါ်ပေါက်လာတိုင်း ကာနယ်ကြီးအကြောင်းကို သိရှိသူအပေါင်းတို့က "ကာနယ်ကြီး ဝင်စားတာနဲ့ပဲ တူတယ်" ဟု ဆိုလေ့ရှိကြလေသည်။

ကာနယ်ပင်းချွန်း၏ အဆက်အနွယ်များအကြောင်းကို အစဉ်တစိုက် ရေးသား၍ ရာဇဝင်ကျမ်း တစောင် ပြုရန် မရည်ရွယ်သော ဤဝတ္ထုရေးသူသည် 'ပင်းချွန်းအနွယ်သမိုင်း' ကို စေ့စေ့စုံစုံ မရေးလိုပါ၊ ရေးလည်း မရေးစွမ်းနိုင်ပါ။ အနွယ်များထဲ၌ အညတရ မြောက်မြားစွာ ပါရှိလေရာ သူတို့အတ္ထုပ္ပတ္တိတို့ကို ရေးရန် အကြောင်းရပ်များကို ရှာဖွေဖို့ ခက်ခဲလှတော့သည်။ ခုနစ်ဆောင်ပြိုင် အိမ်ကြီးအတွင်း၌ မှန်အိုကြီးတချပ်ရှိသည်ဟု ကြားဖူးပါသည်။ ထိုမှန်ကြီးတွင် ကာနယ်ကြီးနှင့်တကွ အားလုံးသော အဆက်အနွယ်တို့၏ ရုပ်ပုံထင်လျက်ရှိသည်ဟု အဆိုရှိ၏။ ဤဝတ္ထုရေးဆရာက ထိုအဆိုကို ယုံကြည်သည်ဟု မဆိုပါ။ အကယ်၍ ထိုအဆိုအတိုင်း ထိုမှန်အိုကြီးကိုသာ ကြည့်ရပါမူ ပင်းချွန်း အဆက်အနွယ်များ အကြောင်းကို စေ့စေ့စုံစုံ ရေးသားနိုင်မည်ဟု မျှော်လင့်ရပေသည်။

အယူသီးသူတစုက အစဉ်အလာဆိုခဲ့သည့် အချက်တရပ်လည်း ရှိပေသေးသည်။ ယင်းသည်ကား ထိုမှန်အိုကြီးကို မက်သယူးမော၏ အဆက်အနွယ်များသာ ကြည့်ပါမူ ကာနယ်ပင်းချွန်းနှင့်တကွ သူ့အဆက်အနွယ်အားလုံးတို့၏ ရုပ်ရည်တို့ကိုသာ တွေ့မြင်ရသည် မဟုတ်ဘဲ သူတို့ပြုခဲ့သမျှ အကုသိုလ် အပေါင်းကိုလည်း မြင်တွေ့နိုင်မည်ဟု ဆိုခြင်းပင်တည်း။

ယင်းသို့ အမျိုးမျိုး စိတ်ကူးကြွယ်၍ ပြောဆိုကြသော အစဉ်အလာ စကားတရပ်တို့မှာ ကာနယ်ကြီး နှင့် စုန်းကဝေအတတ် တတ်သည်ဟု အစွပ်စွဲခံရသော မက်သယူးမောတို့ဖြစ်ထွေကို အဆင် အမျိုးမျိုးနှင့် အဖန် တလဲလဲ ဖော်ပြခြင်းမျှသာ ဖြစ်သည်ဟု ယူဆရပေသည်။ ထိုပင်ရင်း ပုဂ္ဂိုလ်ကြီး များ အကြောင်းကို အစဉ်အဆက် မမေ့နိုင်ကြသည်မှာ အကယ်၍ ပင်းချွန်းအနွယ်တယောက်က ရေကိုငုံ၍ ထွေးလိုက်လျှင်ပင် လမ်းလျှောက်သွားသူတဦးက "ဟောဟိုမှာ ... ကြည့်စမ်း မက်သယူး မောရဲ့သွေးကိုသောက်နေတယ်" ဟု ဆိုလေ့ရှိလေသည်။

ကာနယ်ကြီး ကွယ်လွန်ပြီးနောက် နှစ်တရာခန့်ကြာမှ သူ့အနွယ် တယောက်လည်း သူကဲ့သို့ပင် သွေးအန်၍ သေဆုံးလေရာ မြို့ပေါ်ရှိလူအပေါင်းက အစဉ်အလာစကားကို သတိရကာ မက်သယူး မော၏ ကျိန်စာသင့်သည်ဟု ဆိုကြလေသည်။ ကာနယ်ကြီး၏ ရုပ်ပုံမှာ သူ မကွယ်လွန်မီကပင်

ချိတ်ထားသည့်နေရာ၌ ရှိလေရာ သူ့ရုပ်ရည်မှာ ကြမ်းတမ်းခက်ထန်လှသဖြင့် ရုပ်ပုံကို မြင်တွေ့ရ သူတိုင်းက ကြောက်အားပို၍ မက်သယူးမော၏ ကျိန်စာကို သတိမရဘဲ မနေနိုင်သည့် အဖြစ်သို့ ရောက်ကြရလေသည်။ ကာနယ်ကြီး၏ရုပ်ပုံကို ကြည့်ပြီးလျှင် ထိုပုဂ္ဂိုလ်ကြီးမှာ အကုသိုလ်ကို ရက်ရက်ရောရောပြုမည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု လူတိုင်းက ဆိုပေလိမ့်မည်။ ထို့ကြောင့်လည်း အယူသီးသူတို့က မက်သယူးမော၏ ဝိညာဉ်မှာ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ အမြဲတမ်း ရှိနေကြောင်း ယုံကြည်ကြလေတော့သည်၊

ပင်းချွန်းအဆက်အနွယ်များသည် ချမ်းသာတချို့၊ ဆင်းရဲတလှည့်နှင့် နှစ်ပေါင်းနှစ်ရာကျော်မျှ နေလာကြရာ သူတို့အားလုံးမှာ များသောအားဖြင့် ခုနစ်ဆောင်ပြိုင် အိမ်ကြီးအတွင်း၌ ထိုမျှကြာရှည်သော ကာလအတွင်း၌ အကြီးအကျယ် ပြောင်းလဲခြင်း မရှိဘဲ ခပ်ကုပ်ကုပ် နေထိုင်လာခဲ့ကြသည်ဟု ဆိုရပေမည်။ သူတို့သည် ထိုမြို့ကလေးရှိ မြို့သူမြို့သားအပေါင်းတို့နှင့် မခြားပင် ဗဟုသုတနည်းပါး၍ အမြင်ကျဉ်းမြောင်းသည်နှင့်အမျှ အေးချမ်းစွာ နေလာကြလေသည်။ တခါတရံ လူထူးလူဆန်း တယောက်တလေ ပေါ်ပေါက်လာသော်လည်း ပင်းချွန်းအနွယ်များမှာ ထင်ရှားကျော်စောခြင်း ကင်းမဲ့လှချေသည်။ အမေရိကန် လွတ်လပ်ရေးတိုက်ပွဲကြီး ဖြစ်ပေါ်လာ သောအခါ ပင်းချွန်းအနွယ်များမှာ အင်္ဂလိပ်ဘုရင်ကို ထောက်ခံသူများ ဖြစ်ကြသောကြောင့် သူတို့နေအိမ်မှ ထွက်ပြေးကာ တောပိုင်းတွင် ခိုအောင်းနေခဲ့ကြရလေသည်။ နောက်မှ ဘုရင့် သစ္စာတော် စောင့်ထိန်းခြင်းမှာ မှားယွင်းသော အပြုအမူဖြစ်ကြောင်း သိကြရသဖြင့် ဝန်ချတောင်းပန် ပြီးလျှင် ခုနစ်ဆောင်ပြိုင် အိမ်ကြီးသို့ ပြန်၍ နဂိုအတိုင်း နေထိုင်ကြလေသည်။

လွန်ခဲ့သည့် ခုနစ်ဆယ့်ငါးနှစ်လောက်ကပင် ပင်းချွန်းအနွယ် သမိုင်း မှတ်သားဖွယ်ရာအချက်ဟု ဆိုရလောက်သော အကြောင်းမှာ အနွယ်တဦးက ရာဇဝတ်ပြစ်မှု ကျူးလွန်လိုက်ခြင်းပင် ဖြစ်ချေသည်။ ထိုလူငယ်မှာ ရာဇဝတ်မှုအတွက် သေဒဏ်ခံရန် ဖြစ်သော်လည်း မျိုးကြီး ဆွေကြီး ဖြစ်သဖြင့် သေဒဏ်မှလွတ်ကင်းကာ ထောင်တသက်ကျခံစေလေသည်။ ယင်းသို့ အမျိုးဂုဏ် ဖျက်သည့် ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းမှာ ယခုဖော်ပြမည့်ဝတ္ထု မစမီ အနှစ်သုံးဆယ်ခန့်က ဖြစ်လေသည်။ ထိုအပြစ်ခံရသူ ပင်းချွန်းအနွယ်အား နှစ်ပေါင်းအတော်ကြာခါမှ မည်သည့် အကြောင်းကြောင့်မသိ၊ တခုခုသော အကြောင်းကြောင့်ပင်လျှင် ထောင်မှ လွတ်မြောက်တော့မည်ဟု သတင်းဖြစ်လာရာ ထိုသတင်းကို ကြားရသူအပေါင်းက မယုံချင်သလိုလို ဖြစ်နေကြတော့သည်။

အသတ်ခံရသော ပုဂ္ဂိုလ်ကြီးအကြောင်းကို အကျဉ်းမျှ ဖော်ပြရန် လိုပေသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ သားမယားမရှိသော တကိုယ်တည်းသမား

လူပျိုကြီးဖြစ်ရာ သူသည် အားအားရှိတိုင်း သူ့အဆက်အနွယ်များ အကြောင်းစဉ်ကို စုံစမ်းရှာဖွေ၍ ဆင်ခြင်သုံးသပ်လေသည်။ ယင်းသို့ အနွယ်သမိုင်းကို သုတေသနပြုရာတွင် ကာနယ်ကြီးက မတ်သယူးမောအား စုန်းကဝေအတတ် တတ်သည်ဟူသော စွပ်စွဲချက်ဖြင့် အသက်ဆုံးရှုံးစေပြီးလျှင် မက်သယူးမော၏ မြေနေရာကို မတရားသဖြင့် ယူလိုက်ကြောင်း၊ သေချာစွာ သိရှိလာသောအခါ သူရထားသော အမွေအနှစ်တို့မှာ မသန့်ရှင်းကြောင်း ဆင်ခြင်မိလေသည်။ ထို့ကြောင့် သူက မက်သယူးမော၏ အဆက်အနွယ်များကို ရှာဖွေ၍ ရှေးအစဉ်အဆက်က မတရားယူထားသော မြေနေရာတွင် ဆောက်ထားသည့် ခုနစ်ဆောင်ပြိုင် အိမ်ကြီးကို ပေးလိုက်မည်ဟု ဆိုလေရာ ပင်းချွန်းအမျိုးအနွယ်အားလုံးက ဝိုင်း၍ ဆူပူတားမြစ်လိုက်သောကြောင့် ထိုအကြံအစည်မှာ အထမမြောက်ရတော့ချေ။

ယင်းသို့ ဆွေမျိုးများက ဝိုင်း၍ ကန့်ကွက်သော်လည်း အဘိုးကြီး ကွယ်လွန်သည့်အခါ သေတမ်းစာ ရေး၍ မက်သယူးမော အဆက်အနွယ်တို့အား ခုနစ်ဆောင်ပြိုင်အိမ်ကြီးသို့ ပေးရမည်ဆိုလိုက်လျှင် မည်သည့် ဆွေမျိုးကမျှ မတားမြစ်နိုင်ဘဲ ရှိတော့မည်။ သို့ရာတွင် ပင်းချွန်းအနွယ်များမှာ ကွယ်လွန်လျှင် သက်ဆိုင်သည့် အမွေခံများကိုသာ မိမိတို့အမွေအနှစ်ကို ပေးလေ့ရှိသည့်အတိုင်းပင် ထိုလူပျိုကြီး ကွယ်လွန်သည့်အခါ၌လည်း ထုံးစံအတိုင်း အမွေခံထိုက်သူများကိုသာ ပေးစေရန် သေတမ်းစာ ရေးခဲ့ပေသည်။

ထိုလူပျိုကြီးအား သူ့တူတယောက်က သတ်လိုက်သဖြင့် ပင်းချွန်းပစ္စည်းဥစ္စာမှန်သမျှကို အမွေဆက်ခံရသူမှာကား အမွေမရမီက အတော်ပင် ဆိုးလေသော လူငယ်တဦးဖြစ်လေသည်။ အမွေရပြီးသည့်နောက် ထိုဆိုးပေမှာ ချက်ချင်းပင် အနေအထိုင် ပြောင်းလိုက်လေသည်။ ရှေးကကဲ့သို့ အကျင့်စာရိတ္တ ပျက်ပြားခြင်း မရှိတော့ဘဲ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များနည်းတူ ဣန္ဒြေနှင့် နေလေသည်။ အမှန်ကိုဆိုရသော် သူသည် အခြားအခြားသော ပင်းချွန်းအနွယ်များထက်ပင် ဣန္ဒြေနှင့် နေတတ်သောကြောင့် လူအပေါင်း၏ ကြည်ညိုလေးစားမှုကို ရရှိပေသည်။ နဂိုကတည်းကပင် ဥပဒေပညာ၌ ဝါသနာထုံသည့် အလျောက် လိုက်စားလေရာ သူ့အဆက်အနွယ် အခြေအနေကို ထောက်ထားကာ သူ့အား တရားသူကြီး ရာထူးတခု ပေးအပ်လေသည်။ တရားသူကြီးရာထူး၌ ကြာရှည် အမှုထမ်းသည်ဟု မဆိုသာသော်လည်း 'တရားသူကြီး' ဟူသော ဘွဲ့နာမကို ရာသက်ပန် ခံယူလေသည်။ သူသည် တရားသူကြီးရာထူး၌သာ ဆုံးသည်မဟုတ်ဘဲ ကွန်ဂရက်လွှတ်တော်သို့ နှစ်ကြိမ်တိုင်တိုင် အမတ်အဖြစ် သွား၍ တက်ရသေးသည်။ သူ့ပြည်နယ်၌လည်း ဥပဒေပြု လွှတ်တော်အမတ်အဖြစ် အတန်ကြာ ဆောင်ရွက်ခဲ့ရသောကြောင့် သူ့အလိုအလျောက် သူ အတော်ပင် ကျော်ကြားခဲ့လေသည်။

တရားသူကြီးပင်းချွန်းမှာ သူ့အဆက်အနွယ်များတွင် ဂုဏ်ရှိသူတဦးဖြစ်လေသည်။ ငွေကြေး ပေါများ၍ ဂုဏ်ကြီးရှင်တို့၏ ထုံးတမ်းအတိုင်း အဆင့်အတန်း၊ အနိမ့်အမြင့် မရွေး ထိုက်တန်သလို ပေါင်းသင်း ဆက်ဆံသောကြောင့် သူ့အားလေးစားသူ ပေါများလေသည်။ သူသည် ခုနစ်ဆောင်ပြိုင် အိမ်ကြီး၌ အမြဲမနေဘဲ မြို့နှင့် မိုင်အတော်များများ ဝေးကွာသည့် တောရပ်ဒေသ၌ အိမ်နှင့်ဥယျာဉ် ဝယ်ထားပြီးလျှင် အနားယူချိန်များ၌ ဥယျာဉ် ကောင်းစွာ စိုက်ပျိုးလေ့ရှိသည်။

ပင်းချွန်းအဆက်အနွယ်များမှာ ယခုအခါ၌မူ နည်းပါးလာလေပြီ။ အမျိုးတိုးပွားခြင်း မရှိဘဲ တိမ်ကောပပျောက်ဖို့သာ အကြောင်းလမ်း များနေချေသည်။ ယခု၌မူ ပင်းချွန်းအနွယ်ဟူ၍ တရားသူကြီးနှင့် သူ့သားအပြင် ထောင်ဒဏ် အနှစ် သုံးဆယ် ကျခံနေရသော ဦးလေးသတ်သူနှင့် တရားသူကြီး၏ နှမတယောက်သာ ရှိလေတော့သည်။ တရားသူကြီး၏သားမှာ ဥရောပတိုက်သို့ သွားရောက်လည်ပတ် နေလေသည်။ နှမမှာကား ခုနစ်ဆောင်ပြိုင်အိမ်ကြီးတွင် တဆောင် ရထားသဖြင့် ထိုအဆောင်၌ တသက်ပတ်လုံး နေထိုင်လျက်ရှိလေသည်။ သူ့ခမျာမှာ အပျိုကြီး ဖြစ်၍ ငွေကြေးရှားပါးလှချေသည်။ သူ့အစ်ကို တရားသူကြီးက သူ့အား ငွေကြေးထောက်ပံ့မည်ဟု အတန်တန် ပြောသော်လည်း ပင်းချွန်းအနွယ်တို့၌ ရောဂါသဖွယ် စွဲကပ်လျက်ရှိသော မာနကြောင့် ထောက်ပံ့ကြေးကို လက်မခံဘဲ ဆင်းဆင်းရဲရဲနှင့်ပင် နေရှာလေသည်။ အထောက်အပံ့ လက်မခံလျှင် သူ့အိမ်တွင် လာနေပါဟု တရားသူကြီးက ခေါ်သော်လည်း သူ့နှမမှာ ထိုသို့သွယ်ဝိုက်သော နည်းမျိုးဖြင့် ထောက်ပံ့ခြင်းကိုပင် လက်မခံနိုင်အောင် မာနတရား ထားရှိလေသည်။

ပြဆိုခဲ့ပြီးသော ပင်းချွန်း၏အနွယ်များမှာ အကုန်မဟုတ်သေးချေ။ တရားသူကြီး၏ ဝမ်းကွဲ ညီအစ်ကိုတော် တယောက်မှာ မထင်မရှား ကျေးတောသူတယောက်နှင့် အိမ်ထောင်ကျလေရာ သူတို့မှ ဖွားမြင်သော အသက်ဆယ့်ခုနစ်နှစ်ရှိ တောသူမအပျိုချောကလေးမှာ ပင်းချွန်းအနွယ်တွင် အသက်အငယ်ဆုံး ပင်ဖြစ်ပေသည်။ သူ့ဖခင် ကွယ်လွန်သဖြင့် သူ့မိခင်မှာ နောက်အိမ်ထောင် ပြုလိုက်သောကြောင့် သူသည် ပင်းချွန်းအနွယ်များတွင် အငယ်ဆုံးသာမက နောက်ဆုံးဟုပင် ဆိုရပေတော့မည်။

ပင်းချွန်းအနွယ်များအကြောင်းကို ဆိုတန်သလောက် ဆိုခဲ့ပြီးပေပြီ။ ကာနယ်ပင်းချွန်း၏ ရန်ဘက်ကြီး စုန်းအတတ် တတ်သည်ဟု စွပ်စွဲခံရပြီးနောက် အသက်ဆုံးရှုံးရရှာသော မက်သယူးမောဲ၏ အဆက်အနွယ်တို့မှာ မက်သယူးမောကိုယ်တိုင်ကပင် မထင်မရှားသော အညတရ ဖြစ်သည့် အလျောက် ယခုအခါ၌ တိမ်ကောပပျောက်သွားပြီဟု ယူဆရပေမည်။

မက်သယူးမောအား ခရစ်ယာန်ဘာသာနှင့် ဆန့်ကျင်သည့် စုန်းကဝေအတတ် တတ်သည်ဟု စွပ်စွဲ၍ ထိုခေတ်က တရားဥပဒေအရ အဆုံးစီရင်ခြင်း ခံရသဖြင့် သူ့အဆက်အနွယ်တို့မှာ အရှက် ကြီးကြသော်လည်း နဂိုကပင် အညတရများ ဖြစ်သောကြောင့်၊ အကြောင်းမထူးလှချေ။ မက်သယူးမော သေဆုံးပြီးနောက် သူ့သားမြေးတို့မှာ ထိုမြို့၌ပင် လက်လုပ်လက်စားများအဖြစ် ဆက်လက်၍ နေထိုင်သွားကြလေသည်။ မက်သယူးမောတို့ လူစုမှာ စင်စစ်အားဖြင့် ကိုယ့်အလုပ် ကိုယ်လုပ်၍ ဆင်းရဲသားဘဝ အေးချမ်းစွာ နေထိုင်သူများဖြစ်သည်။ သူတို့သည် သူတို့ဘိုးဘေး ဖြစ်သည့် မက်သယူးမောအား ဓနရှင် ကာနယ်ပင်းချွန်းက မတရားနှိပ်စက်၍ မြေနေရာကို လုယူလိုက်ကြောင်းကို ဖခင်မှသား၊ သားမှ မြေးစသည်ဖြင့် အစဉ်အဆက် အိမ်တွင်း၌ ပြောပြသဖြင့် သိရှိကြသော်လည်း ရန်တုံ့မူခြင်း၊ ကျယ်လောင်စွာ ကန့်ကွက် ပြောဆိုခြင်း မရှိဘဲ ဣန္ဒြေမပျက် နေထိုင်လာကြပေသည်။ ယင်းသို့လျှင် အေးချမ်းစွာ နေထိုင်လာကြခြင်းကြောင့်ပင်လျှင် သူတို့အဆက်အနွယ်များသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီး၏ တည်နေရာမှာ စင်စစ် သူတို့ဘိုးဘေးပိုင် မြေနေရာဟူ၍ အမှတ်မပြုကြတော့ချေ။

ယင်းသို့လျှင် မက်သယူးမော၏ အဆက်အနွယ်များမှာ ဆင်းရဲသားဘဝ ရိုးသားအေးဆေးစွာ နေကြသော်လည်း လူအများက သူတို့အား အစဉ်အဆက် စုန်းကဝေအတတ် တတ်လာကြသည်ဟု အောက်မေ့ကာ သူတို့၏မျက်စိမှာ အခြားသူတို့၏ မျက်စိများနှင့်မတူ အကြည့်တမျိုးဖြစ်သည်ဟု ဆိုကြသည်။

ခုနစ်ဆောင်ပြိုင်အိမ်ကြီး တည်ရှိရာလမ်းမှာ ယခင်က မြို့လယ် ကျခဲ့သော်လည်း တဖြည်းဖြည်း လူအစည်ကား နည်းပါးသွားလေတော့ပြီ။ အိမ်ကြီးလည်း နှစ်ပရိစ္ဆေဒရှည်ကြာစွာ တည်နေသော် လည်း ပျက်စီး ယိုယွင်းသည်ဟု မဆိုသာသေးချေ။ ထိုအိမ်ကြီး၌ ပျော်ရွှင်မှု ပေါင်းစုံ ဖြစ်ပေါ်ခဲ့လေပြီ။ အိမ်ကြီးမှာ အဝိညာဏကပစ္စည်း ဖြစ်သော်ငြားလည်း အဝိညာဏက သတ္တဝါကဲ့သို့ပင် အိမ်နံရံများ ပင်လျှင် အိုမင်းဟောင်းမြွေခြင်းဖြင့်သာ စိုထိုင်းနေသည်မဟုတ်။ အိမ်၌နေထိုင်သွားကြသော အိမ်ရှင် အစဉ်အဆက်တို့၏ သုခ ဒုက္ခ အခိုးအငွေ့တို့ဖြင့်လည်း စိုထိုင်းထိုင်း ဖြစ်နေသည်ဟူ၍ပင် ဆိုရချေမည်။ အိမ်ကြီးမှာ သာမန်အားဖြင့် သစ်သားကို ဆောက်လုပ်ထားသော အဆောက်အဦကြီး ဖြစ်သော်လည်း လူ့နှလုံးနှင့် တူလှတော့၏။ ဥပမာ အထက်ထပ်ကို လှမ်း၍ကြည့်လိုက်ပါမူ အတွေး နက်နေသော လူတယောက်ကို ပြေး၍ သတိရနိုင်သော သဏ္ဍာန်အခြေအနေကို တွေ့မြင်နိုင်ပေ သည်။

အိမ်ကြီး၏ရှေ့တွင် အကိုင်းအခက်များ စည်ပင်၍ အရိပ်အာဝါသ ကောင်းလှသည့် အဓိကရ ဝက်သစ်ချပင်ကြီးမှာ ပထမအိမ်ကြီးရှင်

ကာနယ်ပင်းချွန်း၏ မြေးတယောက် စိုက်သွားသော အပင်ကြီး ဖြစ်သည်။ ယခု ထိုအပင်ကြီးမှာ အနှစ်ရှစ်ဆယ်ကျော် တရာနီးပါး ရှိသော်လည်း သန်မာနုပျိုသော အပင်များနှင့် မခြားလှချေ။ သူကပင် ပို၍ သန်မာစည်ကား နေသေးတော့၏။

ထိုသစ်ပင်ကြီးနှင့်တကွ ခုနစ်ဆောင်အိမ်ကြီးသည် ခံ့ညားတင့်တယ်သောအသွင်ကို ဆောင်လျက် ရှိရာ လွန်ခဲ့သော အနှစ်လေးဆယ်လောက်က အိမ်ရှေ့လမ်းကြားကလေးကို လမ်းမကြီးဖြစ်အောင် ချဲ့လိုက်ပြန်သဖြင့် လမ်းနှင့်အိမ်၊ အိမ်နှင့်သစ်ပင်ကြီးတို့မှာ ပနံသင့်လှပေသည်တကား။

အိမ်နောက်၌ ပန်းဥယျာဉ်တခု ရှိလေသည်။ ထိုဥယျာဉ်ကြီးမှာ ပထမ၌ အတော်ပင်ကျယ်သော်လည်း တဖြည်းဖြည်း အနီးပတ်ဝန်းကျင်ရှိ အဆောက်အဦများက နေရာယူလာကြသောကြောင့် ကျဉ်း၍ ကျဉ်း၍ လာလေသည်။

အိမ်ကြီး၏ ခေါင်မိုးအစွန်းများနှင့် ပြတင်းအမိုးတွဲကလေးများအပေါ်၌ တင်၍နေသော ရေညှိတို့ အကြောင်းကို ဖော်ပြရပေဦးမည်။ ထိုရေညှိများကား စင်စစ် မိုးရေစိုစွတ်၍ လေနှင့် ထိသဖြင့် ဖြစ်ပေါ်လာသော ရေညှိရိုးရိုးမဟုတ်ပေ။ ပန်းနွယ်ကလေးများမှ ဖြစ်လာသော ရေညှိမျိုး ဖြစ်ပေသည်။ ထိုရေညှိပန်းကလေးတို့ကို 'အယ်လစ်ပိုဆီ' ဟုခေါ်သည်။ အခါတပါး၌ အယ်လစ် အမည်ရှိသော ပင်းချွန်းအနွယ် အမျိုးသမီးတဦးက ပိုဆီပန်းနွယ်ကလေးများ စိုက်ပျိုးခဲ့သည်ဟု အဆိုရှိသည်။ ယခု၌ကား အယ်လစ်သည် မြေတွင် အရိုးဆွေး၍ နေရှာလေပြီ။ သို့ရာတွင် သူစိုက်ခဲ့သော ပန်းနွယ်များကား ခေါင်မိုးအစွန်များ၌ စိမ်း၍ နေလေသည်။ ယင်းသို့ ပန်းနွယ်များ ရေညှိကဲ့သို့ စိမ်းလန်းနေစေကာ ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ မြင်သူတိုင်းအား စိတ်မချမ်းမြေ့ဖွယ် ရာသာ ဖြစ်စေသည်။ ဆောင်းတွင်း၌ ညို့မှိုင်း၍ နေသောကြောင့် ဖြစ်တန်ရာ၏ဟု ဆိုသူတို့သည် နေသာသည့် နွေကာလ၌လည်း တောက်ပြောင်ကြည်လင်နေသည့်ကြားမှပင် အလွမ်းဓာတ်ငွေ့ သက်လျက်ရှိကြောင်း တွေ့ရှိရပေလိမ့်မည်။

အိမ်ကြီး၏ ပုံပန်းသဏ္ဌာန် အခြေအနေတို့ကို ဖော်ပြရာ၌ အရေးကြီးသော အချက်တရပ်ကို မဖော်ပြပါက ပြည့်စုံမည် မဟုတ်ချေ။ ယင်းသည်ကား လမ်းဘက် မျက်နှာမူနေသော အဆောင် အောက်ခန်းတခုမှာ ဆိုင်ခန်း ဖြစ်နေခြင်းပင်ဖြစ်သည်။ ထိုဆိုင်ခန်းကြောင့် ပင်းချွန်းအနွယ် မာနသည်တို့မှာ ရှေးလွန်လေပြီးသောကာလက အရှက်ရခဲ့ကြရလေပြီ။ ယခုလည်း ထိုဆိုင်ခန်း ကြောင့် လက်ရှိအိမ်ပိုင်ရှင်တို့မှာ ဂုဏ်ငယ်သည်ဟုပင် ထင်ကြလေသည်။

ထိုဆိုင်ခန်းကလေးနှင့် ပတ်သက်၍ ပင်းချွန်းအနွယ်များက လေသံမျှပင် မဟာချင်အောင် ဂုဏ်ယယ်သည်ထင်သော်လည်း စာဖတ်သူတို့ သိသာရန် ဖော်ပြရပေဦးမည်။ ပင်းချွန်းအနွယ်များတွင် လူတယောက်မှာ ဂုဏ်ကြီးရှင်တို့၏ ထုံးတမ်းအတိုင်း ဘုရင့်ထံတော်ပါး၌ အခစား ဝင်၍သော် လည်းကောင်း၊ ဘုရင်ခံမင်းကြီးအနီးသို့ ချဉ်းကပ်၍သော်လည်းကောင်း ရာထူးရာခံ ရရှိအောင် မကြိုးစားဘဲ ဆင်းရဲသားတို့လုပ်သည့် အရောင်းအဝယ်အလုပ်ကို ထုံးတမ်းစဉ်လာဖျက်၍ လုပ်လေတော့သည်။ သူသည် အထင်ကရ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၏ အဆောင် တဆောင် အရှေ့ပိုင်းကို ဆိုင်ခန်းအဖြစ် ပြုပြင်ပြီးလျှင် အိမ်ဆိုင်ဖွင့်သဖြင့် ပင်းချွန်းအနွယ်များမှာ သူ့အတွက် အရှက်ရကြလေသည်။ သို့ရာတွင် သူ့ကို မတားဆီးနိုင်ကြသဖြင့် ကြည့်၍သာ နေကြရတော့သည်။ သူလည်း ဆိုင်ရောင်းရာ၌ သူတပါးလက်အောက် ငယ်သားတို့ကို လွှဲမထားဘဲ သူကိုယ်တိုင် ချိန်တွယ်၍ ရောင်းကာ ငွေကြေးကို ငွေသေတ္တာထဲသို့ ထည့်လေသည်။ ညနေတိုင်လျှင် တနေ့လုံး ရောင်းရသည့် ငွေ စာရင်းကိုပိတ်၍ ရသည့်ငွေနှင့် တွက်ချက်ကြည့်လေ့ရှိသည်။

ထိုဆိုင်ရှင်ကြီး ကွယ်လွန်သည်နှင့်တပြိုင်နက် အရှက်မပြေနိုင်ရှာသော ပင်းချွန်းအနွယ်တို့မှာ ဆိုင်ကြီးကို ချက်ချင်း နဂိုအတိုင်း ပိတ်လိုက်ကြလေသည်။ ယင်းသို့ လက်ရာမပျက် ဆိုင်ခန်းကို ပိတ်လိုက်သဖြင့် အချို့သောသူတို့က ည၌ ဆိုင်ခန်းတံခါးကြားကို ချောင်းကြည့်ပါမူ ကွယ်လွန်သူ ဆိုင်ရှင်ကြီး စာရင်းတွက်၍ ငွေရေတွက်နေသည်ကို မြင်နိုင်ကြောင်း ပြောကြသည်။ သူတို့အဆိုသာ မှန်ပါမူ ကွယ်လွန်သူ ဆိုင်ရှင်ကြီးခမျာမှာ ဆိုင်အပေါ်တွင် သံယောဇဉ်ကြီးလှသည့်အလျောက် မကျွတ်နိုင်ဘဲ အမြဲပင် စာရင်းတွက် ငွေရေနေရချေမည်ပင်။

ထိုတစ္ဆေကြီး၏မျက်နှာမှာ အမြဲတမ်း ညှိုးငယ်နေကြောင်းကိုလည်း မြင်တွေ့ရသည်ဟုဆိုသော သူအပေါင်းက ပြောကြသည်ကို ထောက်သော် အထက်တန်းစားအနွယ်တဦးဖြစ်ပါလျက်နှင့် ဆင်းရဲသားတို့ အလုပ်ဖြစ်သော ကုန်သွယ်ရောင်းဝယ်မှုပြုကာ အဆင့်အတန်းကို တော်လှန်ခဲ့ရှာ သော ပင်းချွန်းအနွယ် ဆိုင်ကြီးရှင်ခမျာမှာ ကမ္ဘာချဉ်းအောင် စာရင်းမကိုက်နိုင်ဘဲ နေရှာမည်လောဟု တွေးတောဖွယ် ဖြစ်နေတော့သည်။

အထက်တွင် ဖော်ပြခဲ့သော ခုနစ်ဆောင်ပြိုင် အိမ်ကြီး၏ အတိတ် ရာဇဝင်ကို ဖတ်ရှုပြီးခါမှ စာဖတ်သူအပေါင်းတို့သည် ယခုရေးမည့် ဇာတ်လမ်းအစကို ဖတ်ကြရပေတော့မည်။

[၂] ဆိုင်ခန်း ပြတင်းကလေး

မိုးလင်း၍ နေထွက်ဖို့နာရီဝက်မျှသာ လိုတော့သည်။ ဟက်ဇီဘာပင်းချွန်းအမည်ရှိသော မိန်းမကြီး နိုးချိန်တန်ပေပြီ။ သို့ရာတွင် ဟက်ဇီဘာ နိုးလာပြီဟုဆိုလျှင် မှားကောင်းမှားပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းမကြီးမှာ တညလုံးအိပ်သည်ဟူ၍ မရှိလှသဖြင့် မအိပ်ဘဲနှင့် နိုးဖို့ ခက်လှတော့သည်။ တကိုယ်တည်း အိပ်ရရှာသော အပျိုကြီးခမျာမှာ ခုနစ်ဆောင်ပြိုင်အိမ်ကြီး တခုလုံးတွင် တယောက်တည်း နေရရှာသည်။ သူ့အစ်ကိုနှင့် အခြားဆွေမျိုးသားချင်းတို့ကား အခြားအိမ်များသို့ ပြောင်းရွှေ့နေကြလေသည်။ တယောက်တည်းနေရသည်ဟု ဆိုခြင်းမှာ စင်စစ်မှား၏။ ပင်းချွန်းအနွယ်အိမ်ကြီးရှင်များ ဟူ၍ အခြားသူများမရှိ၊ သူတယောက်တည်းသာ ရှိသည်ဟု ဆိုလိုသည်။ အမှန်မှာကား အိမ်ကြီး အဆောင်တဆောင်ကို ပန်းချီဆရာတယောက်က ငှားနေသောကြောင့် ထိုခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ ပင်းချွန်းအနွယ်အဖြစ် တယောက်တည်းနေရခြင်းကိုသာ ရည်ညွှန်းပါ၏။

ဟက်ဇီဘာသည် အိပ်ရာမှထ၍ ဘုရားရှိခိုးနေသည်။ သူ့ဘုရားရှိခိုးသံကို မည်သူမျှ မကြားချေ။ ကောင်းကင်ဘုံဝယ် စံမြန်းနေသော ထာဝရဘုရားသခင်သာလျှင် ကြားပေလိမ့်မည်။ သူ့ဘုရားရှိခိုးသံ မှာကား အခြားသူများ၏ ဘုရားရှိခိုးသံတို့ကဲ့သို့ သာယာခြင်းမရှိ၊ သက်ပြင်းချသံကြီးနှင့်သာ တူချေသည်။ တကိုယ်တည်း တသက်ပတ်လုံး နေရရှာသော ဟက်ဇီဘာခမျာမှာ ဘုရားကို လေးစားသောစိတ် ပြင်းစွာဖြင့် ရှိခိုးကြည်ညိုနေလေသည်။

မိန်းမကြီးသည် ဘုရားရှိခိုးပြီးနောက် ချက်ချင်း အခန်းအပြင်ဘက်သို့ ထွက်မလာသေးဘဲ စားပွဲ အံဆွဲများကို တခုပြီးတခု ခက်ခက်ခဲခဲ ဖွင့်ပြီးလျှင် ဘာမျှ ထူးထူးထွေထွေ မလုပ်ဘဲ ကျပ်ကျပ်တည်းတည်း ပြန်၍ ပိတ်လေသည်။ ထို့နောက် သူသည် သူ့အဝတ်အစားများကို ငုံ့၍ ကြည့်ပြီးလျှင် တွန့်လိပ်နေသော အကျီစများကို သပ်၍ချလိုက်လေသည်။ အသက်အရွယ်ကြီးကာမှ ကိုယ်အလှပြင်နေရသေးသလားဟု ဆိုချင်လျှင် ဆိုကြပေမည်။ ဟက်ဇီဘာကား သပ်သပ်ရပ်ရပ် နေတတ်သော အလေ့ရှိသူတဦး ဖြစ်လေသည်။

ဟက်ဇီဘာသည် အခန်းတွင်းမှ ထွက်လာသော်လည်း ရှေ့သို့ ချက်ချင်း မလာသေးဘဲ စားပွဲအံဆွဲ တခုကို သော့နှင့်ဖွင့်ပြီးလျှင် သေတ္တာကလေးတလုံးကို ထုတ်၍ သော့နှင့်ဖွင့်ပြန်လေသည်။ သေတ္တာ ထဲမှ ဓာတ်ပုံငယ်တခုကို ထုတ်၍ကြည့်နေလေသည်။ ထိုဓာတ်ပုံမှာ လူငယ်တယောက်၏ပုံ ဖြစ်ရာ

ကျွန်ုပ်တို့၏ အပျိုကြီးမှာ အတိတ်ရာဇဝင်က ချစ်သူရှိလေသလောဟု မေးဖွယ်ရှိ၏။ ထိုအမေးကို ချက်ချင်းပင် ပြန်၍ဖြေရလျှင် ဟက်ဇီဘာခမျာမှာ ဘယ်သောအခါကမျှ ချစ်သူ ရည်းစားဟူ၍ မရှိခဲ့ကြောင်းပင်ဖြစ်သည်။ သူသည် တသက်နှင့်တကိုယ် အချစ်ဆိုတာ ဘာလဲဟု မသိရှာချေ။ သို့ရာတွင်... သူသည် ထိုဓာတ်ပုံရှင်အပေါ်၌ မပျက်သောမေတ္တာဖြင့် တသက်လုံး တသမတ်တည်း သံယောဇဉ်ကြိုး ခိုင်မြဲလေသည်။

သူသည် ဓာတ်ပုံကလေးကို ပြန်ထည့်ပြီးနောက် ကြည့်မှန်တခုရှေ့တွင်ရပ်ကာ မဆည်နိုင်သော မျက်ရည်စကို သုတ်လိုက်လေသည်။ မှန်ထဲ၌ပေါ်နေသော သူ့ရုပ်ရည်ကို တချက်မျှကြည့်ပြီးနောက် ဟက်ဇီဘာသည် ရှေ့သို့လှမ်း၍ အနှစ်နှစ်အလလက အလင်းရောင်မဝင်ခဲ့ဘဲ အမြဲတမ်း မှောင်၍ နေသော စင်္ကြံကလေးမှ လျှောက်လာလေရာ သူ၏ ရှည်သောအရပ်ကို မြင်နိုင်ကြပေလိမ့်မည်။ ပိုးအနက်ဝတ်၍ သေးသိမ်သော ခါးကလေးညွှတ်ကာ မှောင်ထဲတွင် စမ်း၍လျှောက်ရင်း လှေကား ဆီသို့ ရောက်လာလေသည်။ မျက်စိမှုန်သူတဦးဖြစ်သည့်အလျောက် လှေကားကို ခြေလှမ်းမှန်းဆ၍ ဆင်းလာခဲ့လေသည်။

မွန်းမတည့်သေးသော်လည်း တည့်ခါနီးဆဲဆဲဖြစ်နေသော နေ၏အရောင်သည် ခုနစ်ဆောင်ပြိုင် အိမ်ကြီး၏ လမ်းဘက်ကအဆောင်ရှိ ပြတင်းပေါက် မှန်တံခါးများမှ ဝင်နေသဖြင့် အဆောင်ကြီးမှာ လင်းထိန်၍ စိတ်ရွှင်စရာ ဖြစ်နေပေသည်။ ပြတင်းမှန်တံခါးချပ်များမှ တိုးဝင်လျက်ရှိသော နေရောင်မှာ အခန်းတွင်း၌ ပြင်ဆင်ထားပုံကို ထင်လင်းစွာ ဖော်ပြလျက်ရှိလေသည်။ အခန်းမှာ အမိုးနိမ့်သော အောက်ဆုံးထပ် အခန်းတခန်းဖြစ်သည်။ ကြမ်းခင်းမှာ အမျိုးကောင်း ကော်ဇော ဖြစ်သည် မှန်သော်လည်း ကော်ဇောမှာ အတော်ပင် ဟောင်းနွမ်းနေလေပြီ။ အိမ်ထောင်ပရိဘောဂ ဟူ၍ စားပွဲနှစ်လုံးနှင့် ကုလားထိုင် ဒါဇင်ဝက်မျှ ရှိလေသည်။ စားပွဲနှစ်လုံးတွင် တလုံးမှာ ကင်းခြေများကဲ့သို့ ရှုပ်ထွေးများပြားလှသော ခြေထောက်များရှိ၍ ကျန်တလုံးမှာ ထမင်းစားပွဲကဲ့သို့ ရှည်လျား၍ သေးသွယ်သော ခြေထောက်လေးချောင်းပေါ်တွင် တည်နေလေသည်။ ကုလားထိုင် များမှာ နောက်မှီမတ်စောက်စောက်ချည်းဖြစ်၍ ထိုင်ရသည်မှာ မသက်သာလှချေ။ ယင်းတို့အနက် တလုံးသာလျှင် လက်တင်ပါ၍ သစ်နက်ဖြင့် လုပ်ထားလေသည်။

အခန်းတွင်း၌ အလှထားသော ပစ္စည်းဟူ၍ကား နှစ်ခုသာရှိသည်။ တခုမှာ ပင်းချွန်းအနွယ်များ အစဉ်အဆက် ပိုင်လာသော နယ်ပယ်မြေပုံဖြစ်၍ အခြားပစ္စည်းမှာကား ပင်းချွန်းအနွယ်များ၏ ခေါင်းဆောင် ဘေးလောင်းတော် ဘိုးလောင်းတော်ဖြစ်သည့် ကာနယ်ပင်းချွန်း၏ ရုပ်ပုံကြီးပင် ဖြစ်သည်။

ကာနယ်ကြီးမှာ ရုပ်ပုံထဲတွင် သံပရာခွံဦးထုပ်ကလေးကို ဆောင်းလျက် သမ္မာကျမ်းစာကို ဖွင့်ဖတ်နေလေသည်။ သူ့မုတ်ဆိတ်နီကြီးမှာ ဇာလည်ကွပ်ပေါ်တွင် ဝဲလျက်ရှိ၏။ ဟက်ဇီဘာသည် ရုပ်ပုံကြီးကို သေချာစွာကြည့်၍ သူ့နဂိုအမဲ့အတိုင်း မဲ့၍နေလေသည်။ သူမျက်မှုန်ကုတ်၍ ကြည့်ခြင်းမှာ အခြားကြောင့်မဟုတ်၊ မျက်စိမှုန်သောကြောင့်ပင် ဖြစ်သည်။ မျက်စိမှုန်သည့် အလျောက် တခုခု စူးစိုက်၍ ကြည့်ရသောအခါ မျက်မှောင်ကုပ်မှန်းမသိ ကုပ်သွားပြီးလျှင် နှုတ်ခမ်းမှာ မဲ့မှန်းမသိ မဲ့သွားလေတော့သည်။

ဟက်ဇီဘာခမျာမှာ သူ့အမဲ့ကြောင့် အပြစ်ကြီး ဖြစ်နေရှာသည်။ သူ့ကို စိတ်သဘောဆိုးသော အဒေါ်ကြီးဟု ဆိုနေကြသည်။ သူ့ခမျာမှာ ယင်းသို့ မဟုတ်ရှာချေ။ သူ့ကိုယ်သူပင် ထိုအမဲ့ကို မုန်းတီးခဲ့၏။ သူသည် မှန်ကြည့်ရင်း သူ့အမဲ့နှင့်ပတ်သက်၍ “ငါအရုပ်သိပ်ဆိုးပါလား နော်” ဟု ညည်းညူရှာသည်။ သူ့မျက်နှာက မဲ့သလောက် သူ့သဘော မဆိုးချေ။ သူမျက်မှောင်ကုတ်သလောက် စိတ်မတိုတတ်ချေ။ သူ့ခမျာမှာ ချစ်ခင်ဖော်ရွေတတ်သောသဘောရှိ၏။ သို့သော် သူ့မျက်နှာထား ဆိုးသဖြင့် သူ့သဘောရင်းမှာ မပေါ်ထင်ဘဲ သူ့အား လူအများက အထင်မှားကြလေသည်။

ဟက်ဇီဘာသည် လွန်ခဲ့သော အနှစ်တရာက သူ့အဆက်အနွယ် တဦးပြုခဲ့သည့် အမှုကို ပြုဖို့ ပြင်ဆင်ရှာသည်။ လွန်ခဲ့သော အနှစ်တရာက ပင်းချွန်းအနွယ်တဦးသည် သူကောင်းတို့နှင့် လားလားမျှ မထိုက်သည့် ဈေးသည်အလုပ်ကို လုပ်ခဲ့သည်။ ယခုလည်း တသက်လုံး တကိုယ်တည်း နေခဲ့ရရှာသော ငွေကြေးရှားပါးလှသည့် ပင်းချွန်းအနွယ် ဟက်ဇီဘာသည် လမ်းနှင့်မျက်နှာချင်းဆိုင် ခုနစ်ဆောင်ပြိုင် အိမ်ကြီး၏ အောက်ခန်းကလေးကို ရှင်းလင်း၍ ခြောက်ပြားတန်ဆိုင်ကလေးတဆိုင် ခင်းကျင်းလေသည်။

သူ့အဘိုးတဦး ခင်းခဲ့သော ဆိုင်ကလေးမှာ ဖော်ပြခဲ့သည့်အတိုင်းပင် ထိုပုဂ္ဂိုလ်ကြီး ကွယ်လွန် ကတည်းက ပိတ်ထားခဲ့ရာ ဟက်ဇီဘာ ငယ်ရွယ်စဉ်က ထိုဆိုင်ခန်းကလေးတွင် ချိန်ခွင်ကလေး၊ ငွေထည့်သည့် အဖုံးပေါ်က အပေါက်နှင့် သေတ္တာကလေးများကို တွေ့ရလေသေးသည်။

ဟက်ဇီဘာသည် ဆိုင်ခန်းကလေးအတွင်းရှိ အနှစ်နှစ် အလလက ပင့်ကူများ အစဉ်အဆက် အိမ်ဖွဲ့လာသော ပင့်ကူအိမ် အဆိုင်းအဆိုင်းတို့ကို တံမြက်တံရှည်နှင့် လှည်း၍ ရှင်းလင်းခဲ့လေသည်။ ဆိုင်အဆင့်ကလေးများကိုလည်း သုတ်သင်ရှင်းလင်းထား၏။ ချိန်ခွင်ဟောင်းကလေးမှာ ယခင် ဆိုင်ရှင်ကြီး အမြဲပွတ်တိုက်၍ သုံးစွဲလာသောကြောင့် ပေါင်ကလေးများ ပါးနေပြီဖြစ်သော်လည်း သုံး၍ရပေသေး၏။

ယခုဟက်ဇီဘာ သုတ်သင်ရှင်းလင်းပြီး ခင်းကျင်းထားသော ဆိုင်ကလေးထဲ၌ ကုန်ပစ္စည်း နည်းလှသည်ဟု မဆိုသာချေ။ ဂျုံမှုန့်သေတ္တာတခု၊ သစ်တော်သီးသေတ္တာတခု၊ ပြောင်းဆန် သေတ္တာတခု၊ ထိုသုံးသေတ္တာအပြင် ဆပ်ပြာတုံးများလည်း တစ်သေတ္တာ ရှိပေသေးသည်။ ဆပ်ပြာသေတ္တာအနီး၌ အမဲဆီဖြင့် လုပ်ထားသော ဖယောင်းတိုင်သေတ္တာလည်း ရှိသည်။ ထိုဖယောင်းတိုင်ကြီးများမှာ ဈေးကြီးလှ၏။ ဆယ်တိုင်လျှင် ပေါင်တပေါင်နှင့် ရောင်းသည်။ ထိုသို့ဈေးကြီးသော ကုန်ပစ္စည်းများသာ ဟက်ဇီဘာ၏ဆိုင်၌ ရှိသည်ဟု မမှတ်ထင်ကြပါလင့်။ အဖိုးနည်းနည်းနှင့် အများဝယ်ယူသုံးစွဲ စားသောက်နိုင်သည့် သကြား၊ ပဲဖြူကလေး၊ ကုလားပဲခွံခွာ အစရှိသည့် ပစ္စည်းများလည်း ရှိပါသေးသည်။ ထို့ပြင်မကသေး ကလေးများအကြိုက် သကြားလုံးများ နှင့် အရုပ်ပေါင်မုန့်ခြောက်ကလေးများလည်း ထားသေး၏။ သကြားလုံးများမှာ အလုံးချည်း မဟုတ်ဘဲ စစ်သားရုပ်ကလေးများ ယောက်ျား မိန်းမ ရုပ်များ၊ ကလေးများ စသည်ဖြင့် ကျောင်းသားကလေးများအဖို့ စားလည်း စားရတယ်၊ ကစားလည်း ကစားရတယ်ဆိုသော သကြားလုံးကလေးများလည်း ရနိုင်ပေသည်။ နောက်ဆုံး ဖော်ပြလိုသည့် ပစ္စည်းတခုသည်ကား အခြားမဟုတ်၊ မီးခြစ်ထုပ်ကလေးများပင် ဖြစ်သည်။ ယင်းသို့သည် သာမန်မီးခြစ်များ မဟုတ် 'ငရဲမင်းကြီး၏ မီးခြစ်များ' ဟုခေါ်သော ခြစ်၍ အလွန်ကောင်းလှသည့် မီးခြစ်များဖြစ်ပါသည်။ မီးတောက်ကောင်းလှသဖြင့် ငရဲမီးဟုပင် အများက ဆိုနေကြလေသည်။

ထိုပစ္စည်းများကို လမ်းနှင့် မျက်နှာချင်းဆိုင် ခုနစ်ဆောင်ပြိုင်အိမ်ကြီး အခန်းကလေးတွင်ထား၍ ဆိုင်ဖွင့်ထားသည့် အဒေါ်ကြီး ဟက်ဇီဘာသည် ဘိုးဘေးဖြစ်သည့် ကာနယ်ကြီး၏ ရုပ်ပုံကို ငေးစိုက်ကြည့်နေရာမှ ခြေဖျားထောက်၍ ကြောက်ရွံ့ရိုကျိုးသော အမူအရာနှင့် ရှေ့သို့ လျှောက်လာလေသည်။ ယင်းသို့ လျှောက်လာရင်းပင် သူသည် ကြားရသူတို့ စိတ်မသက်သာစရာ သက်ပြင်းတချက် ချလိုက်လေ၏။

ဆိုင်ခန်းကလေးရှေ့တွင် အပေါ်ထပ်မှ အဖီချထားသည်တကြောင်း၊ ပင်းချွန်းသစ်ချပင်ကြီး၏ အရိပ်က ထိုးနေသည်ကတကြောင်းတို့ကြောင့် နေရောင် ကောင်းစွာ မရချေ။ ဟက်ဇီဘာသည် စိတ်မသက်သာစရာ သက်ပြင်းကြီးကို တချက်ချပြန်ပြီးသည့်နောက် ဆိုင်ပြတင်းပေါက်မှ လမ်းဘက်သို့ ခေါင်းပြူကာ နဂိုအတိုင်း မျက်မှောင်ကြီးကုပ်၍ ကြည့်လိုက်လေသည်။

ထို့နောက် သူသည် အဆင့်များပေါ်၌ တင်ထားသော ကလေးကစားစရာများကို စီစဉ်နေလေသည်။ ဤအပျိုကြီးကဲ့သို့ မျက်နှာထား တည်တည်ကြီးနှင့် မိန်းမကြီးတယောက်က ကလေး ကစားစရာများကို

ကိုင်တွယ်နေသည်မှာ စင်စစ်အားဖြင့် ကြည့်၍ မကောင်းလှပါ။ ကလေးနှင့် မနီးစပ်သဖြင့် ကလေးကစားစရာ ကိုင်နေသည်ကို မြင်ရသောအခါ မြင်သူတို့ အံ့သြကြပေလိမ့်မည်။ သို့ရာတွင် ဟက်ဇီဘာသည် အပျိုကြီးအဖြစ်နှင့်လည်း ကလေးကစားစရာတို့ကို ကိုင်နေသည်မဟုတ်၊ ကလေးနှင့် နီးစပ်သည့် ပုဂ္ဂိုလ်အဖြစ်မျိုးနှင့်လည်း ကိုင်တွယ်နေသည်မဟုတ်၊ သူသည် ဆိုင်ရှင် တယောက်အနေဖြင့် ဆိုင်ကို ကြည့်၍ကောင်းအောင်၊ ကလေးတို့ မျက်စိကျအောင် ပြင်ဆင်နေခြင်း မျှသာ ဖြစ်ချေသည်။ သူသည် ဆင်ရုပ်ပေါင်မုန့်ခြောက်ကလေးကို ပြတင်းပေါက်ရှေ့တည့်တည့်တွင် ချထားရာ၌ အနီးရှိ ကျောက်ဒိုးလုံးကလေးများ ကြမ်းပေါ်တွင် ကစဥ့်ကလျား ပြန့်ကျဲသွားလေ သည်။ သူသည် တကုန်းကုန်း တကွကွနှင့် ကျောက်ဒိုးလုံးကလေးများကို ရှာဖွေသိမ်းယူစဉ် သူ့ဖြစ်ထွေမှာ ရယ်စရာထက် သနားစရာ ငိုစရာ ဖြစ်နေတော့သည်။ သူ့ခမျာမှာ မျိုးရိုးစဉ်ဆက်က သူကောင်းဖြစ်လာပါလျက်နှင့် ယခု သူ့လက်ထက်ကျခါမှ ငွေကြေးရှားပါး၍ သက်မွေးဝမ်းကျောင်း အတွက် မနေသာသောကြောင့် အမျိုးဂုဏ်ကို မငဲ့နိုင်တော့ဘဲ အရဲစွန့်ကာ မလုပ်တတ်သည့် အလုပ်ကို မလုပ်တတ်လုပ်တတ်နှင့် လုပ်ရရှာလေသည်။

ယခုခေတ်၌ သူကောင်းသောဆင်းရဲသားသော ငွေကြေးနေမရှိလျှင် ဝမ်းရေးအတွက် ကြိုးပမ်းရမည် သာဖြစ်သောကြောင့် မျိုးရိုးစဉ်ဆက် မြေပိုင်ရှင် ငွေကြေးနေပြည့်ဝသည့် လူကုံထံဖြစ်ပါလျက်နှင့် အသက်အရွယ် ကြီးတောင့်ကြီးမား ဖြစ်ခါမှ ဝမ်းရေးအတွက် အကြံကုန်၍ ဂျူန်ဆားချက်ရမှာ သေချာလေတော့သည်။

ငွေကြေးနေ လျော့ပါး၍ ဆင်းရဲမှန်းမသိ ဆင်းရဲသွားရှာသော ခနရှင်မိန်းမများအဖို့ ဝမ်းရေးအတွက် ရှာဖွေရန် စိတ်ကူးလိုက်လျှင် ဆိုင်ရောင်းရန်သာ ပေါ်လာပေမည်။ ယောကျ်ားတို့ကဲ့သို့ အခြားအခြား သော အလုပ်များကို လုပ်၍မဖြစ်နိုင်ချေ။ ဟက်ဇီဘာကဲ့သို့ တသက်လုံး ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာခဲ့ရသူအဖို့ အပ်ချုပ်သမလုပ်ဖို့လည်း သူ့နုနယ် သေးသွယ်လှသော လက်ချောင်းကလေး ပေါက်ရုံသာ ရှိချေမည်။ ဇာထိုးပန်းထိုးအတတ်ကို အသင့်အတန် သင်ကြား တတ်မြောက်သော်ငြားလည်း အသက်အရွယ် ကြီး၍ အပ်ပေါက်ကိုမျှ မမြင်နိုင်စွမ်းသည့်အပြင်၊ ယခုခေတ် အဆင်ဆန်းများကို ခေတ်မီအောင် မထိုးနိုင်သဖြင့် ထိုအလုပ်မျိုးနှင့် အသက်မွေးလျှင် ငတ်၍သာ သေချေမည်။ ကျောင်းဆရာမ လုပ်ရန်လည်း ပညာကို ငယ်စဉ်က ဟုတ္တိပတ္တိ မသင်ခဲ့ဖူးသည်သာမက တသက်လုံးပင် ကလေးများနှင့် မနီးစပ်ခဲ့သဖြင့် ကလေးများကို ချစ်ခင်ရမှန်း ကောင်းစွာ မသိခဲ့ချေ။ ယင်းသို့လျှင် မိန်းမများ လုပ်နိုင်သည့် အလုပ်တို့ကို စိတ်တွင် သုံးသပ်၍ ရွေးချယ်ဖို့ အခက်ကြုံနေရာမှ မည်သည့်အတတ်ပညာမျှ မလိုဘဲ လူပြိန်းတို့လည်း လုပ်နိုင်သည့် ဆိုင်ရောင်းခြင်း

အလုပ်ကိုလုပ်ရန် နောက်ဆုံး၌ ပိုင်းဖြတ်လိုက် ရရှာလေသည်။

တသက်လုံးက လူအများနှင့် မဆက်ဆံဖူးဘဲ ခုနစ်ဆောင်ပြိုင် အိမ်ကြီးတွင် ဧကစာကျင့်လာခဲ့သော ဟက်ဇီဘာသည် လူသူမရွေး ဆက်ဆံရမည့် ဈေးသည်အလုပ်ကို လုပ်ပါတော့မည်ဟု ပိုင်းဖြတ်လိုက် သည်နှင့် တပြိုင်နက် ရင်တုန်လာလေသည်။ လူကိုကြောက်သော အိမ်တွင်းပုန်းက လူအမျိုးမျိုးကို ဖော်ရွေစွာလက်ခံ၍ ဈေးရောင်းရမည်ဖြစ်ရာ ဟက်ဇီဘာသည် ပိုင်းဖြတ်ပြီးခါမှ စိတ်စနောင့်စနင်း ဖြစ်ကာ မလုပ်တော့ပါဘူးဟု ဝေ့လည်လည် ဖြစ်သွားသေး၏။ သို့ရာတွင် မဖော်ပြနိုင်သော အကြောင်းတချက်ကြောင့် သူ့ခမျာမှာ ဆိုင်ရောင်းဖို့ အမြန်ဆုံး ဆုံးဖြတ်လိုက်ရရှာသည်။

ဈေးသည်ဟုသာဆိုရသည်။ သူ့ခမျာ လူမြင်မှာ စိုးရှက်လှတော့သည်။ ဆိုင်ခင်းနေခိုက်ပင် မကြာခဏ ဆိုင်ပြတင်းပေါက်မှနေ၍ ခေါင်း ပြူကာ လမ်းဘက်သို့ တချက်တချက် လှမ်းကြည့်ရသေး၏။ မတော်တဆ လူမသမာ လူနောက်လူပြောင်တို့က သူဆိုင်ခင်းနေသည်ကို ချောင်းမြောင်းကြည့်နေ ရော့သလားဟု စိုးရိမ်သောကြောင့် လှမ်းကြည့်ခြင်းဖြစ်၏။ ယင်းသို့ ရှက်ကြောက်နေသော်လည်း ဈေးသည်ဖြစ်နေက မင့်လူသူအမြင်ခံ၍ ဈေးရောင်းရတော့မည်ဆိုသည့် အချက်ကိုလည်း သတိမူမိ ပေသည်။ သို့ရာတွင် အထင်ခံ အမြင်ခံ ဈေးရောင်းခါမှ ရောင်းတော့မည်။ လူနောက်လူပြောင်တို့က သူကြောင်တက်တက်နှင့် ဆိုင်ခင်းနေသည်ကို ချောင်းကြည့်မည်ကိုကား စိုးလှတော့၏။

ဆိုင်ဖွင့်ရန်အချိန် ရောက်လာလေပြီ။ တမြို့လုံးလည်း နိုးကြပြီ။ ပေါင်မုန့်သည် လှည်းလည်း သွားလေပြီ။ နွားနို့ရောင်းသမားလည်း သူ့နို့ဘူးများကို မှာထားသော အိမ်များသို့ ပို့နေလေပြီ။ ငါးသည်လည်း သံသေးသံကြောင်နှင့် ဟစ်အော်ရောင်းချနေလေပြီ။ ထိုအကြောင်းအချက်များကို ဟက်ဇီဘာ သတိမူမိရကား ဆိုင်ဖွင့်ချိန်တန်ပြီဟု မှတ်ထင်မိလေတော့သည်။ ဆိုင်မဖွင့်သေးဘဲ ထားလျှင် သူသည် အတွေးကို အဖော်ပြုကာ စိတ်ဆင်းရဲနေတော့မည်။ ဆိုင်ဖွင့်လိုက်၍ လူသူလေးပါးနှင့် တွေ့လိုက်ရလျှင် စိတ်ပြေလက်ပျောက်ဆိုသလို နေသာထိုင်သာ ရှိချေဦးမည်။ ထို့ကြောင့် ဟက်ဇီဘာသည် ဆိုင်ရှေ့တံခါးကို ဖွင့်လိုက်လေသည်။ ဖွင့်ပြီးသည်နှင့် တပြိုင်နက် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ဘိုးစဉ်ဘောင်ဆက်က ထားရှိလာသော လက်တင်နှင့် ကုလားထိုင် နက်ကြီး ရှိရာသို့ ပြေးသွားပြီးနောက် သူ့ကိုယ်ကို ကုလားထိုင်နက်ပေါ်သို့ ပစ်လှဲကာ ချုံးပွဲချ၍ ငိုရှာလေသတည်း။

ဟက်ဇီဘာခမျာလည်း သနားစရာပင် အသက်ခြောက်ဆယ်အထိ အသက်မွေးဝမ်းကျောင်း မပြုခဲ့ရပါဘဲလျက် ကြီးတောင့်ကြီးမား ငွေကြေး

ရှားပါးလွန်း၍ ကြံမိကြံရာကို ကြံရရှာသည်။ သူ့ခမျာ သူကောင်းနွယ် ဖြစ်သည့်အလျောက် နုနယ်စွာ နေလာခဲ့သဖြင့် သူ့ရုပ်ရည်မှာ မဆိုးလှ သော်လည်း မျက်စိမှုန်သောကြောင့်တကြောင်း၊ လူသူလေးပါးနှင့် အတွေ့အကြုံနည်းပါးသော ကြောင့်တကြောင်း ထိုထိုသောအကြောင်းများကြောင့် မျက်မှောင်ကြီးကုပ်ကာ အရုပ်ဆိုးမကြီး ဘဝသို့ ရောက်ရရှာလေသည်။ သူသည် သူကောင်းဘဝမှသည် စျေးသည်မကြီးဘဝသို့ ရောက်ရသော ကြောင့် ဦးခေါင်းတွင် ခေါင်းပေါင်းကြီးပတ်ကာ ဝယ်သူအလာကို စောင့်နေရှာလေသည်။ သူ့အဖြစ်သနစ်ကို မြင်တွေ့ရသူတိုင်းမှာ သနားစိတ်ပိုကြပေမည် ဧကန်ပင်။ လောကဓံတရား၏ ဒဏ်ကို လူတိုင်း ခံရသည့်အလျောက် ကံစီမံသမျှ ပြုကြရသည်ဆိုသည့် အကြောင်းကို ဆင်ခြင်သုံးသပ်ကာ သံဝေဂတရား ဖြစ်ရမည်ပင်တည်း။

[၃] ဈေးဦးဖောက်သူ

ဟက်ဇီဘာခမျာမှာ သူ့ကံကြမ္မာကို ဆင်ခြင်သုံးသပ်ကာ ဝမ်းအနည်းကြီး နည်းသဖြင့် ချုံးပွဲချငိုနေစဉ် ဆိုင်ရှေ့တံခါးမှ ဋ္ဌေ့သည်လာ ခေါင်းလောင်းကလေး တတင်တင်မြည်လေသည်။ ခေါင်းလောင်းသံ ကလေးမှာ ငိုနေသော အပျိုကြီးအား ကြောက်အားပိုစေသည်။ ဈေးဝယ်သူ ရောက်နေမင့်လား၊ ပထမဦးစွာ ဝယ်ယူဈေးဦးဖောက်သူ ရောက်လာပြီဟူသော အချက်သည် ဈေးသည်လက်သစ် ခြောက်ဆယ်ရွယ် အဒေါ်ကြီး၏ အူအသည်းများ တုန်စေတော့သည်။

သူသည် နဂိုအတိုင်း မျက်နှာဆိုးကြီးနှင့် တံခါးဘက်သို့လှည့်လာရာ သာမန်ဈေးဝယ်သူတဦးသာ ဆိုလျှင် လန့်၍ လှည့်ပြေးကောင်း ပြေးပေလိမ့်မည်။ ယခုဈေးဝယ်သူကား သာမန်ပုဂ္ဂိုလ် မဟုတ်သည့်အလျောက် တံခါးဝ၌ စောင့်နေလေသည်။ ထိုသူသည် အသက်နှစ်ဆယ့်တစ်နှစ် နှစ်နှစ်ခန့်ရှိသော လူခပ်ပိန်ပိန်ဖြစ်သော်လည်း မျက်နှာထားမှာ ဟက်ဇီဘာကဲ့သို့ ဆိုးသည်ဟု မဆိုသာသော်လည်း တည်ကြည်လှသည်ဟု ဆိုရပေမည်။ သူ့မုတ်ဆိတ်မှာ နုပျိုငယ်သူဖြစ်သည့် အလျောက် ပိုးနီကြိုးကလေးများကဲ့သို့ နူးညံ့လှပေသည်။ နဖူးခပ်မောက်မောက်၊ အသား ခပ်လတ်လတ်နှင့် နှုတ်ခမ်းမွေးစကလေး ခပ်တိုတိုရှိသဖြင့် ကြည့်၍ အတော်အဆင်ပြေပေသည်။ အဝတ်အစားမှာကား သာမန်လူတို့၏ အဝတ်အစားမျိုးဖြစ်သည်။ ဦးခေါင်းထက်၌ ကောက်ရိုးဦးထုပ် ဆောင်းလျက်ရှိ၏။ သူ့အင်္ကျီမှာ ဖြူနုနုအရောင်ရှိသဖြင့် အတော်ပင် သပ်ရပ်သောအသွင် ရှိလေသည်။

ထိုပုဂ္ဂိုလ်သည် ဟက်ဇီဘာ၏ မျက်နှာထားဆိုးကြီးကို ရဲဝံ့စွာ မျက်နှာမူ၍ နှုတ်ဆက်လိုက်လေသည်။ "ဘယ့်နှယ်လဲ မစ္စဟက်ဇီဘာရဲ့.. အတော်အဆင်ပြေရဲ့မဟုတ်လား..။ ခင်ဗျား အခုလို အလုပ်တခုခု ကို ကျကျနနလုပ်တာ တွေ့ရတော့ ဝမ်းမြောက်ပါတယ်ဗျာ။ ကျွန်တော် ဝင်လာတာကတော့ အဲဒီဝမ်းသာစကားကလေးနဲ့ နှုတ်ဆက်မလို့ပါပဲ" ဟု ပန်းချီဆရာလေးက နှုတ်ဆက်လိုက်လေသည်။

လောက၌ လူတို့သည် ရက်စက်မှုကို ခံနိုင်ရည်ရှိကြသော်လည်း သူတပါးက ကိုယ့်ကို သနားသည်ဟု ဆိုလိုက်လျှင် ဝမ်းထဲတွင် လှိုက်လှိုက်လှဲလှဲဖြစ်ကာ ချုပ်တည်း၍မရအောင် ငိုကြွေးမိတတ်ချေသည်။ ထိုမေတ္တာတရားကို ဟက်ဇီဘာလည်း မခံနိုင်သဖြင့် ပန်းချီဆရာလေးက မေတ္တာတရားရှေ့ထား၍ ကရုဏာပွားသောစကား ပြောလိုက်သည်နှင့် တပြိုင်နက် ဖြေမဆည်နိုင် ဖြစ်ရရှာတော့သည်။

သူသည် မျက်ရည်များကြားထဲမှ ပြုံးမဲ့မဲ့ကြီးလုပ်ကာ "ကျွန်မဖြင့် သိပ်ရှက်တာပဲ မစ္စတာ မောဂရေးရယ်...။ ကျွန်မဘိုးဘေးတွေကတော့ သင်္ချိုင်းထဲကနေပြီး ကျိန်ဆဲကြတော့မှာပါပဲ။ ကျွန်မဖြင့် သူတို့တတွေနဲ့ အတူရောပြီးသာ သေလိုက်ချင်တော့တာပါပဲရှင်။ လောကကြီးဟာ တယ် ခက်ပါကလားနော်၊ ဒုက္ခသိပ်ရောက်တာပဲ...၊ ကျွန်မလည်း... အသက်ကြီးပြီ၊ အင်အားလည်း သိပ်မရှိတော့ဘူး" ဟုအပျိုကြီးဆန်ဆန် ပြန်ပြောလိုက်လေသည်။

"အိုဗျာ .. ဒီလိုစိတ်မျိုးတွေကို ဖျောက်ပစ်လိုက်စမ်းပါ။ တော်တော်ကြာ အရောင်းအဝယ်မှာ စိတ်ဝင်စားလာတဲ့အခါ ဒီစိတ်မျိုးတွေ ပျောက်ကုန်မှာပါဗျာ။ စိတ်သာချပါ။ တခါတလေတော့လည်း ဒီလိုပဲ သောကဖြစ်ဦးမှာပေါ့။ ခင်ဗျားကလည်း တသက်လုံး လူသူနဲ့ နီးစပ်ခဲ့တာ မဟုတ်တော့ လူတွေကို အစိမ်းလိုက် ကိုက်စားတတ်တဲ့ သရဲသဘက်ကြီးတွေလို အောက်မေ့ချင်လည်း အောက်မေ့မှာပေါ့လေ"

"ကျွန်မဟာ မိန်းမသားပါ။ ရှေးကအဖြစ်အပျက်တွေကိုတွေးမိတိုင်း ရှိုက်ကြီးတငင် ငိုမိပါတော့တယ်"

"အို ... ရှေးကအဖြစ်တွေကို စဉ်းစားပြီး စိတ်ဒုက္ခရောက်မနေပါ နဲ့တော့ဗျာ။ ဒီနေ့ကစပြီး ခင်ဗျားအဖို့ တဖြစ်လဲတယ်ပဲ သဘောထားလိုက်ပါ။ မကြာခင် ခင်ဗျား ကျန်းကျန်းမာမာ ဖြစ်လာလိမ့်မယ်။ စိတ် ပျော်ရွှင် ပေါ့ပါးလာလိမ့်မယ်။ လူ့ဘဝမှာ ကြုံတွေ့ရတဲ့ လောကဓံတရားကို တိုက်ခိုက်နိုင်တဲ့ အင်အားမျိုး ဖြစ်လာပါလိမ့်မယ်။ အဲဒါဟာ အောင်မြင်ခြင်း တရပ်ပေါ့ဗျာ"

"ဒါကတော့ ..... ရှင်တို့လို လူမျိုးအဖို့ ခံနိုင်ရည်ရှိပေမှာပေါ့။ ရှင်က ယောက်ျားပေကိုး၊ ကျွန်မကတော့ သူကောင်းမျိုးမှာလာမွေးတဲ့ မိန်းမသားဆိုတော့ ဒီလိုခံနိုင်ရည်မျိုး ဘယ်မှာ ရှိနိုင်မှာတဲ့လဲ"

"ကျွန်တော်ကတော့ သူကောင်းမျိုး မဟုတ်ပါဘူး၊ ဆင်းရဲသားမျိုးပါပဲ။ ဒါပေမဲ့ အခုအခါမှာ သူကောင်းမျိုး၊ ဆင်းရဲသားမျိုး ခွဲခြားလို့ မဖြစ်တော့ဘူး၊ သူကောင်းဆိုတာ အဓိပ္ပာယ်မထွက်တော့တဲ့ စကားလုံး ဖြစ်နေပြီဗျ။ အရင်တုန်းကလို သူကောင်းမို့ အခွင့်ကောင်းတွေ ရလိမ့်မယ် မမျှော်လင့်နဲ့ တော့"

"အို... ရှင်ပြောနေတာတွေ အခုမှပေါ်တဲ့ ရွှေကြာပင် အယူအဆမျိုးပါ။ ကျွန်မဖြင့် ဒီအယူအဆတွေကို နားလည်းမလည်ဘူး၊ လည်လည်း မလည်ချင်ဘူးရှင်"

"ကဲ... ကဲ... ဒီစကားတွေ ဒီမှာရပ်ကြပါစို့ဗျာ။ ခင်ဗျားတို့ ပင်းချွန်းမျိုးဟာ တကယ်တမ်း သတ္တိရှိတယ် ဆိုရင် ခင်ဗျားတနေ့က ပြောခဲ့တဲ့ မက်သယူးမောရဲ့

ကျိန်စာကို ဘာဂရုစိုက်နေစရာလိုသလဲ”

“အို ... ဒီလို ဘယ်ဟုတ်ပါ့မလဲ။ ကျိန်စာဆိုတာ သင့်ချင်သင့်နိုင်တာမျိုးပဲလေ။ အခုလို ကျွန်မ ဈေးရောင်းနေရတာလည်း တနည်းအားဖြင့် ကျိန်စာသင့်လို့ ဆိုရမှာပေါ့။ ကဲ.. ကဲ... ရှင်လာပြီး နှုတ်ဆက်တာ ကျေးဇူးတင်ပါတယ်...။ ကျွန်မလည်း ပေါက်တဲ့နဖူးမထူးဘူး ဆိုသလို ဈေးသည် ဖြစ်ပြီဟာ ဈေးသည်ကောင်းတယောက်ဖြစ်အောင် ကြိုးစားပါ့မယ်”

“ကောင်းပါတယ်ဗျာ... ဒီလိုဆိုရင် ကျွန်တော်ကစပြီး ဈေးဦး ဖောက်စမ်းပါရစေ။ ကျွန်တော်အခု ပင်လယ်ဘက် လမ်းလျှောက်မလို့ ပင်လယ်ရေစိမ်ပြီး စားလို့ရတဲ့ ဘီစကွတ်လေးတွေ နည်းနည်း ရောင်းစမ်းပါ”

“ကျွန်မ ဈေးသည်အဖြစ် မနေသေးဘဲ သူကောင်းတဦးအနေပဲ ခဏကလေး နေလိုက်စမ်းပါရစေ...” ဟုဆိုကာ ဟက်ဇီဘာသည် ခံ့ညားသော အမူအရာနှင့် ဘီစကွတ်များကိုယူ၍ မောဂရေ့အား ပေးလိုက်ရင်းပင် “ပင်းချွန်းအမျိုးက မိတ်ဆွေဆီက ပိုက်ဆံကို မယူဘူး တော်ရေ့...” ဟု ဆိုလိုက်လေသည်။

မောဂရေ့ထွက်သွားပြီးနောက် ဟက်ဇီဘာသည် လမ်းဘက်သို့ ငေးကြည့်နေစဉ် အလုပ်သမား နှစ်ယောက်ကို လမ်းပေါ်တွင် မြင်ရလေသည်။ အလုပ်သမားများကလည်း ခုနစ်ဆောင်ပြိုင် အိမ်ကြီးတွင် ဆိုင်ကလေး ဖွင့်ထားသည်ကို မြင်လိုက်ကြသဖြင့် သူတို့အချင်းချင်း “ဟေ့ ကြည့်စမ်း၊ ပင်းချွန်းလမ်းမှာ ဆိုင်ကလေး ဖွင့်ထားပါလားဟေ့” ဟု တယောက်က စ၍ပြောလိုက်ရာ ကျန်တယောက်က “အေးဟေ့ ... ထူးထူးဆန်းဆန်းပါလား။ ပင်းချွန်းသစ်ချပင်ကြီးအောက်မှာ ပင်းချွန်းအပျိုကြီးက ခြောက်ပြားဆိုင်ကလေး ဖွင့်လို့ပါလား”ဟု ဆိုလေသည်။

“ဟေ့ ... ဒစ်ဆီ ...၊ ဒီမိန်းမကြီး ဈေးရောင်းလို့.. ဖြစ်ပါ့မလားကွ”

“ဘယ်ဖြစ်မလဲကွာ၊ သူ့လိုမျက်နှာထားဆိုးကြီးနဲ့ ဘယ်သူလာဝယ် ချင်ဦးမှာတဲ့လဲ”

“ဒီလိုလည်း မဟုတ်သေးပါဘူးကွာ...။ စိတ်တိုတဲ့လူတွေ အရောင်းအဝယ်ဖြစ်တာ အများကြီး ရှိသားပဲ၊ ဒါပေမဲ့ ခြောက်ပြားဆိုင်ကလေးတွေဟာ မြို့ပေါ်မှာ မှိုလိုပေါက်နေတာကလား။ ငါ့မိန်းမတော့ ခြောက်ပြားဆိုင်ကလေးတဆိုင် ဖွင့်လိုက်တာ အရင်းငါးဒေါ်လာ ပြုတ်သွားပါရော လားကွာ”

“ပြုတ်မှာပေါ့ကွ၊ ရောင်းမှ မရောင်းရတဲ့ဟာမျိုးပဲကိုး”

ထိုစကားအချေအတင်ကို ကြားလိုက်ရသောအခါ အပျိုကြီး ဟက်ဇီဘာမှာ စိတ်ထိခိုက်သွားလေ တော့သည်။ ပြောဆိုသွားသော အလုပ်သမားများကား အမှတ်တမဲ့ ပြောဆိုကြလေသည်။ လမ်းအကွေ့လောက်တွင် သူနှင့် သူ့ဆိုင်ကလေးအကြောင်းကို သူတို့ မေ့သွားချေမည် ဧကန်ပင်။ သို့သော် သူတို့စကားများမှာ ဟက်ဇီဘာ၏နားတွင် စွဲကျန်ခဲ့လေတော့၏။ အလုပ်သမားတယောက် ၏မိန်းမ ခြောက်ပြားဆိုင် ထောင်လိုက်သည်မှာ ငါးဒေါ်လာ အရင်းဆုံးသည်သာ အဖတ်တင်ခဲ့၏။ ထိုသို့ ဆင်းရဲသားမယားမှုပင် ငါးဒေါ်လာဆုံးသေးလျှင် သူ့လို အရောင်းအဝယ် ကျင်လည်ဖို့ဝေးစွ၊ လူသူနှင့်ပင် မနီးစပ်သော သူကောင်းနွယ်တဦးအဖို့ ရှုံးပြီးရင်းသာ ရှုံးချေမည် ဧကန်ပင်။ သူတို့ပြောသည့်အတိုင်း ခြောက်ပြားဆိုင်ကလေးများမှာ မြို့ပေါ်တွင် မှိုလိုပေါက်နေတော့၏။ ဟက်ဇီဘာသည် စိတ်ထဲတွင် သူ့ဘေးနား၌ ဆိုင်ကလေးများ၊ မုင်စာကလေးများ ခြေထောက်ကြား၌ ပွနေအောင် ဝိုင်းနေသကဲ့သို့ ပွနေလေတော့သည်။ ယင်းသို့ မှိုလိုပေါက်နေသော ဆိုင်ကလေးများ ကြားတွင် သူ့ဆိုင်က ဘာမှို့ ထူးထူးခြားခြား ရောင်းရပါမည်နည်း။

ယင်းသို့စိတ်ကူးနှင့် ရင်ဖိုနေခိုက်တွင် ထိတ်လန့်စရာ ရင်ဖိုစရာကလေး ဖြစ်ပေါ်လာပြန်တော့သည်။ ဆိုင်ရှေ့တံခါးမှ ဩ့သည်လာ ခေါင်းလောင်းကလေး မြည်လာပြန်သည်။ သူလည်း တံခါးဘက်သို့ လှည့်ကြည့်လိုက်ရာ တံခါးကို ခွန်အားစိုက်၍ ဖွင့်ကာ ဆိုင်ထဲသို့ဝင်ရန် ကြိုးစားနေသော ပါးနီနီနှင့် ပုပျပ်ပျပ် သူငယ်ကလေးကို တွေ့ရလေသည်။ သူငယ်ကလေးမှာ သူ့အရပ်နှင့် ညီမျှခမန်း ရှည်လျားသော လွယ်အိတ်ကိုလွယ်၍ လက်တဖက်က ကျောက်သင်ပုန်းကိုင်လျက်ရှိသည်။ သူငယ်ကလေးမှာ ကျောင်းအသွားတွင် ဟက်ဇီဘာ၏ဆိုင်ကို မျက်စိကျ၍ ဝင်လာခြင်းဖြစ်ကြောင်း ထင်ရှားလှပေသည်။

“ကလေး၊ မင်းဘာလိုချင်လို့ လာတာလဲ” ဟု အဒေါ်ကြီးကမေးလိုက်ရာ ကလေးက လက်တဖက်တွင် ဆုပ်ကိုင်ထားသော ပဲစေ့ကလေးကိုကမ်းရင်း “ဟို… ကျီးကန်းရုပ်ပေါင်မုန့်ကို လိုချင်တယ်။ ခြေထောက် ကျိုးနေတာမဟုတ်ဘူး၊ ဒီဟာ…” ဟု ပြတင်းပေါက်တည့်တည့်တွင် တင်ထားသော ပေါင်မုန့်ခြောက်ကို လက်ညှိုးညွှန်၍ပြောလေသည်။

အဒေါ်ကြီးလည်း ကလေးလိုချင်သည့် အရုပ်မုန့်ကို ယူ၍ပေးရင်း “နေပါစေ၊ မင်းပိုက်ဆံကို ငါမယူပါဘူး” ဟု ကမ်းနေသော ပဲစေ့ကလေးကို လက်မခံဘဲ ငြင်းလိုက်လေသည်။

ကလေးလည်း အကြိုက်ကျကာ အရုပ်ကလေးကို ကိုင်၍ ဆိုင်ထဲမှ ထွက်သွားလေသည်။ ဟက်ဇီဘာသည် ကလေးကို လှမ်း၍ ကြည့်လိုက်ရာ ကလေးမှာ လမ်းလျှောက်ရင်း မုန့်ရုပ်ကလေးကို ခေါင်းမှနေ၍ ကိုက်စားသွားသည်ကို

မြင်ရလေတော့သည်။

သူသည် မုန့်ရုပ်ကလေးနေရာတွင် နောက်တရုပ်တင်ရန် လှမ်း၍ ယူနေစဉ်ပင် တံခါးခေါင်းလောင်းသံ ကို ကြားရပြန်၏။ လှည့်ကြည့်လိုက်သောအခါ ယခင်က အစားကြီးကလေးပင်ဖြစ်နေကြောင်း တွေ့ရှိရသည်။

“ဘယ့်နှယ်လဲ… ကလေး၊ မင်းတံခါးပိတ်ပေးမလို့ ပြန်လှည့်လာတာလား”

“ဟင့်အင်း… နောက်တရုပ် လိုချင်သေးလို့ လာတာပါ”ဟု ကလေးကပြောလေရာ အဒေါ်ကြီးက နောက်တရုပ်ကို ကလေး၏လက်ထဲသို့ ထည့်လိုက်လေသည်။ ကလေးလည်း အရုပ်ကိုယူ၍ လှည့်ပြေးတော့မည်အလုပ်တွင် “ဟော့ ဘယ်မလဲ ပိုက်ဆံ” ဟု လက်လှမ်းခံလိုက်ရာ အကင်းပါးသော ကလေးက သူ့ပဲစေ့ကလေးကို အဒေါ်ကြီး၏လက်ထဲသို့ ထည့်ပြီးလျှင် ထွက်သွားလေသည်။

အဒေါ်ကြီးသည် ကလေးဆီမှရသော ပဲစေ့ကလေးကို ငွေသေတ္တာထဲသို့ ထည့်လိုက်လေသည်။ ယင်းသို့ထည့်စဉ် သူသည် လွန်ခဲ့သည့် အနှစ်တရာခန့်က သူ့အဘိုးတယောက်လည်း စျေးရောင်း၍ ရသော ပိုက်ဆံများကို ထိုငွေသေတ္တာကလေးထဲသို့ပင် တချွင်ချွင် ထည့်ပေမည်ပင်ဟု တွေးထင်မိလေသည်။

သူသည် ချွင်ခနဲမြည်၍ သေတ္တာထဲသို့ ဆင်းသွားသော ပဲစေ့ကလေး၏ အသံကို နားထောင်ရင်း စိတ်ထဲ၌ ပျော်သလိုလို ကျေနပ်သလိုလို ဖြစ်သွားလေသည်။ ကောင်းရောင်းကောင်းဝယ်နှင့်ရသော ပိုက်ဆံဖြစ်သဖြင့် တပဲမျှသာ ဖြစ်စေကာမူ သူ့အဖို့ ကျေနပ်စရာ ဖြစ်ပေသည်။ အစားကြီးသော ကျောင်းသားကလေး၏ ပူနွေးသောလက်ဝါးတွင် တင်းကျပ်စွာ အဆုပ်ခံခဲ့ရသည့် ပဲစေ့ကလေး၏ အသံသည် ဟက်ဇီဘာအဖို့ သာယာသော တူရိယာသံဖြစ်လေသည်။ လာဘ်ရတနာများ အဆက်မပြတ် ရမည့် မင်္ဂလာရှိသော စျေးဦးပေါက်သံဖြစ်လေတော့သည်။

နေ့လယ်သို့ရောက်သော် စျေးဝယ်များ တဖြည်းဖြည်း တိုးပွားလာလေသည်။ စျေးရောင်းကောင်းရ ကောင်းပါ၏။ တခါတရံ သူ့မျက်စိမွဲသဖြင့် အမှားမှား အယွင်းယွင်း ဖြစ်ရသေးသည်။ ကောင်မလေး တယောက်က သူ့အမေခိုင်းလိုက်၍ ချည်တခင် လာဝယ်၏။ သူပြောသောအရောင်ကို မပေးဘဲ ဟက်ဇီဘာက မျက်စိမွဲ၍ အရောင်လွဲပေးလိုက်မိသဖြင့် ပြန်လာလဲလေသည်။ သောကဖိစီး၍ ပိန်ခြောက်နေသော မိန်းမတယောက်သည် ဂျုံမှုန့်လာဝယ်သည်။ သူ့ကိုကြည့်ပြီးလျှင် ဟက်ဇီဘာက သနားလေသည်။ လင်ဆိုးမယားဖြစ်ပေမည်ဟု စိတ်တွင် တွက်မိ၏။ လင်က အရက်အိုးဖြစ်၍ကာ သားသမီးကိုးယောက် အနည်းဆုံး ရှိ၍သာ ဤမျှ နွမ်းပါးပိန်ညှော်နေခြင်းဖြစ်သည်ဟု အပျိုကြီးက

တွေးကိန်းထုတ်လေသည်။ ထိုသို့တွေးရင်း သနားလာသဖြင့် ထိုမိန်းမပေးသောငွေကို လက်မခံဘဲ ပြန်ပေးလိုက်ပြီးလျှင် ဂျုံကို အလကားပေးလိုက်လေသည်။

မကြာမီပင်လျှင် အရက်နံ့တထောင်းထောင်းနှင့် လူကြီးတယောက် ဆေးတံဆေး လာဝယ်လေသည်။ ဟက်ဇီဘာလည်း ထိုလူကြီးမှာ ထိုမိန်းမဒုက္ခသည်၏ လင်ဆိုးပင်ဖြစ်ပေမည်ဟု တွေးမိလေသည်။ သူ့၌ ဆေးမရှိသဖြင့် မရှိဘူးဟု ပြောလိုက်ရာ ထိုလူကြီးမှာ ပြန်လှည့်ထွက်သွားလေသည်။ ထွက်သွားရင်း "ဆိုင်တိုင်းမှာ ဆေးအရှိသားနဲ့ သင်းက ဘာဖြစ်လို့မထားရတာလဲ" ဟု တိုးတိုးဆိုကာ ဆဲဆိုလိုက်သံကို ကြားသောအခါ ဂရုစိုက်၍ မျက်နှာထားပြင်နေသော ဟက်ဇီဘာမှာ နဂို မျက်နှာထား ဆိုးကြီး ပြန်ဖြစ်သွားလေတော့၏။

တခါ မိန်းမတယောက်က ပေါင်မုန့်လုပ်ရာတွင်ထည့်ရန် စရည်းရည်ရှိသလားဟု လာမေးရာ ဟက်ဇီဘာက မရှိဘူးဟု ဆိုလိုက်သဖြင့် မိန်းမကြီးက "ဆိုင်တိုင်းမှာ ရှိတယ်၊ ရှင်ဒီလိုသာ မထားရင် ရောင်းရမှာ မဟုတ်ဘူး သိလား" ဟု မျက်နှာထားနှင့် ပြောသွားလေသည်။ ဈေးသည်ဘဝသို့ ရောက်ရရှာသော ဟက်ဇီဘာမှာ လူအမျိုးမျိုး စရိုက်အမျိုးမျိုးနှင့် ကြုံတွေ့ ရသဖြင့် မျက်နှာထားကို မည်သို့ပင်ပြင်၍ ထားစေကာမူလည်း ဒေါသ တချက်တချက် ဖြစ်လာလျှင် နဂိုရုပ်ပေါ်လာတတ် ရကား ဈေးဝယ်အပေါင်းက သူ့အား မျက်နှာထားဆိုးလှကြောင်း အချင်းချင်း ပြောဆိုနေကြလေ သည်။ "ကြောက်စရာကြီးပါ တော်... မျက်နှာကိုက အမဲလိုက်ခွေးတွေ ဝိုင်းအဖမ်းခံရတဲ့ မြေခွေးမ လိုပါပဲ။ သူ့ကြည့်ရတာ စိတ်ယုတ်မာရှိတယ် ထင်တယ်" ဟု အတင်း ပြောနေကြသည်။

ဟက်ဇီဘာအဖို့လည်း ဈေးသည်ဘဝသို့ရောက်ခါမှ စိတ်များ ကယောင်ချောက်ချား ဖြစ်နေချေသည်။ ရှေးကကဲ့သို့ နူးညံ့သော စိတ်ထားမျိုး မရှိတော့ဘဲ ဒေါသစိတ်၊ မစ္ဆေရစိတ်များ မကြာခဏ ပေါ်ပေါက် လာသည်ကို သူ့ကိုယ်သူ သတိပြုမိလေသည်။

တခါက ဂုဏ်ကြီးရှင် မိန်းမတယောက် ပင်းချွန်းလမ်းထဲတွင် လျှောက်သွားရာ သူ့အဝတ်အစားမှာ တောက်ပြောင်သစ်လွင်ရုံသာမက သူ့ကိုယ်မှ ရေမွှေးနံ့သည် တလမ်းလုံးကြိုင်သွားကာ သူအဝေးသို့ ရောက်သွားသည့်တိုင်အောင် မွှေး၍ ကျန်ခဲ့လေသည်။

ထိုမိန်းမကိုကြည့်ရင်း ဟက်ဇီဘာသည် နဂိုရုပ်အတိုင်း ပါးစပ်ကြီး မဲ့ရွဲ့ကာ "အောင်မာ... ဒီလိုကောင်မတွေက ဘာမျှမလုပ်ဘဲ အလှချည်း ပြင်နေကြတာပဲ..။ ဆင်းရဲသားတွေမှာတော့ သူတို့အလှပြင်နိုင်ဖို့ နဖူးကချွေး ခြေမကျအောင်

ကြိုးစားပြီး လုပ်လိုက်ကြရတာ၊ သိပ်မတရား ပါကလား။ ဘုရားသခင်ကလည်း ဘာကြောင့် ဒီလိုမျက်နှာလိုက်ရပါလိမ့်” ဟု တယောက်တည်း ရေရွတ်နေလေသည်။

နောက်မှသတိရကာ “ဘုရားသခင်အား ကဲ့ရဲ့ခြင်းပြုမိသည့် အကုသိုလ်ကို ပြေပျောက်အောင် ခွင့်လွှတ်တော်မူပါဘုရား” ဟု ဆုတောင်းလေတော့သည်။

ထို့နောက် သူသည် စိတ်မချမ်းမြေ့ဖြစ်နေလေသည်။ “ငါလည်း ဈေးရောင်းတော့မှပဲ စိတ်ကြမ်းတွေ စိတ်ရိုင်းတွေ ပေါက်နေပါကလား။ စီးပွားရေးဘက်က တိုးတက်မယ်ဆိုရင် တိုးတက်နိုင်စရာ အကြောင်း ရှိပါရဲ့။ ဒါပေမဲ့ ဆိုင်ရောင်းတာဟာ တကယ်ဆိုတော့ အကျင့်စာရိတ္တ ထိခိုက်တာပါ ကလား။ ငါတော့ ဘာသာတရား ကိုင်းရှိုင်းမှုကို ဂရုစိုက်ဦးမှပါပဲ” ဟု တကိုယ်တည်းဆွေးကာ ညည်းညူနေရှာလေသည်။

[၄] ဆိုင်ရှင့်ဘဝ

မွန်းတည့်ခါနီးအချိန်လောက်တွင် ဟက်ဇီဘာသည် သူ့ဆိုင်နှင့် မျက်နှာချင်းဆိုင် လမ်းတဖက်တွင် လူတယောက် ဖြည်းဖြည်းလျှောက်သွားသည်ကို မြင်လိုက်ရလေသည်။ ထိုလူကြီးမှာ အတော်ပင် ခံ့ညားၡ၍ အသက်အရွယ်မှာလည်း အတော်ပင် ကြီးလှလေပြီ။ သူသည် ပင်းချွန်း သစ်ချပင်ကြီး အောက်တွင် ခေတ္တမျှရပ်နားကာ နဖူးတွင်ထွက်နေသော ချွေးကိုသုတ်ရင်း ခုနစ်ဆောင်ပြိုင်အိမ်ကြီး ကို စိုက်၍ကြည့်နေသည်မှာ အိမ်ကြီးက ခံ့ညား၍လားမသိ။ သို့ရာတွင် အိမ်ကြီးခံ့ညားသလောက် ထိုပုဂ္ဂိုလ်ကြီးမှာလည်း ခံ့ညားလှပေသည်။ သူ့လောက်ဂုဏ်သရေရှိသော ပုဂ္ဂိုလ်ကို ထိုအရပ် ဒေသတွင်ရှာ၍ရနိုင်ဖို့ ခဲယဉ်းလှပေသည်။ အဝတ်အစားမှာလည်း ဂုဏ်သရေရှိပုဂ္ဂိုလ်တို့ ဝတ်စားလေ့ ရှိသည့်အတိုင်းပင် ဖြစ်ပေသည်။ သို့ရာတွင် အခြားလူများ အဝတ်အစားနှင့် သာမန်အားဖြင့် တူသော်လည်း သူ့ဝတ်ပုံစားပုံမှာ ကျနသပ်ရပ်သောကြောင့် ပို၍ပင် တင့်တယ်လှပေ သည်။ လက်တွင်ကိုင်ထားသော ရွှေနားကွပ်တုတ်မှာလည်း သူ့အား ပိုမို၍ ခံ့ညားစေတော့သည်။ မြင်သူတိုင်းကပင် သူသည် ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးတဦးဖြစ်ကြောင်း ယုံမှားသံသယရှိမည် မဟုတ်ချေ။

အဝတ်အစားနှင့် ရွှေနားကွပ်လက်ကိုင်တုတ်တို့က ထိုပုဂ္ဂိုလ်ကြီးမှာ ဂုဏ်သရေ ရှိသလောက် ငွေကြေးဓန ပြည့်စုံကြောင်းကိုလည်း ဖော်ပြနေသေးသည်။ ယခုလောက် အသက်အရွယ် ကြီးခဲ့သော်လည်း ငယ်ရွယ်စဉ်က သူ့အား လူချောတယောက်ဟု ဆိုကြပေလိမ့်မည်။ ယခု၌မူကား အသက်အရွယ်ကြီးသလောက် မျက်ခုံးမွေးလည်း ထူနေသည်။ နဖူးလည်း ပို၍ပြောင်လျက် ရှိသည်။ ယခင်ကတောက်ပြောင်ခဲ့သော မျက်လုံးလည်း မှဲ့လျက်ရှိလေပြီ။ ထိုသို့အိုမင်းရင့်ရော်သည့် လက္ခဏာများကြောင့် သာမန်အားဖြင့် သိရှိသူတို့က သူ့အား ငယ်စဉ်က ရုပ်ရည်ချောမောကြောင်း သိနိုင်ကြမည် မဟုတ်ကြချေ။

ထိုပုဂ္ဂိုလ်ကြီးသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို စိတ်ဆိုးသော အမူအရာဖြင့်လည်းကောင်း၊ ကျေနပ်သောအမူအရာဖြင့်လည်းကောင်း၊ အမူအရာအမျိုးမျိုးပြောင်း၍ ကြည့်နေလေသည်။ သူ့မျက်လုံးသည် ဟက်ဇီဘာ၏ဈေးဆိုင်ခန်းဘက်သို့ ရောက်သွားကာ အမြင်မသန်သဖြင့် မျက်မှန်ကို ထုတ်၍ တပ်ကာ ကြည့်ရလေသည်။ ပထမ၌ အတော်ပင် ဒေါသဖြစ်ဟန်ရှိနေသော်လည်း မကြာမီပင်လျှင် ထိုဒေါသရုပ်ပျောက်၍ တဖြည်းဖြည်း ပြုံးလာလေသည်။ သူပြုံးနေခိုက် ဟက်ဇီဘာလည်း ပြတင်းပေါက်မှ

ခေါင်းပြူ၍ကြည့်လိုက်ရာ သူ့အပြုံးမှာ ပိုမိုထူးခြားသော အပြုံးမျိုးသို့ ရောက်သွားကာ ခေါင်းကလေးတချက် ညိတ်ပြီးနောက် ခံ့ညားသောကိုယ်ဟန်ဖြင့် လမ်းဆက်၍ လျှောက်သွားလေသည်။

"အင်း သူကတော့ ကြည့်သွားတာပဲ။ ငါဒီလိုဆိုင်ရောင်းတာ သူ ကြိုက်မှ ကြိုက်ပါ့မလား... ဟော လမ်းထိပ်ကနေပြီးတော့ လှည့်ကြည့်ပြန်ပြီ"ဟု ဟက်ဇီဘာက တကိုယ်တည်းပြော၍ နေလေသည်။ သူပြောသည့်အတိုင်းပင် ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးလည်း လမ်းထိပ်မှရပ်၍ ဟက်ဇီဘာ၏ ဆိုင်ခန်း ကလေးရှိရာသို့ တချက်မျှလှမ်း၍ကြည့်ပြီးနောက် ပြန်လှည့်၍ လျှောက်လာမည်အပြုတွင် ဆိုင်ခန်းကလေးထဲသို့ နံနက်စောစောက ဈေးဦးဖောက်သွားသော ကျောင်းသားကလေး ဝင်သွားသည်ကို မြင်လိုက်သဖြင့် တဖန်ပြန်လှည့်ကာ ပင်းချွန်းလမ်းမှတဖက်သို့ လျှောက်သွားလေ တော့သည်။

သူ့ပြန်အလှည့်ကို ဟန့်တားလိုက်သကဲ့သို့ပြုသော ကျောင်းသားကလေးမှာ နံနက်က ပဲစေ့ကလေး တစေ့ ပေးကာ မုန့်အရုပ်ကလေးများ ဝယ်စားသည်ကို မဝနိုင်သေးသဖြင့် ယခုတဖန်လာ၍ မုန့်အရုပ်ကလေးတရုပ် ဝယ်ပြန်လေသည်။ ယခုအကြိမ်၌ကား သူသည် ဆင်ရုပ်ကလေးကို လက်ညှိုးထိုးပြ၏။ ဟက်ဇီဘာက ကလေးလက်ညှိုးထိုးပြသည့် မုန့်ရုပ်ကလေးယူ၍ ပေးလိုက်လေ သည်။

"ထင်ချင်သလိုသာ ထင်ပေတော့ အစ်ကိုကြီးဂျက်ဖရီရေ၊ အခု အစ်ကိုကြီး ကျွန်မဆိုင်ကို မြင်သွားပြီ မဟုတ်လား။ ဘယ်လိုအပြစ်ပြောပါသေးသလဲ။ ဒီခုနစ်ဆောင်ပြိုင်အိမ်ကြီးဟာ ကျွန်မ မသေသမျှ ကာလပတ်လုံး ကျွန်မပဲ ပိုင်တယ်လို့ မဆိုနိုင်တော့ဘူးလား" ဟက်ဇီဘာက တကိုယ်တည်း ညည်းတွားပြောဆိုလေသည်။

ဟက်ဇီဘာသည် သူ့အစ်ကိုကြီး တရားသူကြီး ဂျက်ဖရီ သူ့ဆိုင်ကို မြင်သွားသဖြင့် စိတ်စနောင့်စနင်း ဖြစ်ကာ နောက်ဖေးခန်းဝင်၍ ထိုးလက်စရှိသည့် ခြေအိတ်ကို ကောက်ယူ၍ တုန်ရီသောလက်များဖြင့် ဆက်လက်ထိုးနေလေသည်။ သူ့ခများမှာ လက်တုန်နေသဖြင့် ခြေအိတ် မထိုးနိုင်တော့ဘဲ ခြေအိတ်ကို ပစ်ချလိုက်ရတော့သည်။ ထို့နောက် သူသည် ကာနယ်ပင်းချွန်း၏ ရုပ်ပုံကြီးရှေ့သို့ သွား၍ကြည့်ကာ ငေးစိုက်၍ နေလေတော့သည်။ ရုပ်ပုံကြီးမှာ နှစ် လ ပရိစ္ဆေဒ ရှည်ကြာလှသဖြင့် ဟောင်းနွမ်း၍ ဆေးများ ပျက်ပြယ်လျက်ရှိလေပြီ။ သို့ရာတွင် ကာနယ်ကြီး၏ ထူးခြားသောရုပ်ရည်ကြောင့် ကြည့်နေသူအား စိတ်တုန်လှုပ် ချောက်ချားစေတော့သည်။ ရုပ်ပုံကြီး၏မျက်လုံးမှာ အတော်ပင် စူးရှကား ဟက်ဇီဘာသည် ကာနယ်ကြီးကိုယ်တိုင် ဒေါသရောင်လွှမ်းလျက်ရှိသော မျက်လုံးကြီး များဖြင့် သူ့အား ကြည့်နေသည်ဟု ထင်မှတ်ကာ တုန်လှုပ်လျက်ရှိလေသည်။ အစဉ်အဆက်က ထိုရုပ်ပုံကြီးကို ရှိသေစွာ

ဖူးမြော်လာကြသောကြောင့်ပင် ပင်းချွန်း နောက်ဆုံးအနွယ်တဦးဖြစ်သည့် ဟက်ဇီဘာခမျာမှာ ကာနယ်ကြီးကိုယ်တိုင် ထ၍ သူ့အား ခြေထောက်နှင့် ကန်တော့မည် အထင်မျိုး နှင့် ထိုရုပ်ပုံကြီးကိုပင် ကြောက်လန့်စိုးရွံ့လျက် ရှိလေတော့သည်။ ထိုရုပ်ပုံကြီးမှာ မကြာမီကလေး တွင်မှ လမ်းထဲက ထွက်သွားသော တရားသူကြီး ဂျက်ဖရီ ပင်းချွန်းနှင့် ရုပ်ပုံချင်းတူရကား ဟက်ဇီဘာမှာ သူ့အစ်ကိုကြီး သူ့ဆိုင်ကို ကြည့်သွားပုံ ထူးခြားလှခြင်းကို အမှတ်ပြုမိသဖြင့် တုန်လှုပ်ချောက်ချားနေရာမှ ရုပ်ပုံကြီး၏ စူးရှသော မျက်လုံးက သူ့အား ပိုမို၍ပင် တုန်တုန်ရီရီ ဖြစ်စေတော့သည်။

အပျိုကြီးက ရုပ်ပုံကြီးကိုကြည့်ရင်းပင် "ဟုတ်ပါတယ်တော့... သိပ်တူတာပါပဲ။ အစ်ကိုကြီးဂျက်ဖရီကို သာ သံပရာခွံဦးထုပ်ကလေး ဆောင်းပေးပြီး အပြုံးခိုင်းလိုက်ပါ ကာနယ်ပင်းချွန်းနဲ့ တထေရာတည်း ဖြစ်သွားမှာ အမှန်ပါပဲ" ဟု ဆိုလေသည်။

ဟက်ဇီဘာသည် ရုပ်ပုံကြီးကိုကြည့်ပြီးလျှင် အမျိုးမျိုး အဖုံဖုံ တွေးတောနေလေသည်။ သူ့ခမျာမှာ တသက်လုံး ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ တကိုယ်တည်းနေရသည်က များသဖြင့် ရောက်တတ်ရာရာ တွေးတောသည့်အလေ့မှာ သူ့၌ စွဲမြဲနေလေတော့သည်။ အတွေးနယ်ကျူးလျက်ရှိသည့် တကိုယ်တည်း အပျိုကြီးမှာ ကာနယ်ပင်းချွန်း၏ ရုပ်ပုံကို ကြည့်ရင်း ထိုရုပ်ပုံနှင့် လားလားမျှ မတူသည့် ရုပ်ပုံတခုကိုလည်း စိတ်ထဲ၌ မြင်ယောင်လာပြန်သည်။ ထိုရုပ်ပုံမှာ နုနယ်ချောမောလှသော သားသည်အမေတဦး၏ ရုပ်ပုံကိုပါ စိတ်၌ပေါ်လာလေတော့သည်။ "အင်း သူ့အမေကို နှိပ်စက်ကြတယ်၊ သူဟာ စင်စစ်တော့ ပင်းချွန်းအနွယ်ထဲက မဟုတ်ဘူး" ဟု သူ့ဘာသာသူ ရှင်းလင်းနေသည်။

ယင်းသို့ တကိုယ်တည်း အတွေးနယ်ကျွံနေရှာသော ဟက်ဇီဘာသည် တွေးတောငေးမောနေရာမှ ခေါင်းလောင်းသံကလေး တစာစာ ကြားရသောကြောင့် လန့်ဖျပ်ကာ ဆိုင်ခန်းရှိရာဘက်သို့ နောက်ဖေးချောင်မှ ကပျာကယာ ထွက်လာခဲ့လေသည်။ ဆိုင်ထဲသို့ ရောက်လျှင်ပင် လူကြီး တယောက်နှင့် တွေ့လေသည်။ ဟက်ဇီဘာမှာ ခုနစ်ဆောင်ပြိုင် အိမ်ကြီး၌မွေး၍ တသက်လုံး ထိုအိမ်ကြီးတွင်ပင် နေလာခဲ့ရာ အိမ်နီးချင်း အဘိုးကြီး ဘကြီးဗင်းနားကို အသိမလုပ်ဘဲ မနေနိုင်တော့ချေ။

အဘိုးကြီးမှာ ခေါင်းဖြူလျက် ပါးရေများ တွန့်နေလေပြီ။ သွားလည်း တချောင်းမျှပင် မရှိတော့ချေ။ ရှေ့နားက အပေါ်သွားကလေး တချောင်းရှိသည်ဟု ဆိုနိုင်သော်လည်း တခြမ်းမျှသာ ရှိသဖြင့် အသုံး မဝင်သည်သာမက သွားရှိသည်ဟု ဆိုနိုင်ဖို့ အတော်ခဲယဉ်းလှချေသည်။

ထိုမျှ အိုမင်းနေသော်လည်း မစွမ်းဟု မဆိုသာ သူ့အရွယ်နှင့်သူ အတော်ပင် သန်စွမ်းလှပေသည်။ လမ်းမတလျှောက် တံမြက်စည်း လှည်းခြင်း၊ ဆောင်းတွင်း၌ နှင်းများ လမ်းပေါ်မှ ရှင်းလင်းထားခြင်း အမှုများ ပြုသောကြောင့် အဘိုးကြီးမှာ အသုံးဝင်လှပေသည်။ ဘကြီး ဗင်းနားသည် အိမ်နီးချင်းများ ခိုင်းစေရာကို လေးလေးမှန်မှန်ကြီး လုပ်ပေးလေ့ရှိသည်။ တနေရာသို့ စေလွှတ်လိုက်လျှင် သူ မလှုပ်တလှုပ် သွားပုံနှင့် လိုရာခရီးသို့ ရောက်မှရောက်ပါ့မလားဟုပင် ထင်စရာရှိသော်လည်း လေးလေးနှင့် မှန်မှန် သွားသောကြောင့် ရောက်သင့်သည့်အချိန်၌ လိုရာသို့ရောက်ပေသည်။ ပင်းချွန်းလမ်းရှိ အိမ်များက အလုပ်ကလေးများကို တတ်အားသမျှဝင်၍ လုပ်ကိုင်ပေးတတ်သော ကြောင့် ဘကြီးဗင်းနားအား ချစ်ခင် သဒ္ဒါသူ ပေါများလှပေသည်။ သူသည် ယင်းသို့ ကူညီ လုပ်ကိုင်ပေးသည်ကို အခယူခြင်း မရှိချေ။ သူ့ဝက်များစားရန် ထမင်းကျန် ဟင်းကျန်များကိုသာ လိုက်၍ သိမ်းလေ့ရှိသည်။

ဘကြီးဗင်းနားမှာ ငယ်ရွယ်စဉ်ကတည်းကပင် ဉာဏ်တုံးသည့်သူတယောက် ဖြစ်သည့်အလျောက် သူတပါးအခိုင်းအစေမျှသာ ဖြစ်ခဲ့ရရှာသည်။ သူ့ခများမှာလည်း သူ့အစွမ်းအစကို သိသဖြင့် ငယ်စဉ်က တည်းကပင် အခြားလူငယ်များကဲ့သို့ မာနတရား ထောင်လွှားခြင်း မပြုခဲ့ရှာပေ။ ယင်းသို့ ရိုးရိုးကုပ်ကုပ်ကလေးနှင့် သူတပါး၏ အစေအပါး ခံလာခဲ့သော လူရိုးလူအကြီးတယောက် ဖြစ်သောကြောင့်ပင် ဟက်ဇီဘာက ခင်မင်လေသည်။

“ငါ့တူမကြီး... ဈေးစရောင်းပြီပေါ့နော်..” ဟု ဘကြီးက နှုတ်ဆက်စကား ဆိုလိုက်လေသည်။ “ကျုပ်တော့ အလုပ်လုပ်တဲ့လူငယ်တွေကို အမြဲတမ်းကြည်ညိုလေးစားပါတယ်။ ကျုပ်လည်း အလုပ် အင်မတန်လုပ်တဲ့ လူပဲလေ၊ တူမကြီး အသိသားပဲ။ ကျုပ်ဟာ အခုနေမှာ လူအိုရုံသွားပြီး အလုပ် မလုပ်ဘဲ အေးအေးစားနေနိုင်သားပေါ့။ ဒါပေမဲ့ အလုပ်လုပ်ချင်တာနဲ့ လူအိုရုံကို ခြေဦးတောင် မလှည့်ဘူး” ဟု အဘိုးကြီးက ဆက်လက်၍ ပြောလေသည်။

“ဟုတ်ပါတယ် ဘကြီးရယ်။ တကယ်ဆိုတော့ ကျွန်မဟာ ဟိုအရင်တုန်းကတည်းက အလုပ်စလုပ်ပြီး ဒီအသက် ဒီအရွယ်ရောက်တော့ အလုပ်ကိုပစ်ပြီး အေးအေးဆေးဆေး နေဖို့ ကောင်းနေပါပြီ။ အခုတော့ အစနောက်ကျတာကိုး”

“ဘယ်ကလာ နောက်ကျရမှာလဲကွဲ့။ ငါ့တူမကြီး အသက်ငယ်ပါသေးတယ်..။ တူမကြီး ငယ်ငယ်က တောက်တက်တောက်တက်နဲ့ ကစားနေတာ ဘကြီးတော့ မျက်စိထဲမှာ မြင်နေသေးပါရဲ့...။ တူမကြီးရဲ့အဘိုးဟာ မြင်းကြီးစီးပြီး... ခွံ့ခွံ့ကြီးသွားလာနေတာကို ဘကြီးမျက်စိထဲက မပျောက်သေး ပါဘူးကွယ်...။ အဲဒီတုန်းက ... တူမကြီးရဲ့အဘိုးဟာ အတော်ပဲ

တန်ခိုးကြီးတာကလား။ လူတွေက သူ့ကို ဘုရင်တဆူလို အမှတ်ထားကြသကွဲ့။ ဪ .... ဒါနဲ့ အခုတင်ပဲ တူမကြီးရဲ့အစ်ကို တရားသူကြီး ဂျက်ဖရီကို လမ်းမှာတွေ့လိုက်သေးတယ်။ ဒါနဲ့... တူမကြီးရယ်၊ ဘကြီး တခုမေးစမ်းပါရစေ။ စိတ်လည်း မရှိပါနဲ့နော် တူမကြီးရဲ့အစ်ကိုက တရားသူကြီးဖြစ်နေတော့ ... တူမကြီးကို ခေါ်ပြီး စောင့်ရှောက်ကျွေးမွေး မထားတာ ဘာကြောင့်လဲကွဲ့ ....။ မသိရဘူးလား"

"အို .. ဒီအကြောင်းကို မမေးပါနဲ့ ဘကြီးရယ်...။ နောက်တော့ ပြောပြပါ့မယ်။ ကျွန်မ အခုလို ဈေးရောင်းစားရတာဟာ ကျွန်မအစ်ကိုကြီးရဲ့အပြစ် မဟုတ်ပါဘူး။ တကယ်လို့ ကျွန်မ ဘကြီးရဲ့ လယ်တဲကိုပြောင်းပြီး အေးအေးဆေးဆေး နေမယ်ဆိုရင်လည်း ကျွန်မအစ်ကိုကြီးကို အပြစ် တင်စရာ မရှိပါဘူး"

ကကြီးဗင်နားသည် ဉာဏ်တုံးတိဖြစ်သည့်အလျောက် ဥပမာ ဥပမေယျတို့ကို နားမလည်ဘဲ ဟက်ဇီဘာက သူ့လယ်တဲသို့ ပြောင်းတော့မည်အထင်နှင့် "အင်း... ဘကြီးရဲ့လယ်က မဆိုးလှဘူးကွဲ့၊ မိတ်ကောင်းဆွေကောင်းတွေနဲ့ တွေ့ပြီး ပျော်ပျော်ပါးပါး စားစားသောက်သောက်ဆိုသလို နေဖို့ အင်မတန်ကောင်းတယ်။ ဒါပေမဲ့ တခါတလေတော့လည်း လူအိုရုံသွားနေရတာမှ ကောင်းပါသေး တယ်လို့ တွေးမိသေးသဗျာ၊ ငါ့တူမကြီးကတော့ ငယ်ပါသေးတယ်၊ လူအိုရုံလည်း သွားစရာ မလိုပါဘူး။ မကြာခင် ကံကလေးထောက်မပြီး အကောင်းတခုခု ကြုံပါလိမ့်ဦးမယ်" ဟု လေကြောရှည်နေလေသည်။

အပျိုကြီးကလည်း "ဒီအဘိုးကြီးမှာ ထူးခြားချက် တခုခုတော့ ရှိတာ အမှန်ပဲ။ ဘယ်နေရာ ဘာထူးခြားချက်ရှိမယ်ဆိုတာသာ မသိရတာ" ဟု စိတ်တွင်းက ဘကြီးဗင်နားကို စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေလေသည်။ သူလည်း သူ့ဆိုင်ကလေးကို ပြင်ဆင်နေတုန်းပင်လျှင် ကံကောင်း ထောက်မချက်ကလေးများ တခါတရံ ပေါ်လာကောင်း၏ဟု မျှော်လင့်တောင့်တမိလေသည်။ ဆင်းတောင့်ဆင်းရဲဖြစ်နေသဖြင့် မမျှော်လင့်သောနေရာမှ အမွေအနှစ်ကလေးများ ရလိုက်လျှင် ကောင်းပေမည်ဟု တွေးထင်မိလေသည်။ ဥပမာ ကမ္ဘာ့အရှေ့ပိုင်းသို့ ထွက်သွားပြီး တခါတခေါက်မျှ ပြန်မရောက်လာသော ဦးလေးတယောက်က သူ့ပစ္စည်းဥစ္စာများကို ဟက်ဇီဘာအား အမွေ ပေးခဲ့ချင်လျှင် ပေးခဲ့နိုင်သည်။ တဖန်တုံလည်း ဗားဂျီးနီးယားပြည်နယ်တွင် ဆေးအကြီးအကျယ် စိုက်လုပ်သည့် ဦးလေးတယောက်က သူဆင်းရဲနေသည်ကို ကြားသိရသဖြင့် ဒေါ်လာတသောင်း ပေးပို့ချင်လျှင် ပေးပို့နိုင်ပေသည်။ နောက်လည်း နှစ်စဉ် ဒေါ်လာတထောင်ကျ ပေးပို့မည်ဟူသော စကားရပ်လည်း ပါးချင်ပါးလိုက်နိုင်သေး၏။ နောက်ဆုံး

ကြံဖန်မျှော်လင့်သည်ကား နှစ်ပေါင်း နှစ်ရာခန့်ကတည်းက အငြင်းပွားရှိ ပင်းချွန်းတို့က ရှုံးခဲ့သော ဝေါလဒိုနယ်ကြီးကို ပိုင်ဆိုင်ရန် အမှုကြီးမှာ ယခုမှ မမျှော်လင့်ဘဲ အသစ်ထပ်မံ၍ စီရင်ချက်ချကာ ဟက်ဇီဘာအား ပင်းချွန်းအနွယ် အဖြစ် ပေးလိုက်ချင်လည်း ပေးလိုက်နိုင်၏ ဟူသတည်း။ ယင်းသို့သော မမျှော်လင့်ဘဲ ချမ်းသာလာပါမူ ဟက်ဇီဘာသည် ယခုကဲ့သို့ ခြောက်ပြားဆိုင်ကလေး ဖွင့်မနေတော့ဘဲ တိုက်ကြီးတာကြီးဆောက်၍ နေပေမည် ဧကန်ပင်။

ဘကြီးဗင်းနားက ဝါသနာအလျောက် အားပေးစကားပြောသည်ကို ဟက်ဇီဘာခမျာမှာ အဟုတ်ကြီး မှတ်ကာ သူ့အတွေးနှင့်သူ လွမ်း၍ နေလေတော့သည်။ ဘကြီးဗင်းနားလည်း လူကြီးတို့ဘာဝ လူငယ်အား ဆုံးမစကား ပြောကြား၍ ထွက်သွားလေသည်။ သူ့ဆုံးမစကားများကား အမှန်ပင် လိုက်နာထိုက်လှ၏။ "ဘယ်သူ့ကိုမှ ကြွေးမပေးနဲ့၊ ငွေစက္ကူကို မယူနဲ့၊ ပိုက်ဆံပြန်အမ်းတဲ့အခါ သေသေချာချာ ကြည့်အမ်း၊ ငွေစကို တီးခေါက်ကြည့်ပြီးမှယူ၊ အားတဲ့အခါမှာ ကလေးခြေအိတ် ကလေးများ ထိုး၊ ကိုယ့်ပေါင်မုန့်ကိုယ်ဖုတ်" စသည်တို့ပင်တည်း။

ဟက်ဇီဘာသည် ထိုအဖိုးတန်လှသော ဩဝါဒစကားလုံးကလေးများကို အရကျက်မိအောင် ကြိုးစားနေခိုက် အဘိုးကြီးက သူ့အား အရေးကြီးသော ဩဝါဒတချက်ကို ထပ်၍ ပေးပြန်လေသည်။ "ဈေးသည်ဆိုတာ ဝယ်သူကို ချိုချိုသာသာ ပြောရတယ်၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ဝယ်သူ လိုသမျှကို ဂရုတစိုက် ယူပေးမှ ဈေးရောင်းရတယ်၊ မှုန်တေတေနဲ့ အပေါက်ဆိုးမှုတ်နေရင် လာဘ်တိတ်တတ် တယ်" ဟု ဆိုလိုက်ရာ ဟက်ဇီဘာမှာ ထိုဩဝါဒကို လိုက်နာရန် သူ့အဖို့ ခဲယဉ်းလှသဖြင့် သက်ပြင်း တချက် ချလိုက်မိလေသည်။ သူချလိုက်သော သက်ပြင်းမှာကား သာမန်မဟုတ်၊ အတော်ပြင်းထန် သဖြင့် ကြောင်တက်တက် အဘိုးကြီး ဗင်းနားမှာ ပို၍ပင် ကြောင်တက်တက်ဖြစ်သွားလေတော့ သည်။

"သူပြန်လာလိမ့်မယ်လို့... တူမကြီးထင်သလား..." ဟု အဘိုး ကြီးက တိုးတိုးကလေး မေးလိုက်ရာ ဟက်ဇီဘာမှာ မျက်စိမျက်နှာပျက်ကာ "ဘယ်သူပြန်လာလိမ့်မယ်လို့ ဆိုချင်တာလဲ" ဟု ပြန်၍ မေးလိုက်လေသည်။ ထိုအခါ အကင်းပါးသော အဘိုးကြီးက "သြော်.. ဒီအကြောင်းကို ဆက်မပြောချင်ရင်လည်း နေပါ၊ ဘကြီးတော့ သူ့ကို ကလေးကလေးကတည်းက သိတာမို့ မေးမိတာပါ" ဟုဆို၍ ထွက်သွားလေသည်။

ဟက်ဇီဘာသည် ထိုနေ့အဖို့ ဈေးသည်ပီသစွာ ကြိုးစား၍ ဈေးဝယ်လာသူတို့အား ချိုချိုသာသာ ပြောကာ ဖျတ်ဖျတ်လတ်လတ် လုပ်ကိုင်ပေးသော်လည်း သူ့ခမျာမှာ လွမ်းရိပ်မကင်း ဖြစ်၍ နေလေတော့သည်။ ဈေးရောင်းရင်း စိတ်ကူးနယ်ကျွံနေသဖြင့် အမှားမှား အယွင်းယွင်း ဖြစ်ရတော့သည်။

ပစ္စည်းကို မှား၍ ပေးလိုပေး၊ ငွေကို ပို၍ အမ်းလိုအမ်းနှင့် ကဘောက်ကချာ ဖြစ်နေလေရာ နေကုန်၍ ဆိုင်ပိတ်သောအခါ၌ ငွေသေတ္တာထဲတွင် ငွေသားတပြားမှ မရှိတော့ ကြောင်း သိသဖြင့် အံ့အားကြီးသင့်သွားလေတော့သည်။ တနေ့လုံး အပင်တပန်း ရောင်းသည့် အတွက် ပဲစေ့ကလေး ၆ စေ့နှင့် ၉ ပဲနိစေ့တစေ့သာ သေတ္တာထဲ၌ တွေ့ရတော့သည်။ ၉ ပဲနိစေ့ မှာလည်း အတုဖြစ်နေကြောင်း တွေ့ရှိရလေသည်။ ဟက်ဇီဘာ၏ နောက်ဆုံးဝယ်သူမှာ ဈေးဦးဖောက်သူကလေးပင် ဖြစ်သော်လည်း အစားကြီးသော ထိုသူငယ်ကလေးသည် နံနက် ကျီးကန်းရုပ်နှင့် ဆင်ရုပ်ကို စားပြီးသော်လည်း မဝနိုင်သေးသဖြင့် ညနေစောင်းတွင် ကုလားအုပ် ရုပ်ကို လာ၍ဝယ်လေသည်။ ဟက်ဇီဘာမှာ စိတ်ထွေနေသဖြင့် သူငယ်ကလေးကတောင်းသည့် ကုလားအုပ်ရုပ် မုန့်အစား သစ်သားနဂါးရုပ်ကို လှမ်း၍ပေးလိုက်ရာ သူငယ်ကလေးက မဟုတ်ပါဘူး ဗျာ ဟုဆိုသဖြင့် ယောင်ကန်းကန်းနှင့် ကျောက်ဒိုးတထုပ်ကို ပေးလိုက်ပြန်သည်။ နောက်ဆုံး၌ စိတ်မရှည်နိုင်တော့ဘဲ သူငယ်ကလေးအား နင်ကြိုက်ရာ နင်ယူတော့ဟု ဆိုလိုက်ခါမှ သူငယ်ကလေး က သူ့အကြိုက် အရုပ်မုန့်ကိုယူ၍ ထွက်သွားလေတော့သည်။

ယင်းသို့ သူငယ်ကလေးနှင့် အရောင်းအဝယ် ရှုပ်ထွေးနေခိုက်တွင် မော်တော်ဘတ်စ်တစင်း ဆိုင်ရှေ့တွင် ရပ်လာလေသည်။ ဟက်ဇီဘာလည်း ဧည့်သည်ကို လက်ခံလိုစိတ် လုံးဝမရှိသူဖြစ်သဖြင့် ငါ့ဆီကို ဘယ်သူများ လာပြီး တည်းဦးမှာလဲဟု စိတ်တွင်းမှဆိုကာ မော်တော်ဘတ်စ်ကားကြီးကို ငေး၍ကြည့်နေလေသည်။ ဘတ်စ်ကားထဲမှ လူကြီးတယောက် ဆင်းလာပြီးလျှင် သူ့နောက်က နွဲ့နွဲ့နှောင်းနှောင်း မိန်းမပျိုကလေးတယောက် ဆင်းလိုက်လာလေသည်။ သူငယ်မကလေးသည် သူ့ပစ္စည်းများဖြစ်သော လက်ကိုင်သားရေအိတ်တလုံးနှင့် သေတ္တာကလေးတလုံးကို မြေပေါ်တွင် ချကာ ရပ်နေခိုက် ထိုလူကြီးမှာ ကားပေါ်သို့ ပြန်တက်၍ ကားကြီးလည်း ရှေ့သို့ မောင်းနှင်သွား လေသည်။

သူငယ်မကလေးသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို ငေး၍ ကြည့်နေခိုက် လူတယောက်က သူ့ပစ္စည်းများကို ယူ၍ ခုနစ်ဆောင်ပြိုင်အိမ်ကြီးအတွင်းသို့ သယ်ယူပေးလေသည်။ ထို့နောက် သူသည် သူငယ်မထံမှ ပိုက်ဆံကို လက်ဝါးဖြန့်ခံယူပြီးလျှင် ပြန်ထွက်သွားလေသည်။

"ဘယ်သူများပါလိမ့်၊ သည်သူငယ်မကလေးဟာ အိမ်မှားလာပြီ ထင်တယ်" ဟု ဟက်ဇီဘာက တွေးထင်မိလေသည်။ ထို့နောက် သူသည် အခန်းမကြီးထဲသို့ ခြေဖျားထောက်၍ဝင်ကာ တံခါးနောက်ကွယ်မှနေ၍ သူငယ်မကလေး၏မျက်နှာကို သေချာစွာ ကြည့်လေသည်။ သူငယ်မ ကလေးမှာ မျက်နှာမြင် ချစ်ခင်ပါစေဆိုသည့် ဆုတောင်းပြည့်သူ ဖြစ်ရကား တကိုယ်တည်း နေလာခဲ့သော အပျိုကြီးမှာ ငေးစိုက်၍

ကြည့်နေမိလေတော့သည်။ သူငယ်မကလေးမှာ အလွန်ပင် ကျက်သရေရှိလှကား ခြောက်ကပ်အိုမင်း၍ ကျက်သရေခန်းခြောက်နေသော ခုနစ်ဆောင်ပြိုင် အိမ်ကြီးမှာ သူတံခါးဝ၌ ရပ်နေစဉ် ထူးခြားတောက်ပြောင်သည့် နေရောင်ခြည် လွှမ်းဘိသကဲ့သို့ ကျက်သရေတိုးလာသည်ဟု အပျိုကြီး ထင်မိသည်။ သူသည် ခါတိုင်း၌ မည်သူမျှ အိမ်ကို လာရောက်လည်ပတ်ခြင်းကို မလိုလားသော်လည်း ယခု၌မူ ထိုသူငယ်မကလေးအား တံခါးဖွင့်၍ ပေးလေသည်။ တံခါးဖွင့်ပေးခိုက် "ဖီဘီဆိုတာများ ဖြစ်လေရော့သလား" ဟု သူ့ကိုယ်သူ မေးမိသည်။ ဖီဘီဖြစ်မှာပါပဲ။ သူ့အဖေနဲ့ သိပ်တူနေတော့ သူပဲဖြစ်မှာပေါ့၊ ဘာဖြစ်လို့ သူဒီလာပါလိမ့်။ ကြိုတင် အကြောင်းမကြားဘဲနဲ့ ငါ့ဆီကို လာမှ လာရက်ပလေ။ ငါ့မှာလည်း မပြည့်မဝနဲ့ အခုလို သူရုတ်တရက်လာတော့ ငါဘယ်လိုလုပ်ပြီး ဧည့်ခံရမှာလဲ။ အို.. သူ တညတလေ ဝင်ပြီး ကြုံလို့ တည်းတာနဲ့ တူပါရဲ့။ မနက်ဖြန်ကျ ပြန်မှာပါပဲထင်ပါရဲ့ဟု တွေးရင်းပင် တံခါးကို ဖွင့်ပေးနေလေ သည်။

ဖီဘီမှာ ပင်းချွန်းအနွယ်တဦး ဖြစ်လေသည်။ သူ့ဖခင်သည် တောပိုင်း၌ အိမ်ထောင်ကျသဖြင့် ဖီဘီမှာ ပင်းချွန်းအနွယ်ဖြစ်သော်လည်း သူ့အဒေါ်များ ဘကြီးများနှင့် တခါမျှ မတွေ့ဖူးချေ။ တောရပ်၌သာ ကြီးပြင်းလာရရှာလေသည်။ တောသူကလေး ဖြစ်သော်ငြားလည်း အလိုက်သိတတ်သူဖြစ်သဖြင့် ဟက်ဇီဘာထံသို့ လာမည့်အကြောင်းကို ကြိုတင်၍ စာထည့်လိုက်လေသည်။ သို့ရာတွင် ထိုစာမှာ ဟက်ဇီဘာလက်သို့ မရောက်ဘဲ စာပို့သမားထဲ၌သာ အောင်း၍ နေလေသည်။ စာပို့သမားမှာ မည်သည့်စာကိုပင်မဆို သူစိတ်ကူးရမှ ထ၍ သက်ဆိုင်သူအား ပေးလေ့ရှိသည်။ ပျင်းသေးလျှင် စာများကို သူ့အိမ်၌ ပစ်၍ထားတတ်သည်။

ဟက်ဇီဘာလည်း ဖီဘီအား တံခါးဖွင့်ပေးရင်း သူတညထဲသာ အိပ်ရမယ်၊ တညထက်ပိုပြီးနေချင်လို့ မဖြစ်ဘူး။ မတော်တဆ ကလစ်ဖို့ ရောက်လာရင် အလကား အနှောင့်အယှက် ဖြစ်နေဦးမယ်ဟု စိတ်တွင်းက ပိုင်းဖြတ်လိုက်လေသည်။

[၅] နပျို-ရင့်ရော်

ဖီဘီသည် ရောက်သည့်ညက နောက်ဖေးဥယျာဉ်နှင့် မျက်နှာချင်းဆိုင် ခန်းမကြီးထဲ၌ အိပ်ရလေ သည်။ သူ့အိပ်ဖို့ထားသော ခုတင်မှာ ဟောင်းသော်လည်း အတော်ပင် ကောင်းသေး၏။ သို့သော် တအိမ်လုံး ဖရိုဖရဲနှင့် ဖုန်များထူနေသောကြောင့် သူ့ခုတင်မှာလည်း မအိုသင့်ဘဲနှင့် အိုရှုံနေလေ သည်။ မိုးသောက်သောအခါ ပြတင်းမှန်ပေါက်များမှ နေရောင်ခြည်ဝင်၍ သူ့ပါးပေါ်သို့ ကျလာသဖြင့် ဖီဘီလည်း နိုးလေတော့သည်။ နိုးလျှင်နိုးချင်း သူဘယ်ရောက်နေမှန်း မသိသလိုလိုဖြစ်မိသော်လည်း မကြာမီပင်လျှင် မနေ့ညက ခုနစ်ဆောင်ပြိုင်အိမ်ကြီးသို့ ရောက်လာကြောင်း သတိရလေသည်။ အိပ်ရာမှထ၍ အပြင်သို့လှမ်းကြည့်လိုက်ရာ ရွှေရောင်တောက်လျှက်ရှိသည့် နေရောင်အောက်၌ လန်းလန်းဆန်းဆန်း ပွင့်နေသော နှင်းဆီပန်းခိုင်ကြီးများကို မြင်သဖြင့် ပန်းမြင်လျှင် ဣန္ဒြေ ဆောင်နိုင်ခဲလှသည့် မိန်းမပျိုကလေးမှာ အခန်းတံခါးကို ဖွင့်ကာ ဥယျာဉ်ထဲသို့ ဆင်းသွားလေသည်။ ဥယျာဉ်မှာလည်း သပ်သပ်ရပ်ရပ် မရှိဘဲ အချို့နေရာများ၌ ချုံများထူထပ်လျက်ရှိသည်။ ထိုဥယျာဉ်ကို စ၍ စိုက်ပျိုးသူမှာကား ဖီဘီ၏အဘွား၏အဘွား အယ်လစ်ပင်းချွန်းပင် ဖြစ်လေရာ သူ့ခေတ်မှစ၍ ယခုတိုင်အောင် သစ်ပင်ပန်းပင်များ ပွားများနေသော်ငြား လည်း ပင်းချွန်းအနွယ်တို့သည် အယ်လစ် ပင်းချွန်းလောက် မည်သူမျှ ဥယျာဉ်ပန်းမန်ကို ဂရုစိုက်သူများ မဟုတ်ကြသဖြင့် ပန်းဥယျာဉ်မှာ သာယာသင့်သလောက် မသာယာဘဲ ရှိတော့သည်။ ဖီဘီမှာ မည်သည့်အလုပ်ကိုပင် လုပ်စေကာမူ ကျကျနန သပ်သပ်ရပ်ရပ် လုပ်တတ်သော သတ္တိရှိရကား သူသာ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ ကြာရှည် နေရလျှင် ထိုပန်းဥယျာဉ်ကို မြင်သူတို့ ဘဝင်အေးအောင် သပ်ရပ်လှပစွာ ကျကျနန ပြုပြင်စီရင်မည် ဟု ရည်မှန်းလိုက်လေသည်။

သူသည် ပန်းပွင့်ကြီးများကိုခူး၍ သူ့အိမ်ခန်းသို့ ပြန်ကာ ဖုန်အလိမ်းလိမ်းနှင့် ဖရိုဖရဲဖြစ်နေသော အခန်းကြီးကို ချက်ချင်းပင် ပြုပြင်ပြီးလျှင် ပန်းမန်တို့ဖြင့် ဆင်ယင်မွမ်းမံထားလေသည်။ အနှစ်နှစ် လက ဖြစ်ချင်တိုင်းဖြစ်၍နေခဲ့သော အခန်းမကြီးမှာ သာတောင့်သာယာ ဖြစ်ကာ ခုနစ်ဆောင်ပြိုင် အိမ်ကြီး၏ နဂိုသဘာဝနှင့်ပင် မကိုက်ညီသကဲ့သို့ သန့်ရှင်းကြည်လင်နေလေတော့သည်။ စင်စစ်သော်ကား ထိုအခန်းကြီးမှာ ရှေးယခင်က ပင်းချွန်းအနွယ်တို့သည် တခေတ်ပြီးတခေတ် အိမ်ထောင်ကျစ ဇနီးမောင်နှံတို့ အိပ်၍လာသော မင်္ဂလာအခန်းကြီးပင် ဖြစ်ပေသည်။ သို့ရာတွင် မင်္ဂလာဆောင် အဆက်ဝေးသည့် နောက်ဆုံး ပင်းချွန်းအနွယ်လက်ထက်ကျခါမှ အခန်းကြီးမှာ ကျက်သရေ ကင်းမဲ့၍ ဟောင်းနွမ်းအိုမင်းလျက် ရှိလေတော့သည်။

ဖီဘီသည် အခန်းကြီးကို သူ့စိတ်တိုင်းကျ ပြုပြင်ပြီးနောက် ဥယျာဉ်ထဲ၌ ရှင်းလင်းရန် ဆင်းသွားရာ တွင် လှေကားထိပ်၌ ဟက်ဇီဘာနှင့် တွေ့သဖြင့် အပျိုကြီး ဟက်ဇီဘာက သူ့အား သူ့အိပ်ခန်းထဲသို့ ခေါ်သွားလေသည်။ သူ့အိပ်ခန်း၌ရှိသော အိမ်ထောင်ပစ္စည်းတို့မှာ ကြည်လင်သာယာခြင်းကို စိုးစဉ်းမျှ မဆောင်ဘဲ ညှို့မှိုင်းမှောင်ရီနေကြလေသည်။ စားပွဲ ကုလားထိုင်တို့မှာ အားလုံးပင် အနက်ချည်းပင် ဖြစ်နေ၍ ဖီဘီစိတ်ထဲတွင် မင်္ဂလာမရှိဟု ယူဆမိလေသည်။ အခန်းကြီး၏ ထောင့်တဖက်တွင် မတ်တတ်ရပ်၍ တီးရသော စောင်းကြီးတခုကို တွေ့ ရသည်။ စောင်းကြိုးများကို လူ့လက်နှင့် မထိသည်မှာ နှစ်ပရိစ္ဆေဒများစွာ ကြာခဲ့လေပြီ။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ထိုစောင်းကြီးကို အယ်လစ်ပင်းချွန်း၏ လက်ကလေးများဖြင့် ကြိုးညှိကာ တီးလိုက်သောကြောင့် ဥရောပတိုက်တွင် အကျော်ဒေးယျဖြစ်သော တေးသံသာတို့ ထွက်ပေါ်လာခဲ့လေသည်။

ဟက်ဇီဘာသည် ကုလားထိုင်တလုံးတွင်ထိုင်ကာ ဖီဘီအား ငေးစိုက်၍ ကြည့်နေပြီးနောက် "ဖီဘီရေ… ငါ ညည်းကို ဒီမှာကြာရှည် မထားနိုင်ဘူး" ဟုပြောလိုက်လေသည်။ ယင်းသို့ တုံးတိပိတ်ပြောလိုက်ခြင်းမှာ စင်စစ်အားဖြင့် ဟက်ဇီဘာက ဖီဘီအပေါ်၌ မေတ္တာမရှိ၍မဟုတ်။ ညကတည်းက သူတို့အချင်းချင်း တယောက်နှင့်တယောက် နားလည်မှုရရှိကာ ခင်မင်ခဲ့ကြလေ သည်။ ဖီဘီကလည်း ထိုသို့ တိုတိုတောင်းတောင်းနှင့် ပြောလိုက်သည်ကို မည်သို့မျှ သဘောမထားဘဲ အပျိုကြီး၏ အခက်အခဲတို့ကို သိနားလည်လေသည်။ ကိုယ်ချင်းစာတရားနှင့် ပြည့်စုံသော ဖီဘီသည် မိမိတယောက်ကြောင့် သူတပါးမှာ အနှောင့်အယှက် တာဝန်ကြီးဖြစ်နေသည်ကို စိုးလှတော့သည်။ ထို့ကြောင့် ဖီဘီက ဟက်ဇီဘာ၏ ယတိပြတ်ငြင်းသံကို အေးချမ်းသာယာစွာ ပြန်ဆိုလေသည်။ "အဒေါ်ရယ် ကျွန်မနဲ့ အဒေါ်ဟာ ကြာရှည်မနေသေးလို့ပါ ကြာရှည်နေရင် တယောက်နဲ့တယောက် ဘယ်လောက်တည့်မလဲဆိုတာ သိပါလိမ့်မယ်" ဟု ဆိုလေသည်။

"ညည်း အတော်လိမ္မာတဲ့ သူငယ်မလေးဆိုတာ ငါသိပါတယ်ကွယ်၊ ဒါကြောင့် မဟုတ်ဘူး ငါက ညည်းအတွက်ပြောတာ။ ညည်းလို ငယ်ငယ်ရွယ်ရွယ်နဲ့ ချစ်စရာကောင်းတဲ့ အပျိုလေးတယောက် ဟာ ဒီလိုအိမ်ကြီးမှာ လာနေရင် ညည်းသာ နစ်နာတော့မပေါ့… ငါ့ကိုသာ ကြည့်ပါအေ…။ ငါဟာ ခြောက်ကပ်ကပ်နဲ့ မျက်နှာထား ဆိုးဆိုးကြီးဖြစ်ပြီး လူတန်းမစေ့တာဟာ စင်စစ်တော့ ဒီအိမ်အိုကြီး မှာ တယောက်တည်း နေခဲ့ရလို့ပေါ့။ ပြီးတော့လည်း .. ငါညည်းကို ကျွေးမထားနိုင်ဘူး"

ဖီဘီကပြုံးလျက် "ဒေါ်ဒေါ် ကျွန်မကို နောက်ကျတော့ သဘောကျပါလိမ့်မယ်။ ကျွန်မဟာကျွန်မ လုပ်ကိုင်စားသောက်မှာပေါ့။ ကျွန်မကတော့ သူကောင်းအနွယ်သာဆိုတယ်။ သူကောင်းတွေလို နေခဲ့ရတာ

မဟုတ်ဘူး။ ကျွန်မအမေဘက်က ကုန်သည်တွေကြီးမို့ အရောင်းအဝယ်လည်း တတ်တယ်။ ဒီပြင် လက်မှုပညာကလေးတွေလည်း တတ်ပါတယ်”ဟု ဆိုလိုက်လေသည်။

“ဟာ... ညည်းတတ်တယ်ဆိုတဲ့ ပညာကလေးတွေဟာ ဒီလို မြို့ကြီးပြကြီးတွေမှာ သုံးလို့ရမှာ မဟုတ်ပါဘူး။ ပြီးတော့လည်း ဒီလို အိမ်အိုကြီးမှာ ညည်းနေရင် ညည်းဟာ တလနှစ်လအတွင်းမှာ ဖြူဖပ်ဖြူရော်ဖြစ်ပြီး ပိန်ခြောက်ခြောက်နဲ့ လူရုပ်ပေါ်မှာ မဟုတ်တော့ဘူး။ ဒီအိမ်ပေါ်မှာ တက်နေတဲ့ ဖုန်တွေ နေ့စဉ်နဲ့အမျှ ရှူနေရလို့ ညည်းရောဂါ ရလိမ့်မယ်” ဟု တကယ့်စေတနာဖြင့် သက်ပြင်းချကာ ပြောလိုက်လေသည်။

“ရောဂါမရနိုင်ပါဘူးဒေါ်ဒေါ်ရယ်။ အိမ်နောက်ဖေးမှာ ဥယျာဉ်ကြီး ရှိသားပဲ။ ကျွန်မ ကိုယ်လက် ကျန်းမာအောင် သတိနဲ့ နေမှာပေါ့။ ဥယျာဉ်ထဲမှာ လေကောင်းလေသန့်ရှူပြီး ကိုယ်လက် ကျန်းမာရေး ကျင့်ရင် ဘယ့်နှယ်လုပ်ပြီး ရောဂါရနိုင်မှာတဲ့လဲ”

“ငါက ညည်းကို ဒီမှာနေရမယ် မနေရဘူးလို့ မပြောနိုင်ပါဘူး။ ဒီအိမ်ကိုပိုင်တဲ့ပိုင်ရှင် မကြာမီ လာမှာပါ” ဟု ဟက်ဇီဘာက ဆိုလိုက်လျှင် ဖီဘီက “အိမ်ရှင်ဆိုတာဟာ တရားသူကြီးပင်းချွန်းကို ပြောတာလား” ဟုမေးလေသည်။

“တရားသူကြီးကတော့ ငါရှိနေသမျှ ကာလပတ်လုံး ဒီအိမ်ပေါ် တက်မှာ မဟုတ်ပါဘူးကွယ်။ ဒီအိမ်ရှင်ကို ညည်းသိချင်ရင် ငါပြမယ်” ဟုဆိုကာ ဟက်ဇီဘာသည် သေတ္တာထဲမှ ဓာတ်ပုံငယ်တခုကို ထုတ်၍ ပြလေသည်။

“ဘယ့်နှယ်လဲ ... ဒီမျက်နှာကို ညည်းသဘောကျရဲ့လား”

“အတော်လှသားပဲ၊ မျက်နှာထားက ခပ်ချိုချိုမို့ သူ့ကိုမြင်ရင် လူတိုင်း ချစ်ကြမှာပဲနော်..။ သူ့မျက်နှာကလေးဟာ ကလေးမျက်နှာကလေးလိုပဲ လန်းလန်းဆန်းဆန်းရှိတယ်။ သူ့အတွက်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ဘာကိုပဲ လုပ်ပေးရပေးရ ဝန်လေးမှာမဟုတ်ဘူးနော် ဒေါ်ဒေါ် သူ ဘယ်သူလဲ”

“ညည်း မကြားဖူးဘူးလား...။ ကလစ်ဖို့ ပင်းချွန်းဆိုတာပေါ့...”

“ဟင့်အင်း .. မကြားဖူးပါဘူး။ ဩော် ... နေစမ်းပါဦး။ ကျွန်မအဖေကလား အမေကလား မသိပါဘူး တယောက်ယောက်ကတော့ သူ့နာမည်ကို တခါက ပြောဖူးတယ်။ ကျွန်မလည်း အမှတ်တမဲ့ နေလိုက်တာပဲ။ အစကတော့ ပင်းချွန်းအနွယ်ဆိုလို့ ဒေါ်ဒေါ်ရယ်၊ တရားသူကြီး ဂျက်ဖရီရယ် ဒီနှစ်ယောက်ပဲ ရှိတော့တယ်လို့ ကျွန်မအောက်မေ့မိတယ်။ နို့ .. နေပါဦး .... ဒီကလစ်ဖို့ဆိုတာဟာ

သေသွားပြီမဟုတ်လား”

“အေး ... အေး ... သေသွားပြီ” ဟုဆိုကာ ဟက်ဇီဘာက အသံနက်ကြီးနှင့် ရယ်လိုက်လေသည်။ နောက်မှ ဆက်လက်၍ “တို့ဆီမှာ သေတဲ့လူတွေဟာ ပြန်လာတတ်တယ်။ ဒီလိုအိမ်ကြီးမျိုး ဆိုတာဟာ သေတဲ့လူရဲ့ ဝိညာဉ် ခဏခဏလာတတ်တာမျိုးပဲ။ အဲဒါမှ ညည်းမကြောက်ဘူးလို့ ဆိုရင်လည်း ဒီအိမ်ကြီးမှာ နေပေတော့။ ငါကတော့ မကန့်ကွက်ပါဘူး”ဟုဆိုကာ ဟက်ဇီဘာက ဖီဘီ၏ နဖူးကို နမ်းလိုက်လေသည်။

သူတို့နှစ်ယောက်သည် အိမ်အောက်ထပ်သို့ သွားကြပြီးနောက် နံနက်စာ ချက်ကြလေသည်။ ဖီဘီမှာ နဂိုကပင် သွက်လက်သူကလေးတယောက် ဖြစ်သဖြင့် မီးဖိုခန်းထဲ၌ သူကချည်း ချက်ပြုတ်လုပ်ကိုင် နေလေသည်။ ခပ်အေးအေးလေးလေး နေတတ်သော အပျိုကြီး ဟက်ဇီဘာမှာ သူ့ကိုငေးကြည့်၍သာ နေလေတော့သည်။ ဖီဘီမှာ အချက်အပြုတ် အလုပ်အကိုင် တော်လေရကား မီးဖိုချောင်ကိစ္စတို့ကို မပင်ပန်းဘဲ လျင်မြန်စွာ လုပ်ကိုင်လေသည်။ ချက်ရင်းပြုတ်ရင်းနှင့် သီချင်းလေး တအေးအေး ဆိုနေလိုက်သေး၏။ ယခင်က ခြောက်ကပ်ကပ်နိုင်လှသော ခုနစ်ဆောင်ပြိုင်အိမ်ကြီးအတွင်း၌ သာယာချိုအေးသော တေးသံတို့သည် ပျံ့နှံ့လျက်ရှိလေပြီ။ ဟက်ဇီဘာက ဗီရိုထဲမှ ငွေဇွန်းများ ထုတ်၍ ပေးလေသည်။ ယင်းတို့မှာ နှစ်ပရိစ္ဆေဒရှည်ကြာလှပြီ ဖြစ်သဖြင့် ဖုန်အလိမ်းလိမ်း ကပ်လျက် ရှိသော်လည်း ရှေးခေတ်က အခံ့စား ငွေဇွန်းများ ဖြစ်ကြောင်းကို ထုထားသော ရုပ်စုံရုပ်လုံးကလေး များကို ကြည့်ခြင်း အားဖြင့် သိနိုင်လေသည်။

“ညည်းရဲ့အဘွားရဲ့ အဘွားမင်္ဂလာဆောင်တုန်းက ဒီငွေဇွန်းတွေ ငွေပန်းကန်တွေကို သူ့မိဘများက လက်ဖွဲ့ခဲ့တယ်။ သူတို့မျိုးရိုးကလည်း အတော်ကြီးတော့ အဲဒီခေတ်မှာ အဖိုးတန်ဆုံးဆိုတဲ့ ငွေလက်ဖက်ရည် ပန်းကန်စုံကို လက်ဖွဲ့ကြတာပေါ့။ အဲဒီခေတ်တုန်းက လက်ဖက်ရည် အသောက်အပြုကလည်း နည်းကြသေးတယ်။ လက်ဖက်ရည်စပေါ်ခါစခေတ်ကပေါ့အေ.. သူတို့အဆို ကတော့ ဒီငွေလက်ဖက်ရည် ပန်းကန်စုံ ပြည်နယ်တခုလုံးမှာ ဒီတစုံပဲ ရှိသတဲ့”

လက်ဖက်ရည်ပန်းကန်များသည် မသုံးဘဲထားသည်မှာ ကြာသဖြင့် ကြေးထူထပ်နေလေသည်။ ဖီဘီလည်း ခြေမြန်လက်မြန် ရှိသည့်အလျောက် ချက်ချင်းပင်ယူ၍ ကျနစွာ ဆေးလိုက်လေသည်။ ဟက်ဇီဘာလည်း ဖီဘီ၏ဖျတ်လတ်ပုံကို လွန်စွာပင်သဘောကျလှသဖြင့် “ညည်း အိမ်ရှင်မ အတတ်တော့ အင်မတန်တော်တာပဲနော်...” ဟု ချီးမွမ်းလိုက်လေသည်။ ထို့နောက် ဆက်လက်၍ “နေစမ်းပါဦး .. ညည်း ဒိပြင် ကော ဘာများတတ်သေးသလဲ၊ စာကောတတ်ရဲ့လား” ဟု စုံစမ်းလေ သည်။

"စာတော့ သိပ်မတတ်ပါဘူးအဒေါ်ရယ်၊ ဒါပေမဲ့ ကျွန်မတို့နယ်မှာတော့ ကျွန်မဟာ ကလေးငယ် ကလေးတွေကို စာသင်ပေးရတဲ့ ကျောင်းဆရာမပါပဲ"

"အေး အေး ... တယ်တော်ပါလား၊ ဒါပေမဲ့ တို့ပင်းချွန်းမျိုးကတော့ အသက်မွေးဝမ်းကျောင်းမှုကို ဘာမျှ မသင်ကြရဘူး။ ညည်း အခုလို တတ်တာတွေဟာ ညည်းအမေသွေး ပါလို့နဲ့တူတယ်" ဟု ဟက်ဇီဘာက မတတ်သည်ကို အမျိုးဂုဏ်တရပ်အဖြစ် ယူဆ၍ ပြောလိုက်လေသည်။

သူတို့ နံနက်စာစား၍မှ မပြီးခင်ပင် အိမ်ရှေ့ဆိုင်ခန်းကလေး တံခါးမှ ဩော့လာခေါင်းလောင်း မြည်လာသဖြင့် ဟက်ဇီဘာမှာ သောက်လက်စ လက်ဖက်ရည်ပန်းကန်ကိုချကာ ဆိုင်ခန်းဘက်သို့ ကူးသွားလေသည်။ သူ့ခမျာမှာ အရောင်းအဝယ်ကို နဂိုက မနှစ်သက်ခဲ့ရာမှ ယခု ဖီဘီ ရောက်နေခိုက်တွင် ဈေးသည်အဖြစ် ဆောင်ရွက်လိုသောစိတ်များ ခေါင်းပါးလျက် ရှိလေသည်။ သူ့မျက်နှာရိပ် မျက်နှာကဲကို ကောင်းစွာသိသော ဖီဘီက နောက်မှလိုက်၍ "ဒေါ်ဒေါ် ဒီနေ့ ဆိုင်မရောင်းပါနဲ့၊ ကျွန်မ ရောင်းပါ့မယ်" ဟု ဆိုလေသည်။

"အို ... ညည်းလို တောသူမလေးတယောက်က ဒီကိစ္စမျိုးကို လုပ်တတ်ပါ့မလား"

"ကျွန်မ အိမ်မှာတုန်းက ရွာကဆိုင်မှာ ကျွန်မ အမြဲတမ်းသွားပြီး ဈေးဝယ်ရတယ်။ အဲဒီတော့ အရောင်းအဝယ်ကို နည်းနည်းပါးပါး ခေါက်မိပါရဲ့။ ပြီးတော့လည်း အလှူပွဲတခုလုပ်တုန်းက ကျွန်မ နိဗ္ဗာန်ဈေးဝင်ရောင်းပေးတာ ကျွန်မလောက် ဘယ်သူမှ အရောင်းရ မတွင်ကျယ်ဘူး။ ကျွန်မ အစက မပြောဘူးလား၊ ကျွန်မအမေဘက်က ကုန်သည်တွေချည်းမို့ အမေ့သွေးပါလာပြီး အရောင်းအဝယ်ကို သင်ဖို့ မလိုပါဘူး၊ တတ်ပါတယ်"

ဖီဘီသည် ဆိုင်ခန်းထဲသို့ ဝင်သွားပြီးလျှင် ပစ္စည်းများကို ကျနစွာ ပြင်ဆင်ထားလေသည်။ "ကျွန်မ အရောင်းအဝယ် တတ်တယ်ဆိုတာ သိပြီမဟုတ်လား ဒေါ်ဒေါ်" ဟု ဖီဘီက ဈေးဝယ်တယောက် ထွက်သွားပြီးနောက် ဟက်ဇီဘာအား လှည့်၍ မေးလိုက်ရာ အဒေါ်ကြီးမှာ ကျေနပ်သောအမူအရာ ဖြင့် "ငါ့တူမက အတော်ကြီးပဲ၊ ဟုတ်ပါတယ်၊ ညည်းအမေဘက်က ကုန်သည်မျိုးမို့ ညည်းအမေသွေး ပါလာတာ အမှန်ပါပဲ" ဟု ဆိုလိုက်လေသည်။

ယင်းသို့ဆိုလိုက်ခြင်းမှာ မြှောက်ပင့်လိုသောဆန္ဒဖြင့် ဆိုလိုက်ခြင်းမဟုတ်။ တကယ်ပင် ဖီဘီအပေါ် တွင် အထင်ကြီး၍သာ ဆိုလိုက်ခြင်း ဖြစ်ပေသည်။ အပျိုကြီးသည် ဖျတ်လတ်ပျော်တတ်ရွှင်တတ် သော တောသူပျိုကလေးအား ဆိုင်ကို အုပ်ချုပ်စီမံရန် လွှဲအပ်ထားလေသည်။ ဖီဘီကလည်း အဒေါ်ကြီး ယုံကြည်အားထားလောက်အောင်ပင် သွက်သွက်လက်လက် ချက်ချက်ချာချာ

ရှိလေသည်။ ယခင်က သူကိုယ်တိုင် မလုပ်တတ်သဖြင့် မထားရသော ပေါင်မုန့်လုပ်ရာတွင် အသုံးပြုရသည့် ပုန်းရည်မျိုးကို ဖီဘီချက်ထားသဖြင့် ဆိုင်တွင်ထား၍ ရောင်းနိုင်ပေတော့သည်။ ထိုမျှမကသေး ဖီဘီလုပ်သော မုန့်ကလေးများကို မြည်းကြည့်သောအခါ အရသာရှိသဖြင့် အဒေါ်ကြီးက သူ့တူမ တောသူပျိုကလေးအား မေတ္တာပိုသော မျက်နှာထားနှင့် ရွှန်းရွှန်းစားစား ကြည့်ကာ “သိပ်တော်တဲ့ ကောင်မကလေးပဲ၊ အလုပ်အကိုင် အင်မတန် တော်တာပဲ၊ သူ့အမေသွေး ပါလို့ ဒီလိုတော်တာတတ်တာပဲနော်။ တို့ဘက်ကိုသာ တူရင် သင်းလည်း ဘာမှလုပ်တတ်မှာ မဟုတ်ဘူး” ဟု တွေးမိလေသည်။ ဖီဘီ သူ့အမေနှင့်တူ၍ သူကောင်းအမျိုးအနွယ်နှင့် သူမတူပုံ အထူး ခွဲခြားစဉ်းစားစရာမလို၊ သူကောင်းအမျိုးအနွယ်နှင့် တူစေလိုလျှင် ဖီဘီအား ဟက်ဇီဘာကဲ့သို့ လူမြင်တိုင်း မုန်းချင်စရာကောင်းလှသည့် ပုဂ္ဂိုလ်မျိုး ဖြစ်ပေရမည်။ ဖီဘီမှာ မည်သို့ပင် ဖြစ်စေကာမူ လှပတင့်တယ် ချစ်စဖွယ်ကောင်းလှသော မိန်းကလေးတဦးဖြစ်လေသည်။ သူ့ရုပ်ရည်မျိုးကို အောက်တန်းစားဟု ခေါ်နိုင်ဖို့ ခဲယဉ်းလှသည်။ ယခုခေတ်၌ သူကောင်း ဆင်းရဲသား ခွဲခြားခြင်းမရှိ၊ စင်စစ်ကား သူကောင်းဟူသောလူမျိုး မရှိတော့ချေ။ လှပတင့်တယ်သော မိန်းကလေးဆိုလျှင် တန်ဖိုးရှိပြီး ဖြစ်ပေသည်။

ဖီဘီရောက်လာခါမှ ခြောက်ကပ်ကပ်နိုင်လှသည့် ခုနစ်ဆောင်ပြိုင် အိမ်ကြီးမှာလည်း ဖီဘီ၏ သီချင်းသံနှင့် သာယာလျက် ရှိလေသည်၊ ဖီဘီလည်း ဆိုင်ရောင်းရာတွင် စိတ်အတော်ဝင်စားလေ သည်။ အရုပ်မုန့်ကလေးများ ခဏခဏ လာဝယ်သော သူငယ်လေး နက်ဟောဂင်က ထိုနေ့တွင် သမင်နှစ်ရုပ်နှင့် မီးရထားတစင်းကို ဝါးစားလိုက်လေသည်။ ဖီဘီလည်း သူငယ်ကလေးကိုကြည့်၍ သဘောကျနေ၏။ သူငယ်လေး ထွက်သွားပြီးသည့်နောက် ငွေသေတ္တာထဲမှ ငွေများကို ထုတ်၍ ရေနေလေသည်။

“ဒေါ်ဒေါ်..။ ကျွန်မတို့ ပေါင်မုန့်အရုပ်ကလေးတွေ ဝယ်ထားရဦးမယ်၊ ကုန်သွားပြီ၊ ကစားစရာတွေ လည်း ကုန်ခါနီးနေပြီ။ စပျစ်သီးခြောက်ကို လာလာငေးမေးကြတယ်၊ ပြီးတော့လည်း ကျောင်းသား ကလေးတွေက ကြံသကာခဲရှိသလားလို့ ခဏခဏ လာမေးကြတယ်၊ ကျွန်မတို့ သစ်တော်သီးလည်း ထားဦးမှဖြစ်မယ်၊ ဒီမှာကြည့်စမ်းပါဦး ဒေါ်ဒေါ်ရယ်၊ ငွေတွေမှ အများကြီးပဲ တောင်လိုပုံနေပါ ကလား” ဟု ပြောလိုက်ရာ အဘွားကြီးမှာ ကျေနပ်သောအမူအရာဖြင့် “ညည်းကလေး တော်ပါတယ်အေ” ဟုပြောလိုက်ပြီးလျှင် လာ၍ လည်နေသော ဘကြီးဗင်နားဘက်သို့လှည့်ကာ “ဘကြီးကတော့ ကျွန်မတို့အမျိုးကို နှစ်ပေါင်းအကြာကြီးကတည်းက သိနေတာမို့ မေးလိုက်ရဦးမယ်၊ ဒီကောင်မလေး ဘယ်သူနဲ့တူတာလဲ။ သူနဲ့တူတဲ့ ပင်းချွန်းအနွယ်များ ရှိဖူးသလား” ဟုမေးလိုက်ရာ အဘိုးကြီးက

"ငါသိသလောက်တော့ မရှိဖူးပါဘူးကွယ် ဒါပေမဲ့ ဘာပဲပြောပြော ဖီဘီလို သူငယ်မကလေးမျိုးဟာ အင်မတန် အဖိုးတန်တယ်၊ ငါလည်း ငါ့အလုပ်နဲ့ပတ်သက်ပြီး အိမ်တကာ လျှောက်ရောက်တာပဲ၊ သူ့လိုတော်တဲ့ မိန်းကလေးကို ငါတခါမှ မတွေ့ဖူးဘူး" ဟု ဆိုလေသည်။

ဘကြီးဗင်းနား၏ ချီးကျူးချက်မှာ အနည်းငယ်ပိုလှသည်ဟု ဆိုနိုင်သော်လည်း အတော်ပင် နီးစပ်ပေသည်။ ဖီဘီမှာ မည်သည့်အလုပ်ကိုမဆို ပင်ပင်ပန်းပန်း ကြိုးစား၍ လုပ်ရသည် မရှိ၊ သီချင်းတအေးအေး နှင့် သက်သောင့်သက်သာ လုပ်ကာမျှဖြင့် အလုပ်များ လျင်မြန်စွာ ပြီးစီးသည်။ နတ်များ တခုခုကို ဖန်ဆင်းလိုက်သကဲ့သို့ မပင်ပန်းဘဲ ချက်ချင်း ပြီးစီးသည်ဟု ဟက်ဇီဘာ ထင်မိလေသည်။ တူဝရီးနှစ်ယောက်သည် တနေ့တခြား တယောက်ကိုတယောက် ချစ်ခင်ကြင်နာ လာကြသည်။ ဟက်ဇီဘာက သူ့တူမအား အိမ်ကြီးရှိ အခန်းအားလုံး၏ အထဲသို့ ခေါ်၍ပြလေရာ ကာနယ်ပင်းချွန်းသေနေသည်ကို အိမ်တက်မင်္ဂလာပွဲ တက်ရောက်သူတို့ တွေ့ရသည့်အခန်းကိုလည်း ပြသည်တွင် အခြားသူများ ကြောက်လန့်စိုးရွံ့သော်လည်း ဖီဘီတို့အဖို့မှာ ထူးခြားလှသည် မရှိချေ။ ဟက်ဇီဘာက ကာနယ်ကြီးအကြောင်းကို ပြောပြပြီးနောက် နံရံတွင် ကပ်ထားသော မြေပုံကို ဖီဘီအား ကုလားထိုင်ပေါ်မှ တက်၍ ကြည့်ရှုစေသည်။ ဟက်ဇီဘာက ကာနယ်ကြီး ပိုင်ဆိုင်ရရှိလိုက် သော နယ်မြေများမှာ လွန်စွာကျယ်ဝန်းကြောင်းနှင့် အကယ်၍သာ ကာနယ်ကြီး ပိုင်ဆိုင်ခွင့်ရပါမူ သူ့နယ်သားတို့အား ငြိမ်းချမ်းသာယာစွာ အုပ်ချုပ်လိမ့်မည်ဖြစ်ကြောင်း ပြောပြလေသည်။ ထို့နောက် သူက အိမ်ကြီးတနေရာတွင် ရွှေဒင်္ဂါးများ မြှုပ်နှံထားကြောင်း အစဉ်အလာပြော ရှိသည်ဟု ဆိုလေသည်။ သို့ရာတွင် ထိုနေရာကိုကား မည်သူမျှ မသိကြရချေ။

"တို့သာ… အဲဒီရွှေတွေ တွေ့ရင်.. ဆိုင်ပိတ်လိုက်ကြရအောင် နော်" ဟု ဟက်ဇီဘာက တည်တည်ကြီး ပြုံးကာ ပြောလေသည်။

"ဆိုင်ပိတ်တာ ပိတ်တာပေါ့ ဒေါ်ဒေါ်ရဲ့…၊ ဒါပေမဲ့ အခု ခေါင်းလောင်းသံ ကြားနေပါတယ်။ ကျွန်မသွားပြီး ဈေးကလေး ရောင်းလိုက်ဦးမယ်" ဟု ဖီဘီက ရယ်မော၍ပြောကာ ဆိုင်ခန်းဘက်သို့ ကူးသွားလေသည်။

ဈေးဝယ်သူ ပြန်သွားပြီးနောက် ဟက်ဇီဘာက ဖီဘီအား လွန်ခဲ့သည့်အနှစ်တရာက ခုနစ်ဆောင်ပြိုင် အိမ်ကြီး၌နေခဲ့သော အယ်လစ်ပင်းချွန်းအကြောင်းကို ပြောပြလေသည်။ ထိုအစဉ်အလာစကားအရ အယ်လစ်မှာ အလွန်ချော၍ အနုပညာ၌ ချီးကျူးလောက်အောင် တတ်ကျွမ်းလှပေသည်။ သဘောသဘာဝ ကောင်း၍ လူတိုင်းနှင့် ချစ်ခင်တတ်သော အယ်လစ်မှာ အကြောင်းတခုကြောင့် စိတ်ဒုက္ခ အကြီးအကျယ် ရောက်ပြီးနောက် သောကဖိစီးမှုကြောင့် နောက်ဆုံး၌ ကွယ်လွန်ရရှာ လေသည်။

သူကွယ်လွန်ပြီးနောက် သူ့အခန်း၌ပင် သူ့ဝိညာဉ်ရှိနေကြောင်း အများကပြောကြသည်။ သူ့ကိုယ်ရောင်ကို မြင်သူများလည်း အတော်ပင် များလေသည်။ ပင်းချွန်းအနွယ်တဦးဦး ကွယ်လွန်ခါနီးတွင် သူ၏စောင်းသံကို ကြားရတတ်ကြောင်းလည်း ဟက်ဇီဘာထည့်၍ ပြောလေရာ ဖီဘီက "ဩော် .. ဟုတ်လား။ ဒေါ်ဒေါ်အိမ်ခန်းထဲက စောင်းကြီးကို တီးတာလား" ဟု မေးလေရာ ဟက်ဇီဘာက "ဟုတ်တာပေါ့။ အဲဒီစောင်းကြီးဟာ အယ်လစ်ရဲ့စောင်းကြီးပေါ့။ သူသေခါနီးတီးတဲ့ သူ့စောင်းသံကို သီချင်းသွားမှတ်တတ်တဲ့ လူတယောက်က တူရိယာ လက္ခဏာတွေနဲ့ မှတ်ထားပြီး ပြန်တီးပြတော့ ကြားရတဲ့လူတိုင်းဟာ မငိုဘဲ မနေနိုင်ကြဘူး။ အင်မတန် ကြေကွဲစရာကောင်းတဲ့ တေးသွားပဲ။ ငါငယ်ငယ်တုန်းကလည်း တူရိယာပညာကို သင်ရပါရဲ့။ ဒါပေမဲ့ ငါ့အမေက ဒီစောင်းကြီးကို မတီးရဘူးဆိုတာနဲ့ စောင်းတခု တခြားက ဝယ်ပြီး အတီးသင်ရတယ်။ အခုတော့ ငါမေ့ကုန်ပါပြီကွယ်" ဟုပြောပြလေသည်။

ရေးဟောင်းနှောင်းဖြစ်တို့ကို ပြောပြီးသည့်နောက် ဟက်ဇီဘာသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ အဆောင်တဆောင်ကို ငှား၍နေသော ပန်းချီဆရာဟောဂရေ့အကြောင်းကို ဖီဘီအား ပြောပြလေ သည်။ ဟောဂရေ့မှာ ပန်းချီဆရာအဖြစ်နှင့် အသက်မွေးနေသူဖြစ်သဖြင့် ငွေကြေးခ မပေါများသော်လည်း အပြောအဆို အနေအထိုင် ယဉ်ကျေးသိမ်မွေ့လှတာကြောင့် ဟက်ဇီဘာက အိမ်ခန်းကို အတိုးသက်သာစွာဖြင့် ငှားလိုက်လေသည်။ ဟောဂမှာ အပြောအဆို အနေအထိုင် ယဉ်ကျေးသော် လည်း သူပေါင်းသင်းသူတို့မှာကား လူထူးလူဆန်းများချည်း ဖြစ်နေချေသည်။ အဝတ်အစား အမျိုးမျိုး ဝတ်၍ ပစ်စလက်ခတ်နေသောသူတစုသည် သူ့ထံသို့ မကြာခဏလာ၍ အရက် သောက်ကာ ဆူညံရမ်းကားကြလေသည်။ တခါကလည်း ဟောဂရေ့ပြောသော စကားတရပ်ကို သတင်းစာတွင် တွေ့ရှိရကြောင်း၊ ထိုစကားတို့မှာ အတော်ပင် ရိုင်းပျကြမ်းတမ်းကြောင်း၊ သူပြောသော ပရိသတ်မှာလည်း ပစ်စလက်ခတ်သမားဖြစ်၍ စုန်းကဝေအတတ် တတ်မြောက်သည် ဟု ထင်ကြောင်း၊ ဟက်ဇီဘာက ဖီဘီအား ပြောပြလေသည်။

"ဒါဖြင့် ဒေါ်ဒေါ်ရယ်... ဘာဖြစ်လို့ ဒီအကောင်ကို ထားရသေးတာလဲ။ သူ့ထားရတာဟာ ဘေးရန် အတော်များတယ်။ မပြောနိုင်ဘူး တနေ့နေ့မှာ သူ အရမ်းကာရော လုပ်တာနဲ့ အိမ်ကြီးမီးလောင် သွားမှာ စိုးရတယ်"

"အင်း... ငါလည်း ဒီလိုပဲ တခါတခါ တွေးမိပါရဲ့။ ဒါပေမဲ့ သူဟာ ဘယ်လိုပဲ ရူးကြောင်ကြောင်ဖြစ်ဖြစ်၊ ဖော်ဖော်ရွေရွေ ယဉ်ယဉ်ကျေးကျေးရှိလို့ အတန်သားပြောပြီး နှင်ထုတ်ဖို့ အတော်ခက်တာပဲ။ ညည်း မသိပါဘူးအေ၊ တို့လို အမယ်ကြီးတွေဟာ လူတယောက်ကို ခင်မိမှဖြင့် ဘာပဲဖြစ်ဖြစ် မပြောရက်ဘူး။

မိတ်ဆွေတယောက် မုန်းသွားမှာကိုလည်း အင်မတန် စိုးရိမ်တယ်”

“ဒါပေမဲ့ မစ္စတာ ဟောဂရေ့က တရားမဲ့နေတဲ့လူဆိုတော့ မခက်ဘူးလား”

“တရားလက်မဲ့ရယ်လို့တော့ ဘယ်ဆိုနိုင်မလဲအေ၊ သူ့မလဲ သူ့တရားနဲ့သူ ရှိသေးတာပေါ့” ဟု အပျိုကြီးက ဆိုလိုက်လေသည်။

[၆] မောရေတွင်း

နံနက် လက်ဖက်ရည်သောက်ပြီးခါစတွင် ဖီဘီသည် ဥယျာဉ်ထဲသို့ သွားလေသည်။ ဥယျာဉ် ဝင်းကြီးမှာ ယခင်က အတော်ပင်ကျယ်ဝန်းသော်လည်း ယခု အနီးအနားတွင် အဆောက်အဦများ ရှိလာသဖြင့် နေရာ တဖြည်းဖြည်း ကျဉ်းလာလေသည်။ ဥယျာဉ်အလယ်တွင် အိမ်ပျက် ကွက်လပ်ကလေး တခုရှိရာ ထိုအကွက်ကလေးမှာ ယခင်က အိမ်ကြီးရှင်တို့ နွေအခါ၌ နားနေရန် အိမ်ငယ်ကလေး ဆောက်ထားသည့် နေရာပင်ဖြစ်သည်။ တိုက်ပျက်ကလေးအပေါ်သို့ ပန်းနွယ်များ တက်လျက်ရှိလေသည်။

ခုနစ်ဆောင်ပြိုင်အိမ်ကြီး၏ အဆောင်ခုနစ်ဆောင်တို့အနက် သုံးဆောင်မှာ ဥယျာဉ်နှင့် မျက်နှာချင်းဆိုင်လျက်ရှိသည်။ အဆောင်ကြီးများကား မည်းမှောင်လျက်ရှိတော့သည်။

ဥယျာဉ်မြေမှာ မြေဆွေးများကြောင့် မည်းနေလေသည်။ မကောင်းဆိုးရွားရှိ၍သာ ပေါင်းပင်များ ထူထပ်စွာ ပေါက်နေသည်ဟု အများက ဆိုကြသည်။ ပေါင်းပင်များမှာလည်း ဆိုလောက်အောင်ပင် ထူထပ်လှချေ၏တကား။ ဖီဘီအဖို့ကား အယူသီးခြင်း မရှိ။ ပေါင်းပင်များ ထူထပ်နေခြင်းမှာ မကောင်းဆိုးရွားများ ရှိနေ၍မဟုတ်။ ပေါင်းသင်ရန် လုံ့လမစိုက်၍သာ ဖြစ်သည်ဟု ယူဆလေသည်။ သူသာ နေ့စဉ်နှင့်အမျှ စနစ်ကျကျ ပေါင်းသင်လိုက်ရလျှင် မကြာမီ ပေါင်းများ ရှင်းသွားမည်ဟု ယုံကြည်လေသည်။

ဥယျာဉ်ထဲ၌ ဟိုဟိုသည်သည် လျှောက်ကြည့်သောအခါ အချို့သောသစ်ပင်များမှာ တဦးတယောက် ၏ ဂရုစိုက်ပြုစုခြင်း ခံရကြောင်း ထင်ရှားစွာပြနေကြသည်။ ဥပမာ ပန်းသီးပင်နှင့် စပျစ်ပင်တို့မှ အကိုင်းများကို ချိုးသတ်ထားသည်မှာ မကြာလှသေးကြောင်း ကောင်းစွာ သိရလေသည်။ ဖီဘီက ဘယ်သူများ ဒီဥယျာဉ်ကို ဂရုစိုက်ပြီး ပြုစုနေပါလိမ့်မလဲဟု စိတ်တွင်းက မေးမိသည်။ အပျိုကြီး ဟက်ဇီဘာ မဖြစ်တန်ရာ၊ အပျိုကြီးမှာ ဥယျာဉ်ပြုစုရန် စိတ်ဝင်စားသူမျိုး မဟုတ်သည်သာမက အမြဲတမ်း အမှောင်ထဲ၌သာနေလို၍ ဥယျာဉ်ပြုစုရန် အလင်းဘက်သို့ ထွက်လာဖို့ အလွန်မှပင် ခဲယဉ်းလှတော့သည်။ ပန်းပင်များသာ ဖွံ့ဖြိုးနေသည် မဟုတ်။ ဟင်းရွက်ဟင်းသီးပင်များကိုလည်း စိုက်ပျိုးထားကြောင်း တွေ့ရသဖြင့် ဥယျာဉ်ကိုပြုစုသည်မှာ သွားရင်းဟန်လွှဲသဘောမျိုးနှင့် ပြုစုခြင်း မဟုတ်ဘဲ အသေအချာ အပတ်တကုတ် ကြိုးစားအားထုတ်၍ လုပ်ကိုင် ပြုစုခြင်းဖြစ်ကြောင်း ထင်ရှားလှတော့သည်။

ဖီဘီလည်း မည်းမည်းမှောင်မှောင်နှင့် အိမ်ဆောင်ကြီးများထဲ၌ တနေကုန် တနေခန်း နေရသော ကြောင့် ယခုကဲ့သို့ သန့်ရှင်းသော လေတရှိုက်လောက်မျှ ရှူရှိုက်လိုက်ရခြင်းအတွက် ကျေနပ်ပျော်ရွှင် နေလေသည်။ သူသည် ယင်းသို့ ပျော်ရွှင်သောနှလုံးဖြင့် ဥယျာဉ်ကြီး၌ နေရာအနှံ့အပြားသွား၍ ကြည့်နေလေရာ ငှက်ကလေးမောင်နှံသည် ပန်းသီးပင်ပေါ်၌ အသိုက်လုပ်ကာ ပျော်ရွှင်စွာ တေးကျူးနေသည်ကို တွေ့ရလေသည်။ ပျားများလည်း သစ်ပင်ကြီးများအပေါ်၌ အုံများ စီတန်း၍ ဖွဲ့ထားကြသည်။ တနေရာ၌လည်း ကြည်လင်အေးမြသော ရေပန်းပေါက်ကလေးတခုကို တွေ့ရသည်။ ရေပန်းပေါက်၏ဘေး၌ စီထားသောအုတ်များလည်း ရေညှိများနှင့် စိမ်း၍ နေကြလေသည်။ ပျားများလည်း ပန်းပွင့်များရှိရာသို့ တဝီဝီပျံသွား၍ ပန်းဝတ်ရည်စုပ်နေကြသည်။

ရေပန်းနှင့် မနီးမဝေး၌ကား ကြက်အိမ်ကလေး တခုရှိရာ ဖီဘီသည် ထိုအိမ်ကလေးတွင်နေသော ကြက်ဖကြီးနှင့် သူ့ဇနီးနှစ်ကောင်တို့အပြင် သားကြက်ပေါက်စကလေးတကောင်ကို တွေ့ရလေ သည်။ ကြက်မျိုးကောင်းများဖြစ်၍ ပင်းချွန်းအနွယ်တို့သည် ထိုကြက်မျိုးကို အဖမှ သားသို့ အဆင့်လိုက် အဆင့်လိုက် အမွေပေးခဲ့ဟန်ရှိပေသည်။ ရှေးယခင်က ထိုကြက်မျိုးမှာ အတော်ပင် ကြီးဟန်ရှိ၏။ ကြက်ဆင်နီးပါး ကြီးသည်ဟု အဆိုရှိကြောင်း ဖီဘီသိရလေသည်။ သို့ရာတွင် ကာလ ရွေ့လျောသဖြင့် ထိုကြက်မျိုးမှာ တဖြည်းဖြည်း ကြုံလှီတိမ်ကောလာလေတော့သည်။ ယခင်က ကြက်ဥကြီးတလုံးဆိုလျှင် ငှက်ကုလားအုပ် ဥကြီးခန့်ရှိ၍ ပိုင်ရှင်တို့ ဂုဏ်ယူစရာ ဖြစ်ပေသည်။ ယခု၌မူ ကြက်ဥကလေးမှာ ခို‌ဥလောက်သာ ရှိတော့သည်။ ထို့မျှ ကြုံလှီသေးငယ်သောဥမှ ကြက်ကလေး ပေါက်လာခဲလှသည်။ မအောင်မြင်သည်က များသည်။ ပေါက်လာပြန်လျှင်လည်း သေးငယ်ကြုံလှီသော ကြက်ငယ်ကလေးသာ ပေါက်ဖွားလာလေတော့၏။ ကြက်မျိုးလည်း ပိုင်ရှင် ပင်းချွန်းမျိုးနည်းတူ တဖြည်းဖြည်း တိမ်ကောလာဟန်ရှိချေသည်။

ဖီဘီသည် အိမ်ထဲသို့ ပြန်ပြေးသွားပြီးလျှင် ပေါင်မုန့်အပဲ့ကလေးများကိုယူ၍ ကြက်များကိုခေါ်ကာ ကျွေးမွေးလေသည်။ ကြက်များမှာ ယင်းသို့ ကျွေးမွေးခြင်း ခံရသည် မရှိသဖြင့် ပထမ၌ မလာဝံ့ သလိုလို၊ ဖီဘီကိုပင် မသင်္ကာသလိုလို မျက်စောင်းထိုး၍ ကြည့်နေကြလေသည်။ ဖီဘီက ကြက်ကလေးကိုခေါ်၍ "ဟဲ့... ကြက်ကလေး၊ နင့်ကြည့်ရတာ ခပ်ဆန်းဆန်းပါ။ ဒီမှာလေ.. နင်ကြိုက်တဲ့ ပေါင်မုန့်ပဲ့ကလေးတွေ" ဟု ပေါင်မုန့်ပဲ့ကလေးများကို လက်ဝါးပေါ်တွင် တင်ပြလေ သည်။ ကြက်ကလေးလည်း သူ့မိဘများကဲ့သို့ပင် ပထမက ဖီဘီအား မသင်္ကာသော အကြည့်မျိုးနှင့် ကြည့်သော်လည်း မကြာမီပင် ကလေးတို့ဘာဝ အစားမြင်လျှင် ဣန္ဒြေမဆောင်တတ်ရကား၊ အရဲစွန့်၍ ရှေ့သို့သွားပြီး လျှင် ဖီဘီ၏ ပခုံးပေါ်သို့ ပျံတက်လိုက်လေသည်။

"အဲ... ကြက်ကလေးက ညီမလေးကို ဂုဏ်ပြုလိုက်တာပဲ" ဟု ဖီဘီနောက်မှ အသံတသံက ဆိုလိုက်သည်။

ဖီဘီသည် နောက်သို့ ရုတ်တရက် ပြန်လှည့်ကြည့်လိုက်ရာ လူငယ်တယောက်ကို တွေ့ရလေသည်။ ထိုလူငယ်မှာ ခုနစ်ဆောင်ပြိုင် အိမ်ကြီး အဆောင်တဆောင်မှ ထွက်လာဟန်ရှိသည်။ သူ့လက်ထဲတွင် တူးရှင်းငန်းပြားတစင်း ကိုင်လျက်၊ ဖီဘီအိမ်ခန်းထဲဝင်၍ ကြက်ကျွေးရန် ပေါင်မုန့်ပွဲကလေးများ ယူနေစဉ် မြေကို တူးဆွလျက်ရှိလေသည်။ "ကြက်ကလေးတွေက ညီမလေးကို တကယ့်မိတ်ဟောင်း ဆွေဟောင်းလို ခင်ခင်မင်မင် ပွန်းပွန်းတီးတီး ရှိပါကလား၊ ကြက်ကြီးတွေကလည်း ဣန္ဒြေရရနဲ့ နေကြတယ်။ ညီမလေးကို မေတ္တာရှိကြပုံပေါ်တယ် ဗျ။ သူတို့မေတ္တာရှိအောင် လုပ်ဖို့ကလည်း လွယ်လှတာမဟုတ်ဘူး။ ညီမလေးက ကုသိုလ်ကံကောင်းလို့ အခုလို ပွန်းပွန်းတီးတီးနေတာ။ အစ်ကိုကြီးဖြင့် ဒီမှာ ဥယျာဉ်ပြုစုလာတာ ကြာလှပါပြီ။ ဒီကြက်တွေက အစ်ကိုကြီးကို နည်းနည်းမှ ဂရုမစိုက်ကြဘူး။ ဟက်ဇီဘာသာမြင်ရင် ပြောဦးမှာပဲ။ ကြက်တွေ ကပင်းချွန်းအနွယ်နဲ့ သူစိမ်းတရံဆံကို ခွဲခြားပြီး သိကြတယ်လို့ ..."

"ကျွန်မနဲ့ ကြက်တွေတည့်တာ မဆန်းပါဘူး။ ကျွန်မက ကြက်တွေနားလည်အောင် စကားပြော တတ်တယ်"

"အို ... ညီမလေး ကြက်တွေနဲ့ စကားပြောတတ်တယ်ဆိုတာဟာ ဒီကြက်မျိုးတွေ မဟုတ်ပါဘူး၊ ဒီကြက်မျိုးတွေက အထက်တန်းစား၊ ဂုဏ်ကြီးရှင်ကြက်တွေမို့ လယ်ထဲက ကြက်တွေရဲ့ ဘာသာစကားမျိုးကို တတ်ကြတာမှ မဟုတ်ဘဲ..။ အစ်ကိုကြီးပြောသလိုပါပဲ၊ ညီမလေးကို ပင်းချွန်း အနွယ်ရယ်လို့ သိလို့ပါ။ ညီမလေး ပင်းချွန်းအနွယ် မဟုတ်ဘူးလား..."

"ဟုတ်ကဲ့ ကျွန်မနာမည်က ဖီဘီပင်းချွန်းတဲ့၊ ကျွန်မအဒေါ်ရဲ့ဥယျာဉ်ကို သူစိမ်းတယောက်ဝင်ပြီး ပြုစုနေတယ်ဆိုတာ ကျွန်မ အစက မသိပါဘူး"

"အို... ဒါကတော့ အစ်ကိုကြီးမှာလည်း အညောင်းအညာပြေ အောင်ဆိုသလို ဥယျာဉ်စိုက် ဝါသနာ ပါတာနဲ့ လုပ်ပေးနေတာပါ၊ ပြီးတော့လည်း အစ်ကိုကြီးက လွင်တီးခေါင်မှာထွက်ပြီး ပန်းချီ ဆွဲတတ်တဲ့ အလေ့ရှိတယ်။ အစ်ကိုကြီးလည်း အဒေါ်ကြီး ဟက်ဇီဘာကို တောင်းပန်ပြီး ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ အဆောင်တဆောင် ယူပြီး နေခဲ့တာပဲ။ အဆောင်ကြီးကလည်း ညီမလေး သိတဲ့အတိုင်း သိပ်ပြီးမှောင်တာပဲ။ ဪ... ဒါနဲ့ ညီမလေး ကျုပ်ဆွဲတဲ့ ပန်းချီကားတွေကို မကြည့်ချင်ဘူးလား"

"ပုံတူထပ်ပြီး ကူးထားတဲ့ဟာမျိုးတော့ ကျွန်မ သိပ်ပြီးစိတ်မဝင်စားလှပါဘူး၊

အများအားဖြင့် ပုံတူတွေဟာ မျက်နှာထားတည်တည်ကြီးနဲ့ မာကျောကျောဂိုက်တွေချည်း များပါတယ် မကြည့်ချင် ပါဘူး”

“ပုံတူဆိုတာကတော့ မာကျောကျောလူရဲ့ပုံကို တူအောင်ဆွဲတော့လည်း မာကျောကျော ဖြစ်တော့မှာ ပေါ့၊ ပုံတူဆွဲတဲ့ဆရာက တမင်တကာ မာကျောကျောဖြစ်အောင် လုပ်တာမှမဟုတ်ဘဲ။ ပျော့ပျော့ ပျောင်းပျောင်းနဲ့ ချစ်စရာကောင်းတဲ့လူရဲ့ ရုပ်ပုံကိုဆွဲတော့လည်း ချစ်စရာကောင်းတဲ့ရုပ်ပုံ ထွက်လာတာပေါ့။ ဒါပေမဲ့ အစ်ကိုကြီးကတော့ လူတယောက်ရဲ့ ပုံကို ဆွဲရင် မျက်နှာကိုသာ တူအောင် ဆွဲတာမဟုတ်ဘဲ မျက်နှာမှာပေါ်လာတဲ့ သူ့အတွင်းသဘောကို ပါအောင် ဆွဲယူတတ် ပါတယ်။ အဲဒါကြောင့်မို့လည်း ညီမလေးကို အစ်ကိုကြီးရဲ့ အရုပ်ကားတွေကို ပြချင်တာပါပဲ”

ဖီဘီလည်း သူ့နောက်သို့ လိုက်သွားပြီးလျှင် သူပြသောရုပ်ပုံကားချပ်တခုကို တချက်မျှ ကြည့်ပြီးနောက် ပြန်ပေးလိုက်လေသည်။

“ကျွန်မ ဒီရုပ်ပုံကိုသိပါတယ်၊ ကျွန်မတို့ရဲ့အဘိုး ကာနယ်ကြီး ရုပ်ပုံပါပဲ။ ဟိုဧည့်ခန်းထဲမှာ ချိတ်ထားတဲ့ပုံကို ရှင်ကြည့်ပြီး သံပရာခွံ ဦးထုပ်နဲ့ ရှေးအဝတ်အစားတွေကိုဖယ်ပြီး အခုခေတ် အဝတ်အစားနဲ့ ဆွဲထားတဲ့ပုံပါပဲ၊ ဒီလိုအဝတ်အစား ပြုပြင်လိုက်ရုံလေးနဲ့ ကျွန်မတို့ ကာနယ်ကြီးရဲ့ ရုပ်ပုံဟာ ပိုပြီးကောင်းလာတယ်လို့ မဆိုနိုင်ပါဘူး”

“ညီမလေးက ခပ်ကြာကြာလေးသာကြည့်လိုက်ရင် ဒီလိုအဝတ် အစားပြောင်းထားရုံတင် မြင်မှာ မဟုတ်ပါဘူး၊ ဒီထက်အရေးကြီးတဲ့ ခြားနားချက်တွေကိုလည်း မြင်မှာပေါ့…။ အခု အစ်ကိုကြီးဆွဲတဲ့ ကာနယ်ကြီးရဲ့ပုံဟာ တကယ်တော့ သူ့ရုပ်ပုံမဟုတ်ပါဘူး၊ အခုခေတ်က လူတယောက်ရဲ့ ရုပ်ပုံပေါ့။ ရုပ်ပုံထဲကမျက်စိကို သေသေချာချာ ကြည့်စမ်းပါ၊ သာမန်အမြင်နဲ့သာဆိုရင် အင်မတန် ကြည်လင် တောက်ပပြီး စိတ်သဘောထား ကောင်းတဲ့ ပုဂ္ဂိုလ်တဦးပါပဲလို့ ရုပ်ပုံရှင်ကို ဆိုကြပေလိမ့်မယ်။ ဒီလိုဆိုရင် အမှားကြီးမှားတော့မပေါ့၊ တကယ်စင်စစ်တော့ ရုပ်ပုံထဲက တောက်ပတဲ့မျက်လုံးရယ်၊ ခင်မင်စရာကောင်းတဲ့ အပြုံးကလေး။ အဲဒါတွေဟာ စင်စစ်တော့ အကောင်းလက္ခဏာတွေ မဟုတ်ဘူးဗျ။ ကြည်လင်တောက်ပတဲ့ မျက်လုံးက ရုပ်ပုံရှင်ရဲ့ ရက်စက်မှုကိုပြတယ်၊ ခင်မင်စရာ ကောင်းတဲ့ အပြုံးကလေးကတော့ ကောက်ကျစ်စဉ်းလဲတဲ့အကြောင်းကို သိမ်သိမ်မွေ့မွေ့ ဖော်ပြနေတာပဲ။ အဲဒီလို အတွင်းအဇ္ဈတ္တသန္တာန်ကို အပြင်ဗဟိဒ္ဓသဏ္ဌာန်နဲ့ ဖော်ပြတာဟာ အစ်ကိုကြီးရဲ့ လက်စွမ်းပေါ့”

“အို… ရှင်ဘာပဲပြောပြော ကျွန်မဒီရုပ်ပုံကို မကြည့်ချင်ပါဘူး၊ ဧည့်ခန်းထဲက ရုပ်ပုံကြီးနဲ့ ဘာမှ ထူးခြားတယ်လို့လည်း မထင်မိပါဘူး။ ကျွန်မအဒေါ်

ဟက်ဇီဘာပြတဲ့ ရုပ်ပုံကလေးကတော့ အတော်ပဲ ချစ်စရာ ကောင်းတယ်။ အဲဒီရုပ်ပုံရှင်သာ အခုနေ လူ့ပြည်မှာရှိရင် တွေ့တဲ့လူတိုင်းက ခင်မင်မှာပဲ”

“ဩော် ... ညီမလေးက အဲဒီပုံကလေးကို တွေ့ပြီးပြီပေါ့နော်။ အစ်ကိုကြီးတော့ မတွေ့ရသေးပါဘူး။ ဘယ်လိုများနေသလဲလို့ ကြည့်တော့ကြည့်ချင်ပါရဲ့၊ ညီမလေးရဲ့သဘောကတော့ အဲဒီရုပ်ပုံရှင်ဟာ သဘောသဘာဝယဖြူစင်ပြီး ချစ်ချင်စရာကောင်းတယ်လို့ ဆိုတာပေါ့နော်”

“ဒါကတော့ အမှန်ပေါ့ရှင်...။ ယောကျ်ားထဲမှာ ဒီလိုသိမ်မွေ့တဲ့ ယောကျ်ားမျိုး တွေ့နိုင်ဖို့ ခဲယဉ်းပါတယ်”

“ဩော်... သူ့မျက်လုံးမှာ ရက်စက်တဲ့ အတွင်းခတ်မျိုး ပေါ်မနေဘူးလား။ ဒီရုပ်ပုံရှင်ဟာ အင်မတန် ကြီးကျယ်တဲ့ ရာဇဝတ်ပြစ်မှု ကျူးလွန်ဖူးတယ်လို့များကော မထင်မိဘူးလား”

ယင်းသို့ ပန်းချီဆရာကလေးက ဖီဘီအား သိလိုဇောနှင့် မေးလိုက်သောအခါ မကြာမီကလေးတွင်မှ အသိဖြစ်ရသော ဖီဘီမှာ ထိတ်လန့်သွားလေသည်။

“အို ... ရှင် ဘာတွေပြောနေပါလိမ့်၊ ရှင်ပြောတာ တခြားခတ်ပုံအကြောင်းနှင့် တူပါတယ်၊ ဒီရုပ်ပုံရှင်ဟာ သိမ်သိမ်မွေ့မွေ့နဲ့ အတော်ကြန္ဒြရတဲ့ သူတော်ကောင်းတယောက်ဖြစ်မှာပါပဲ။ ရှင်ရုပ်ပုံကိုကြည့်ချင်ရင် ကျွန်မအဒေါ်ဆီက တောင်းကြည့်ရဦးမယ်။ အဲဒီရုပ်ပုံရှင်ရဲ့ အကျင့်စာရိတ္တ ကိုတော့ ကိုကြီးတို့ ဘာမှမပြောဘဲနေတာ ကောင်းပါလိမ့်မယ်။ သက်ဆိုင်တဲ့ တရားရုံးတော်က စီရင်ချက် ချပြီးသားပဲဟာ၊ ပြောနေလို့ မထူးပါဘူး”

“ဩော် .... ဒါနဲ့ နေစမ်းပါဦး၊ အစ်ကိုကြီး ညီမလေး ကို တခု ပြောစရာရှိသေးတယ်”

ဖီဘီသည် ပန်းချီဆရာကလေးထံမှ ပြန်အလှည့်တွင် တားလိုက်သဖြင့် ရုတ်တရက် လန့်ကာ ပန်းချီဆရာကလေး ပြောမည့်စကားကို နားစိုက်၍ ထောင်နေလေသည်။

“ညီမလေး လက်ခံမယ်ဆိုရင် ဒီကနေ့ကစပြီး ဥယျာဉ်ပြုစု စိုက်ပျိုးရေးကိစ္စကို အစ်ကိုကြီးက လွှဲပေးလိုက်ချင်ပါတယ်။ ညီမလေးက တောကရောက်လာတော့ အိမ်ထဲမှာ တကုပ်ကုပ် မနေဘဲ ဥယျာဉ်မှာ ထွက်ပြီး စိုက်လားပျိုးလားနဲ့ လေကောင်းလေသန့်ရှူပြီး ကျန်းမာအောင် နေချင်မှာပဲ နော်။ အဲဒီတော့ အစ်ကိုကြီး လုပ်လက်စရှိတဲ့ ဒီဥယျာဉ်ကို ညီမလေး ဒီနေ့ကစပြီး ပြုစုစိုက်ပျိုးပေ တော့။ ဒီလိုဆိုပေမဲ့ အားလုံးကို မလွှဲချင်ဘူး။

ညီမလေးသဘောကျတဲ့ ပန်းပင်စိုက်ပျိုးရေးကိုသာ လွှဲချင်ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးကတော့ အစ်ကိုကြီးနဲ့ နီးစပ်လို့ အစ်ကိုကြီးပဲ ဆက်ပြီးလုပ်ပါ့မယ်..။ စိုက်ပျိုးလို့ရတဲ့ ဟင်းသီးဟင်းရွက်တွေကလည်း အဒေါ်ကြီး ဟက်ဇီဘာနဲ့ ညီမလေးတို့ ချက်ပြုတ် စားသောက်ဖို့ပါပဲ”

ဖီဘီလည်း ပန်းချီဆရာဟောဂရဲ့ စီမံသည့်အတိုင်း မငြင်းမဆန် လုပ်ကိုင်နေသဖြင့် ငါသူ့စကားကို ဘာဖြစ်လို့ နားထောင်နေမိပါလိမ့်ဟု သူ့ကိုယ်သူမေးကာ အံ့သြ၍နေရှာလေသည်။ အကယ်စင်စစ် ကား ဖီဘီသည် ပန်းချီဆရာကလေးကို နှစ်သက်ခင်မင်ခြင်း မရှိလှ။ တောသူကလေးဖြစ်သည့် အလျောက်၊ ယောကျ်ားတဦးတယောက်နှင့်လည်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေရမှာ ကြောက်ရှာသည်။ ပန်းချီဆရာကလေးကို မမြင်ရခင်က အဒေါ်ကြီးအပြောနှင့်ပင် များစွာ အထင်သေးခဲ့၏။ သို့ရာတွင် စကားအပြောအဆို ယဉ်ကျေး၍ ပျော်လုံးပြက်လုံးတို့ ကောင်းစွာ ပြောတတ်သော ပန်းချီဆရာကလေး၏ စကားတို့မှာ သာမန်အားဖြင့် ပြက်လုံးဟုဆိုရသော်လည်း တကယ်တမ်းဆိုလျှင် သူ့စကားများမှာ အဓိပ္ပာယ်လေးနက်လှပေသည်။ ထို့ကြောင့်လည်း ဖီဘီသည် သူ့စကားကို စိတ်ဝင်စားစွာ နားမထောင်ဘဲ မနေနိုင်ရှာပေ။ ပန်းချီဆရာကလေး၏ သြဇာခံ ဖြစ်မှန်းမသိ ဖြစ်သွားသောကြောင့် ဖီဘီမှာ မိမိကိုယ်ကိုပင် အံ့သြ၍မဆုံး ဖြစ်နေလေသည်။

“ကဲ .. ပြန်ပေဦးတော့၊ နေသာတဲ့ တနေ့နေ့မှာ ညီမလေး နှင်းဆီပန်းတခိုင်လောက် ခေါင်းမှာပန်ပြီး အစ်ကိုကြီးအခန်းကို လာခဲ့ စမ်းပါ။ နေရောင်ခြည်ဖြာနေတဲ့ ညီမလေးရုပ်ပုံကို အစ်ကိုကြီး ရေးချင် လို့ပါ”

ဟောဂရေ့သည် ဖီဘီအား နှုတ်ဆက်လိုက်ပြီးလျှင် သူ့အဆောင်ထဲသို့ ပြန်၍ဝင်သွားလေသည်။ အဆောင်လှေကားအတက်တွင် သူက ဖီဘီအားလှမ်း၍ “သတိပေးလိုက်စမ်းပါရစေ ညီမလေးရယ်။ မောရေတွင်းက ရေကိုတော့ ဘယ်တော့မှ မသောက်ပါနဲ့၊ မျက်နှာလည်း မသစ်ပါနဲ့နော်” ဟု ဆိုလိုက်လေသည်။

“မောရေတွင်းဆိုတာဟာ ရေညှိတွေတက်နေတဲ့ အုတ်နံရံနဲ့ ရေတွင်းမဟုတ်လား။ ကျွန်မဖြင့် အဲဒီရေတွင်းက ရေကို သောက်မယ်လို့ မကြံပါဘူး။ ဒါပေမဲ့ ... သောက်ရင် ဘာဖြစ်သလဲ”

“ဘာဖြစ်ရမှာလဲ ... ရေတွင်းက ကျိန်စာသင့်ထားတဲ့ ရေတွင်းမို့ပေါ့..” ဟုဆိုကာ သူ့အခန်းတွင်းသို့ ဝင်သွားလေသည်။

ဖီဘီလည်း ခေတ္တမျှ ငေးနေပြီးနောက် အဆောင်တဆောင်မှ မီးရောင်တလက်လက်ကို မြင်လိုက်ရလေသည်။ ဟက်ဇီဘာ၏ အခန်းသို့အပြန်တွင် ခန်းမကြီးမှာ မှောင်နေသဖြင့် ဘာမျှ မမြင်ရချေ။ ဟက်ဇီဘာ၏ အခန်းထဲသို့

ရောက်သွားသောအခါ ဖီဘီသည် သူ့အဒေါ်ကြီး ငုတ်တုတ်ကုလားထိုင်တွင် ထိုင်၍နေကြောင်း လှမ်း၍မြင်ရလေသည်။

"ဒေါ်ဒေါ် ကျွန်မ မီးထွန်းလိုက်ရမလား"

"ထွန်းချင်လည်း ထွန်းပေါ့တူမရယ်။ ထွန်းပြီးရင် မီးတိုင်ကို စက်ထောင့်နားမှာရှိတဲ့ စားပွဲပေါ်မှာ တင်ထားလိုက်၊ ဒေါ်ဒေါ်ကတော့ မျက်စိအတော်ကျိန်းနေလို့ ဒီလိုမီးမျိုးနဲ့ ဘာမှ လုပ်လို့မရပါဘူး ကွယ်"

ဟက်ဇီဘာ၏လေသံမှာ နဂိုနှင့်မတူ အတော်ပင် အေး၍ လေးနက်လှပေသည်။ သူ့တူမအပေါ်တွင် မေတ္တာကြီးစွာထားကြောင်း ထိုအသံက ထင်ရှားစွာ ပြလျက်ရှိပေသည်။

"ဒေါ်ဒေါ်ရေ မီးခြစ်ကလည်း ခြစ်လိုက်တိုင်း ခဏကလေးတောက်ပြီး ပြန်ငြိမ်းသွားတယ်"ဟု လှမ်း၍ အော်ပြောလိုက်ရာ ဟက်ဇီဘာ၏ စကားပြန်မှာ မပေါ်ထွက်လာဘဲ လုံးထွေးထွေးအသံတခု ပေါ်လာလေသည်။ ထိုအသံမျိုးကို ဖီဘီ ယခင်က တခါမျှ မကြားဖူးချေ။ ဖီဘီသည် ထိုအသံကို လူသံဟုမမှတ်ဘဲ အခြားအသံတခု ဖြစ်ရမည်ဟု အောက်မေ့မိသည်။

သူသည် မီးအိမ်ကိုထွန်းပြီးနောက် စကြံ့ထဲသို့ ယူ၍ထားခဲ့ပြီးလျှင် ဧည့်ခန်းဘက်သို့ ပြန်ဝင်လာလေ သည်။ ဟက်ဇီဘာ ထိုင်နေသည်ကို အမှောင်ထဲ၌ မထင်မရှား မြင်ရလေသည်။

"ဒေါ်ဒေါ် ခုန ကျွန်မကို ဘာပြောလိုက်သလဲ"

"ဟင် ... ဒေါ်ဒေါ် ဘာမှ မပြောပါလားကွယ်"

ဟက်ဇီဘာ၏အသံမှာကား ဖီဘီအပေါ်၌ ချစ်ခင်ယုယလိုသော စေတနာများ ပွားများနေသည့် အသံမျိုး ဖြစ်လေသည်။ အသံမှာ မသာယာလှသော်လည်း အသည်းနှလုံးမှ ထွက်လာသော အသံမျိုးဖြစ်သဖြင့် ဖီဘီအား စိတ်ထိခိုက် လှုပ်ရှားစေသည်။ သူငယ်မလေးလည်း အတန်ကြာ ငြိမ်သက်၍ ထိုင်နေသည်။ ငြိမ်သက်၍နေသော်လည်း အာရုံများ ကြွနေသဖြင့် အခန်းချောင် တချောင်မှ မညီညာသော အသက်ရှူသံကို ကြားရသဖြင့် အခန်းထဲ၌ သူတို့နှစ်ယောက်အပြင် အခြားသူတယောက် ရှိသည်ဟု မှတ်ထင်မိလေသည်။

"ဒေါ်ဒေါ် အခန်းထဲမှာ လူတယောက်ယောက်တော့ ရှိတယ် မှတ်တာပဲ၊ ဟုတ်ရဲ့လား ဒေါ်ဒေါ်ရယ်"

ထိုမေးခွန်းကို ချက်ချင်းမဖြေဘဲ ခေတ္တမျှဆိုင်းငံ့ပြီးမှ ဟက်ဇီဘာက

“တူမလေးရယ် ညည်း မနက်တုန်းကလည်း အစောကြီးထတယ်၊ တနေ့လုံး လုပ်လိုက်ရတဲ့ အလုပ်တွေကလည်း မောလို့ သွားပြီး အိပ်ပါတော့လားကွယ်၊ ဒေါ်ဒေါ် ဒီမှာခဏထိုင်ပြီး အနားယူဦးမယ်၊ ဒီလိုပဲ ဒေါ်ဒေါ်အမြဲတမ်း တယောက်တည်းထိုင်ပြီး အနားယူတတ်တဲ့အကျင့် ရှိတယ်ဆိုတာ တူမလေး သိစေချင်တယ်” ဟုဆိုကာ ဟက်ဇီဘာက သူ့တူမအား ဖက်၍နမ်းပြီး သူ့ရင်ခွင်ထဲသို့ အတန်ကြာ ဆွဲ၍ထားလေရာ သူ့ရင်မှာ လှိုင်းထသကဲ့သို့ ဖြစ်နေလေတော့သည်။ တသက်လုံး တကိုယ်တည်းနေ၍ အချစ်တရားကို နကန်းတလုံးမျှ မသိနားမလည်သော အပျိုကြီးမှာ ယခု သူ့တူမလေးအား လှိုက်လှိုက်လှဲလှဲ ချစ်လေတော့သည်။

“ဒေါ်ဒေါ် ကျွန်မသွားပြီး အိပ်တော့မယ်နော်၊ အခုလို ဒေါ်ဒေါ်က ကျွန်မကို ချစ်တယ်ဆိုရင် ... ကျွန်မ သိပ်ဝမ်းသာတာပဲ” ဟု ဒီဘီက ဟက်ဇီဘာ၏ ထူးခြားသော အမူအရာကြောင့် စိတ်ထိခိုက်သဖြင့် ထုတ်ဖော်၍ ပြောလိုက်လေသည်။

အိပ်ရာတွင် ချက်ချင်း အိပ်မပျော်သေးသဖြင့် အိပ်မက်မက်သလို အတွေးလွန်နေရာမှ ဖီဘီသည် လှေကားပေါ်တက်လာသော ခြေသံများနှင့် ဟက်ဇီဘာ၏ မကွဲပြားသော ခပ်တိုးတိုးလေသံတို့ကို ကြားရလေသည်။ ထိုလေသံတို့သည်ကား ဟက်ဇီဘာ၏ နဂိုလေသံမျိုးမဟုတ်၊ သူ့ဘဝတဖက်ကမ်းမှ ထွက်ပေါ်လာသော လေသံမျိုးနှင့်ပင် တူလေတော့သည်။

[၇] ညှော်သည်

ပန်းသီးပင်တွင် အသိုက်လုပ်နေသော ငှက်မောင်နှံတို့ နိုး၍ တတီတီ တတာတာ အော်မြည်သံကို ကြားလိုက်သည်နှင့်တပြိုင်နက် ဖီဘီ နိုးလာလေသည်။ အိမ်အောက်တွင် တယောက်ယောက် လှုပ်လှုပ်ယှက်ယှက် အသံများကို ကြားရသည်နှင့် ချက်ချင်းပင် အောက်ထပ်သို့ ဆင်းကြည့်ရာ ဟက်ဇီဘာ မီးဖိုချောင်ထဲသို့ ရောက်နှင့်ပြီဖြစ်ကြောင်း တွေ့ရှိရသည်။ ဟက်ဇီဘာသည် ပြတင်းပေါက်အနီးတွင်ရပ်ကာ စာအုပ်ကြီး တအုပ်ကိုဖွင့်လျက် မျက်နှာနှင့်ထိမတတ် ကပ်၍ ဖတ်နေလေသည်။ သူ့ခမျာမှာ မျက်စိမွဲသောကြောင့် နှာခေါင်းနှင့်စာရွက် ထိခမန်း ကပ်၍ မျက်မှောင်ကုတ်ကာ ဖတ်နေရရှာသည်။ သူဖတ်နေသည့် စာအုပ်မှာကား ရှေးခေတ်က အသုံးများသော်လည်း ယခုခေတ်တွင် မသုံးကြတော့ဘဲ ပစ်ထားသည့် စားကောင်းသောက်ဖွယ် ချက်ပြုတ်နည်းစာအုပ်ပင်ဖြစ်သည်။

ဟက်ဇီဘာသည် ထိုစာအုပ်ကြီးကို ဖတ်ကာ မီးဖိုချောင်ထဲတွင် တောက်တိုမည်ရပစ္စည်းများကို စမ်းတဝါးဝါးနှင့် ရှာဖွေနေလေသည်။ တသက်လုံးက အစေခံများ ချက်ပြုတ်ကျွေးသမျှနှင့် တင်းတိမ်ခဲ့ရသော အခန့်စား သူကောင်းမျိုး ဖြစ်သော်လည်း ငွေကြေး တဖြည်းဖြည်း ရှားပါး၍ အစေခံမထားနိုင်သဖြင့် ကိုယ်တိုင် မချက်ချင်မနေရဘဲ ချက်ပြုတ်ရသည့်တိုင်အောင် ဟုတ်တိပတ်တိ လည်း မချက်တတ်၊ ချက်နိုင်ဖို့လည်း မကြိုးစားခဲ့ချေ။ ယနေ့နံနက်မှ ထူးထူးခြားခြား စာအုပ်ကြီးကို ကိုင်၍ စမ်းတဝါးဝါး လုပ်နေရှာသည်။

ဖီဘီဝင်လာသောအခါ ဟက်ဇီဘာက စာအုပ်ကြီးကို ဘေးချလိုက်ပြီး သူ့ဝါသနာအလျောက် သက်ပြင်းကြီးတချက်ချပြီးလျှင် ဖီဘီအား "ဒီနေ့ ကြက်ပြောက်မ ဥသေးသလား" ဟု မေးလိုက်လေသည်။ ဖီဘီလည်း သူ့ကို ဘာမျှပြန်မပြောဘဲ အိမ်ဆောင်ထဲမှ ပြေးထွက်ကာ ကြက်အိမ်ရှိရာသို့ သွား၍ကြည့်လေသည်။ သို့ရာတွင် ချက်ချင်းပင် လက်ချည်းပြန်လာလေသည်။

ထိုအခိုက် အိမ်ရှေ့မှ ငါးသည်၏ အသံကို ကြားရလေသည်။ ဟက်ဇီဘာသည် ချက်ချင်းပင် အိမ်ရှေ့သို့ ထွက်၍ ငါးသည်ကိုခေါ်ကာ ငါးကြင်းကြီးတကောင်ကို ဝယ်လိုက်လေသည်။ ထို့နောက် မီးဖိုချောင်ထဲသို့ ပြန်ဝင်လာပြီးလျှင် ဟက်ဇီဘာက ဖီဘီအား ကာဖီစေ့လှော်၍ ကြိတ်ထားရန် မှာကြားရင်းပင် မီးမွေးလေသည်။

ဟက်ဇီဘာ၏ ထူးခြားသော အပြုအမူတို့ကို အံ့ဩရင်းပင် ဖီဘီက ကုလားမုန့်များ လုပ်ပေးမည်ဟု ဆိုလေသည်။ ကုလားမုန့်များကို သူ့မိခင်

အလုပ်အင်မတန်တော်ကြောင်း ပြောပြကာ ကုလားမုန့် လုပ်ပေးလိုကြောင်း ပြောရာ ဟက်ဇီဘာက လုပ်ခွင့်ပေးလိုက်လေသည်။

မီးဖိုချောင်၌ ခါတိုင်းနှင့်မတူဘဲ တူဝရီးနှစ်ယောက် အတော်ပင် လှုပ်လှုပ်ရှားရှား လုပ်နေသော ကြောင့် အစာကို ဝအောင် တသက်တခါမျှ မစားရဖူးရှာသော ကြွက်များက ချောင်ထဲမှ ခေါင်းကလေးများ ပြူ၍ ကြည့်ကြလေသည်။

မျက်နှာမီးပူ မခံနိုင်ပေါင်ဟူသော မာနမျိုးရှိသည့် သူကောင်းနွယ် ဟက်ဇီဘာခမျာမှာ ယနေ့အဖို့ မီးဖိုချောင်တွင် အတော်ပင် စိတ်ဝင်စားနေသောကြောင့် မီးပူသော်လည်း ဂရုမထားဘဲ ချက်ပြုတ် နေရှာလေသည်။ သူ့မျက်နှာမှာ ခါတိုင်း၌ ဖြူရော်ရော် ဖြစ်နေသော်လည်း ယခုမူ မီးရောင်ကြောင့် တကြောင်း၊ မီးပူကြောင့်တကြောင်း နီမြန်းနေလေတော့သည်။ သူ့ခမျာမှာ ငါးကိုပင် ကောင်းစွာ မကြော်တတ်ရကား ယခုငါးကြင်းကို အားကြိုးမာန်တက် ကြော်နေသဖြင့် သူ့ကိုကြည့်၍ သနားရပေ တော့မည်။

အိမ်၌ ပျော်ရွှင်ကျေနပ်ဖွယ်ဖြစ်ရာအကြောင်းရပ်များတွင် ချိုမြိန်လှသည့် အစားအသောက်များကို သာယာအေးချမ်းစွာ စားသောက်ရခြင်း အကြောင်းရပ်လည်း ပါဝင်ပေသည်။ ဟက်ဇီဘာ၏စားပွဲမှာ ယခင်က ခြောက်ကပ်ကပ်နှင့် နေခဲ့သော်လည်း ယနေ့အဖို့ အကောင်းဆုံးစားပွဲခင်းကို ထုတ်၍ ခင်းကာ အမျိုးမျိုးသော စားဖွယ် သောက်ဖွယ်တို့ကို တည်ခင်းထားသဖြင့် သာယာခြင်းကို ဆောင်လျက် ရှိပေသည်။

ငါးကြော်မှာ အငွေ့ တထောင်းထောင်းနှင့် မြင်ရသူတိုင်း သွားရည်ယိုခမန်း ဖြစ်သည်နှင့်အမျှ ဖီဘီလုပ်သော ကုလားမုန့်ကလေးများလည်း ရွှေရောင်ပေါက်ကာ စားချင်စဖွယ် ဖြစ်နေပေသည်။ ထို့ပြင်လည်း လှော်ပြီးစ ကာဖီမှုန့်ဖြင့် ဖျော်ထားသော ကာဖီရည်အနံ့မှာ တခန်းလုံးနံ့အောင် ကြိုင်လှိုင်နေလေသည်။ ကာဖီပန်းကန်များလည်း ရှေးက မသုံးဘဲ ဗီရိုထဲတွင် သိုလှောင်ထားခဲ့သော အကောင်းဆုံး ငွေထည်များ ဖြစ်သဖြင့် ပွဲတော်ကြီးတည်ခင်း၍ ကျွေးမွေးသကဲ့သို့ တည်ခင်း ကျွေးမွေးမည့် ဟန်ပန်လက္ခဏာ ရှိပေသည်။ ယင်းသို့ အကြီးအကျယ် ပြင်ဆင်ထားသည်ကို နှစ်သက်ဟန် မရှိလှသည့်အနေနှင့် ကာနယ်ပင်းချွန်းက သူ့ရုပ်ပုံထဲမှနေ၍ အောက်သို့ငုံ့ကာ မျက်မှောင်ကုတ်၍ ကြည့်နေဟန် ရှိလေတော့ သည်။

စားပွဲ၌ စားဖွယ်သောက်ဖွယ်များ ပြည့်စုံ၍ ဟင်းနံ့ကျွေးနံ့တို့ ကြိုင်လှိုင်နေကြသော်ငြားလည်း မပြည့်စုံလှသေးချေ။ ဖီဘီက ဥယျာဉ်ထဲသို့ ဆင်းပြေးကာ ပန်းများ အခိုင်လိုက် ခူးလာပြီးလျှင် ပန်းအိုးတွင် စိုက်၍ ပန်းအိုးကို

စားပွဲအလယ်တွင် တည်လိုက်ခါမှ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံလေတော့သည်။

ယင်းသို့လျှင် နံနက်နေရောင်ထိုးလျက် ပွင့်လင်းသာယာနေချိန် ဟင်းရနံ့ ပန်းရနံ့အပေါင်း ကြိုင်လှိုင်နေသော နံနက်စာစားပွဲတွင် ကုလားထိုင် သုံးလုံး ချထားသဖြင့် ဟက်ဇီဘာတို့ တူဝရီး နှစ်ယောက်အပြင် ဧည့်သည်တဦး ရောက်လာလိမ့်မည်ဟု ထင်ရှားစွာ သိနိုင်ပေသည်။ ထိုဧည့်သည် ကား ဘယ်သူနည်း ဖီဘီ မသိရှာချေ။

တနံနက်ခင်းလုံးပင်လျှင် ဟက်ဇီဘာ၏ အမူအရာသည် သိသိသာသာ ထူးခြားလျက်ရှိသည်။ စိတ်လှုပ်ရှားနေကြောင်း၊ လက်များ အသံများ တုန်တုန်ရီရီ ဖြစ်နေခြင်းကို ကြည့်ပါက သိနိုင်ပေ၏။

သူ့အကဲကို ခတ်နေသော ဖီဘီက သူ့လှုပ်ရှားမှုမှာ စိတ်ချမ်းသာခြင်းကြောင့်လော၊ သို့တည်းမဟုတ် စိတ်ဆင်းရဲခြင်းကြောင့်လောဟု တွေးတော ဝေဖန်ခြင်းငှာ မစွမ်းသာချေ။ တခါတရံ ဟက်ဇီဘာမှာ ဣန္ဒြေမဆည်နိုင်လောက်အောင် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဖီဘီအား ဖက်၍ နမ်းလေ့ရှိသည်။ သူ့အနမ်းမှာ မိခင်၏ ကြင်နာသော အမူအရာကိုပြသည့် အနမ်းမျိုးဖြစ်သည်။ သို့ရာတွင် ချက်ချင်းပင် လျှင် သူ့ဝမ်းသာသော အမူအရာမှာ ပျောက်ကွယ်သွားပြီးလျှင် ဝမ်းနည်းကြေကွဲသော အမူအရာများ ပေါ်ပေါက်လာကြ ပြန်တော့သည်။ သူ့မျက်နှာမှာ ချက်ချင်း အုံ့မှိုင်းလာသော မိုးကောင်းကင်ကဲ့သို့ လွှမ်းမိုးဆင်၍လာလေသည်။ ထို့နောက် အသံကွဲကြီးနှင့် ရယ်လိုက်ပြန်သည်။ ရယ်ရင်းပင် မျက်ရည် များ တွေလာပြန်တော့သည်။ ဟက်ဇီဘာသည် ဖီဘီအား အမှန်ပင် ချစ်ခင်သော်လည်း နဂိုအကျင့်ကို မဖျောက်နိုင်ရှာသဖြင့် မကြာခဏ စိတ်တိုကာ ဆူပူကြိမ်းမောင်းလေ့ရှိသည်။ နောက် ချက်ချင်းပင် အဆူ ရပ်ကာ အချော့ပျိုးပြန်လေသည်။

အချက်အပြုတ် ပြီးစီးသည့်နောက် ဟက်ဇီဘာက သူ့တုန်တုန်ရီရီ လက်ကြီးဖြင့် ဖီဘီ သေးငယ် နုနယ်သော လက်ကလေးကိုကိုင်ကာ “သည်းခံပါ တူမလေးရယ်... ဒေါ်ဒေါ့်ကို သည်းခံပါနော်။ ဒေါ်ဒေါ့်ဝါသနာအလျောက် ကြမ်းကြမ်းတမ်းတမ်းပြောတာ အမှတ်မထားပါနဲ့ကွယ်..။ ဒေါ်ဒေါ်လည်း တဖြည်းဖြည်း ဆင်ခြင်ပါ့မယ်” ဟုတောင်းပန်လေသည်။

“ဒါက ကိစ္စမရှိပါဘူး ဒေါ်ဒေါ်ရယ်။ အခုဘာဖြစ်နေတယ်ဆိုတာကို ကျွန်မ သိစမ်းပါရစေ..” ဟု ဖီဘီက မျက်ရည်ရွှဲလာသည့်အထဲက ပြုံးရင်း မေးလိုက်သည်။ “ဒေါ်ဒေါ် ... ဘာဖြစ်လို့ ဒီလောက် စိတ်လှုပ်ရှားနေရတာလဲ”

“တိတ်... တိတ်... သူလာနေပြီ... ဖီဘီ။ သူ့ညည်းကိုမြင်ပါစေ..။ သူက ညည်းလို ချိုချိုသာသာ မျက်နှာထားကလေးမျိုးကို သဘောကျတယ်။

ငါ့မျက်နှာထားကတော့ ညည်းသိတဲ့အတိုင်းပဲအေ့။ ပြီးတော့လည်း မှာထားစမ်းပါရစေ။ သူက မျက်ရည်ထွက်တာကို မကြည့်ရက်ဘူး။ အဲဒီတော့ အေရယ်... သူ့ရှေ့မှာ ယောင်လို့မှ မျက်ရည်မထွက်လိုက်ပါနဲ့နော်...။ ပြတင်းပေါက်ကခန်းဆီးကို ဖယ်လိုက်စမ်းပါ။ သူက အလင်းကို အမြဲတမ်း ကြိုက်တယ်။ ဒါပေမဲ့ ကလစ်ဖို့ရဲ့ဘဝမှာ အလင်းရောင်နဲ့ နေရတဲ့အချိန်က နည်းလှပါတယ်အေ ... အင်း ... ကလစ်ဖို့ ...”

ဟက်ဇီဘာသည် ဖီဘီကိုပြောနေရာမှ သူ့ကိုယ်သူပြောသကဲ့သို့ ညည်းတွားရင်း ခြေဖျားထောက်၍ အခန်းကို တတ်အားသမျှ ပြုပြင်နေရှာသည်။ ထိုအခိုက် အိမ်ရှေ့ခန်းဆီးမှ ခြေသံတခုကို ကြားရသည်။

ဖီဘီမှာ ထိုခြေသံကို မှတ်မိသလိုလို ရှိနေသဖြင့် စဉ်းစားကြည့်ရာ ညက အိပ်မက်သလိုလို ဖြစ်နေစဉ်က ကြားရသော ခြေသံဖြစ်ကြောင်း သတိရမိလေတော့သည်။ ဧည့်သည် အိမ်ပေါ်မှ အဆင်းတွင် လှေကားဦး၌ ခေတ္တမျှ ရပ်နားလိုက်သည်။ တဖန် လှေကားနှစ်ထစ်ဆင်းမိလျှင် တကြိမ် နားပြန်၏။ ယင်းသို့နားသည်မှာ အကြောင်းတခုခုကြောင့် မဟုတ်တန်ရာ။ နားလို၍ နားခြင်းမျှသာ ဖြစ်ဟန်ရှိသည်။

ဘာကြောင့် နားလိုသနည်းဟု တွေးကြည့်လိုက်လျှင် ကောင်းစွာ လမ်းမလျှောက်နိုင်၍သော် လည်းကောင်း၊ လမ်းလျှောက်ချင်စိတ် မရှိလှ၍သော်လည်းကောင်း ဖြစ်တန်ရာ၏။ နောက်ဆုံး၌ သူသည် ဧည့်ခန်းဝတွင် ရပ်လာ၏။ အခန်းတံခါး စေ့ထားသဖြင့် တံခါးဘုကို လက်ဖြင့်ကိုင်၍ လှည့်နေလေသည်။ သို့ရာတွင် လှည့်ပြီးနောက် တံခါးကို မဖွင့်လိုက်ချေ။

ထိုအခြင်းအရာကို ငေးစိုက်ကြည့်နေသည့် ဟက်ဇီဘာမှာ မျက်နှာများ ဖြူရော်ရော်ဖြစ်ကာ တုန်တုန်ရီရီနှင့် တံခါးဘက်သို့ လှမ်းနေသောကြောင့် ဖီဘီက စိုးရိမ်ကြီးစွာဖြင့် “ဒေါ်ဒေါ်... ဘာဖြစ်နေတာလဲ ဟင်..။ ဘာဖြစ်လို့ ဒီလို မျက်နှာဖြူရော်ရော် ဖြစ်နေရတာလဲ၊ ဘာများ ဖြစ်ဦးမှာလဲ” ဟု မေးလေသည်။

ဟက်ဇီဘာက သူငယ်မကလေးအား “တိတ်တိတ်နေ...။ မျက်နှာထား မပျက်စေနဲ့နော်၊ ပျော်ပျော်ရွှင်ရွှင် အမူအရာကို ပြစမ်းပါဟယ် ဘာဖြစ်ဖြစ် မျက်နှာထား မပျက်စေနဲ့” ဟုသာ ဆိုလိုက်လေသည်။ ထို့နောက် သူသည် ရှေ့သို့တိုး၍ တံခါးကို ဖွင့်ပေးလိုက်ပြီးလျှင် ဧည့်သည်အား လက်ဆွဲ၍ အခန်းထဲသို့ ခေါ်လာလေသည်။

ဖီဘီသည် ဧည့်သည်ကို တချက်မျှ လှမ်း၍ကြည့်လိုက်ရာ ရှေးကျသော အင်္ကျီရှည်ကြီး ဝတ်ဆင်ထား ကြောင်းကို ပထမဦးစွာမြင်ရလေ သည်။

အကျီရှည်ကြီးမှာ ဝတ်ထားသူအဖို့ ရှည်၍ နေလေသည်။ အတော်လည်း ဟောင်းနွမ်းလျက် ရှိလေပြီ။ ဧည့်သည်၏ဆံပင်မှာ အတော်ပင် ဖြူ၍ ရှည်လျက်ရှိလေပြီ။ သူသည် တခန်းလုံးကိုလှည့်၍ ငေးကြောင်ကြောင် ကြည့်လျက်ရှိသည်။ အခန်းထဲသို့ မဝင်လာမီ ခြေသံခဏခဏ ရပ်သွားသည်၏ အကြောင်းကို သူ့မျက်နှာကြည့်လိုက်ရုံနှင့် သိနိုင်ပေသည်။ သူ့၌ ကိုယ်လက်အင်အား မပြည့်စုံ၍ မဟုတ်၊ စိတ်အင်အား လျော့ပါး၍သာ လမ်းကို တသမတ်တည်း မလျှောက်နိုင်ဘဲ နေခြင်းမျှသာ ဖြစ်သည်။ မျက်နှာထားမှာ အတော်ပင် ညှိုးငယ်၍ နှစ်ပေါင်းများစွာက ဒုက္ခအမျိုးမျိုးကို ခံလာခဲ့ရကြောင်း ထင်ရှားစွာပြလျက်ရှိသည်။ သူသည် ဟက်ဇီဘာ၏လက်ကို ကိုင်ထားရင်း ဖီဘီကို မြင်သောအခါ မျက်နှာကြည်လင်လာသည်။

"ကလစ်ဖို့ရယ်၊ မင်း သူ့ကိုတော့ သိမှာမဟုတ်ဘူး။ သူဟာ တို့ အမျိုးပဲကွဲ့..။ နာမည်က ဖီဘီတဲ့။ ဖီဘီပင်းချွန်းဟာ အာသာပင်းချွန်းရဲ့သမီးပေါ့။ အခုသူ တောက ခဏလာနေတယ်"

"ဖီဘီ... ဖီဘီပင်းချွန်း။ သြော်.. သူ့နာမည်က ဖီဘီတဲ့လား။ အာသာရဲ့သမီး ဟုတ်လား၊ ကျွန်တော်တော့ မမှတ်မိတော့ပါဘူး။ ဒါပေမဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ကလစ်ဖို့ မင်းဒီမှာထိုင်ပါကွယ်။ ဖီဘီရေ ... လိုက်ကာနည်းနည်း အောက်ကို ဆွဲချလိုက်ပါ။ တို့ မနက်စာ စားကြရအောင်"

ဧည့်သည်သည် သူ့အတွက်ပေးထားသော ကုလားထိုင်ကို ထိုင်၍ ကြောင်တက်တက်နှင့် အခန်း တလျှောက်လုံး လှမ်းကြည့်နေလေသည်။ သူသည် ယခင်က အဖြစ်အပျက်နှင့် ယခုအခြေအနေကို ဆက်စပ်ကြည့်ကာ ယခုအခြေအနေကို နားလည်အောင် ဆင်ခြင်သုံးသပ်လျက်ရှိဟန် တူ၏။ ဖီဘီလည်း သူ့ကိုကြည့်ရင်း ဟက်ဇီဘာက သူ့အား တခါက ပြဖူးသည့် ဓာတ်ပုံကလေးတွင်ပါသော လူငယ်တယောက်ပင် ဖြစ်ကြောင်း အမှတ်ရမိတော့သည်။ ထိုဓာတ်ပုံထဲ၌လည်း ယခုဝတ်ထားသော အဝတ်အစားများပင် ဖြစ်လေရာ၊ ထိုစဉ်က အဝတ်အစားများမှာ သစ်လွင်သော်လည်း ယခု ဟောင်းနွမ်းလျက်ရှိကြောင်း သတိပြုမိတော့သည်။ ဧည့်သည်သည် ထိုင်၍ ငေးနေလေသည်။ သူ့မျက်နှာထားမှာ ဒုက္ခကို နှစ်ပေါင်းများစွာ ကြိတ်မနိုင်ခဲမရ ခံခဲ့ရကြောင်း ဖော်ပြလျက်ရှိသည်။

ဟက်ဇီဘာက ဧည့်သည်အဖို့ မွှေးကြိုင်သော ကော်ဖီတခွက် ထည့်ပေးနေစဉ် ဧည့်သည်က သူ့အား လှမ်းအကြည့်လိုက် သူတို့နှစ်ဦး၏ မျက်စိများသည် ဆုံမိကြလေသည်။ ထိုအခါ ဧည့်သည်မှာ လှုပ်ရှားလာပြီးလျှင်

"ဟက်ဇီဘာ ဩော်.. ဟက်ဇီဘာလား၊ အရင်ကနဲ့ မတူတော့ဘူးနော်...။ သူကျွန်တော့်ကို ဒေါသဖြစ်နေတာလား။ မျက်မှောင်ကြီး ကုတ်လို့ပါလား" ဟု သူ့ကိုယ်သူပြောသလို လေသံမျိုးဖြင့် ခပ်ညည်းညည်းကလေး ဆိုလိုက်လေသည်။ ထိုအခါ ဟက်ဇီဘာခမျာမှာ မျက်စိမှုန် သဖြင့် မျက်မှောင်ကုတ် နေမိသည်ကို ကလစ်ဖို့က သူ့အား ဒေါသဖြစ်နေသည်ဟု အောက်မေ့သော ကြောင့် အတော်ပင် စိတ်ထိခိုက်သွားလေတော့သည်။ ကလစ်ဖို့က တတွတ်တွတ် ပြောနေသံကို ကြားရသောအခါ အဒေါ်ကြီးမှာ ကလစ်ဖို့အပေါ်တွင် မေတ္တာပွားများကာ သူ၏ ကြမ်းတမ်း ခက်တရော်သော မျက်နှာထားမှာ ပျော့ပျောင်းလာပြီးလျှင် ကြည်လင်သလို ဖြစ်လာကာ "ကလစ်ဖို့ရယ်၊ နင့်အပေါ် ငါ ဘာစိတ်ဆိုးစရာ ရှိသလဲဟယ်" ဟုဆိုလေသည်။ ယင်းသို့ဆိုလိုက်သော အသံသည်ကား ထူးခြားသော ကရုဏာသံဖြစ်လေသည်။ ဟက်ဇီဘာ၏ နဂိုအသံမှာ တင်းမာကြမ်း သော်လည်း ယင်းသို့ဆိုလိုက်သည့်အခါ၌ မူကား သူ့အသံမှာ ချိုသာသောအဖြစ်သို့ ရောက်ရှိကာ ကြားရသူအပေါင်းတို့က သူ့အပေါ်တွင် သနားစိတ်ပွားများလာကြမည် ဧကန်ပင်။

"ကလစ်ဖို့ရယ် နင့်ကို ဘယ်သူကမှ စိတ်မဆိုးပါဘူးဟယ်။ ဘယ်သူကမှလည်း မမုန်းကြပါဘူး၊ နင်အခု အိမ်ပြန်ရောက်နေပြီဆိုတာ သိရဲ့ မဟုတ်လား" ဧည့်သည်သည် သူ့အသံကိုကြားရသောအခါ ပြုံးလိုက်လေသည်။ သူ့အပြုံးမှာ သူ၏ ညှိုးငယ်ရင့်ရော်နေသော မျက်နှာကို ခဏတာမျှ ကြည်လင် နုပျိုလာစေသည်။ ထို့နောက် သူသည် ရှေ့တွင် ချထားသော အစားအသောက်များကို အာရုံပြုကာ ပတ်ဝန်းကျင်၌ မည်သူရှိသည်ကိုမျှ ဂရုမထားဘဲ အနှစ်နှစ် အလလက ငတ်မွတ်လာသူကဲ့သို့ အားရပါးရ စားလေတော့သည်။ သူအစားကြမ်းပုံကိုကြည့်ပြီးလျှင် ဖီဘီက ရှက်စနိုးဟန်ဖြင့် မျက်လွှာချလိုက်လေသည်။

အစားအသောက်ကို စားပြီးနောက် ဧည့်သည်သည် အနံ့ကြိုင်လှသည့် ကော်ဖီကို သတိရသဖြင့် အားရပါးရ ကျိုက်ချလိုက်လေသည်။ "ထည့်ပါဦးဗျာ။ နောက်ထပ် ထည့်စမ်းပါဦး...။ ကျွန်တော် ကော်ဖီ သောက်ချင်နေတာ ကြာလှပါပြီ" ဟုဆိုကာ ထပ်၍တောင်းလေတော့သည်။ ကော်ဖီ သောက်ပြီးနောက် သူ၏ ညှိုးနွမ်းနေသော ကိုယ်ကာယမှာ တောင့်တင်းလာကာ စိတ်အားလည်း ယခင်ကထက် ပိုမိုထက်သန်လာဟန်ဖြင့် ကုလားထိုင်တွင် ခပ်မတ်မတ် ထိုင်၍ နေလေသည်။ ယင်းသို့ အင်အားတောင့်တင်းလာပြီးသည့်နောက် ကလစ်ဖို့သည် ဖီဘီ၏ ရုပ်ရည်ကို အာရုံစိုက်ကာ မျက်နှာ တဖြည်းဖြည်း ကြည်လင်လာလေသည်။ ထိုအခြင်းအရာကိုမြင်သော ဟက်ဇီဘာက မိမိ၏ ရုပ်ရည်ညံ့ဖျင်းလှသည့်အဖြစ်ကို တွေးမိကာ ဝမ်းပန်းတနည်း ဖြစ်၍နေရှာလေသည်။ တဘက်ကြီး ခေါင်းပေါင်း၍ အရပ်ရှည်ရှည်၊ အသားဝါဝါ၊ အသက်အရွယ် အိုမင်း ရင့်ရော်လျက်ရှိသည့် မိမိကိုယ်ကို ကလစ်ဖို့က အဘယ်သို့လျှင် အာရုံစိုက်၍ ကြည့်နေပါမည်နည်း။

သူ့ကျေးဇူးလည်း ကလစ်ဖို့ အပေါ်တွင် မည်မည်ရရ မရှိချေ။ ထို့ကြောင့် ဟက်ဇီဘာမှာ သူ့ကို ကလစ်ဖို့က စိုက်၍ ကြည့်မနေသည့်အတွက် အထူးစိတ်ခုခြင်း မဖြစ်ဘဲ ကလစ်ဖို့အဖို့ ကြည့်စရာ ချောလှသည့် ရုပါရုံတခု ရှိနေသည့်အတွက် တနည်းအားဖြင့် ဝမ်းသာမိလေတော့သည်။

ဗြည့်သည်လည်း ကုလားထိုင်နောက်ကိုမှီလျက် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ရောပြွမ်းလျက်ရှိသည့် မျက်နှာထားမျိုးဖြင့် စိတ်ကူးနယ်ကျွံနေဟန်ရှိလေသည်။

“အင်း... အတော်သာယာတာပဲ။ နှစ်သိမ့်စရာ အတော်ကောင်းပါပေရဲ့။ ဒါပေမဲ့ ဒီအဖြစ်မျိုးဟာ အကြာကြီးမှ နေပါ့မလား။ နေရောင်ကလေးကလည်း သာလိုက်တာနော်။ ပန်းကလေးတွေကလည်း မွှေးလိုက်တာ။ သူငယ်မကလေး မျက်နှာကလေးကလည်း ရွှင်ရွှင်ကြည်ကြည်နဲ့ ပွင့်သစ်စ ပန်းကလေးလိုပဲ။ နှင်းရည်ဖျန်းထားတဲ့ ပန်းကလေးလို လန်းဆန်းလှပေတယ်။ အင်း ... အင်း ဒီဣန္ဒြာရုံကလေးဟာ တကယ်စင်စစ်မှ ဟုတ်ရဲ့လား။ အိပ်မက်များ ဖြစ်နေသလား...။ အိပ်မက်နဲ့ပဲ တူပါတယ်လေ...။ ဒါကြောင့်မို့လို့လည်း ထောင်နံရံကြီး လေးဖက်ဟာ ငါ့မျက်စိထဲ ပျောက်နေတာပဲ”

ယင်းသို့ တကိုယ်တည်း ညည်းညူသံပြုကာနေရင်းပင် အစက ကြည်လင်လျက်ရှိသော မျက်နှာမှာ တဖြည်းဖြည်း ညှိုး၍ ညှိုး၍ သွားလေတော့သည်။ သူ့မျက်လုံး၌ရှိသော အလင်းရောင်လည်း ပျောက်ကွယ်သွားလေပြီ။ ထိုအဖြစ်ကိုကြည့်နေသော ဖီဘီမှာ ဗြည့်သည်အား သနားစိတ် ပွားမိလေ တော့သည်။

“ဒီနှင်းဆီပန်းမျိုးက တမျိုးပဲ။ ဒီကနေ့မှ ကျွန်မ ဥယျာဉ်ထဲမှာ တွေ့ခဲ့ရတယ်။ တရာသီလုံးမှ ပန်းချုံတချုံမှာ လေးငါးခြောက်ပွင့်ပဲ ပွင့်တယ်၊ သိပ်လှတာပဲ၊ သိပ်မွှေးတာပဲ။ ဒီအနံ့ကလေးကို ဘယ်သူမှ မေ့နိုင်မယ် မဟုတ်ဘူး” ဟု ဖီဘီက ပြောလိုက်ရာ ဗြည့်သည်က ညှိုးငယ်နေရာမှတဖန် စိတ်အားထက်သန်သော မျက်နှာထားဖြင့် “ဘယ်မှာလဲ ပြစမ်းပါ။ ဩော် ... ဒါလား၊ ခဏ ကိုင်ထားမယ်...” ဟုဆိုကာ နှင်းဆီပန်းခိုင်ကလေးကို ကိုင်ရင်းပင် “ကျေးဇူးတင်ပါတယ်ကွယ်၊ တခါတလေ ငါဟာ ဒီပန်းကလေးမျိုးကို သိပ်ပြီး အမြတ်တနိုးထားခဲ့တာပဲ၊ တခါကဆိုတာဟာ ဘယ်တုန်းကပါလိမ့်။ ဟိုအကြာကြီးကလား.. မနေ့တုန်းကပဲလား..။ ဟင်... ငါဖြင့် မသိတော့ပါဘူး ကွယ်...။ ဒီပန်းကလေးကို တွေ့လိုက်ရတော့ ငါ့အသက် ပြန်ငယ်သွားတယ်လို့ အောက်မေ့တယ်။ ဩော် ... ငါ အသက်ကြီးသွားပလား။ ငါ့အသက် ငယ်သေးတယ်လို့ ထင်နေတာပဲ။ အင်း... သိပ်ကျေးဇူးတင်တာပဲ ကလေးမရယ် ... သိပ်ကျေးဇူးတင်တာပဲ”

ကလစ်ဖို့သည် နှင်းဆီပန်းနီနီကလေးကိုကိုင်၍ ပြုံးချိုချိုမျက်နှာထားနှင့် နေလေသည်။ ထိုပန်းပွင့် ကလေးက သူ့အား စိတ်ကြည်လင်အောင် ဆောင်ရွက်ပေးသည်။ သို့ရာတွင် ယင်း၏ ဆောင်ရွက်မှု သည်ကား ကြာရှည်စွာ အကျိုးမဖြစ်ထွန်းချေ။ အဘယ့်ကြောင့်ဆိုသော် နှင်းဆီပန်းပွင့်ကလေးကို ကိုင်ရင်း အပေါ်သို့ မော့ကြည့်လိုက်ရာ ကာနယ်ပင်းချွန်း၏ ရုပ်ပုံကားချပ်ကြီးကို မြင်လိုက်သဖြင့် ဩ့သည်၏ မျက်စိတို့မှာ နီမြန်းလာပြီးလျှင် လက်များ တုန်တုန်ရီရီ ဖြစ်လာလေသည်။

"ဟက်ဇီဘာ ... ဟက်ဇီဘာ၊ ခင်ဗျား ဒီအသုံးမကျတဲ့ရုပ်ပုံကြီးကို နံရံမှာ ချိတ်ထားတုန်းပဲလား ဟင်..။ သြော် .. ခင်ဗျားရဲ့ နှစ်သက်မှုအတိုင်း လုပ်ထားတာကိုး။ ကျုပ်ခင်ဗျားကို ပြောတာ ဘယ်နှခါ ရှိပလဲ။ ဒီရုပ်ပုံထဲကလူကြီးဟာ ... မကောင်းဆိုးဝါးကြီးလို့။ သူ့ကြောင့် ဒီအိမ်ကလူတွေ ဘယ်လောက် ဒုက္ခရောက်ကြသလဲ...၊ ကျုပ်ဘယ်လောက် ဒုက္ခရောက်တယ်ဆိုတာ ခင်ဗျား မသိဘူးလား။ ဒီရုပ်ပုံကြီးကို မြန်မြန်ဖြုတ်ပါဗျာ..."ဟု ပြင်းထန်စွာ ဩ့သည်ကပြောသောအခါ ဟက်ဇီဘာက စိတ်မချမ်းမြေ့သောအသံဖြင့် "ကလစ်ဖို့ရယ်... မင်းလည်း အသိသားပဲကွယ်.. တို့ဘိုးဘိုးရဲ့ ဓာတ်ပုံကို ဘယ့်နှယ် ဖြုတ်ချလိုက်လို့ ဖြစ်ပါ့မလဲ ..." ဟု ဆိုလေသည်။

"ဖြုတ်မချနိုင်ရင်လဲဗျာ။ အုပ်ထားလိုက်စမ်းပါ။ တဘက်နီနဲ့ အုပ်ထားစမ်းပါ။ ကျုပ်ဒီပုံကိုကြည့်လို့ မရလွန်းလို့ပါ။ ဒီပုံထဲကလူကြီးက ကျုပ်ကို အမြဲပဲစိုက်ကြည့်နေတယ်ဗျ။ ကျုပ် မနေတတ်ဘူး"

"အေး အေး... မင်းအကြိုက်လိုက်ပြီး အုပ်ထားပါ့မယ်ကွယ်..။ သေတ္တာထဲမှာ တဘက်နီလည်း ရှိပါတယ်။ နည်းနည်းတော့ ဟောင်းနေပြီပေါ့။ ဒါပေမဲ့ အုပ်လို့ရပါတယ်။ စိတ်သာချပါ အုပ်ပေးပါ့မယ်"

"ဒီကနေ့ အုပ်ရမယ်နော်။ ခင်ဗျားတို့မှတ်ထားစမ်းပါ။ ဒါနဲ့ ခင်ဗျားတို့ ဘာဖြစ်လို့ ဒီလို ခြောက်ခြောက်သွေ့သွေ့ အိမ်ကြီးမှာ နေချင်ကြတာလဲ...။ ပြင်သစ်ပြည် တောင်ပိုင်းဖြစ်ဖြစ်၊ အီတလီဖြစ်ဖြစ်၊ ပဲရစ်တို့၊ နေပဲလ်တို့၊ ဗင်းနင်းတို့၊ ရောမတို့ အဲဒီမြို့တွေဆီကို ဘာလို့သွားပြီး မနေချင်ကြတာလဲ။ ခင်ဗျားကြီးက ပြောလိမ့်ဦးမယ်၊ တို့မှာ ပိုက်ဆံမရှိဘူး၊ ဘယ့်နှယ်လုပ် သွားမှာလဲ။ ခင်ဗျား ပြောလိုက်ရင် ဒီလိုချည်းပဲ"

ယင်းသို့ပြောပြီးလျှင် ကလစ်ဖို့သည် သူ့ဘာသာသူ ပြုံး၍နေလေသည်။ ယင်းသို့လျှင် နံနက်စာ စားခိုက်၌ မျက်နှာထားအမျိုးမျိုးပြောင်းကာ စိတ်အမျိုးမျိုး ဖောက်ပြန်လျက်ရှိသော ကလစ်ဖို့မှာ အတန်ကြာ ငြိမ်သက်နေရာမှ အိမ်ရှေ့ဆိုင်ခန်းကလေးဆီမှ ခေါင်းလောင်းသံ ကြားလိုက်ရသဖြင့်

စိတ်ပြန်ထလာကာ "ဟက်ဇီဘာရယ်၊ ဒီအသံတွေကို တိတ်အောင် မလုပ်နိုင်ဘူးလား။ သိပ်နားငြီး တာပဲ။ ခင်ဗျားတို့မို့လို့ဗျာ ဒီအသံဆိုးတွေကို နားထောင်စိမ့်တယ်"

"ကလစ်ဖို့ရယ်၊ ဒီအသံမျိုးတွေကို မင်းသာ မကြားချင်တာ မဟုတ်ပါဘူး။ ငါလည်း မကြားချင်ပါဘူး ကွယ်။ ဖီဘီရယ် .. အိမ်ရှေ့ခန်းကို ပြေးလိုက်စမ်းပါဦး၊ ဘယ်သူများရောက်နေသလဲလို့။ ကလစ်ဖို့ရယ် ... ဒီအသံဟာတခြားမဟုတ်ဘူးကွဲ့ တို့ဆိုင်ခန်းက မြည်တဲ့ခေါင်းလောင်းသံ"

"ဟင် ... ဆိုင်ခန်းက ခေါင်းလောင်းသံ"

"အင်း.. အင်း... တို့မှာ ဆိုင်ကလေးတဆိုင်ဖွင့်ထားတယ် ကွဲ့..။ ဖွင့်ရတဲ့အကြောင်းကတော့ တခြား မဟုတ်ပါဘူး။ တို့ အလွန် ဆင်းရဲနေတယ်။ တခြားလူက ငါ့ကို ထောက်ပံ့မယ်လို့ဆိုပေမဲ့ ငါကိုယ်တိုင် ရှာလို့ရတဲ့ ပိုက်ဆံမှ မဟုတ်ဘဲ သူတပါး လက်ဝေခံပြီး မစားချင်ပါဘူးကွယ်။ ငတ်ချင်ငတ်ပါစေ။ အခုဆိုတော့ မင်းလည်း ပြန်ရောက်လာပြီပဲ။ ငါဘာမှ မကြောက်တော့ပါဘူး။ အင်း .. ဒါနဲ့ ငါလည်း ကြံရာမရှိတာနဲ့ ငွေကလေးကြေးကလေးသုံးမှ သုံးရစေတော့လို့ ဈေးဆိုင်ကလေး ဖွင့်ထားတယ်။ မင်းလည်း မှတ်မိမှာပေါ့။ ဟို လွန်ခဲ့တဲ့ နှစ်တရာလောက်က တို့အဘိုးတယောက်ဟာ ဈေးဆိုင် ဖွင့်မိလို့ တို့အမျိုး ဂုဏ်ပျက်ရတယ်။ အခုငါလည်း တို့အဘိုးလိုပဲ ဆိုင်ကလေးတဆိုင် ဖွင့်မိပြီ ...။ မင်း ငါ့အတွက် ရှက်သလား"

"ရှက်တယ်တို့၊ ဂုဏ်ပျက်တယ်လို့ ဆိုတဲ့စကားတွေ မပြောပါနဲ့ ဗျာ"

ဟု ကလစ်ဖို့က ဆိုလိုက်လေသည်။ သူ့လေသံမှာ ဟက်ဇီဘာအပေါ်၌ ဒေါသဖြစ်သော လေသံမျိုး မဟုတ်။ ဒုက္ခမျိုးစုံကြုံတွေ့ရသဖြင့် အသေးအဖွဲ့ကိစ္စများမှာ ဒေါသစိတ်ကင်းသကဲ့သို့ ဖြစ်နေသည့် လေသံမျိုးပင်တည်း။

"ရှက်တယ်ဆိုတာ ကျွန်တော့်အဖို့မှာ ဘယ်လိုမျှ အဓိပ္ပာယ်မရှိတော့ဘူး။ ခင်ဗျားလည်း အသိသားပဲ။ ကျွန်တော့်မှာ အရှက်ကမ်းကုန်နေပြီ" ဟု သူက ဝမ်းနည်းကြေကွဲဖွယ်အသံဖြင့် ပြောလိုက်လေသည်။ ထို့နောက် သူသည် မိန်းမသဖွယ် ချုံးပွဲချ၍ ငိုရှာလေသည်။ သို့ရာတွင် ကြာရှည်စွာ မငိုဘဲ ချက်ချင်းပင် ချုပ်တည်းလိုက်လေဟန်ရှိ၏။ သူသည် အထူးပင် ငြိမ်သက်လျက် မျက်လုံးများ ကြောင်နေလေတော့သည်။ ထို့နောက် ဟက်ဇီဘာကို လှမ်းကြည့်ကာ အဓိပ္ပာယ် မဝေခွဲနိုင်သည့် အပြုံးမျိုးပြုံးရင်း "ကျွန်တော်တို့ ဒီလောက်ပဲ ဆင်းရဲနေကြပြီလားဗျာ" ဟု လေအေးကလေးဖြင့် မေးလိုက်လေသည်။

ထိုလေသံပျောက်သွားပြီးနောက် မကြာမီပင်လျှင် ကလစ်ဖို့သည်

ကုလားထိုင်ပေါ်၌ အိပ်ပျော်သွား လေတော့သည်။ သူ့အသက်ရှူမှန်နေသည်ကို သတိပြုမိသော ဟက်ဇီဘာက သူ့အား သေချာစွာ ငေးစိုက်၍ ကြည့်နေလေသည်။ နိုးနေစဉ်က ကလစ်ဖို့အား စိုက်၍ မကြည့်ရဲသဖြင့် ယခုမှသာ ရဲရဲတင်းတင်း မျက်နှာကို စိုက်၍ ကြည့်မိလေတော့သည်။ သူစိုက်၍ ကြည့်နေသော မျက်နှာမှာ ဒုက္ခအပေါင်းကို နေ့စဉ်ရက်ဆက် နှစ်လကြာရှည်စွာ ခံစားရသူ၏ မျက်နှာပင်ဖြစ်သဖြင့် ရေးကကဲ့သို့ နုပျို ရွှင်လန်းသော ရုပ်လက္ခဏာမျိုး မရှိတော့ဘဲ အိုမင်းရင့်ရော်၍ ကြမ်းတမ်း ခက်တရော်သော အမူအရာတို့ဖြင့်သာ လွှမ်းလျက် ရှိလေတော့သည်။ ဟက်ဇီဘာလည်း ကလစ်ဖို့ကိုကြည့်ရင်း စိတ်နှလုံး ထိခိုက်လာဟန်ရှိသဖြင့် မျက်နှာတချက်လွှဲကာ ထိုင်ရာမှထပြီးလျှင် အိပ်နေသူ အေးချမ်းစွာ အိပ်နိုင်အောင် လိုက်ကာကို ချပေးလိုက်လေသည်။ သူလည်း ကလစ်ဖို့၏ ထူးခြားစွာ ပြောင်းလဲသွားသော အဖြစ်သနစ်ကို ပြန်ပြောင်းတွေးတောကာ ဆက်လက်၍ ထိုင်နေလျှင် စိတ်ကို မချုပ်တည်းနိုင်မည် စိုးလှသဖြင့် တရှူးရှူးအိပ်နေသော ကလစ်ဖို့၏ မျက်နှာကို မရဲတရဲ တချက်မျှ လှမ်းကြည့်ပြီးလျှင် အခန်းထဲမှ ညင်သာစွာ ထွက်သွားလေသည်။

[၈] ယခုခေတ် ပင်းချွန်းအနွယ်

ဖီဘီသည် ဆိုင်တွင်းသို့ ရောက်လာသောအခါ အရုပ်မုန့်ဝယ်စားလေ့ရှိသော ကျောင်းသားကလေးနှင့် တွေ့၍ ခါတိုင်းကဲ့သို့ အရုပ်မုန့် ဝယ်လိမ့်မည်ဟုထင်ကာ "ဒီနေ့တော့ မင်း ဘယ်အရုပ်ယူမလဲ" ဟု မေးလိုက်လေသည်။ သူငယ်လေးက "ကျွန်တော် အရုပ်မုန့်ဝယ်ဖို့လာတာ မဟုတ်ဘူးဗျ၊ မေမေက ကြက်ဥသုံးလုံးနဲ့ စပျစ်ယိုပေါင်ဝက် ပေးလိုက်ပါတဲ့" ဟု ပြန်ပြောလိုက်လေ၏။ ဖီဘီလည်း သူငယ်လေးထံမှ ပိုက်ဆံကိုယူ၍ သူ့အမေ အလိုရှိသော ပစ္စည်းတို့ကို သူ့လက်ထဲသို့ ထည့်လိုက်လေ သည်။ ထို့နောက် အဆစ်သဘောမျိုးဖြင့် ကုလားအုပ်ရုပ်မုန့်တခုကိုလည်း ပေးလိုက်ရာ သူငယ်လေးမှာ ပိုက်ဆံမပေးရဘဲ ရသည့်မုန့်ကို လောဘတကြီးဝါးမျို၍ ဆိုင်ထဲမှ ပြန်လှည့်အထွက် တွင် တခုခုကို သတိရသည့်အနေဖြင့် ဖီဘီဘက်သို့လှည့်ကာ ပလုတ်ပလောင်းနှင့် ပြောလိုက်ရာ ဖီဘီက နားမလည်သဖြင့် "ဟဲ့ကောင်လေး၊ ဘာပြောတာလဲ" ဟု မေးလေသည်။

"မေမေက ဟိုပင်းချွန်းအဒေါ်ကြီးမောင် ဘယ့်နှယ်နေသလဲလို့ မေးလိုက်တယ်၊ လူတွေက အဲဒီလူကြီး ပြန်ရောက်လာပြီလို့ ပြောကြတာပဲ" ဟု နက်ဂေဟောင်က ပြောလိုက်ရာ ဖီဘီမှာ အံ့အားကြီး သင့်သွားလေသည်။

"ဩော် ... ဟက်ဇီဘာရဲ့ မောင်ကိုး..." ဟု တကိုယ်တည်းဆိုကာ ကလစ်ဖို့နှင့် ဟက်ဇီဘာတို့ မည်သို့တော်စပ်မှန်း ယခုမှပင် သိရသဖြင့် သူ့ကိုယ်သူ အံ့သြနေလေသည်။ "အင်း ... သူ့မောင် အရင်က ဘယ်ရောက်နေတာလဲ" ဟု တကိုယ်တည်း မေးမြန်းပြီးလျှင် ငေးမောနေလေသည်။ သူငယ်ကလေးလည်း သူ့အား ဖီဘီက ဘာမှ ပြန်မပြောသဖြင့် ခေတ္တမျှ ငေးကြောင်ကြောင် ရပ်နေပြီးနောက် ဆိုင်ခန်းထဲမှ လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွားလေသည်။

သူငယ်ကလေး ထွက်သွားပြီးသည်နှင့်တပြိုင်နက် လူကြီးတယောက် ဆိုင်ထဲသို့ ဝင်လာလေသည်။ ထိုလူကြီးမှာ အသက်အရွယ် အတော်ပင်ကြီးသော်လည်း လူကုံထံတဦး ဖြစ်လေရကား ပိုးအင်္ကျီ အနက်ကြီးဝတ်လျက် ရွှေရိုးစွပ်တုတ်ကြီးကိုကိုင်ကာ ဝင်လာလေသည်။ သူ့နောက်ပိတ် ဖိနပ်များမှာ လည်း တောက်ပြောင်လျက်ရှိသည်။ မျက်နှာမှာ လေးထောင့်သဏ္ဍာန်ရှိ၍ မျက်ခုံးမွေးထူထူ ဖြစ်လေရာ အတော်ပင် ခံ့ညားသည်ဟု ဆိုရပေမည်။ မျက်နှာခံ့ညားသော်လည်း အစဉ်ပင် ပြုံးနေ တတ်ဟန်ရှိသဖြင့် သူ့ကိုမြင်လျှင် ကြောက်လန့်ရွံ့စိုးစရာအကြောင်း မပေါ်ပေါက်ချေ။ သူ့အပြုံးမှာ ဖီဘီကဲ့သို့ လူ့အကြောင်း သူ့အကြောင်း ကောင်းစွာမသိရှာသော သူငယ်မလေးအဖို့ ကြင်နာဖော်ရွေ သော လက္ခဏာကို ပြသည်ဟု တွက်ဆနိုင်သော်လည်း

လူကဲခတ်ကောင်းသူတို့အဖို့ သူ့မျက်နှာ ပေါ်တွင် လွှမ်းလျက်ရှိသော အပြုံးကြီးမှာ သူ့ဖိနပ် အရောင်ကဲ့သို့ အပေါ်ယံတောက်ပြောင်ခြင်းမျှသာ ဖြစ်သည်။ အတွင်းသဘော ရက်စက်တင်းမာလှကြောင်း ကောင်းစွာ သိရှိနိုင်ကြပေလိမ့်မည်။

သူသည် ဆိုင်ခန်းထဲသို့ဝင်စက ဖီဘီကဲ့သို့ လှပဖျတ်လတ်သော သူငယ်မလေးတယောက်ကို တွေ့ရမည်ဟု မထင်ခဲ့သော်လည်း ယခု မမျှော်လင့်ဘဲ တွေ့ရသဖြင့် သူ့မျက်နှာမှာ နဂိုကထက် အဆပေါင်းများစွာ ကြည်လင်လာလေသည်။ ပထမ၌ အရုပ်ရှည်ရှည် အရုပ်ဆိုးဆိုး ဟက်ဇီဘာ ဆိုသော မိန်းမကြီးကို ကြုံတွေ့ရမည်ဟု ထင်မှတ်နေရာမှ ဖြူဖြူစင်စင် ကြည်လင်ရွှင်လန်းသည့် ချစ်စရာကောင်းလှသော မိန်းမပျိုလေးတယောက်နှင့် ပက်ပင်းပါ တွေ့ရသဖြင့် အံ့အားသင့်ကာ တချက်မျှ မျက်မှောင်ကုတ်ပြီးနောက် ချက်ချင်းပင် မျက်နှာကြီးမှာ ပြုံးချိုချို ဖြစ်လာလေတော့သည်။

"ဩော် … ဒီလိုကိုး၊ ကျုပ်က ဟက်ဇီဘာကိုယ်တိုင် ဆိုင်ရောင်းနေတယ်လို့ အောက်မေ့တာ၊ အခုတော့ တူမကြီးက ရောင်းနေသကိုး၊ တူမကြီးက သူ့ဆိုင်ထိုင်စာရေးမကလေးလား"

"ကျွန်မကတော့ သူ့ကိုကူညီပြီး ရောင်းပေးနေတာပါပဲ၊ တကယ်တော့ ကျွန်မဟာ သူ့ဆွေမျိုးပါ၊ တောကအလည်ရောက်လာတာနဲ့ ဒီမှာ ခဏနေရင်း ဆိုင်ကူပြီး ရောင်းပေးတာပါ"

"သူ့ဆွေမျိုး… တောက ဟင်… ဒီလိုဆိုရင် ဦးကြီးနဲ့ တူမလေးတို့ ဆွေမျိုးတော်နေကြတာပေါ့၊ နေစမ်းပါဦး… တူမလေးနာမည်က ဘယ်သူပါလိမ့် … မေရီလား၊ ဒေါ်လီလား၊ ဖီဘီလား.. ဩော်.. ဩော်.. အခုမှပဲ သတိရတော့တယ်၊ ဖီဘီပဲ မဟုတ်လား၊ လက်စသတ်တော့ တူမလေးဟာ ကျုပ်နဲ့ ညီအစ်ကိုဝမ်းကွဲတော်တဲ့… အာသာရဲ့သမီး ဖီဘီပေါ့၊ ဟုတ်လား..။ သေသေချာချာ ကြည့်မှပဲ အာသာနဲ့ တူမလေး ပါးစပ်နေပုံချင်းတူတာကို တွေ့ရသကိုး။ ဒါဖြင့်ရင် ငါ့တူမ သေသေချာချာ မှတ်ထား။ ဦးကြီးဟာ တူမကြီးရဲ့အဖေနဲ့ ညီအစ်ကို တော်တယ်၊ တရားသူကြီး ပင်းချွန်းဆိုတာ တူမလေး မကြားဖူးဘူးလား"

"ဟုတ်ကဲ့… ကြားဖူးပါတယ်…" ဟုဆိုကာ ဖီဘီက ဦးညွှတ်၍ နှုတ်ဆက်လိုက်လေရာ တရားသူကြီးက ရှေ့သို့တိုး၍ ဖီဘီအား ဆွေမျိုးချင်းနှုတ်ဆက်သည့်နည်းအတိုင်း ပါးကလေးကို နမ်းမည်အပြုတွင် ဖီဘီက လန့်၍ နောက်သို့ ဆုတ်လိုက်သဖြင့် တရားသူကြီးမှာ ကော၍ သွားလေတော့သည်။ ယင်းသို့ ကောသွားရသောကြောင့် တရားသူကြီးမှာ မျက်ထောင့်နီကြီးနှင့် ဖီဘီအား စားတော့မလို ဝါးတော့မလို စိုက်ကြည့်နေလေသည်။ ယခင်က တမျက်နှာလုံး တောက်ပြောင်နေစေသည့် အပြုံးကြီးမှာ ရုတ်တရက် ပျောက်သွားလေတော့သည်။

ဖီဘီလည်း မျက်လွှာ တချက်လှန်၍ ကြည့်လိုက်ရာတွင် တရားသူကြီး၏ မျက်နှာမှာ ပုံတူရေးဆရာ ဟောဂရေ့ပြလိုက်သည့် ပင်းချွန်းအနွယ်တဦး၏ ရုပ်ပုံကို ပြေး၍သတိရ လေတော့သည်။ နတ်ရုပ် ဆောင်လျက်ရှိသော အပြုံးကြီး ပျောက်သွားသည်နှင့် တပြိုင်နက် နဂိုဘီလူးရုပ်ပေါ်နေသည်ကို လူအကြောင်း သူအကြောင်း ကောင်းစွာမသိလှသည့် တောသူမကလေး ဖီဘီပင်လျှင် ထင်လင်းစွာ တွေ့မြင်ရလေတော့သည်။

ဖီဘီခမျာမှာ ထိုဒေါသရုပ်ကြီးကို မြင်လိုက်ရသောအခါ ထိတ်လန့်သွားပြီးလျှင် "အလို ... ဘုရားရေ၊ ငါဘယ့်နှယ်လုပ်ရပ။ သူ့ကြည့်ရတာ ကြောက်စရာကြီးပဲ၊ ငါကလည်း .. ငါပါပဲ၊ သူဟာ ငါ့ဆွေမျိုး ပဲဟာ၊ အနမ်းခံလိုက်ရင် ပြီးရောပေါ့" ဟု စိတ်ထဲတွင် သူ့ကိုယ်သူ ကြိမ်းမောင်းနေမိလေသည်။

ယင်းသို့ အံ့အားသင့်ကာနေခိုက်၌ပင်လျှင် ယခင်က အပြုံးကြီးသည် မျက်ခုံးနှစ်ခုကြားမှ တဖြည်းဖြည်း ပြန်၍ ပေါ်လာပြီးလျှင် မျက်နှာကြီးတခုလုံးကိုခြုံကာ ယခင်ကကဲ့သို့ပင် မျက်နှာကြီး မှာ ကြည်လင် တောက်ပြောင်လာစေတော့သည်။ တရားသူကြီးက ပြုံးလျက် "ငါ့တူမကြီး သိပ်လိမ္မာတာပဲ။ မိန်းကလေးဆိုတာ ဒီလိုမှပေါ့ကွဲ့။ အရမ်းမဲ့ အနမ်းခံရတာမျိုး မဟုတ်ဘူး။ ဒီလို ထိန်းသိမ်းတတ်မှ မိန်းမလိမ္မာကလေးတယောက် ဖြစ်နိုင်လိမ့်မယ်" ဟု ဆိုလေသည်။

"ကျွန်မ ဒီလိုပြုမိတာ သည်းခံပါရှင်။ ရိုင်းစိုင်းတာတော့ မဟုတ်ပါဘူး"

ဖီဘီသည် တရားသူကြီးအား စေ့စေ့ကြည့်ရင်း ခုနစ်ဆောင်ပြိုင်အိမ်ကြီး ဧည့်ခန်းတွင် ချိတ်ဆွဲထားသော ကာနယ်ပင်းချွန်း၏ ပုံကို သတိရကာ ကာနယ်ပင်းချွန်းနှင့် တရားသူကြီးတို့ ရုပ်ရည်လက္ခဏာချင်း အတော်ပင်တူကြောင်း သိရှိလာပြီး တူသည့် အကြောင်းအချက်များကို စိတ်ထဲတွင် စာရင်းချလျက် ရှိလေသည်။

ဖီဘီ၏ စာရင်းမှာကား ပြည့်စုံလှမည် မဟုတ်ချေ။ စင်စစ်သော်ကား ကာနယ်ကြီးမှာ တရားသူကြီးနှင့် ရုပ်ရည်ချင်းသာ တူသည်မဟုတ်၊ စိတ်နေစိတ်ထား၊ အပြုအမူ၊ အဖြစ်အပျက် တို့၌လည်း အတော်ပင် တူလှပေသည်။ သူတို့နှစ်ဦး လူဖြစ်သည့်ခေတ်ချင်းမှာ အတော်ပင် ကွာလှမ်း သော်လည်း သူတို့၏တူညီချက်မှာ အံ့ဖွယ်ကောင်းလှအောင် များလှပေသည်။ နှစ်ဦးလုံးပင် ကိုယ်ခန္ဓာ ကြီးမားထွားကျိုင်း၍ နီမြန်းသောအသားရှိကြသည်။ နှစ်ဦးလုံးပင်လျှင် ကိုယ်ကာယ အင်အားဖြင့် ကြီးမားသော်ငြားလည်း ဖျတ်လတ်လျင်မြန် ပေါ့ပါးကြပေသည်။ ပညာအရည်အချင်း အားဖြင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တသော်လည်းကောင်း တရားသူကြီးမှာ သူ့အဘိုး ကာနယ်ကြီးနှင့်

အတော်ပင် တူလေသည်။ နှစ်ဦးလုံးပင် ဘုရားတရား အကြည်ညိုသန်ကြပြီး သတ္တိဗျတ္တိ ရှိကြ၏။ သို့ရာတွင် ငွေကြေးခနေ မက်မောရာ၌လည်း ဟန်အမူအရာအားဖြင့် ကွာခြားသော် လည်း သဘောရင်း၌ အတော်ပင် တူကြလေသည်။ တရားသူကြီးမှာ အခြွေအရံတို့အား ရက်ရောစွာ ကျွေးမွေးပေးကမ်းခြင်း ပြုသော်လည်း ငွေကြေးခနေ ရရှိရေးနှင့် ပတ်သက်လာလျှင် မည်သူ့ကိုမျှ ထောက်ထားခြင်း မပြုဘဲ စင်ကြယ်သည်ဖြစ်စေ၊ မစင်ကြယ်သည်ဖြစ်စေ အရအမိ ယူတတ်လေ သည်။ ကာနယ်ကြီးမှာ မယားသုံးဆက်လဲခဲ့သော်လည်း တရားသူကြီးခမျာမှာ မယားတယောက် သေပြီးကတည်းက ထပ်မံ၍ အိမ်ထောင်မပြုရှာချေ။ ကာနယ်ကြီးမှာ မယားအပေါ်တွင် ရက်စက်လှ သဖြင့် မယားတယောက်ပြီးတယောက် ရေတိမ်တွင် နစ်ခဲ့ကြရလေသည်။ တရားသူကြီး၏ဇနီးမှာ သုံးနှစ်မျှ ပေါင်းသင်းပြီးမှ ကွယ်လွန်ရှာသည်။ အချို့ကပြောသည်မှာ တရားသူကြီးက အိမ်ထောင် ကျစကတည်းက ရက်စက်စွာ ပြုမူသောကြောင့် သူ့ဇနီးခမျာမှာ အိမ်ထောင်ဦး ခရီးထွက်ပြီး ပြန်အလာကတည်းက ကောင်းစွာ မမာမကျန်းဖြစ်ကာ နောက်ဆုံး၌ ကွယ်လွန်ရရှာသည်ဟူ၏။

အထက်ပါ ဖော်ပြချက်များကို တောသူမလေး ဖီဘီမှာ သေချာစွာ မသိမြင်သော်ငြားလည်း တရားသူကြီး၏ ရက်စက်ပုံကိုမူကား အတော်အတန်ပင် ရိပ်မိသွားလေသည်။ ယင်းသို့ ကာနယ်ကြီး နှင့် တရားသူကြီးတို့ တူသည့်အချက်တွင် သူတပါးအဖို့၌ အရေးမကြီးဟု ဆိုနိုင်သော်ငြားလည်း ဖီဘီအဖို့ အတော်ပင် အရေးကြီးသည့်အချက်တခုကား တရားသူကြီးမှာ စကားပြောတိုင်း လည်ချောင်းမှ ချွဲသံလိုလိုအသံတခု ထွက်ပေါ်လာစေခြင်းပင်ဖြစ်သည်။ ထိုချွဲသံလိုလို အသံမှာ စင်စစ်အားဖြင့် တရားသူကြီး၌ ထိပ်ခတ်နာစွဲ၍ ထွက်ပေါ်သောအသံ ဖြစ်ပေသည်။ သို့ရာတွင် ဟက်ဇီဘာက ပြောထားသဖြင့် ကာနယ်ကြီးလက်ထက်က မက်သယူးမောကျိန်စာကို သတိရလျက် ရှိသော ဖီဘီအဖို့ကား သွေးသောက်သော လည်ချောင်းသံ ဖြစ်နေသဖြင့် အတော်ပင် ထိတ်လန့်နေ ရှာသည်။

ဖီဘီ မျက်နှာပျက်နေသည်ကို မြင်သောအခါ တရားသူကြီးက “ငါ့တူမ ဘာဖြစ်နေတာလဲ။ ဘာများ ကြောက်နေရတာလဲ” ဟု မေးလေ သည်။

“ကျွန်မ မကြောက်ပါဘူးရှင်၊ သြော် … ဒါနဲ့ ဟက်ဇီဘာနဲ့ တွေ့ချင်ရင် ကျွန်မ သွားခေါ်ပေးပါ့မယ်”

“ခဏနေစမ်းပါဦးကွယ်..။ တူမကြီးကြည့်ရတာ သွေးလန့်နေပုံရတယ်။ မြို့ထဲမှာနေရတာ အသက်ရှူ ကျပ်လို့လား။ ဒါမှမဟုတ်ရင်လည်း ဟက်ဇီဘာတို့လူစု ဘာများ ဖြစ်ကြလို့လဲ။ အိမ်မှာ ညှော်သည် ရောက်နေလို့လား။ ရောက်နေတဲ့ညှော်သည်ဟာ ကြောက်စရာများ ဖြစ်နေလို့လား”

“ရောက်နေတဲ့ ဧည့်သည်က ကြောက်စရာမဟုတ်ပါဘူးရှင်။ အင်မတန် သဘောကောင်းရှာပါတယ်..။ ဦးကြီးလည်း သိမှာပေါ့။ ဟက်ဇီဘာရဲ့ မောင်တယောက် ရောက်နေတယ်။ သူ့ခမျာ စိတ်နှံ့ပုံမရဘူး၊ ဒါပေမဲ့ ... ခပ်အေးအေး ခပ်နုံနုံမို့ ကြောက်စရာတော့ မရှိပါဘူးရှင်”

“ဩော် ... ကလစ်ဖို့ ရောက်နေသလား... ကလစ်ဖို့နဲ့ ဦးကြီးနဲ့ ကျောင်းနေဖက်ပေါ့... အင်မတန် ခင်ကြတာပဲ၊ စိတ်မနှံ့ဘူးလို့ တူမကြီးကပြောတော့ ကျုပ်အံ့ဩမိတယ်၊ ကလစ်ဖို့မှာ ပညာ အရည်အချင်း အတော်အရှိသားပဲ၊ သူမိုက်မှားမိတာတွေကို ပြန်ပြီး နောင်တရလောက်ရောပေါ့”

“သူနောင်တရအောင် ဘယ်လိုအပြစ်ကြီးများ လုပ်ထားလို့လဲရှင် ကျွန်မသိရသလောက်ဖြင့် သူ့ခမျာမှာ အပြစ်ကင်းရှာပါတယ်”

ယင်းသို့ပြောလိုက်သည်တွင် တရားသူကြီးက ဖီဘီအား သနားသော မျက်နှာထားမျိုးဖြင့် “ငါ့တူမက ကလစ်ဖို့ပင်းချွန်းအကြောင်းကို မသိရှာဘဲကိုး ... အင်း ... အင်း ... မသိတာပဲ ကောင်းတယ်၊ အမျိုး အရိုးဂုဏ်ထိခိုက်မယ့် အကြောင်းမို့ တူမကြီးအဖေက ... မပြောဘဲ နေတာနဲ့ ... တူပါတယ်လေ၊ ကောင်းပါတယ်၊ သတ္တဝါအများအပေါ်မှာ ကရုဏာထားတတ်တာဟာ ကောင်းတာပေါ့၊ ခရစ်ယာန် သာသနာဝင်တယောက် ပီသပါပေတယ်၊ သူတပါးအပြစ်ကို မြင်တတ်တာ၊ သူတပါးကို ဝေဖန်တတ် တာဟာ တကယ်ဆိုတော့ ခရစ်ယာန်မပီသတဲ့ အလုပ်တွေပေါ့ကွယ်။ ဩော် .... ဒါနဲ့ ကလစ်ဖို့ ဧည့်ခန်းထဲမှာ ရှိသလား၊ ဦးကြီး ဝင်ပြီးကြည့်ဦးမယ်နော်...” ဟု ဆိုလိုက်ရာ ဖီဘီမှာ ထိတ်ထိတ် ပျာပျာနှင့် “တဆိတ်လောက် သည်းခံပါဦးရှင်၊ ကျွန်မ ဟက်ဇီဘာကို သွားပြောလိုက်ပါရစေဦး၊ ကလစ်ဖို့ အိပ်နေတယ်၊ သူ့ကို ချက်ချင်းနှိုးလို့ တော်မယ်မဟုတ်ဘူး” ဟုဆိုကာ တားဆီးသော်လည်း တရားသူကြီးမှာ ဟက်ဇီဘာကို ကြိုတင်၍ သတိမပေးဘဲ အိမ်ခန်းထဲသို့ အတင်းဝင်မည်အပြုတွင် ဟက်ဇီဘာ ထွက်လာသဖြင့် တန့်သွားလေသည်။

ဟက်ဇီဘာသည် သူ့ကိုမြင်လျှင် နဂိုထက်ပင်ပို၍ဆိုးသော မျက်မှောင်ကုတ်ခြင်းဖြင့် သူ့အား စိုက်ကြည့်နေပြီးလျှင် လက်ဖြင့်ယမ်းကာ တရားသူကြီးကို တားဆီးလေသည်။

တရားသူကြီးကမူ ယခင်ထက်ပိုမို၍ ရွှန်းစိုသော မျက်နှာထားဖြင့် “ငါ့နှမ ဟက်ဇီဘာရယ်။ ငါဖြင့် သိပ်ဝမ်းသာတာပဲကွယ်...။ အခုတော့ ငါ့နှမမှာ အားကိုးစရာ မောင်တယောက် ပြန်ရောက်လာပြီကိုး။ ငါလည်းပဲ သူပြန်လာပြီကြားလို့ ချက်ချင်းလာခဲ့တာပဲ။ သူစိတ်ချမ်းသာ လက်ချမ်းသာဖြစ်အောင် တတ်အားသမျှ ကူညီမလို့ လာတာပါ။ တို့ ဆွေမျိုးချင်းချင်း ကူညီရိုင်းပင်းမှ ကောင်းလိမ့်မပေါ့။

မင်းတို့နှစ်ယောက်စလုံး ငါ့အိမ်လာပြီး နေကြပါ။ သူစိတ်ချမ်းသာအောင် သူလိုသမျှ ဘာမဆို ပေးဖို့ အသင့်ပဲ၊ ငါလည်း သိပါတယ်ကွယ်။ သူဟာ စာပေနဲ့ အနုပညာမှာ အတော်စိတ်ဝင်စားလေတော့ ငါ့အိမ်မှာ လိုသမျှပစ္စည်းတွေ ရနိုင်ပါတယ်။ စားချင်သောက်ချင်တာတွေကိုလည်း အားရပါးရ စားနိုင် ပါတယ်။ သူ့အခုလို ပြန်ရောက်လာတာ ငါသိပ်ဝမ်းသာတာပဲကွယ်။ အခု သူဘယ်မှာလဲ၊ ဧည့်ခန်းထဲမှာလား။ ငါဝင်ကြည့်လိုက်ဦးမယ်နော်” ဟုဆိုကာ ဟက်ဇီဘာကိုကျော်၍ အခန်းထဲသို့ ဝင်မည် အပြုတွင် ဟက်ဇီ ဘာက အခန်းတံခါးဝ၌ ကာရပ်ကာ “သူဧည့်သည်တွေကို လက်ခံပြီး မတွေ့နိုင် သေးဘူး” ဟု တိုတိုတောင်းတောင်း ပြောလိုက်လေသည်။ “ဟင်... ငါက ဧည့်သည်မှ မဟုတ်ဘဲ ကွယ်၊ ဆွေမျိုးချင်းပဲ မဟုတ်လား၊ ငါ့ကို ဧည့်သည်လို့ဆိုရင် မှားတော့မပေါ့။ ငါအခုနကပြောသလို သူလည်း စိတ်ချမ်းသာအောင် ငါ့ဆီလာပြီး နေကြပါလားကွယ်”

ယင်းသို့ တရားသူကြီးက ရင်းနှီးစွာ ဖိတ်ခေါ်သံကို ကြားရသောအခါ တောသူကလေး ဖီဘီမှာ တရားသူကြီးအပေါ်တွင် မေတ္တာပိုကဲလာကာ ယခင်က သူ့အနမ်းကို ကြောက်၍ နောက်သို့ တွန့်ခဲ့သည်ကို အတိုးနှင့် ပြန်ပေးသကဲ့သို့ ပြေး၍ဖက်ကာ နမ်းလိုက်ချင်တော့သည်၊ ယင်းသို့ ဖီဘီအဖို့ တရားသူကြီး၏ ဖော်ရွေသောစကားတို့မှာ မေတ္တာပွားစရာ ဖြစ်သည်နှင့်အမျှ ဟက်ဇီဘာ အဖို့ကား ရှာလကာရည်ကို နေလှန်းလိုက်သကဲ့သို့ ပို၍ချဉ်စရာ ဖြစ်သွားလေတော့သည်။

“ကလစ်ဖို့မှာ နေစရာအိမ်ရှိပါတယ်။ ခေါ်နေစရာ မလိုပါဘူး” ဟု ပြတ်ပြတ်တောင်းတောင်း ပြောလိုက်လေသည်။

ထိုအခါ တရားသူကြီးက အံ့အားသင့်သော အမူအရာဖြင့် “ဟက်ဇီဘာတို့ကလည်းကွယ် ... ပြီးခဲ့တာ ပြီးပါစေတော့လို့ သဘောထားမှပေါ့။ အခု ငါက စေတနာနဲ့ ဖိတ်ခေါ်နေတာကို ငြင်းဖို့ မသင့်ပါဘူး ကွယ်။ တကယ်ဆိုတော့ ငါက ဆွေမျိုးတွေအပေါ်မှာ စေတနာ အင်မတန်ထားပါတယ်ကွယ်...။ ကလစ်ဖို့ကို ဒီအိမ်အိုကြီးမှာထားရင် မှားတော့မပေါ့။ ငါ့အိမ်မှာဆိုတော့ တောပိုင်းကျလို့ လေကောင်း လေသန့် ရတယ်။ သူ ကျန်းကျန်းမာမာ ဖြစ်လာနိုင်တယ်ကွဲ့။ အတွေးမမှားပါနဲ့ ငါ့နှမရယ်” ဟု ရင်းနှီးဖော်ရွေစွာ ပြောလိုက်သော်လည်း ဟက်ဇီဘာအဖို့ကား တရွေးမျှပင် ပျော့ပျောင်းလာခြင်း မရှိဘဲ “ကလစ်ဖို့ဟာ ရှင့်အိမ်နဲ့ မတော်ပါဘူး” ဟု ယခင်ကကဲ့သို့ပင် ပြတ်ပြတ်တောင်းတောင်း ပြောလိုက်ပြန်လေသည်။

နတ်ရုပ်ဆောင်လျက်ရှိသော အပြုံးကြီးလည်း ပျောက်သွားပေပြီ။ နဂို ဘီလူးရုပ်ပေါ်လာကာ ဒေါသဖြင့် ဟက်ဇီဘာအား “ဟေ့ နင်ဘယ်လို ပြောလိုက်တာလဲ။ နင် အခုလို အာခံတာဟာ အားကိုးများကို ရှိလို့လား။ ကြည့်နေ၊ ကြည့်နေ နင်တို့ဒုက္ခရောက်လိမ့်ဦးမယ် သိလား။ ကလစ်ဖို့ ဒုက္ခပြန်ရောက်ဦးမှာကို

ငါမြင်နေသေးတော့ ဖယ်စမ်း ငါသူ့ကို သွားတွေ့ဦးမယ်” ဟုဆိုကာ အခန်းထဲသို့ အတင်းဝင်မည်အပြုတွင် ဟက်ဇီဘာမှာ မျက်နှာထား ပိုမိုတင်းမာခက်ထန်လာပြီး နောက် အခန်းတံခါးဝတွင် ခြေကား၍ လက်ဆန့်ကာရပ်ပြီးလျှင် တားထားလေသည်။

ထိုအခိုက် အခန်းထဲမှ “ဟက်ဇီဘာရယ်။ သူ့ကို ရှိခိုးပြီး တောင်းပန်လိုက်စမ်းပါ။ အထဲကို မဝင်ခဲ့ပါနဲ့ လို့။ ကျွန်တော့်ကို သနားပါလို့ တောင်းပန်လိုက်စမ်းပါဗျာ” ဟု ကလစ်ဖို့က လှမ်း၍အော်လိုက်သဖြင့် တရားသူကြီးမှာ တန့်၍ သွားပြန်တော့သည်။

ယင်းသို့ ကလစ်ဖို့ထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသောကြောင့် အံ့အားသင့်၍ ငေးနေရာမှ နတ်ရုပ်ယောင်ဆောင်သည့် အပြုံးကြီး ပြန်ရောက်လာကာ သူ့မျက်နှာမှာ ရွှန်းရွှန်းစိုစို ဖြစ်လာပြီး လျှင် “ငါ့နှမကလည်းကွယ်၊ ငါ့အပေါ်မှာ ဒီလောက်ပဲ အထင်မှားရသလား။ ငါက စေတနာ မေတ္တာနဲ့ပါ။ ကလစ်ဖို့အကျိုးကို လိုလားလို့၊ မတွေ့ရတာ ကြာတာနဲ့ တွေ့ချင်လွန်းလို့ပါ။ သူ့ကို ငါ ညီအရင်းလို သဘောထားပြီး ပြုစုမယ်လို့ အမြဲပဲ စိတ်မှာရှိပါတယ်။ တနေ့တနေ့ကျတော့ မင်းတို့ ငါ့စေတနာကို သိကြမှာပေါ့” ဟုဆိုကာ ဟက်ဇီဘာကို တချက်ဦးညွှတ်ပြီးလျှင် ဖီဘီအား ဖော်ရွေသော အမူအရာဖြင့် တချက်မျှ ပြုံးလိုက်ပြီး လမ်းမပေါ်သို့ ထွက်သွားလေသည်။

သူထွက်သွားပြီးနောက် ဟက်ဇီဘာ သွေးလုံးလုံး မရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားပြီးလျှင် ဖီဘီထံသို့ ယိုင်တိယိုင်တိုင်နှင့်သွားကာ ဖီဘီ၏ပခုံးပေါ်တွင် ခေါင်းမှီ၍ နေရှာလေသည်။ “အို … ဖီဘီရယ်၊ ဒီလူကြီးကို ငါအကြောက်ဆုံးပဲကွယ်” ဟု ဆိုလေသည်။

“ဒီလူကြီး ဒီလောက်ပဲ ဆိုးသလား ဒေါ်ဒေါ်ရယ်။ သူပြောတဲ့စကားတွေက စေတနာ မေတ္တာနဲ့ချည်း ပါလား”

“သူ့အကြောင်း… မပြောပါနဲ့တော့ကွယ်…။ အင်မတန် ရက်စက်တဲ့လူပါ။ ကဲ… ကဲ… ကလစ်ဖို့ဆီ သွားပြီး စကားပြောချေဦး။ သူ့စိတ်ငြိမ်အောင် သွားပြီး ချော့ချော့မော့မော့ လုပ်လိုက်စမ်းပါကွယ်။ ငါ့ကို သူမြင်သွားရင် သူ့စိတ်ထိခိုက်မှာစိုးလို့ပါ။ ငါ ဆိုင်သွားရောင်းနေချေပါ့မယ်ကွယ်”

ဖီဘီလည်း ဟက်ဇီဘာခိုင်းသည့်အတိုင်း ကလစ်ဖို့ထံသို့ ထွက်သွားလေသည်။ သို့သွားစဉ်တွင် တရားသူကြီးပင်းချွန်း၏အကြောင်းကို စဉ်းစား၍ နားမလည်နိုင်အောင် ဖြစ်နေရှာသည်။ သူကဲ့သို့ တောသူမလေးမှာ တရားသူကြီးများ၊ ဘုန်းတော်ကြီးများ စသည့် အဓိကရပုဂ္ဂိုလ်များကို အထင်ကြီးခဲ့လေသည်။ တရားသူကြီးအား စိတ်ထဲက ကြောက်သလို ရွံ့သလို

ဖြစ်သော်လည်း ဂုဏ်ကြီးရှင်တဦးဖြစ်သဖြင့် အစစ အရာရာတွင် သူ့ဂုဏ်နှင့် ကိုက်ညီအောင် ဆောင်ရွက်လိမ့်မည်ဟု ထင်မိခဲ့လေသည်။ ဟက်ဇီဘာက တရားသူကြီးအပေါ်တွင်ထားသော စိတ်ကို သူ ကောင်းစွာ မကျေနပ်ချေ။ ဆွေမျိုးချင်းမတည့်၍သာ ထိုစိတ်မျိုးထားသည်ဟု သူထင်မိလေသည်။

[၉] ကလစ်ဖို့နှင့် ဖီဘီ

ဟက်ဇီဘာမှာ မည်သူက မည်သို့ပင်ပြောစေကာမူ ယုတ်မာသောသဘော ကင်းလှပေသည်။ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ လူသူမနီး နေခဲ့ရသောကြောင့် အပေါင်းအသင်း မဆုံသဖြင့် လူအများက သူ့အား အပြစ်တင် ပြောဆိုကြသော်လည်း သူ့ခမျာမှာ သူတကာပြောသကဲ့သို့ ရက်စက်သော စိတ်ထားမျိုး မရှိပေ။ သူ့မောင် ကလစ်ဖို့အပေါ်တွင် သံယောဇဉ် ကြီးလေရကား သူ့အဖို့ တကမ္ဘာလုံး၌ပင် အထူးလိုအပ် တောင့်တအပ်လှသည့် ဥစ္စာမှာ ကလစ်ဖို့၏ မေတ္တာပင် ဖြစ်ပေသည်။ နဂို မျက်နှာထားဆိုးကြီးနှင့် အရုပ်အမောင်း မြင့်မားကာ အချိုးအဆက် မညီညွတ် မကျနသည့် ဟက်ဇီဘာမှာ သူ့မောင် ကလစ်ဖို့၏ ကိုယ်ချမ်းသာ စိတ်ချမ်းသာမှုကို မိမိ မည်မျှပင် နစ်နာသည် ဖြစ်စေကာမူ ဆောင်ရွက်ပေးရန် အသင့်ရှိပေသည်။ ကလစ်ဖို့မှာ တကမ္ဘာလုံးက အပစ်ပယ်ခံရသော အတိတ်ရာဇဝင်ဆိုးကြီးနှင့် ပုဂ္ဂိုလ်တဦး ဖြစ်သော်လည်း ဟက်ဇီဘာမှာ မောင်အရင်းဖြစ်သဖြင့် ကရုဏာမကင်းဘဲ ကမ္ဘာက ပစ်ပယ်သူက ဒိုင်ခံကာ မေတ္တာမိုး သွန်းဖြိုးလျက် ရှိပေသည်။

ယင်းသို့ ကလစ်ဖို့ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုကို မိမိကိုယ်ကျိုးထက်ပင် ဆောင်ရွက်ရန် စိတ်ထက်သန်လျက်ရှိသော်လည်း ကလစ်ဖို့မှာ သူ့ကို ကြည့်၍ မရလောက်အောင် ဖြစ်နေရှာသည်။ သူ၏ ထောင်ပါးပါး အရုပ်အမောင်း မနှစ်မြို့ဖွယ်ရာ မျက်မှောင်ကုတ်ခြင်း စသည့် အချက်တို့ထက် ဆံပင်ကိုပတ်၍ ခေါင်းပေါင်းကြီး ပေါင်းထားသည်ကို ပိုမို၍ ကြည့်မရအောင် ဖြစ်မိလေသည်။ သူ့ခမျာမှာ ကလစ်ဖို့ စိတ်ချမ်းသာမှု ရစေရန် ထိုခေတ်က လူကြိုက်များသော ဝတ္ထုစာအုပ်ကြီးများကို ထုတ်၍ ဖတ်ပြလေသည်။ အသံက သာယာခြင်း မရှိဘဲနေသည့်အထဲ၌ တခါတခါ နားမချမ်းသာ ဖွယ်ရာ ကြို့ထိုးလိုက်ပြန်သေးသဖြင့် ကလစ်ဖို့မှာ သူစာဖတ်ပြသံကြောင့် စိတ်ချမ်းသာမှု မရရုံသာမက ပိုမို ၍ပင် စိတ်ဆင်းရဲရှာသည်။

ယင်းသို့ စာဖတ်ပြ၍ စိတ်ချမ်းသာမှု မရနိုင်ကြောင်း သိလိုက်သောအခါ စောင်းတီး၍ ဖျော်ဖြေမည်ဟု အကြံရမိပြန်သည်။ ဟက်ဇီဘာသည် ဧည့်ခန်းထဲ၌ထားသော အယ်လစ်ပင်းချွန်း၏ စောင်းကြီးကို တီး၍ သူ့မောင်အား ဖျော်ဖြေမည် ကြံစည်မိသော်လည်း ထိုစောင်းကြီး၏ပိုင်ရှင် အယ်လစ်၏ ဝိညာဉ်မှာ စောင်းကြီး၌ အမြဲပင်ရှိနေသည်ဟု ယူဆကြသဖြင့် မည်သူမျှ စောင်းကို မထိရဲကြသော ကြောင့် ဟက်ဇီဘာခမျာမှာလည်း ထိုစောင်းကြီးနှင့် သူ့မောင်အား ဖျော်ဖြေမည့်အကြံကို ဖျက်သိမ်း လိုက်ရလေသည်။ ယင်းသို့ ကလစ်ဖို့အပေါ်တွင်

မည်မျှကြီးမားသော မေတ္တာထားရှိစေကာမူလည်း သူ့ခမျာမှာ ကလစ်ဖို့အား စိတ်ချမ်းသာမှု မပေးနိုင်ရှာသဖြင့် ဖီဘီအား ထိုတာဝန်ကို လွှဲလိုက်ရပေ တော့သည်။ ဖီဘီအဖို့ကား ဟက်ဇီဘာကဲ့သို့ ဧရာမတာဝန်ကြီးဟု သဘောမထားဘဲ လုပ်ရိုးလုပ်စဉ် အလုပ်တခုဟု သဘောထားကာ ပျော်ရွှင်စွာ ကလစ်ဖို့အား ပြုစုနေသည်။

ယင်းသို့အမှတ်မထင် ပြုစုခြင်းသည် ဟက်ဇီဘာပင်ပန်းကြီးစွာ ပြုစုခြင်းထက် များစွာအကျိုးထူး သည်။ ဖီဘီမှာ ငယ်ရွယ်သူဖြစ်၍ ဖျတ်လတ်သည်သာမက ရုပ်ရည်ချောမော၍ မြင်တွေ့သူတို့ စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်သည့် သတ္တိမျိုးရှိရကား စိတ်မနှံ့တနှံ့ ဖြစ်နေရှာသည့် ကလစ်ဖို့အား စိတ်ချမ်းသာမှုကို လွယ်ကူစွာ ပေးနိုင်ပေသည်။ ထိုမျှမကသေး ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ ဖီဘီမရောက်မီက အိုမင်းရင့်ရော်သော အသွင်ဖြင့် ခြောက်ကပ်သောအခြေအနေ၌ ရှိခဲ့ရာ ဖီဘီ ရောက်လာခါမှ အခြေအနေ တိုးတက်ကောင်းမွန် လာပြီးလျှင် အိမ်ကြီး၏ သာယာမှု ကျက်သရေရှိမှု တို့မှာ သိသိသာသာ ပွားများလာပေသည်။ ဖီဘီသည်ကား နှင်းဆီပန်းကလေးနှင့် တူလှပေသည်။ နှင်းဆီနံ့ကလေးမှာ စင်စစ်အားဖြင့် သေးငယ်နွဲ့နှောင်းသော ကလေးမျှသာ ဖြစ်သော်လည်း ကြီးမား သော သေတ္တာကြီးထဲ၌ ထည့်ထားပါမူ သေတ္တာတခုလုံးမှာ နှင်းဆီနံ့ သင်းကြိုင်၍ နေပေမည်။

ကလစ်ဖို့သည် ဖီဘီအား စကားရှည်ရှည်လျားလျား ပြောဆိုခြင်း မရှိသော်လည်း သူ့အနား၌ ဖီဘီ မရှိလျှင် မနေတတ်သလို ဖြစ်နေတော့သည်။ ဖီဘီမရှိသည့်အခါ၌ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ မကျေနပ်သောအမူအရာဖြင့် စိတ်လှုပ်ရှားထကြွနေလေသည်။ သူ့အနီး၌ ဖီဘီ ထိုင်နေသည့်အခါ၌မူကား သူ့စိတ်မှာ ငြိမ်သက်ချမ်းမြေ့နေသည်။ ဖီဘီမှာ အသံသာယာသူဖြစ်ရကား သူ့သီချင်းသံကလေးမှာ ခုနစ်ဆောင်ပြိုင်အိမ်ကြီးအတွင်း၌ မည်သည့်နေရာကပင် ဆိုစေကာမူ နား၏ ချမ်းသာမှုကို ရလေသည်။ တခါတရံ ဖီဘီမှာ ကလစ်ဖို့အနီးမှ ထွက်ခွာ၍ လုပ်စရာ ကိုင်စရာများ လုပ်ကိုင်နေစဉ် သီချင်းသံကလေး တအေးအေးနှင့် နေပါက ကလစ်ဖို့မှာ ကျေနပ်စွာ ငြိမ်သက်၍ ကုလားထိုင်ကြီးတွင် တမှေးမှေးနှင့် အိပ်ပျော်သွားလေ့ရှိသည်။

ဖီဘီဆိုသော သီချင်းများမှာ များသောအားဖြင့် လွမ်းချင်းဖြစ်လေရာ ကလစ်ဖို့မှာ သာယာကြည်အေး သော အသံကလေးဖြင့် ဆိုနေသည့် အလွမ်းချင်းများကို နားထောင်နေရင်း စိတ်ငြိမ်သက်လျက် ရှိလေသည်။ တခါတရံ ဖီဘီက ရယ်စရာသီချင်းကို ဆိုပြန်လျှင်လည်း သူသည် တပြုံးပြုံးနှင့် နေလေသည်။ သို့ရာတွင် သူ့စိတ်ကြိုက်မှာကား လွမ်းချင်းတေးကလေးများပင် ဖြစ်သည်။

ယင်းသို့ ကလစ်ဖို့သည် ဖီဘီ၏ အပြုအစုကိုခံကာ စိတ်ချမ်းသာစွာ နေရသဖြင့် တနေ့တခြား ပိုမို၍ ကျန်းမာလာပြီးလျှင် နုပျို၍လာသည်ဟုပင် ထင်မိတော့သည်။ ဖီဘီမှာ ငယ်ရွယ်သူဖြစ်သည့် အလျောက် ကလစ်ဖို့၏ စိတ်နေစိတ်ထားတို့ကို ကောင်းစွာ အကဲခတ်တတ်သူ မဟုတ်ချေ။ မိမိကို အကြောင်းပြု၍ ကလစ်ဖို့မှာ ကျန်းမာနုပျိုလာသည်ဟုလည်း အမှတ်မပြုမိချေ။ သူ့အဖို့ကား မည်သူ့ကိုပင်ဖြစ်စေ ပျော်ရွှင်စွာ ပြုစုပေးရန် အသင့်ရှိလေသည်။ နဂိုကပင် ဖော်ရွေသူဖြစ်သဖြင့် သူသွားလေရာတွင် အိမ်သားတယောက်ကဲ့သို့ ရင်းနှီးစွာ နေတတ်သဖြင့် သူ့အဖို့ တော၌ပင် နေရသည်ဖြစ်စေ၊ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ပင် နေရသည်ဖြစ်စေ။ မထူးခြားလှချေ။

ကလစ်ဖို့မှာ အချစ်သဘောကို ကောင်းစွာ သိနားလည်သော်လည်း သူ့ဘဝအခြေအနေအရ အချစ်ကို ကိုယ်တွေ့ မသုံးသပ်ရရှာပေ။ ထို့ကြောင့်သူသည် ဖီဘီအပေါ်၌ ဖခင်က သမီးကို ချစ်သကဲ့သို့ အချစ်မျိုးဖြင့် မချစ်တတ်သော်လည်း သူ၏အချစ်မှာ ဖြူစင်လှပေသည်။ ဖီဘီ၏ နီရဲသော နှုတ်ခမ်းကလေးများကို လည်းကောင်း၊ လတ်ဆတ်စင်ကြယ်၍ နူးညံ့သိမ်မွေ့စွာ ကြီးထွား၍လာသော ရင်သားတို့ကိုလည်းကောင်း ကလစ်ဖို့သည် ကြည့်ရှုကာ အပင်၌ တင့်တယ်စွာ ပွင့်ဖူးနေသော ပန်းပွင့်ပန်းဖူးတို့ကို ကြည့်ကာ ကြည်နူးနေသကဲ့သို့ ကြည်နူးနေမိလေသည်။

ဖီဘီက ကလစ်ဖို့အား မည်သို့သဘောထားသည်ကို သိဖို့လိုပေသေးသည်။ ဖီဘီသည် ဒုက္ခကြီးစွာ တွေ့ခဲ့သူတို့အပေါ်တွင် ကရုဏာတရား ရှိသော်လည်း မေတ္တာပိုကဲချင်စိတ်မျိုး မရှိခဲ့ချေ။ ကလစ်ဖို့အား မကျန်းမမာသော ဆွေမျိုးသားချင်းတယောက်ကို ကရုဏာတရား ရှေ့ထား၍ ပြုစုပေးခြင်းမျိုးဖြင့်သာ ပြုစုလျက် ရှိပေသည်။ နဂိုစိတ်ထား ဖြူစင်၍ အချစ်သဘောကို နားလည်ခြင်း လုံးဝကင်းပေသည့် တောသူပျိုကလေးမှာ ဦးလေးအရွယ်ရှိ ကလစ်ဖို့အား ဖြူစင်သော စေတနာဖြင့် ချစ်ခင်ရုံမှအပ မည်သို့မှ တွက်ချက်ယူဆရန်အကြောင်းမျိုး မဖြစ်ပေါ်စေခဲ့ခြင်း ဖြစ်သည်။

နေ့စဉ်နှင့်အမျှ ကလစ်ဖို့မှာ နံနက်စာစားပြီးလျှင် တရေးတမော အိပ်တတ်သဖြင့် ကလစ်ဖို့ အိပ်နေခိုက်တွင် ဖီဘီသည် ဆိုင်ရောင်း၍ ဟက်ဇီဘာက အိပ်မောကျနေသော သူ့မောင်အား ပြုစုလေသည်။ ကလစ်ဖို့ အိပ်မောကျနေသဖြင့် ဟက်ဇီဘာ၏ မနှစ်မြို့ဖွယ်ရာ ရုပ်ပါရုံကို မမြင်တွေ့ရ သဖြင့် ဟက်ဇီဘာမှာ သူ့မောင်အပေါ်တွင်ထားရှိသည့် မေတ္တာနှင့်ကိုက်ညီအောင် ပြုစုနိုင်ပေသည်။ ကလစ်ဖို့ နိုးလာသောအခါ ဟက်ဇီဘာမှာ အလိုက်သိစွာ ရှောင်ခွာသွားပြီးလျှင် ဖီဘီက အစစ အရာရာ ပြုစုရပေသည်။ ထိုအခိုက်၌ကား ဟက်ဇီဘာမှာ ဆိုင်ရောင်းရလေသည်။ ဈေးဝယ်တို့မှာ လည်း သူငယ်မလေး ဆိုင်ရောင်းသည်ကို

ပိုမို နှစ်သက်သဖြင့် ဖိဘီဆိုင်ထိုင်နေခိုက် အရောင်းရ တွင်ကာ ဟက်ဇီဘာ ဆိုင်ထိုင်သောအခါ၌မူကား အရောင်းရ ပါးသွားလေတော့သည်။

[၁၀] ပင်းချွန်းဥယျာဉ်

ကလစ်ဖို့သည် သူ့အလိုအားဖြင့်ဆိုရလျှင် ကုလားထိုင်ပေါ်တွင် တနေကုန်ထိုင်၍ နေချင်သည်။ ဖီဘီက ဥယျာဉ်ထဲသို့ သွား၍ လည်ပတ်ရန် ပြောသောအခါ မငြင်းဆန်ဘဲ ဥယျာဉ်ထဲသို့ ထွက်လေ့ရှိပေသည်။ ဥယျာဉ်မှာလည်း ယခင်ကနှင့် မတူတော့ဘဲ ပန်းချီဆရာ ဟောဂရေ့နှင့် ဘကြီးဗင်းနားတို့ လုံ့လဥဿာဟကြောင့် အတော်ပင် စည်ကား သာယာလာလေသည်။ ဖီဘီသည် ဥယျာဉ်ထဲ၌ ကလစ်ဖို့အား ဝတ္ထုများ ဖတ်ပြလေ့ရှိသည်။ ဟက်ဇီဘာက ဝတ္ထုစာအုပ်များကို ဖတ်ပြသောအခါ ကလစ်ဖို့မှာ ငြီးငွေ့သော်လည်း ယခု ဖီဘီ ဖတ်ပြသောအခါ၌မူကား ကျေနပ်စွာ နားထောင်လေ့ရှိသည်။ ဖီဘီအား သူ့မိတ်ဆွေဟောဂရေ့က ဝတ္ထုစာအုပ်များ ငှားသဖြင့် ဖတ်ပြစရာ ဝတ္ထုမှာ အတော်ပင် ပေါများနေလေသည်။ ကလစ်ဖို့ စိတ်ငြိမ်သက်အောင် ဝတ္ထုဖတ်ပြရာ၌ ကလစ်ဖို့အတွက်သာ အကျိုးထူးသည်မဟုတ်။ ဖီဘီအတွက်လည်း အတော်ပင် အကျိုးထူးလေသည်။ တော၌နေစဉ်က ဝတ္ထုဖတ်ရန် အခွင့်မသာခဲ့သော တောသူမကလေး ဖီဘီမှာ ယခု ဝတ္ထုဖတ်ရသဖြင့် ဝတ္ထုစွဲကာ တခါတရံ လွမ်းခန်းများ၌ မျက်ရည်များပင် ဝဲလာသဖြင့် ကလစ်ဖို့က ဖီဘီ မျက်ရည်ကျသည်ကို မကြည့်ရက်သဖြင့် စာအုပ်ကို အတင်းဆွဲပစ်လိုက်လေသည်။

ကလစ်ဖို့သည် ဖီဘီနှင့် ဥယျာဉ်ထဲ၌ လမ်းလျှောက်ကြစဉ် ပန်းပင်ကလေးများအကြောင်းကို အမြဲပင် မေးလေ့ရှိသည်။ သူသည် အနုပညာ လိုက်စားခဲ့သူဖြစ်ရကား အလှဓာတ်ပုံကို အတော်ပင် ခင်မင်သောကြောင့် ပန်းကလေးများ၏ သင်းပျံ့သောရနံ့၊ လှပသော ပုံသဏ္ဌာန်တို့ကို အမြဲပင် စိတ်ဝင်စားစွာ စုံစမ်းလေ့ရှိသည်။ ပန်းကြိုက်တတ်သည်မှာ မိန်းမနှင့် တူသော်လည်း ကလစ်ဖို့မှာ အနုပညာနှင့် စခန်းဝေးခဲ့ရသည်က ကြာလေ ပြီဖြစ်သဖြင့် ယခုမှ ဖီဘီကို အကြောင်းပြု၍ ပန်းပင်ကလေးများ၏ ရူပါရုံအရသာ၊ ဂန္ဓာရုံအရသာများကို ခံယူကာ မိမိ၏ ကြေကွဲပျက်စီးနေသော အဖြစ်ကို ပြန်၍ အဖတ်ဆယ်နေရလေတော့သည်။

ဥယျာဉ်ထဲ၌ သစ်ပင်များစွာတို့တွင် ပျားအုံများ ရှိလေရာ ပျားများ၏ လုံ့လဝီရိယကိုကြည့်ကာ စိတ်ကျေနပ်၍ နေရှာသော ကလစ်ဖို့အား ဟောဂရေ့နှင့် ဘကြီးဗင်းနားတို့ ပြုပြင်စိုက်ပျိုးထားသော စပျစ်ပင်များကို ပြလေသည်။ ထိုစပျစ်ပင်များသည် ယခင်က ဥယျာဉ်ကို ဂရုစိုက်မည့်သူ မရှိသဖြင့် အမျိုးအဆက် ပြုတ်ခါနီးဖြစ်နေရာမှ ယခု ပန်းချီဆရာ ဟောဂရေ့နှင့် ဘကြီးဗင်းနားတို့က ဂရုစိုက်သောကြောင့် သေရာမှထကာ နွယ်များလိမ်တက်၍ အသီးအပွင့်များ

ဖွံ့ဖွံ့ဖြိုးဖြိုး ရှိလေသည်။ စပျစ်ပင်များ ဖွံ့ဖြိုးကြသည်နှင့်အမျှ လက်မလောက်ရှိသော တေးငှက်ကလေးများ စပျစ်ပင်တို့ကို ဝိုင်းအုံနေကြလေသည်။ ကလစ်ဖို့သည် ထိုငှက်ကလေးများကို အလွန်ပင် ခင်မင်လှ သဖြင့် ကျကျနနထိုင်၍ ကြည့်လေ့ရှိသည်။

ကလစ်ဖို့နှင့် ဖီဘီတို့ကို မလှမ်းမကမ်းမှနေ၍ ကြည့်လျက်ရှိသော ဟက်ဇီဘာက ကလစ်ဖို့ တေးဆိုငှက်ကလေးများကို အားရဝမ်းသာစွာ ထိုင်၍ကြည့်နေသည်ကို မြင်ရသောအခါ ငယ်စဉ်က အကြောင်းကို ပြန်၍ သတိရမိလေသည်။ ကလစ်ဖို့မှာ ယခု၌သာမဟုတ် ကလေးအရွယ်ကပင်လျှင် တေးဆိုငှက်ကလေးများကို အလွန် ခင်မင်လေ့ရှိသည်။ ယခု ကလစ်ဖို့ကား လူကြီးဘဝမှ ကလေးဘဝသို့ ပြန်ရောက်နေသကဲ့သို့ တဖြစ်လဲလျက် ရှိလေရာ ထိုပြောင်းလဲချက်ကို ဆင်ခြင် သုံးသပ်မိတိုင်း ဟက်ဇီဘာ သက်ပြင်းကြီးချမိလေတော့သည်။ အတိတ်ကာလ အဖြစ်ဆိုးဖြစ်၍ အနာဂတ်ကာလအဖို့လည်း မျှော်လင့်ချက်မရှိသော ကလစ်ဖို့အဖို့မှာ ယခုအခိုက်အတန့်ကလေး၌ သာ အာရုံပြုနေရသဖြင့် ကလေးလိုနေခြင်းပင်လျှင် ကောင်းသောနေခြင်းဖြစ်သည်ဟု ဆိုရပေတော့ မည်။ သူသည် မကြာသေးမီကလေးအထိ ဒုက္ခကြီးစွာ ရောက်လာခဲ့ရသဖြင့် ယခုကဲ့သို့ သာယာလှသည့် ဥယျာဉ်ထဲ၌ ချစ်စဖွယ် သူငယ်မလေးနှင့်အတူ လမ်းလျှောက်ကာ မွှေးကြိုင်သော ပန်းရနံ့တို့ကို ရှူရှိုက်ရင်း တေးဆိုငှက်ကလေးများကို ကြည့်နေရသည့် စည်းစိမ်ကို အိပ်မက်မြင်မက် နေသည်ဟု အောက်မေ့ကာ ဖီဘီအား "ငါ့လက်ကို ဆွဲစမ်းပါ ဖီဘီရယ်၊ နှင်းဆီပွင့်ကလေးတပွင့် ငါ့ကို ပေးလိုက်စမ်းပါ၊ နှင်းဆီဆူးကလေးများ ငါ့လက်ကို စူးရင် နာအောင်လို့ပါ၊ အဲဒီလို အသာ နာတာသိမှ ငါအခုလို နေရတာဟာ အိပ်မက်မဟုတ်ဘူးဆိုတာ သိနိုင်လိမ့်မယ်" ဟုဆိုလေသည်။ ကလစ်ဖို့သည် ပန်းကလေးများ၊ တေးဆိုငှက်ကလေးများကိုကြည့်ကာ စိတ်ဖြေဖျောက်ခြင်း ပြုရုံသာမက ဥယျာဉ် ထဲ လွတ်လပ်စွာ သွားနေသော ကြက်များကိုလည်းကြည့်ကာ စိတ်ရွှင်ပျလျက် ရှိလေသည်။ ကြက်များကို ယခင်က ကြက်အိမ်ထဲ၌ထား၍ ကြိုးနှင့် ချည်ထားသော်လည်း ကလစ်ဖို့က ချုပ်နှောင်ခြင်းကို အလွန် မုန်းသဖြင့် ကြက်များကို လွှတ်ပစ်ရန် ပြောသောကြောင့် ကြက်များမှာ ချုပ်နှောင်ခြင်းမှ လွတ်ကင်းကြလေတော့သည်။ သူတို့သည် ဥယျာဉ်ထဲ၌ ထင်ရာသွား၊ ထင်ရာနေ၊ လွတ်လပ်စွာ သွားလာနေထိုင်ရသဖြင့် အတော်ပင် ဝဖြိုးလာလေသည်။ ကြက်များသည် မက်သယူးမော၏ ရေတွင်းအနီးရှိ တီကောင်ကလေးများကို လည်ဆန့်ကာ ဝါးမျိုနေရသဖြင့် အတော်ပင် ကျေနပ်နေကြဟန် ရှိပေသည်။ ထို့ပြင်လည်း သူတို့သည် မောရေတွင်းမှ ရေကို သောက်ကြရသဖြင့် ထိုရေမှာ အခြားသူများနှင့် မတည့်သော်လည်း သူတို့နှင့်တည့်သဖြင့် အတော်ပင် သန်မာဝဖြိုးလာကြလေသည်။ ကြက်ဖကြီးမှာ အလွန်အမင်း မကြီးသော်လည်း အတော်ပင် အကောင်အထည် ကြီးမားလာပေပြီ။

သူ့ဇနီး ကြက်မနှစ်ကောင်မှာမူ ရစ်လောက်ကြီး၍ ကြက်ကလေးမှာကား ဥအထဲမှ ထွက်လာခါစကဲ့သို့ပင် လွန်စွာသေးငယ် နုနယ်လှပေသည်။ ကလစ်ဖို့နှင့် ဖီဘီတို့သည် ကြက်များအနီးသို့သွား၍ အစာကျွေးလေ့ရှိရာ စင်စစ်အားဖြင့် ဖီဘီက အစာကျွေး၍ ကလစ်ဖို့က မတ်တတ်ရပ်လျက် ပြုံး၍ကြည့်နေလေ့ရှိသည်။ ဖီဘီမှာ ကြက်များနှင့် အတော်ပင် ရင်းနှီးနေသဖြင့် ကြက်မကြီးက သူ့သားကလေးကို ဖီဘီအား မငြိုမငြင် ကိုင်စေသည်။ ကြက်များမှာ အခြားကြက်များနှင့်မတူ၊ အပြောက်များရှိသဖြင့် တခါက ပန်းချီဆရာ ဟောဂရေ့က ထိုကြက်များမှာ ပင်းချွန်းအနွယ်မျိုးကဲ့သို့ မျိုးရိုးရှိသောကြောင့် အခြားကြက်များနှင့် အသွင်အပြင် အားဖြင့် မတူဘဲ ထူးခြားလေသည်။

ကြက်ဖကြီး၏ဇနီး ကြက်မနှစ်ကောင်အနက် ဒုတိယဇနီးမှာ ယခင်က ချုံကြားထဲတွင် ဝင်၍ ဝပ်နေလေ့ ရှိသည်။ သူ့ခမျာမှာ ကြက်တန်းစေ့အောင် မဥနိုင်သဖြင့် အတော်ပင် ဝမ်းနည်းနေဟန် ရှိပေသည်။ သို့ရာတွင် တနေ့၌ သူသည် ယခင်ကကဲ့သို့မဟုတ်ဘဲ ဖျတ်ဖျတ်လတ်လတ်နှင့် တကျီကျီ မြည်လျက်ရှိလေသည်။ ယင်းသို့ အမူအရာ ပြောင်းလာခြင်းမှာကား အခြားမဟုတ်၊ သူလည်း ယခု ကြက်တန်းစေ့အောင် ဥနိုင်ပြီဖြစ်ကြောင်းကို ဂုဏ်ဖော်ခြင်းမျှသာဖြစ်သည်။ မကြာမီ လှပသေးငယ် သော ကြက်ဥတဥကို ဥလိုက်လေရာ ဟက်ဇီဘာက ထိုကြက်ဥကို ချက်ချင်းယူ၍ ကလစ်ဖို့အတွက် ပြုတ်၍ကျွေးလိုက်သဖြင့် ကြက်ဥကို ဂုဏ်ယူနေသည့် ကြက်မခမျာမှာ အဆွေးကြီး ဆွေးရရှာတော့ သည်။ ယင်းသို့ သူ့ကြက်ဥကလေးကို လုယူသွားသဖြင့် ကြက်မက ကြက်ဖကို တိုင်တန်းလေရာ ကြက်ဖက အဖိုတို့ ဝတ္တရားအတိုင်း ကြက်မကိုခေါ်ကာ ကလစ်ဖို့နှင့် ဖီဘီတို့ လမ်းလျှောက်အလာ တွင် ရှေ့ကဆီး တား၍ ကြက်ဘာသာဖြင့် တိုင်တန်းလေသည်။

ကလစ်ဖို့သည် ဥယျာဉ်ထဲ၌ မက်သယူးမော၏ ရေတွင်းအနီးတွင် ကြာရှည်စွာ ထိုင်၍နေလိုသော ဆန္ဒရှိသဖြင့် ဖီဘီကလည်း အလိုက်သိစွာ ထိုင်၍နေရလေသည်။ ရေတွင်းရှေ့ရှိ ရောင်စုံကျောက်ခဲ ကလေးများကို ကြည့်ရင်းပင် တခါတရံ သူက လှပသော မျက်နှာကလေးများကို မြင်ရသည်ဟု ဖီဘီအား ပြောလေသည်။ ဖီဘီမှာကား သူ့အမြင်မျိုးမရှိသဖြင့် ရောင်စုံကျောက်ခဲကလေးများကို ကျောက်ခဲကလေး အဖြစ်သာ မြင်ရပေသည်။ သို့ရာတွင် လူမမာအား ဖက်၍ ငြင်းဆိုနေရန် မသင့်သဖြင့် ငြိမ်၍နေရလေတော့သည်။ ယင်းသို့ ကျောက်ခဲကလေးများကို ကြည့်နေရင်းပင် တခါက မျက်နှာမည်းကြီးတခု တွေ့ရှိသည်ဟု ကလစ်ဖို့က လန့်၍ အော်ဟစ်ပြောဆိုလိုက်လေသည်။ ဖီဘီလည်း ကလစ်ဖို့ လက်ညှိုးညွှန်ရာသို့ ကြည့်စေကာမူ သူပြောသော မျက်နှာမည်းကြီးကို မမြင်တွေ့ရချေ။

တနင်္ဂနွေနေ့များတွင် ဖီဘီမှာ ဘာသာတရားကိုင်းရှိုင်းတတ်သူ

ကလေးဖြစ်သဖြင့် ဘုရားရှိခိုး ကျောင်းသို့ အမြဲသွားလေ့ရှိသည်။ သူသည် နေ့စဉ်နှင့်အမျှ ဘုရားပုထိုး ရှိမခိုးရဘဲနှင့် အိပ်မပျော်ချေ။ ဖီဘီ ဘုရားရှိခိုးကျောင်းမှ အပြန်တွင် ဥယျာဉ်ထဲ၌ အစားအသောက်များ စားသောက်လေ့ရှိကြ၏။ ထိုစားပွဲ၌ ကလစ်ဖို့၊ ဟက်ဇီဘာနှင့် ဖီဘီတို့အပြင် ဧည့်သည်နှစ်ယောက် ပါဝင်လေ့ရှိသည်။ ယင်းတို့မှာ ပန်းချီဆရာ ဟောဂရေ့နှင့် ဥယျာဉ်ထဲတွင် အလုပ်ကြမ်း လုပ်ရရှာသော ဘကြီးဗင်းနား တို့ပင်ဖြစ်သည်။ ဘကြီးဗင်းနားမှာ စင်စစ်အားဖြင့် ကျန်လူများနှင့် တန်းတူ မဟုတ်သော်လည်း အသက်အရွယ်အားဖြင့် ကြီးရင့်သောကြောင့် သူ့အား အရေးပေးကာ ထိုစားပွဲသို့ ဖိတ်ခေါ်ခြင်း ဖြစ်သည်။ ထိုစားပွဲကို ပန်းရုံကလေးအောက်၌ တည်ခင်းကြလေသည်။ ကလစ်ဖို့မှာ ဘကြီး ဗင်းနားနှင့် စကားပြောရသဖြင့် အတော်ပင် စိတ်ပြေလက်ပျောက် ရှိပေသည်။ ဟက်ဇီဘာမှာကား နဂိုအတိုင်းပင် တောင့်တောင့်ကြီးလုပ်ကာ ဂုဏ်ကြီးရှင်ပီသအောင် ဣန္ဒြေနှင့် နေတတ်သည်။ သို့ရာတွင် သူသည် ပန်းချီဆရာကိုမူကား အရေးတယူ စကားပြောဆိုလေ့ရှိသည်။ ပန်းချီဆရာ၌ မည်သည့်အပြစ်ပင်ရှိစေကာမူ ဟက်ဇီဘာက သူ့အား အထင်မသေးချေ။ ဘကြီးဗင်းနားကိုလည်း ဟက်ဇီဘာက သနားသဖြင့် အသင့်အတန် ဖော်ဖော်ရွေရွေ ပြောဆိုလေ့ရှိသည်။

တခါက သူတို့ ပျော်ပျော်ပါးပါး စားသောက်နေစဉ် ဘကြီး ဗင်းနားက ဟက်ဇီဘာအား လှမ်း၍ "ဘကြီးတော့ ဒီလို တနင်္ဂနွေနေ့ ညနေမှာ မိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး စုပြီးစားရသောက်ရတာ သိပ်ဝမ်းသာတာပဲ။ ဘကြီးမှန်းထားတဲ့အတိုင်း လယ်တောထဲမှာ သွားပြီးနေမယ့် အနေမျိုးနဲ့ သိပ်တူတာပဲ" ဟု ပြောလိုက်ရာ ကလစ်ဖို့က အာလေးကြီးနှင့် "ဘကြီးဗင်းနားကလည်းဗျာ၊ တဆိတ်ရှိ ခင်ဗျားလယ်တော အကြောင်းချည်း ပြောတာပဲ။ ကျွန်တော်တော့ ခင်ဗျားလယ်တောထက် ကောင်းတဲ့ဟာတခု ပေးမလို့ ကြံနေတယ်။ ကြည့်သာနေ" ဟုဆိုလိုက်ရာ အဘိုးကြီးက "မောင်ရင့်အကြံ ကျုပ်အကြံထက် ဘယ်လိုပဲ ကောင်းကောင်း၊ ကျုပ်တော့ ကျုပ်လယ်တောကလေး ပဲ သံယောဇဉ်ရှိတာပဲ" ပြန်၍ပြောလိုက်ရာ ဖီဘီက "ဘကြီးပြောတာမှန်ပေါ့ရှင်၊ လူ့ဘဝ အသက် ကလေးက တိုလေတော့ နေရတဲ့အခိုက်ကလေးမှာ ကိုယ့်ဥယျာဉ်ကလေးနဲ့ ကိုယ်နေရမှ စိတ်ချမ်းသာမှာပေါ့" ဟု ဝင်၍ပြောလေသည်။

"ဘကြီးဗင်းနားက ပြင်သစ်ပညာရှင်ကြီးရဲ့ ဩဝါဒအတိုင်း လိုက်ချင်ပုံရပါရဲ့။ ပြင်သစ်ပညာရှိကြီး ဖော်ရိယားကလည်း ဒီလိုပဲ။ အသက်ကြီးလာရင် ကိုယ့်ဥယျာဉ်ကလေးနဲ့ ကိုယ်နေရမှ လူ့ဘဝ နေရကျိုး နပ်သတဲ့...။ ဘကြီးလယ်တဲကလေးဟာ ဥယျာဉ်ကလေးလို သာယာမှာပေါ့နော်" ဟု ပန်းချီဆရာက ဆိုလေသည်။

“ကဲ … ဖီဘီ .. စပျစ်သီးစားကြရအောင် … ယူခဲ့ပါ” ဟု ဟက်ဇီဘာက ပြောလိုက်လေသည်။

ဖီဘီလည်း စပျစ်သီးများ မောက်အောင်ထည့်ထားသော ပန်းကန်ပြားကြီးကို ယူလာပြီးလျှင် သကြားနှင့် နယ်လေသည်။ ထို့နောက် ပန်းကန်ပြားကလေးများထဲတွင် ထည့်၍ တယောက် တပန်းကန်စီ ပေးလေသည်။ ပေါင်မုန့်တလုံးကိုလည်း လှီး၍ ပေးလေသည်။

စပျစ်သီးစားနေစဉ် ပန်းချီဆရာ ဟောဂရေ့က ကလစ်ဖို့နှင့် အာလာပသလ္လာပပြော၍ နေလေသည်။ အမြဲတမ်း မျက်မှောင်ကုတ်၍နေသော ဟက်ဇီဘာပင်လျှင် မျက်နှာ အတော်ပင် ကြည်လင်လာပြီး လျှင် ဘကြီးဗင်းနားနှင့် ဖော်ဖော်ရွေရွေ ပြောဆိုလေသည်။

ကလစ်ဖို့မှာ အားလုံးတွင် အပျော်ဆုံး ဖြစ်နေပေတော့၏။ စကား တဖောင်ဖောင်နှင့် ရယ်လိုက် မောလိုက်နှင့် စိတ်အတော် ရွှင်ကြည်လျက် ရှိ၏။ သို့ရာတွင် နေတဖြည်းဖြည်းစောင်း၍ ညိုလာသည်နှင့်အမျှ ကလစ်ဖို့၏ မျက်နှာမှာလည်း တဖြည်းဖြည်း ညိုလာလေတော့သည်။ နေညို လာသည်နှင့်အမျှ မျက်နှာညိုလာသည့်အကြောင်းကိုမူ မည်သူမျှ မဝေခွဲတတ်ချေ။ ကလစ်ဖို့ကမူ “ငါစိတ်ချမ်းချမ်းသာသာ နေချင်တယ်။ နှစ်ပေါင်းများစွာ စောင့်ခဲ့တာပဲ။ အခုတော့ နောက်ကျပြီ။ နောက်ကျပြီ။ ငါ စိတ်ချမ်းသာသာ နေချင်ပါဘိတယ်” ဟု ညည်းတွားလျက် ရှိလေသည်။

[၁၁] ပြတင်းပေါက်ကြီးမှ

ကလစ်ဖို့အလိုသာဆိုလျှင် ခုနစ်ဆောင်ပြိုင်အိမ်ကြီးထဲ၌ စားကာ သောက်ကာ အိပ်ကာနှင့် အချိန်ကုန်စေမည်။ သို့ရာတွင် ဖီဘီကမူ ထိုသို့ အိမ်ထဲ၌သာ တကုပ်ကုပ်နေပါမူ လောကကြီးနှင့် အဆက်ဝေး၍ လူ့ဘဝ၌ နေပျော်ထိုင်ပျော် ရှိတော့မည် မဟုတ်သည့်အဖြစ်ကို တွေးမြော်၍ ကလစ်ဖို့အား လမ်းဘက်သို့ ကြည့်ကာ လူသူလေးပါးသွားလာ လှုပ်ရှားနေခြင်းတို့ကို ပြလေ့ရှိသည်။ ထိုသို့ လမ်းပေါ်တွင် အသွားအလာတို့ကို ကြည့်ရန် အိမ်ခန်းဆောင်ရှေ့ဘက်ရှိ ဆင်ဝင်အပေါ်က ပြတင်းပေါက်ကြီးအနီးသို့ ကလစ်ဖို့အား ခေါ်သွားလေ့ရှိသည်။ ထိုပြတင်းပေါက်ကြီးမှကြည့်လျှင် လမ်းပေါ်တွင် အသွားအလာများကို မိမိက မြင်ရသော်လည်း လမ်းပေါ်ကလူများက မိမိကို မမြင်ကြရချေ။

ခုနစ်ဆောင်ပြိုင်အိမ်ကြီးတည်ရာ ပင်းချွန်းလမ်းမှာ စင်စစ်အားဖြင့် လူသွားလူလာ များလှသည့် လမ်းမဟုတ်ချေ။ သို့ရာတွင် တသက်လုံး အိမ်တွင်းပုန်းလာခဲ့ရသော ကလစ်ဖို့အဖို့ ထိုမျှ လူသူအသွားအလာ အလှုပ်အရှားပင်လျှင် ကမ္ဘာလောကကြီးတခုလုံး၏ လှုပ်ရှားသွားလာမှုကဲ့သို့ စိတ်ဝင်စားစရာ ဖြစ်လာတော့၏။ အကယ်စင်စစ် စိတ်ဝင်စားလှသည်ဟု မဆိုသာသော်လည်း စိတ်ပြေလက်ပျောက် ဆိုသကဲ့သို့ ဖြစ်ပေသည်။

ကလစ်ဖို့သည် ပင်းချွန်းလမ်းတွင် လူများအသွားအလာကိုသာမက နေရာတကာ လျှောက်၍ ရပ်နေသော လူစီးရထားကြီးများ၊ ဘတ်(စ်)ကားကြီးများကိုလည်း ကြည့်ရလေသည်။ သူ့၌ ထိုယာဉ်ကြီးများကို လူအသွားအလာထက်ပို၍ ကြည့်လိုသောဆန္ဒ ရှိပေသည်။ ထိုထက် စိတ်ဝင်စားသည့်အရာသည်ကား ရေဖျန်းလှည်းပင်ဖြစ်သည်။ မြို့ရွာအဖွဲ့က လမ်းများတွင် ဖုန်သိပ်အောင် ရေဖျန်းရန်လှည်းများ စေလွှတ်၍ ဖျန်းစေသည်။ ရေဖျန်းလှည်းများမှာကား စင်စစ် စိတ်ဝင်စားဖွယ် ကောင်းလှ၏။ လှည်းနောက်မှ ရေများ ဖွာ၍ ဖွာ၍ ကျကာ အခြားယာဉ်များ မောင်းသွားလျှင် ဖုန်တထောင်းထောင်းထသော်လည်း ရေဖျန်းလှည်း မောင်းသွားသည့်အခါ ယခင်က ထနေသောဖုန်တို့ပင် လမ်းပေါ်၌ သိပ်၍ ကျန်ခဲ့ကြလေသည်။

အခြားစိတ်ဝင်စားဖွယ် အရာတခုသည်ကား မီးရထားပင်ဖြစ်သည်။ ပင်းချွန်းလမ်းမှကျော်၍ ခပ်လှမ်းလှမ်းသို့ ကြည့်လိုက်လျှင် တဝုန်းဝုန်း ခုတ်မောင်းသွားသော မီးရထားကြီးများကို မြင်နိုင်ပေသည်။ ကလစ်ဖို့သည် ကလေးစိတ်ရှိနေသေးသူဖြစ်သည့်အလျောက် မီးခိုးနက်ကြီးများ ကောင်းကင်တွင်

အမျှင်ကြိုးတန်းအောင် မှုတ်ထုတ်လိုက်ပြီးလျှင် အင်အားကြီးမား ပြင်းထန်စွာ ခုတ်မောင်းသော ရထားကြီးကိုကြည့်၍ အံ့သြပျော်ရွှင်နေလေတော့သည်။

ကလစ်ဖို့မှာ ရှေးအတော်ဆန်သူဖြစ်သည်။ သူသည် ခေတ်ပေါ်ယာဉ်များထက် ရှေးလှည်းကြမ်းကြီး များကို ပို၍ နှစ်သက်လေသည်။ လှည်းကြမ်းများ လမ်းပေါ်တွင် တကျွီကျွီ တဂျိုင်းဂျိုင်း မောင်းလာသည်ကို မြင်ရလျှင် ကလေးငယ်ကလေးနှင့် အမူအရာချင်း မခြားအောင်ပင် ပျော်ရွှင်နေ လေတော့သည်။ ကလစ်ဖို့၏စိတ်မှာ ကလေးစိတ်ကဲ့သို့ နုနယ်နေလေသည်။ အသက်အရွယ် အလွန်အမင်း မကြီးပါဘဲလျက်နှင့် သူငယ်ပြန်နေသလို ဖြစ်နေတော့သည်။ သူနှစ်သက်သည့်အရာ များ အတော်ပင် ရှိပေသေးသည်။ ဥပမာ သူသည် နံနက်စောစော ပေါင်မုန့်ပို့သမား၏ လှည်းကလေးကို ကြည့်ရလျှင် ကျေနပ်၏။ ပေါင်မုန့်လှည်းကလေးတွင် ချူကလေးတပ်ထားသဖြင့် တချွင်ချွင် မြည်နေလေသည်။ ထိုချူကလေးမှာ သာမန်လူတို့အဖို့ သာယာခြင်း ကင်းမဲ့၍ နံနက်ခင်း ဖြစ်သဖြင့် မိမိတို့ အအိပ်ကို လာ၍နှောင့်ယှက်သည်ဟု ဆိုကာ ဒေါသ ဖြစ်ကောင်း ဖြစ်ပေမည်။ ကလစ်ဖို့တွင်ကား ထိုချူသံကလေးကို သာယာချိုအေးသော တေးသံကလေးဟု အောက်မေ့မိရှာ သည်။

သူသည် ထိုသို့ လမ်းမပေါ်တွင် အသွားအလာတို့ကို ပြတင်းပေါက်ကြီးမှ ခန်းဆီးနီကြီးကွယ်ကာ ကြည့်နေရသည့်အတွက် အတော်ပင် စိတ်ပြေလက်ပျောက် ဖြစ်လေသည်။ တနေ့ နေ့လယ်ပိုင်းတွင် ဓားသွေးသမားတယောက်ကို ပြတင်းပေါက်မှ လှမ်း၍မြင်လိုက်ရလေသည်။ ဓားသွေးသမားသည် လူကြီးများ အပ်လာသော ဓားတို့ကို သူ့ဓားသွေးစက်ကလေးနှင့် သွေးပေးရသည်သာမက ကလေးများက အိမ်ထဲမှ ဓားအမျိုးမျိုးကို ဆွဲယူလာပြီးလျှင် သူ့အား အသွေးခိုင်းကြသည်။ သူတို့အဖို့ ဓားသွေးသမားက ဓားသွေးစက်တွင် သွေးပေးရာ၌ ဓားနှင့် စက်ဘီးတို့ ခတ်မိသောအခါ မီးပွင့်သွား သည်ကိုကြည့်၍ စိတ်ဝင်စားစရာ ဖြစ်နေပေသည်။

ကလစ်ဖို့လည်း ဓားသွေးသမား ဓားသွေးနည်းကို လှမ်းကြည့်ရင်း ကလေးများတို့နှင့်မခြား ပျော်ရွှင်၍ နေလေသည်။ သူ့အဖို့ကား မီးပွားကလေးများ ပွင့်ထွက်လာသည်ကို ကြည့်၍ ကျေနပ်နေသည် သာမက ဓားနှင့် ဓားသွေးစက် ဆက်မိသောအခါ မြည်သောအသံကလေးကိုပင် နားထောင်၍ ကောင်းလှသည်ဟု မှတ်ထင်ကာ ကလေးများထက်ပင် ပို၍ ကျေနပ်ပျော်ရွှင်နေလေသည်။

တနေ့သ၌ အီတာလျံ သူတောင်းစားကလေးတယောက်သည် လက်ဆွဲဘာဂျာကြီးနှင့်အတူ မျောက်ကလေးကို ဆွဲ၍ ခုနစ်ဆောင်ပြိုင် အိမ်ကြီးရှေ့သို့ ရောက်လာပြီးလျှင် အိမ်ရှေ့ရှိသစ်ပင်ကြီး တပင်အောက်သို့ဝင်၍ ဘာဂျာကြီးကို ဆွဲကာ သီချင်းတိုကလေးတပုဒ်ကို ဆိုလိုက်လေသည်။ သူ့ပခုံးပေါ်က

မျောက်ကလေးမှာ စကော့တလန်ပြည်သားများ အဝတ်အစားမျိုးဖြစ်သည့် ဂါဝန်တို အနီကလေးနှင့် အင်္ကျီလက်ကြပ်ကလေးတို့ဖြင့် ဆင်မြန်းထားလေသည်။ သူတောင်းစားကလေး ရှိရာသို့ ကလေးများ စုဝေးလာကြရာ မျောက်ကလေးက ကပြလေသည်။ ကလေးများလည်း အတော်ပင် သဘောကျ၍ ဆူညံနေကြလေသည်။ ကပြီးနောက် သူ့ဦးထုပ်နီကလေးကို ချွတ်ကာ လက်မည်းကလေးကို ဖြန့်၍ ဝိုင်းကြည့်နေသူအားလုံးအား တယောက်ချင်း ပိုက်ဆံ လိုက်၍ တောင်းလေသည်။ မျောက်ကလေး၏ မျက်နှာမှာ ကောက်ချိတ်ချိတ်နှင့် သနားစရာ ကောင်းလှချေသည်။ သူ့ကိုကြည့်ရသည်မှာ ရယ်စရာလည်း ကောင်း၏။ သနားစရာလည်း ကောင်းသည်။ သူ့အမြီးဖွားကြီးမှာ ကလေးတို့အဖို့ ရယ်စရာအရာ ဖြစ်လေသည်။ ဖီဘီသည် ပြတင်းပေါက်မှ ကြည့်နေရင်းပင် မျောက်ကလေးရှိရာသို့ ပိုက်ဆံပြားကလေး များစွာကို ကြဲချလိုက်လေသည်။ မျောက်ကလေးသည် ပိုက်ဆံများကို ကပျာကယာ ကောက်၍ သူ့သခင် အီတာလျံကလေးအား ပေးထားလိုက်လေသည်။ ထို့နောက် တဖန် ဆက်လက်၍ လက်ဝါးနက်ကလေးခံကာ ပိုက်ဆံ လှည့်တောင်းနေပြန်လေသည်။

ကလစ်ဖို့မှာ လူသူနှင့် နီးစပ်ရမည်ကို အတော်ပင် ကြောက်ရွံ့လှသော်လည်း လူသံသူသံကြားနှင့် ဣန္ဒြေမဆောင်နိုင်ဘဲ ထွက်ကြည့်လိုသော ဆန္ဒရှိလေသည်။ လမ်းမပေါ်၌ တဆူဆူ တညံညံအသံများ ကြားရတိုင်း သူသည် ပြတင်းပေါက်ကြီးဘက်သို့ ပြေးသွားလျက် လှမ်းကြည့်လေ့ရှိသည်။ တခါကလည်း နိုင်ငံရေးလှည့်ပွဲတခု လမ်းပေါ်တွင် ဖြတ်သန်းသွားလေရာ သူသည် အလံတလူလူနှင့် ကြွေးကြော်သံများ ဆူညံသွားသည့် လူသံသူသံတို့ကို ပြတင်းပေါက်မှ လှမ်း၍ ကြည့်နေလေသည်။ ထိုသို့ လူသံသူသံများ ကြားရတိုင်း ကလစ်ဖို့မှာ စိတ်တက်ကြွလာပြီးလျှင် ချက်ချင်းပင် စိတ်ညစ်ညူး မှိုင်တွေနေလေတော့သည်။

သူသည် နိုင်ငံရေးပွဲကို မြင်သောအခါ စိတ်လိုက်မာန်ပါ ပြတင်းပေါက်မှ ခုန်ချပြီးလျှင် လူထုနှင့် ရောနှော ဟစ်အော်ကြွေးကြော်လိုသောဆန္ဒ တရွရွ ဖြစ်ပေါ်လာပြီးနောက် သူ့အဖြစ် အခြေအနေ တို့ကို သိသောကြောင့် အနီးတွင် ရပ်နေသော ဟက်ဇီဘာနှင့် ဖီဘီတို့ကို တချက်မျှ လှမ်းကြည့်ပြီး လျှင် သက်ပြင်းကြီးတချက် ချလိုက်လေသည်။ သူ့အမူအရာကို မြင်၍ ထိတ်လန့်သွားသော သူ့အစ်မနှင့် တူမတို့က ခုန်ချမည် စိုးသဖြင့် သူ့အင်္ကျီစကို ဆွဲထားကြလေသည်။ ဟက်ဇီဘာမှာ ကြောက်အားသန်၍ သံသေးသံကြောင် ဟစ်အော်လိုက်သည်။ ဖီဘီမှာမူ တရှုံက်ရှုံက် ငိုနေလေသည်။

"ကလစ်ဖို့... ကလစ်ဖို့....၊ မောင်လေး .. သတိထားပါကွယ်... စိတ်ကောင်းကောင်း ထားစမ်းပါ" ဟု ဟက်ဇီဘာက ပြောလေသည်။

"အို .. အစ်မကြီးကလည်းဗျာ၊ ကျွန်တော် ဘာမှ မဖြစ်တော့ပါဘူး၊

သတိရလာပါပြီ။ တကယ်လို့များ ကျွန်တော် ခုန်ချလိုက်ပြီး မသေဘူးဆိုရင် ကျွန်တော့်အဖြစ်ဟာ တမျိုးပြောင်းသွားမယ် ထင်တယ်”

ကလစ်ဖို့ပြောသည်မှာ မှန်လှပေသည်။ သူသည် ယခုကဲ့သို့ စိတ်နောက်ကျိနေခြင်းမှ ပျောက်လိုလျှင် ရုတ်တရက် ထိတ်လန့်စရာတခုခု ဖြစ်လိုက်မှ ပျောက်နိုင်ပေမည်။ အကယ်၍သာ သူသည် ဆူဆူညံညံ လူထုထဲသို့ ခုန်ချလိုက်လျှင် အသက်မသေပါက သူ့ရောဂါ ပျောက်ကင်းပြီး တိုးတက်နိုင်ဖွယ်ရာ အကြောင်းရှိ၏။ အကယ်၍ သေသွားလျှင်လည်း ကလစ်ဖို့အကြိုက်ကျတော့ သည်။ သူသည် တခါတရံ သေလိုက်ရခြင်းက ပို၍ အကျိုးထူးမည်ဟု ထင်မိချေသည်။

တနင်္ဂနွေနေ့တနေ့၌ မြို့သူမြို့သား များစွာတို့သည် အဝတ်အစား သစ်သစ်လွင်လွင်နှင့် ဘုရားရှိခိုးကျောင်းသို့ ပျော်ရွှင်ကြည်လင်သော မျက်နှာဖြင့် သွားကြကုန်၏။ ခုနစ်ဆောင်ပြိုင် အိမ်အိုကြီးမှ အဝတ်အစား သစ်သစ်လွင်လွင်နှင့် ဖီဘီလည်း ထွက်လာပြီးလျှင် ပြတင်းပေါက်တွင် ထိုင်နေသော ကလစ်ဖို့နှင့် ဟက်ဇီဘာတို့အား မော့ကြည့်၍ ပြုံးလျက် နှုတ်ဆက်ပြီးနောက် လမ်းတလျှောက် ထွက်သွားလေသည်။ ဖီဘီထွက်သွားပြီးနောက် ကလစ်ဖို့က ဟက်ဇီဘာအား “ခင်ဗျား ဘုရားရှိခိုးကျောင်းကို ဘယ်တော့မှ မသွားဘူးလား” ဟု မေးလိုက်လေသည်။

“မသွားတာ နှစ်အတော်ကြာပါပြီကွယ်”

“ကျွန်တော်သာ ဘုရားရှိခိုးကျောင်းကို သွားရရင် အားရပါးရရှိခိုးပြီး ဆုမွန်တောင်းမိမှာပဲ၊ ဘေးနားက လူတွေအားလုံးက ရှိခိုးနေတော့ ကိုယ်လည်း သဒ္ဓါတရား ထက်သန်လာမှာပေါ့”

ထိုစကားကို ကြားသောအခါ ဟက်ဇီဘာသည် သူ့မောင်၏ မျက်နှာကို သေချာစွာ စိုက်ကြည့်ပြီး နောက် “မောင်လေး... ဒါဖြင့် ငါတို့ သွားကြရအောင်၊ ဘုရားရှိခိုးကျောင်းမှာ တို့အဖို့ ဒူးထောက်စရာ နေရာကလေးတောင်မှ မရှိတော့ဦး၊ မတ်တတ်ရပ်ပြီး ဘုရားရှိခိုးကြမယ်လေ။ တို့တတွေ ဆင်းရဲပြီး လူမခေါ်ချင် သူမခေါ်ချင် ဖြစ်ကြပေမဲ့ ဘုရားရှိခိုးကျောင်း တကျောင်းကျောင်းကတော့ တို့ကို လက်ခံမှာပေါ့”

ယင်းသို့ ဟက်ဇီဘာက ပြောလိုက်သဖြင့် ကလစ်ဖို့က ဘုရားရှိခိုးကျောင်းသို့သွားရန် သဘော တူသောကြောင့် သူတို့နှစ်ယောက်သည် အဝတ်အစားလဲ၍ အိမ်ကြီးပေါ်မှ ဆင်းလာပြီးလျှင် အိမ်ရှေ့ဝင်းပေါက်ကို ကျော်မည်အပြုတွင် သူတို့သည် ကြောက်ရွံ့လျက် နေကြလေသည်။ အသည်းနှလုံးများ တုန်၍နေကြ၏။ ဘာကြောင့် တုန်သည်ကိုကား သူတို့ကိုယ်တိုင် မဝေခွဲတတ်ကြချေ။

"မဖြစ်ဘူး ဟက်ဇီဘာရယ်... ကျွန်တော်တို့တတွေဟာ စင်စစ်မှာ လူတွေမဟုတ်တော့ဘူး။ တစ္ဆေတွေ ဖြစ်နေကြပြီ။ လူတောသူတော တိုးလို့မဖြစ်နိုင်ကြတော့ဘူး၊ ကျွန်တော်ဟာ လူတွေနား ကပ်ရရင် ကြောက်နေတယ်၊ ကျွန်တော့်ကိုလည်း လူတွေက တစ္ဆေသရဲလို သဘောထားကြမှာပဲ။ ကလေးများကဆိုရင် ကျွန်တော့်ကိုမြင်ကြတာနဲ့ တပြိုင်နက် သူတို့အမေနားကပ်ပြီး ပုန်းကြလိမ့်မယ် ထင်တယ်"

သူတို့နှစ်ယောက်သည် ထပ်မံ၍ ပြောဆိုခြင်း မပြုကြတော့ဘဲ အိမ်ထဲသို့ ပြန်ဝင်ကာ အခန်းတံခါးကို ဆွဲ၍ ပိတ်လိုက်ကြလေတော့သည်။

ကလစ်ဖို့မှာ ယခုအရွယ်၌ပင် ကလေးစိတ်ပြန်၍ပေါက်ကာ တနေ့သ၌ ဆပ်ပြာပူဖောင်းကလေးများ မှုတ်၍နေလေသည်။ ဟက်ဇီဘာက ဖီဘီအား ထိုသို့ဖြစ်ခြင်းမှာ ကလစ်ဖို့ ငယ်စဉ်က အလွန်နှစ်သက် သောကစားနည်းပင်ဖြစ်ကြောင်း ပြောပြလေသည်။ ကလစ်ဖို့သည် ပူဖောင်းကလေးများ မှုတ်ကာ ထိုပူဖောင်းကလေးများပေါ်တွင် ပေါ်နေသော အရိပ်အရောင်တို့ကို ကြည့်မောကာ နေလေတော့ သည်။

ကလစ်ဖို့ မှုတ်လိုက်သော ပူဖောင်းကြီးတလုံးမှာ ပြတင်းပေါက်မှထွက်၍ လမ်းဘက်သို့လွင့်သွားရာ လမ်းပေါ်တွင်လျှောက်လာသော လူကြီးလူကောင်းတယောက်၏ နှာခေါင်းနှင့် သွား၍ တိုက်မိလေ သည်။ ပထမ၌ လူကြီးက ခက်ထန်သောမျက်နှာဖြင့် ပြတင်းပေါက်ဘက်သို့ လှမ်း၍ကြည့်လိုက်သည်။ နောက်မှ မကြီးမငယ် အရွယ်ကြီး ပူဖောင်းမှုတ်နေသည်ကို မြင်သောအခါ ပြုံး၍ "အို ... ကလစ်ဖို့ပါလား ကလစ်ဖို့... ကလစ်ဖို့...၊ မင်း... အခုထက်ထိ ပူဖောင်းမှုတ်နေတုန်းလားကွာ" ဟုဆို၍ ထွက်သွားလေသည်။

ထိုလူကြီးကား တရားသူကြီးပင်းချွန်းပင် ဖြစ်သည်။

[၁၂] ပန်းချီဆရာ

နဂိုက အလွန်သွက်လက်သည့်သဘောရှိသော ဖီဘီအဖို့ ခုနစ်ဆောင် ပြိုင်အိမ်ကြီးတွင် ကလစ်ဖို့အား ပြုစုနေရုံနှင့် ကျေနပ်လိမ့်မည်ဟု မမျှော်လင့်အပ်ပေ။ ကလစ်ဖို့အား ပြုစုရသောကြောင့် အချိန်ကုန် လူပန်းသည် မှန်၏။ သို့ရာတွင် ဖီဘီမှာ ကလစ်ဖို့ကို ပြုစုခြင်းဖြင့် အချိန်ကုန်ရရုံနှင့် မိမိဘဝအဖို့ ကိစ္စပြီးပြီဟု မမှတ်ထင်မိချေ။ ခုနစ်ဆောင်ပြိုင်အိမ်အတွင်း၌ တကုပ်ကုပ် နေထိုင်၍ နေ့စဉ်နှင့်အမျှ ကလစ်ဖို့၏အမှုကိုသာ ပြုနေရခြင်းဖြင့် မတင်းတိမ်ချေ။

ထို့ကြောင့် ကလစ်ဖို့ နေ့လယ်နေ့ခင်း၌ အိပ်နေစဉ် ဖီဘီသည် သူ့စိတ်တိုင်းကျအလုပ်များကို လုပ်ကိုင်ရပေသည်။ သူ့ခမျာမှာ ငယ်ရွယ်နုနယ်သူလည်းဖြစ်၊ နဂိုကလည်း စိတ်ပျော့ပျောင်းသူလည်း ဖြစ်လေသောကြောင့် ဤအိမ်အိုကြီး၌ အုကြောင်ကြောင် အဒေါ်ကြီးနှင့် အရူးတပိုင်းဖြစ်နေသည့် သူ့မောင်ကို ပြုစုနေရခြင်းဖြင့် အတော်ပင် နွမ်းနယ်သွားရှာလေပြီ။ တောမှရောက်စက အတော်ပင် လန်းဆန်းဖွံ့ဖြိုးသော်လည်း ယခုမှာမူ အတော်ကလေးပင် ရင့်ရော်ရော် ဖြစ်နေရှာလေပြီ။ လာခါစ ဖီဘီသည် အပျိုဖော်ဝင်စ နုနယ်လှသည့် သူငယ်မကလေးဖြစ်၏။ ယခုသော်ကား အတော်ပင် ရင့်သော အပျိုကြီး ဖြစ်နေလေပြီ။

ရောဂါသည် သောကရှင်နှစ်ဦး၏ကြားတွင် နေရသောကြောင့် ထိုနှစ်ယောက်၏ ရင့်ရော်မှုမှာ တဖြည်းဖြည်း ကူးစက်လာဟန် ရှိလေသည်။

ဖီဘီသည် ယခင်က အမြဲတမ်း ပျော်ရွှင်စွာ နေတတ်သော်လည်း ကလစ်ဖို့၏အရှိန်ကြောင့် ယခု အမြဲတမ်း မပျော်နိုင်ရှာတော့ချေ။ သူ့မျက်လုံးကလေးများသည် ယခင်ကထက် ပြူးကျယ်လာပြီးလျှင် မျက်တွင်း အတော်ပင် ချိုင့်လာသည်ဟု မှတ်ထင်ရချေသည်။ သူ့ခမျာအဖို့ကား ပန်းချီဆရာကလေး ဟောဂရေ့နှင့် ကြုံတွေ့ရခါမှ နုပျိုသည့်ခံ့ာတ် ရပေတော့သည်။ ရင့်ရော်၍ နာမကျန်းဖြစ်လျက် ရှိသူတို့ကြားမှ တခါတရံ ပန်းချီဆရာကလေးနှင့် ရင်းနှီးစွာပြောဆိုရသောအခါများ၌ သူ့စိတ်သည် နုပျိုပျော်ရွှင်လျက်ရှိ၏။ သူတို့နှစ်ယောက်လုံးမှာ နယူးအင်္ဂလန်ပြည်နယ်ကဖြစ်သဖြင့် အလေ့အထ ချင်း တူကြသည်သာ များ၏။

ပန်းချီဆရာကလေးသည် ဖီဘီနှင့် ကြုံတွေ့သည့်အခါ စကားစပ်မိတိုင်း သူ့အကြောင်းကို တစိတ်တဒေသ ပြောပြလေ့ရှိရာ ထိုအကြောင်း အချက်ကလေးများကို ပေါင်းစပ်၍ ပန်းချီဆရာ ကလေး ဟောဂရေ့အကြောင်းကို

ဖိဘီ သိရလေသည်။ ဟောဂရေ့ရဲ့အပြောမှာ သူသည် ချမ်းသာ ကြွယ်ဝသော သူ၏သားမဟုတ်ချေ။ သူ့မိဘများမှာ အညတရမျိုးထဲမှပင် ဖြစ်သည်။ ပညာ ဆိုလျှင်လည်း အထက်တန်းကျကျ တတ်မြောက်သည် မဟုတ်ချေ။ တောကျောင်း၌ ဆယ်လမျှ ပညာသင်ကြားခဲ့ဖူးလေသည်။ သူသည် ငယ်ရွယ်ကတည်းကပင် သူတပါးကို မှီခိုခြင်း မပြုဘဲ မိမိကိုယ်ကိုသာ အားကိုး၍ လွတ်လပ်စွာ ကြီးပြင်းလာရပေသည်။ သူ့အသက်မှာ နှစ်ဆယ့်နှစ်နှစ် မျှသာ ရှိသေးသော်လည်း အလုပ်အမျိုးမျိုးကို လုပ်ခဲ့ဖူးလေပြီ။ ပထမ၌ တောကျောင်းဆရာကလေး လုပ်ခဲ့၏။ နောက် တောမြို့ကလေးတမြို့တွင် ဆိုင်ရောင်းစာရေးကလေးအဖြစ် လုပ်ကိုင်ခဲ့ဖူးသည်။ ထို့နောက် တောမြို့ကလေးတခုရှိ သတင်းစာတစောင်တွင် နိုင်ငံရေးဘက်ဆိုင်ရာ အယ်ဒီတာ လုပ်ခဲ့ဖူးလေ၏။ ထိုအလုပ်ကို ပစ်ခဲ့ပြီးနောက် ပြည်နယ်တလျှောက်တွင် ကုန်ရောင်း ထွက်ကာ အတော်ပင် စီးပွားလမ်း ဖြောင့်ခဲ့ပေသေးသည်။ ထို့နောက် သင်္ဘောကြီးတစင်းတွင် အရာရှိငယ် အဖြစ်နှင့် အီတလီ၊ ပြင်သစ်၊ ဂျာမနီ အစရှိသည့် တိုင်းပြည်များကို ရောက်ခဲ့ဖူးလေသည်။ နောက်ဆုံးမှ သူသည် စိတ်ညှို့အတတ်နှင့် ပန်းချီပညာတို့ကို ဆည်းပူးခဲ့လေသည်။ သူသည် စိတ်ညှို့အတတ်တွင် အတော်ပင် တော်သူတဦး ဖြစ်လေရကား ဖိဘီသဘောပေါက်အောင် သူတို့အနီးတွင် တယက်တည်းယက်၍ အစာရှာစားနေသော ကြက်ဖကြီးကို သူက အိပ်အောင် စိတ်ညှို့လိုက်သဖြင့် အိပ်သွားကြောင်း တွေ့ရှိလေသည်။

ဟောဂရေ့မှာ မည်သူနှင့် ပေါင်းသင်းဆက်ဆံ၍ မည်သည့် အလုပ်ကိုပင် လုပ်စေကာမူ သစ္စာတည်မြဲ တတ်သောသဘော ရှိလေသည်။ ထိုအချက်ကို ဖိဘီ ကောင်းစွာယုံကြည်လေသည်။ တခါတရံ ဟောဂရေ့က မိရိုးဖလာ အတွေးမျိုးမတွေးဘဲ ပြုကျင့်တတ်သောကြောင့် ဖိဘီမှာ အံ့အားသင့်ရလေ သည်။

ယင်းသို့ ရိုးသားတည်ကြည်သော်လည်း ဖိဘီကမူ သူ့အား ချစ်တတ် ခင်တတ်သော သဘောရှိသူ ဟူ၍ကား မထင်မိချေ။ သူ့အနေအထိုင်မှာ မှန်လှ၏။ ခပ်အေးအေးနှင့် ခပ်မှန်မှန်နေတတ်သော ကြောင့် သူ့အဖို့ ခင်မင်ရင်းနှီးသည်ဟူသော အပြုအမူမှာ သူနှင့် မသက်ဆိုင်သော အပြုအမူမျိုးကဲ့သို့ ဖြစ်နေတော့သည်။ သူသည် ဟက်ဇီဘာ၊ ကလစ်ဖို့၊ ဖိဘီတို့အား ခင်မင်ရင်းနှီးပါ၏။ သို့သော် သူ့ ရင်းနှီးပုံမှာ အေးစက်စက်နိုင်လှချေသည်။ သူသည် ဖိဘီနှင့်တွေ့သည့်အခါတိုင်း ကလစ်ဖို့အကြောင်း ကို မေးလေ့ရှိသည်။ သူနှင့် ကလစ်ဖို့တို့မှာ တနင်္ဂနွေနေ့တွင် စပျစ်သီးအတူစားချိန်၌သာ တွေ့ကြရ၍ ကျန်ရက်များ၌ မတွေ့ဆုံကြရချေ။ ထို့ကြောင့်လည်း သူသည် ဖိဘီနှင့်တွေ့တိုင်း ကလစ်ဖို့ ကျန်းမာ ပျော်ရွှင်ပါရဲ့လားဟု အမြဲတမ်း မေးလေ့ရှိသည်။

"ပျော်တော့ အတော်ကလေးပျော်ပါရဲ့...။ ဒါပေမဲ့ ... သူ့အပျော်မျိုးက

ကလေးတွေ ပျော်တဲ့စိတ်မျိုးပါ၊ အခုတမျိုး အခုတမျိုး ဖြစ် တတ်တယ်”

“ပျော်တဲ့အခါ ချက်ချင်းပျော်ပြီး ချက်ချင်းပဲ စိတ်အနှောင့်အယှက် ဖြစ်လာရောလား။ သူ့စိတ်အနှောင့်အယှက်ဖြစ်တဲ့အကြောင်းက ဘာများလဲ၊ အပြင်အပက အကြောင်းများကြောင့်ပဲ လား။ ဒါမဟုတ်ရင်လည်း သူ့စိတ်ကိုက အပြောင်းအလဲမြန်လို့လား..”

“သူ့စိတ်က သိပ်ပြီး အပြောင်းအလဲ မြန်တာကလားရှင်။ ဘာကြောင့် ပြောင်းလဲသလဲဆိုတာတော့ ဘယ်သိနိုင်ပါ့မလဲ။ သူ့ခမျာမှာ ဒုက္ခကြီးတွေ့ခဲ့ရတော့ သူ့စိတ်ဟာ အမြဲတမ်း တည်တည်ကြီး ဖြစ်နေတော့တာပေါ့။ သူပျော်ပျော်ရွှင်ရွှင်နေတဲ့အခါတိုင်း ကျွန်မလည်း သူ့စိတ်ရင်းသဘောကို သတိထားကြည့်တာပဲ။ ဒါပေမဲ့ ... သိနိုင်ဖို့ အတော်ကြီး ခက်လှပါတယ်ရှင်”

“ကျွန်တော်တော့ ကလစ်ဖို့ရဲ့စိတ်နေစိတ်ထားကို နှိုက်နှိုက်ချွတ်ချွတ်သိရအောင် စုံစမ်းချင်လိုက်တာ။ ကျွန်တော်သာ ခင်ဗျားရဲ့ အခွင့်အရေးမျိုးရရင် သူ့စိတ်ကို သေသေချာချာ စုံစမ်းမှာပဲ”

“ရှင် ဒီလိုစုံစမ်းချင်တယ်ဆိုတာ ကျွန်မဖြင့် သိပ်အံ့တာပဲ။ ကလစ်ဖို့က ရှင့်အဖို့မှာ ဘာမို့လဲ”

“ဘာမှ မဟုတ်ပါဗျာ..။ ဘာမှ မဟုတ်ပါဘူး..။ ဒါပေမဲ့ သူ့လို ထူးဆန်းတဲ့စိတ်မျိုးကို စုံစမ်းရတာ ပညာဆည်းပူးခြင်း တမျိုးပေါ့။ လူအမျိုးမျိုး စိတ်အမျိုးမျိုးဆိုတော့ စိတ်အခြေအနေတွေကို စုံစမ်း ရတာ အတော်ပဲ စိတ်ဝင်စားစရာကောင်းတယ်။ ကြည့်ပါလား။ ပင်းချွန်းအနွယ်ထဲမှာပဲ ကလစ်ဖို့က တမျိုး။ တရားသူကြီးပင်းချွန်းကတမျိုး။ ခင်ဗျားတို့လို နဂိုစိတ်ရင်းကောင်းတဲ့သူများမှ ဒီလို ထူးဆန်းတဲ့စိတ်တွေနဲ့ ပေါင်းလို့ သင်းလို့ရတာပဲ၊ ကျွန်တော်တို့လိုဆိုရင် အခက်သားကလား”

ယင်းသို့ပြောပြီးသည့်နောက် ဟောဂရေ့သည် နက်နဲသော စိတ်ပညာအကြောင်းတို့ကို မသိမသာ ချန်လှပ်ထားခဲ့ပြီးလျှင် သာမန် အကြောင်းအရာများနှင့် ပတ်သက်သည့် စကားတို့ကိုသာ ပြောနေလေသည်။ ဖီဘီလည်း ဟောဂရဲ့နှင့် ရင်းနှီးစွာ ပြောဆိုနေရသဖြင့် ကျေနပ်နေ၏။ လူကြီးများနှင့် လူမမာများကိုသာ ပြုစုဆက်ဆံနေရသောကြောင့် စိတ်အိုနေခိုက် တခါတရံ အသက်ရွယ်လည်း ငယ်၊ ပျော်ပျော်ရွှင်ရွှင် ပြောတတ်ဆိုတတ်နှင့် အတော်ပင် နှစ်လိုဖွယ် ကောင်းသော ဟောဂရေ့၏ ဆက်ဆံမှုကို အထူးပင် လိုလားပေသည်။

ဟောဂရေ့သည် ဖီဘီအား အတော်ပင် ခင်မင်၏။ ဖီဘီ၏ ချစ်စဖွယ် အပြောအဆို အမူအရာတို့ကို များစွာနှစ်သက်ပေသည်။ ထို့ကြောင့် သူသည်

ဖီဘီနှင့်တွေ့ရလျှင် ကျေနပ်ဝမ်းမြောက်မိ၏။ ဖီဘီကလည်း ဖော်ရွေ၍ အပြုအစုကောင်းသောကြောင့် ယခင်က ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ ဖရုပ်တွင် ခရီးသည် အာဂန္တုအဖြစ် တည်းခိုနေရသကဲ့သို့ သဘောထားခဲ့သော်လည်း ယခုအခါမူ ထိုအိမ်ကြီးသည် သူ့အဖို့ နေချင်စဖွယ် သာယာသော အိမ်ဂေဟာ ဖြစ်နေလေတော့သည်။

ဟောဂရေ့က ပြောလိုက်သော စကားလုံးတလုံးကို အစပြု၍ ဖီဘီက ဟောဂရေ့အား ဟက်ဇီဘာနှင့် မည်သို့ အသိအကျွမ်းဖြစ်၍ မည်သည့်အကြောင်းများကြောင့် ခုနစ်ဆောင်ပြိုင် အိမ်ကြီးသို့ ရောက်လာသနည်းဟု မေးလေသည်။

ဟောဂရေ့သည် ဖီဘီ၏အမေးကို တိုက်ရိုက်မဖြေဘဲ **"ကျွန်တော်တို့တတွေဟာ အတိတ်ကာလ ကို မေ့ပျောက်ပစ်လို့ မရကြတော့ဘူးလား။ အတိတ်ကာလဟာ ပစ္စုပ္ပန်ကာလပေါ်မှာ ဘီလူးကြီးလို ခွစီးနေတာပဲ။ ကျွန်တော်တို့တတွေဟာ အတိတ်ကာလရဲ့ကျေးကျွန်တွေ ဖြစ်နေကြတယ်.."** ဟု ပြောလိုက်ရာ တောသူမကလေး ဖီဘီအဖို့ ထိုမျှနက်နဲသော သဘာဝတ္တဗေဒ မှ စကားများမှာ အဓိပ္ပာယ် မပေါ်လွင်တော့ချေ။

"ကျွန်မ နားမလည်ဘူး။ ရှင့်စကားတွေကလည်း နက်နဲလိုက်တာ"

"ဩော်... ဥပမာဆိုပါတော့...၊ ကျွန်တော်တို့ဟာ လူတယောက် သေသွားရင် သူ့အမွေကို သေတမ်းစာ ထဲမှာ ပါတဲ့အတိုင်း ဝေရတယ် မဟုတ်လား။ အဲဒါဟာ အတိတ်ကာလက စီမံသမျှ လုပ်ကြရတာပဲ မဟုတ်လား။ သေသူက စီမံသမျှကို ရှင်သူတွေက လိုက်နာကြရတာပေါ့၊ ပြီးတော့လည်း စာအုပ်တွေ ဖတ်နေကြတယ်ဆိုရင် များသောအားဖြင့် ကိုယ်ဖတ်တဲ့စာအုပ်ရဲ့စာရေးဆရာဟာ အသက် ရှိတော့တာ မဟုတ်ဘူး၊ သေသူရဲ့အတွေးအခေါ် ထင်မြင်ချက်တွေကို ဖတ်ကြ မှတ်ကြနဲ့ ပညာ ဆည်းပူးကြရတာပဲ မဟုတ်လား၊ ဘာသာတရား ကိုးကွယ်တယ်ဆိုလည်း ရှေးရှေးက လူများရဲ့ ထုံးတမ်းစဉ်လာကို လိုက်ပြီး ကိုးကွယ်ကြရတာပဲ၊ အဲဒီတော့ ဘယ်ဘက်ပဲ လှည့်ကြည့် လှည့်ကြည့် ကျွန်တော်တို့ဟာ သေသူ့မျက်နှာ ဖြူရော်ရော်ကြီးကိုသာ တွေ့ကြရတယ်။ နောက်ဆုံးပြောလိုက်ရဦး မယ်။ အခု ကျွန်တော်တို့ဟာ သေသူတွေ ဆောက်သွားတဲ့ ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ နေကြရတာပဲ မဟုတ်လား"

"အို... ဘာပြုသေးလဲ၊ နေလို့ကောင်းရင် သေသူဆောက်ထားတဲ့အိမ်ကော ဘာပြုသေးလဲ။ နေကြရမှာပေါ့"

"တနေ့နေ့တော့ လူတွေဟာ နောင်လာနောက်သားတွေနေဖို့ အိမ်တွေ ယာတွေ ဆောက်မပေးဘဲ နေကြလိမ့်မယ်။ ကြည့်သာနေ ရှေးဟောင်းပစ္စည်းတွေကို

အားလုံးဖျက်ဆီးပစ်ပြီး နောင်လာ နောက်သားတွေက သူတို့ဘာသာသူတို့ ဆောက်ယူကြလိမ့်မယ်”

“အို ... ရှင်ကလည်း ဘာဖြစ်လို့ ရှေးဟောင်းပစ္စည်းတွေကို ငြိုးနေရတာလဲ။ ကျွန်မဖြင့် ရှင်ပြောသလို ရှေးထုံးကိုပယ်တဲ့ခေတ်ကြီး မရောက်စေချင်ပါဘူး။ သိပ်စိတ်မချမ်းသာစရာ ဖြစ်မှာပဲ”

“ဟာ ကျွန်တော်တော့ဗျာ... ဘာပဲပြောပြော၊ အိုတာ ဟောင်းတာကို မကြိုက်နိုင်ပါဘူး။ ကြည့်ပါလား။ ဒီအိမ်ကြီး။ ဒီအိမ်ကြီးမှာ နေရတာ ကောင်းတယ်လို့ ခင်ဗျားပြောနိုင်ရဲ့လား၊ အိမ်ထဲမှာ ဘယ်နေရာကိုကြည့်ကြည့် မည်းခြောက်ခြောက်နဲ့ ပြိုတော့မယ် ပျက်တော့မယ် အနေမျိုးချည်း တွေ့ရတယ်၊ တကယ်ဆိုတော့ ဒီအိမ်ကြီးကို မီးရှို့ပစ်ဖို့သာကောင်းတယ်”

“ဒါဖြင့်လည်း ရှင်ဘာလို့ နေသေးလဲ” ဟု ဖီဘီက စိတ်ကောက်ဟန်ဖြင့် နှုတ်ခမ်းကလေးစူကာ မေးလိုက်လေသည်။

“အို... ဒီအိမ်ကြီးမှာနေတာဟာ ကျွန်တော် ပညာဆည်းပူးနေတာဗျ။ စာအုပ်တွေဖတ်ပြီး ပညာ ဆည်းပူးတာ မဟုတ်ဘူး၊ ဒီအိမ်ကြီးမှာနေပြီး ဒီလို အဟောင်းအမြင်းကြီးကို ဘယ်လိုမုန်းရမယ်ဆိုတဲ့ ပညာကို ဆည်းပူးနေတာ။ သြော် .... ဒါနဲ့ ခင်ဗျား မက်သယူးမောဆိုတဲ့ ကဝေဆရာကြီးအကြောင်း ကြားဖူးရဲ့လား”

“အင်း ကြားဖူးသားပဲ...၊ ဖေဖေမသေခင်က တခါပြောဖူးတယ်။ အဲဒါက ကြာပါပြီ။ အခုတလောလေး တင်ပဲ ဒေါ်ဒေါ်က ပြောသေးတယ်။ ဒေါ်ဒေါ်အပြောကတော့ ကျွန်မတို့ တမျိုးလုံး တဆွေလုံး ဒုက္ခ ရောက်နေကြတာဟာ အဲဒီကဝေဆရာကြီး မက်သယူးမောက ကျိန်ဆဲခဲ့လို့ဆိုပဲ၊ ရှင့်ကြည့်ရတာ လည်း ဒီလိုပဲ သဘောရပုံပေါ်တယ်..။ ရှင် ဒါမျိုးတွေကို အယုံအကြည်ရှိလို့လား”

“ကျွန်တော်ယုံတာကတော့ အယူသီးတဲ့သဘောနဲ့ အရမ်းယုံတာ မဟုတ်ပါဘူး။ သေသေချာချာ စုံစမ်းစစ်ဆေးပြီးမှ တကယ့်အဖြစ်အပျက် အချက်အလက်တွေပေါ်မှာ မူတည်ပြီး ယုံတာပဲ။ ကြည့်ပါလား။ ဒီခုနစ်ဆောင်ပြိုင်အိမ်ကြီးကို ကာနယ်ပင်းချွန်းက ဆောက်သွားတာဟာ ဒီအိမ်ကြီးမှာ သူ့အဆက်အနွယ်တွေ ပျော်ပျော်ပါးပါး စည်စည်ကားကားနှင့် နေကြဖို့ မဟုတ်လား။ ဒါပေမဲ့ အခု အနှစ်သုံးရာ ရှိတော့မယ်။ ဒီအိမ်ကြီးမှာ နေသွားကြတဲ့ ပင်းချွန်းအဆက်အနွယ်တွေဟာ တယောက်မျှ ပျော်ပျော်ရွှင်ရွှင် ထွန်းထွန်းကားကား မရှိခဲ့ဘူး။ အဲဒီတော့ ဖီဘီ... ခင်ဗျားကို ကျွန်တော် သူတို့လို မဖြစ်စေချင်ဘူး။ သူတို့ရဲ့ခံတတ် မကူးဖို့ ကြိုးစားရလိမ့်မယ်”

“ရှင်ကလည်းရှင်... ကျွန်မတို့ အမျိုးအကြောင်းကို ပြောလိုက်တာ

ရက်ရက်စက်စက် နိုင်လှချည့် ကလား” ဟု ဖီဘီကပြောရင်းပင် ဟောဂရေ့အား စိတ်ကောက်ရ ကောင်းမလားဟု စိတ်ထဲ၌ မဝေခွဲနိုင်အောင် ဖြစ်နေလေသည်။

“အမျိုးထိတော့ ... မချိအောင်နာတယ်ဆိုတာကတော့ ကောင်းပါရဲ့။ ဒါပေမဲ့ ကျွန်တော်ပြောတာက အမှန်ပါ။ အခုလို ပြောရတာလည်း ပထမဦးဆုံး ဒီပြစ်မှုကြီး ကျူးလွန်ခဲ့တဲ့လူဟာ အခု အသွင်တမျိုး နဲ့ အသက်ထင်ရှားရှိနေလို့ ပြောရတာပါ။ ခင်ဗျား ကျွန်တော် တခါက ပြတဲ့ရုပ်ပုံကို မှတ်မိသေးရဲ့ လား”

“အို... ရှင်က အတည်ပေါက်ကြီးနဲ့ ပြောနေတာကိုး။ ရှင်ပဲ တခါက ပြောတယ်။ ပင်းချွန်းအနွယ် တွေဟာ ရူးတတ်တယ်တဲ့။ အရူးရောဂါဟာ ... ကူးစက်တတ်တဲ့ ... ရောဂါများ ... ဖြစ်နေရော့လား”

“အလို... ဘုရားရေ... ခင်ဗျားက ကျွန်တော့်ကို ပင်းချွန်းအနွယ်တွေနဲ့ တအိမ်ထဲနေလို့ ... အရူးရောဂါ ကူးနေပြီလို့ ဆိုချင်လို့လား။ အင်း.. အင်း... အရူးလို့ဆိုချင်လည်း ဆိုပေါ့ဗျာ။ ကျွန်တော်ကလည်း ပင်းချွန်းအနွယ်တွေရဲ့အကြောင်းကို စိတ်ဝင်စားမိတာကိုး။ ဒီအကြောင်းတွေကို ဝတ္ထုရေးပြီး မဂ္ဂဇင်းထဲ ထည့်မလို့ပါ”

“ဩော် ... ရှင်က စာရေးတတ်သလား...”

“ခင်ဗျား မသိဘူးလားဟင်...၊ အဲဒါ ခက်တာပဲ။ စာရေးဆရာတို့ရဲ့ ကံကြမ္မာပဲ ထင်ပါရဲ့ဗျာ။ ကိုယ်နဲ့ အရင်းနှီးဆုံးမိတ်ဆွေက ကိုယ် စာရေးတတ်ကြောင်း မသိဘူးဆိုတာဟာ။ ကျွန်တော် ဝတ္ထု ရေးတတ် ပါတယ်။ ကျွန်တော့်ဝတ္ထုတွေ ဂရေဟာမ်မဂ္ဂဇင်းမှာ အမြဲလိုလို ပါပါတယ်။ ကျွန်တော်က အလွမ်းဝတ္ထုရေးဆရာမို့ ကျွန်တော့်ဝတ္ထုတွေ ဖတ်ရတဲ့လူတွေဟာ မျက်ရည်မကျဘဲနဲ့ မပြီးကြဘူးဗျ။ ကျွန်တော့်ဝတ္ထု တပုဒ်လောက် ဖတ်ပြရမလား”

“မရှည်ဘူး ... ပျင်းစရာ မကောင်းလှဘူးဆိုရင် ... ဖတ်ပြတာပေါ့လေ”

“ဒါကတော့ နားထောင်ရင်း ဆုံးဖြတ်ပေတော့ဗျာ” ဟုဆိုကာ ပန်းချီဆရာကလေးသည် သူရေးထားသော လက်ရေးမူတခုကို ဆွဲထုတ်၍ ဖတ်ပြလေသည်။

[၁၃] အယ်လစ် ပင်းချွန်း

ခုနစ်ဆောင်ပြိုင် အိမ်ကြီးရှင် ဂျာဗေးပင်းချွန်းက နီဂရိုအစေခံတယောက်ကို စေလွှတ်ကာ လက်သမားကလေး မက်သယူးမောအား ခေါ်လိုက်လေ၏။

"မင်းတို့သခင်က ငါ့ကို ဘာဖြစ်လို့ ခေါ်ရတာလဲကွ။ အိမ်ပြင်စရာများ ရှိနေလို့လား။ အေးလေ အိမ်ကြီးကို ငါ့အဖေ ဆောက်ပေးသွားတာဟာ အခုဆိုရင် ခုနစ်ဆယ့်သုံးနှစ်တောင် ရှိပြီ။ ကာနယ်ပင်းချွန်းရဲ့သင်္ချိုင်းက ကမ္ပည်းကို ငါတနေ့ကပဲ ဖတ်ကြည့်လို့ ဒီအိမ်ကြီး အသက်ကိုတောင် တွက်ကြည့်မိသေးတယ်၊ ခုနစ်ဆယ့်သုံးနှစ်ကြာပြီမို့ ပျက်စီး ယိုယွင်းတာ ရှိနေရောပေါ့လေ...."

"သခင်က ဘာလုပ်ချင်လို့ ခေါ်တယ်ဆိုတာ ကျွန်တော်မသိပါဘူး ဆရာရယ်။ အိမ်ကတော့ အကောင်းကြီး ရှိသေးတာပဲ။ ဆရာ့အဖေ ဆောက်ကတည်းက အတော်ကောင်းပါလိမ့်မယ်ဗျာ။ ဒါကြောင့်မို့လည်း ကာနယ်ကြီးက ဆောက်ခိုင်းတာပေါ့။ ဒီလူကြီးအကြောင်း ကြားရတာဖြင့် အင်မတန် သေချာတဲ့ လူကြီးပဲ ဆရာရယ်...။ သူ့အိမ်ကို ဘယ်လောက် ခင်သလဲဆိုရင် အခုထက်ထိ သူ့ဝိညာဉ်ဟာ အိမ်ကြီးပေါ်မှာပဲ ရှိနေသေးတယ်။ ကျွန်တော်တို့လို နီဂရိုအစေခံ ကျွန်မျိုးကိုတောင် မရှောင်ဘူးဗျ။ သူက ခြောက်ပြတယ်..."

"ကဲ .. စကီပီယို ... မင်းသခင်ကိုပြောလိုက်ပါ။ ငါလာခဲ့မယ်လို့၊ အိမ်အပြင်အဆောက်အတွက်တော့ ငါလို လက်သမားဆရာက လုပ်ပေးနိုင်တယ်ကွဲ့၊ ဒါပေမဲ့ တစ္ဆေမခြောက်အောင်တော့ လုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ ကာနယ်ကြီးက ငြိမ်နေပေမဲ့ ငါ့အဖို့ မက်သယူးမောဆိုတဲ့ ကဝေဆရာကြီးကတော့ ပင်းချွန်းအနွယ်ဆိုရင် ချမ်းသာပေးမှာ မဟုတ်ဘူးကွဲ့"

"အို ... အို .. ဆရာ၊ ခင်ဗျား ဘာတွေ လျှောက်ပြောနေရတာတုံး။ ခင်ဗျားကြည့်ရတာလည်းဗျာ.. ကျွန်တော်ဖြင့် အသည်းထိတ်သေးတော့..." ဟု နီဂရိုအစေခံ စကီပီယိုက မေးလိုက်သောအခါ မက်သယူးမောက "ဟေ့ ... ငါ့ကို ... ဘာမျှ မေးမနေနဲ့။ မင်းသခင်ကို ပြောလိုက်၊ ငါလာခဲ့မယ်လို့။ သူ့သမီး အယ်လစ်ကို တွေ့ရင်လည်း ပြောလိုက်ပါကွယ်၊ ငါက နှုတ်ဆက်လိုက်ပါတယ်လို့၊ အယ်လစ်က အတော်ချောတာကိုးကွ"

နီဂရိုအစေခံကလေးက လက်သမားဆရာ၏ စကားကို ကြားသောအခါ မခံချင်သဖြင့် "ခင်ဗျားလို လက်သမားဆရာအောက်တန်းစားက ကျုပ်သခင်မကို

ဒီလိုပြောရသလား... ဟင်..” ဟု ဒေါသနှင့် ပြောဆိုကာ ထွက်သွားလေသည်။

လက်သမားဆရာကလေး မက်သယူးမောကို မြို့ပေါ်ရှိလူများက မနှစ်သက်ကြချေ။ သူ့ကို မနှစ်သက်သည့်အကြောင်းရင်းကား နှစ်ခုရှိ၏။ ပထမမှာ သူ့အမူအရာ အပြောအဆိုပင် ဖြစ်၍ ဒုတိယမှာကား သူ့အမျိုးအနွယ်ပင်ဖြစ်သည်။ သူသည် ကဝေဆရာကြီးဟု အစွပ်စွဲခံရသော မက်သယူးမော၏ အဆက်အနွယ်ဖြစ်သည်။ ကဝေဆရာကြီးမှာ ယခုထက်တိုင်ပင် တစ္ဆေဘဝ၌ ရှိသေးသဖြင့် သူ့ရန်သူ ကာနယ်ပင်းချွန်း ဆောက်ခဲ့သော ခုနစ်ဆောင်ပြိုင်အိမ်ကြီးတွင် ခြောက်၍ နေသည်ဟု အယူရှိကြသည်။

လက်သမားဆရာကလေး မက်သယူးမောကိုလည်း လူအများက သူ့အဘိုးကဲ့သို့ ကဝေအတတ် တတ်သည်ဟု ယုံကြည်ကြသည်။ သူ့ခမျာမှာ အဘိုးကို ကဝေဆရာဟု အစွပ်စွဲခံခဲ့ရသဖြင့် အဘိုးအမွေက အတတ်ရရှိသည်ဟု အစွပ်စွဲခံရရှာသည်။ စင်စစ်သော်ကား အမြော်အမြင် ကင်းမဲ့သော အတင်းပြော ဝိဇ္ဇာမကြီးများ၏ စကားလုံးထွားမှုကြောင့် ယခုကဲ့သို့ မကောင်းသတင်း ဖြစ်ရရှာသည်။

မက်သယူးမောသည် လက်ရှိ အလုပ်ကလေးတခုကို ပြီးအောင် လုပ်နေသဖြင့် ခုနစ်ဆောင်ပြိုင် အိမ်ကြီးသို့ ချက်ချင်းမရောက်နိုင်ပေ၊ လုပ်လက်စ အလုပ်ကလေးပြီးခါမှ ခုနစ်ဆောင်ပြိုင်အိမ်ကြီးသို့ သွားလေသည်။ အိမ်ကြီးရှင် ဂျားဖေးပင်းချွန်းမှာ အိမ်ကြီးကို မုန်းနေလေသည်။ သူကလေးအရွယ်က သူ့အဘိုး ကာနယ်ကြီးထံသို့ ပြေး၍ ဖက်မည်အပြုတွင် ကာနယ်ကြီးမှာ အသက်မရှိတော့ကြောင်း သိရသဖြင့် လန့်သွားခဲ့လေသည်။ ထိုအလန့်မှာ ငယ်ရွယ်နုနယ်သည့် ကလေးဖြစ်သဖြင့် စွဲ၍ သွားလေရာ ယခု လူလားမြောက်သည့်တိုင်အောင် မမေ့နိုင်ဘဲ ရှိတော့သည်။ ထို့ကြောင့် သူသည် ဤခုနစ်ဆောင်ပြိုင် အိမ်ကြီးကို မုန်းတီးလေ၏။

မက်သယူးမော ရောက်သွားသောအခါ အိမ်ကြီးကို မျက်စိဖြင့် လှည့်၍ ကြည့်လိုက်ရာ၊ အိမ်ကြီး၌ ပြင်စရာအကွက် တခုမျှ မရှိကြောင်း ချက်ချင်းပင် သိရလေသည်။ အိမ်အပေါ်ထပ် အခန်းတခန်း၌ ပန်းအိုးများရှိလေရာ ပန်းများမှာ အရောင်အဆင်းနှင့် ကြည့်ရသူတို့အား ဘဝင် အေးစေသည်နှင့်အမျှ ပန်းအိုးများအနီးတွင် ရပ်နေသော မိန်းမပျိုတဦး၏ ရုပ်ရည်မှာလည်း မြင်သူတို့ စိတ်နှလုံး ရွှင်ပြုံးစေလေသည်။

ထိုမိန်းမပျို၏ ရူပါရုံအရိန် ဝင်းဝင်းတောက်နေသောကြောင့်ပင် နဂိုက ညို့မှိုင်းမှိုင်းရှိသော အိမ်ကြီးမှာ အလင်းရောင်တမျိုး ရလျက်ရှိတော့သည်။

လက်သမားဆရာကလေးသည် နာရီကြီးကို လှမ်းကြည့်လိုက်ပြီးလျှင်

“သုံးနာရီတောင် ထိုးသွားပါ ကလား။ ငါ့အဖေ ပြောဖူးတယ်။ ဒီနာရီကြီးကို ကာနယ်ကြီးသေပြီး တနာရီအကြာမှာ တိုင်မှာ ချိတ်တာတဲ့။ ကြည့်စမ်း။ အခု ခုနစ်ဆယ့်သုံးနှစ်တောင်ရှိသွားပြီ။ ဒီနာရီကြီး မပျက်သေးဘူးနော်..” ဟု တွေးမိလေသည်။ ညီမက်သယူးမောတို့ကဲ့သို့သော လက်သမားတို့မှာ ထိုသို့သော မျက်နှာကြီး အိမ်သို့ သွားသည့်အခါ နောက်ဖေးခန်းမှဝင်၍ အစေခံများမှတဆင့် သခင်ထံသို့ သွားရောက်ခစားရ ပေမည်။ ယခု မက်သယူးမောကား မာနကြီးသူဖြစ်သဖြင့် အိမ်ရှေ့တံခါးကို ကျယ်လောင်စွာ ခေါက်လေသည်။ တံခါးခေါက်သံ ကြားရသဖြင့် နီဂရိုအစေခံကြီးက လူကုံထံတယောက် ရောက်နေသည်ဟု မှတ်ထင်သဖြင့် ကပျာကယာ ပြေးပြီး တံခါးဖွင့်လိုက်ရာ လက်သမားဆရာမှန်း သိရသောအခါ အံ့အားကြီးသင့်ကာ “အောင်မာ... လက်သမားဆရာက ရာရာစစ တံခါး ခေါက်လိုက်တာကလည်း တူကြီးနဲ့များ နှက်လိုက်ရော့လားလို့” ဟု ခပ်တိုးတိုး ဆိုလိုက်ရာ မက်သယူးမောက တည်ကြည်သောအသံဖြင့် “ငါလာပြီ။ မင့်သခင်ကို ပြောလိုက်” ဟုဆိုလေသည်။

လက်သမားဆရာလေး အိမ်ထဲသို့ရောက်လျှင်ပင် သံသာချိုအေးသောအသံကို ကြားရလေသည်။ အိမ်ရှင်၏သမီး အယ်လစ်သည် စောင်းတီးလျက်ရှိသည်။ ထိုစောင်းကြီးကို အယ်လစ်သည် အီတလီပြည်မှ ဝယ်ယူလာခဲ့သည်။ စောင်းသံမှာ အလွန်ပင် သာယာလှပေ၏။ လွမ်းစရာ့အသံပင် ဖြစ်ပေသည်။

အိမ်ကြီးရှင်ပင်းချွန်းမှာ လက်သမား မက်သယူးမောကို စောင့်နေသဖြင့် နီဂရိုကြီးက လက်သမား ကလေးကို သူ့သခင်ထံသို့ မဆိုင်းမတွ ခေါ်သွားလေသည်။

အိမ်ကြီးရှင်ပင်းချွန်းသည် သူ့အတွက် သီးသန့်ထားသော အခန်းထဲတွင် ထိုင်နေလေသည်။ အခန်းထဲ၌ကား ဥရောပတိုက်သို့ သွားရောက်လည်ပတ်စဉ်က ဗင်းနစ်မြို့မှ ဝယ်ယူလာသော ပန်းချီပန်းပုပစ္စည်းများစွာတို့ဖြင့် မြိုင်ဆိုင်လှပေသည်။ မက်သယူးမော ဝင်လာသောအခါ သူသည် ကော်ဖီသောက်နေလေသည်။ ကော်ဖီကို ကုန်အောင်သောက်နေသဖြင့် မက်သယူးမော ဝင်လာသည် ကို မြင်သော်လည်း မျက်လွှာတချက် လှန်ရုံသာ ကြည့်လိုက်ပြီးလျှင် သောက်မြဲသောက်လျက် ရှိလေသည်။ မက်သယူးမောမှာ ရှေးကရန်စကို အမြဲတမ်း သုံးသပ်လျက်ရှိရကား ခုနစ်ဆောင်ပြိုင် အိမ်ကြီး မြေနေရာမှာ သူ့အဘိုးပိုင်သောကြောင့် အကယ်၍သာ ကာနယ်ကြီးက မတရားမယူလိုက် လျှင် ထိုနေရာကို ယခု သူပိုင်ရန်သာ ရှိသည်ဟုမှတ်ထင်ကာ ပင်းချွန်းတို့အား အငြိုးထားလျက် ရှိလေသည်။

“ကျွန်တော်ရောက်လာပြီ။ ခင်ဗျား ဘာလုပ်ချင်သလဲ။ မြန်မြန်ပြောပါ။ ကျွန်တော့်မှာ အခြားအလုပ် တွေ ရှိပါသေးတယ်” ဟု ခပ်ဆတ် ဆတ်ပြောလိုက်လေရာ အိမ်ကြီးရှင် ပင်းချွန်းက “စိတ်မရှိပါနဲ့ မောင်ရယ်...

မောင်အချိန်ကုန်တဲ့အတွက် အကျိုးရှိပါစေမယ်။ မောင်ရင်ဟာ ဒီအိမ်ကြီးကိုဆောက်တဲ့ လက်သမားဆရာကြီးရဲ့သားလား မြေးလား၊ မက်သယူးမောဆိုတာလား တောမတ်မောလား”

“ကျွန်တော့်နာမည် မက်သယူးမောတဲ့။ ဒီအိမ်ကြီး မြေနေရာကို တကယ်တမ်းပိုင်တဲ့လူရဲ့ မြေးပေါ့”

“ဒီမြေအမှုကို ကျုပ်လည်းမှတ်မိပါတယ်။ ဒါပေမဲ့ ဒီအမှုအကြောင်း ပြောပြီး အငြင်းပွားဖို့ မဟုတ်ပါဘူး။ အမှုက ပြီးပါပြီ။ တရားရုံးတော် ဆုံးဖြတ်ပြီးမို့ ပြန်ပြင်လို့လည်း ရမှာ မဟုတ်တော့ ပါဘူး။ အခု မောင်ရင် အာဃာတတရား ရှေ့ထားတဲ့အချက်ဟာလည်း စင်စစ်တော့ အခု.. မောင်ရင့်ကို ခေါ်တဲ့အကြောင်းနဲ့ မသက်ဆိုင်ဘူးလို့ မဆိုနိုင်ပါဘူး”

“ဒါကတော့ဗျာ ... ကျွန်တော့်မျိုးရိုးကို ထိခိုက်စော်ကားထားတော့ အာဃာတတရား ရှိမှာပေါ့”

“ကဲပါလေ ... ဒါကို ထားလိုက်ပါဦး၊ မောင်ရင် ကြားဖူးမှာပေါ့၊ ကျုပ်တို့အဘိုးလက်ထက်ကတည်းက အရှေ့ပိုင်းမြေနေရာများအတွက် အမှုဖြစ်နေတာ”

“ဟုတ်ကဲ့.... ကြားဖူးပါရဲ့။ ကျွန်တော့်အဖေဆီက ဒီအမှုအကြောင်းကို ကြားဖူးပါရဲ့” ဟု မက်သယူးမောက ပြုံး၍ ပြောလိုက်လေသည်။

“အဲဒီအမှုဟာ အဘိုးမသေခင်က ပြီးဖို့ဟာ မပြီးခဲ့ဘူး။ အဘိုးကတော့ ဒီအမှုကို နိုင်လိမ့်မယ်လို့ ထင်တယ်။ ရှေ့နေများကလည်း နိုင်မယ်လို့ ပြောကြတာပဲ။ ဒါပေမဲ့ ဒီအမှုကို နိုင်နိုင်မယ့် အကြောင်းတရပ်ဖြစ်တဲ့ စာချုပ်စာတမ်းတွေဟာ အဘိုးလက်ထက်က ရှိပေမဲ့ သူ ရုတ်တရက် ဆုံးသွားတော့ ဘယ်ရောက်သွားတယ် မသိရဘူး”

“နို့ .. အဲဒါနဲ့ ... ကျွန်တော့်လို လက်သမားကလေးနဲ့ ဘာဆိုင်လို့လဲ။ ကျွန်တော် ဒီအမှုကြီးမှာ ဘာများ တတ်နိုင်မှာတဲ့တုံး”

“တတ်နိုင်ချင်လည်း တတ်နိုင်ပေမပေါ့လေ... မတတ်နိုင်ချင်လည်း မတတ်နိုင်ရုံပေါ့” ဟု ပင်းချွန်းက ပြောလိုက်လေသည်။

ထိုမြေမှုကြီးနှင့်ပတ်သက်၍ ပြောလာကြသော အရပ်စကားတို့မှာကား ကာနယ်ပင်းချွန်းသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီးဆောက်ရန် နေရာကို မက်သယူးမောထံမှ ရသော်လည်း အရှေ့ပိုင်း မြေကွက်ကြီးကို မက်သယူးမောအား ကာနယ်ကြီးက စာချုပ်နှင့် လွှဲအပ်လိုက်ရသည် ဟူ၏။ ထိုစာချုပ်ကြီးမှာ ယခု

အလွန်ပင် အရေးပါ အရာရောက်နေသဖြင့် ပင်းချွန်းအနွယ်တို့၏ ရှေ့နေများက ထိုစာချုပ်ကြီးကို အပြင်းအထန် လိုက်လံရှာဖွေနေကြလေသည်။ တချို့က မက်သယူးမောမှာ ထိုစာချုပ်ကြီးကို ခုံမင်လွန်း၍ ကြိုးပေးခါနီးတွင် လက်ထဲ၌ ဆုပ်၍ထားသည်ဟု ဆိုကြသဖြင့် ရှေ့နေများက မယုံသည် ယုံသည်ကို အပထား။ ကွက်လပ် မကျန်အောင် ရှာဖွေရမည် ဖြစ်သောကြောင့် မက်သယူးမော၏ သင်္ချိုင်းကို မြေလှန်၍ စာချုပ်ကြီး ရလိုရငြား ရှာဖွေကြသေး၏။ သို့သော် စာချုပ်ကိုကား အဘယ်မှာလျှင် တွေ့နိုင်ပါမည်နည်း။

အချို့ကပြောသည်မှာ ထိုစာချုပ်ကြီးကို ကွယ်လွန်သူ မက်သယူးမောက ယခု လက်သမားဆရာလေး မက်သယူးမော၏ဖခင် လက်သမားဆရာကြီးအား ပေးအပ်ခဲ့ကြောင်းပင် ဖြစ်လေရာ ယခု လက်သမားဆရာကလေး လက်ထဲသို့ သူ့ဖခင်ထံမှ အမွေအနှစ်အဖြစ် ရကောင်းရမည်ဟု တွေးထင်ကြလေသည်။ မက်သယူးမောကလည်း ထိုအကြောင်းကို သိနှင့်ပြီဖြစ်၍ အိမ်ကြီးရှင် ပင်းချွန်းက ပြောလိုက်လျှင်ပင် ဘယ် အဓိပ္ပာယ်သို့ သက်ရောက်စေသည်ကို သိရှိလေပြီ။

ထို့ကြောင့် သူကပြုံးလျက်နှင့်ပင် "ကျွန်တော့်အဖေက ခင်ဗျား အဘိုး ကာနယ်ကြီးထက်ပိုပြီး ရိုးသားဖြောင့်မတ်ပါတယ်ဗျာ။ ဒီတော့ ကျွန်တော့်အဖေက စာချုပ်ကို ယူတယ်လို့ မမှတ်လိုက်ပါနဲ့" ဟု ဆိုလေရာ ပင်းချွန်းမှာ အထက်တန်းစားတဦး ဖြစ်သည့်အတွက် မာနကို ထိခိုက်သောကြောင့် တည်ကြည်သောအသံဖြင့် "မောင်ရင်က ကျုပ်ကိုဖြစ်ဖြစ်၊ ကျုပ်အဘိုးကိုဖြစ်ဖြစ် စော်ကားနေဖို့ အကြောင်းမရှိပါဘူး။ ကျုပ်လိုလူမျိုးဟာ မောင်ရင်တို့လို အတန်းအစားမျိုးနဲ့ ဆက်သွယ်ပြောဆို နေတယ်ဆိုတာ အရေးကြီးတဲ့ကိစ္စရှိလို့သာ မှတ်ပါ။ တခြားအချိန်မျိုးမှာ မောင်ရင်တို့လိုလူမျိုးနဲ့ ကျုပ် လေကုန်ခံပြီး စကားပြောနေမှာ မဟုတ်ဘူး" ဟု ဆိုလိုက်လေသည်။

ထို့နောက် အိမ်ကြီးရှင်က လက်သမားဆရာကလေးအား ထိုစာချုပ်ကို ရနိုင်မည့် အကြောင်းအချက် များ ဖွင့်ဟပြောပါမူ ငွေမြောက်မြားစွာ ပေးမည်ဟု ဆိုလေသည်။ ပထမ၌ လက်သမားကလေးက ငြင်း၍ချည်း နေသော်လည်း နောက်ဆုံး၌ ထူးဆန်းသော ရယ်သံဖြင့်၊ စာချုပ်ပေးလျှင် ခုနစ်ဆောင်ပြိုင် အိမ်ကြီးကို ပေးမည်လားဟု မေးလိုက်လေသည်။

ယင်းသို့မေးလိုက်သည်တွင် အခန်းတွင်းရှိ ကာနယ်ကြီး၏ ရုပ်ပုံမှာ ထူးဆန်းစွာ ပြုမူသည်ဟု တယောက်စကားတယောက်နား ဆိုသလို အပြောရှိလေသည်။ သူတို့နှစ်ဦး အရေးဆိုနေခိုက်တွင် ရုပ်ပုံထဲ၌ရှိသော ကာနယ်ကြီးက သူတို့အား မျက်မှောင်ကုတ်၍ ကြည့်နေသည်ဟု ဆိုကြသည်။ နောက်ဆုံး၌ လက်သမားကလေး မက်သယူးမောက ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို တောင်းလိုက်သည် တွင် ရုပ်ပုံထဲမှကာနယ်ကြီးမှာ လူကိုယ်တိုင် ဆင်းလာမည်ကဲ့သို့

ပြုသည်ဟုဆိုကြ၏။ သို့ရာတွင် ထိုစကားများကို အရင်းအတိုင်းသဘောထား၍ ယုံကြည်ကြရန် မလိုလှပေ။

"အိမ်ကြီးကို ပေးပစ်ရမယ်ဆိုတာကို ကျုပ်က ပေးချင်လို့ ပေးဦးတော့။ ကျုပ်အဘိုးဟာ သူ့သင်္ချိုင်းထဲမှာ အေးအေးဆေးဆေး နေမှာ မဟုတ်ဘူး"

"အို ... ဒါကတော့ မထူးပါဘူးခင်ဗျာ။ အခုလည်း ကာနယ်ကြီးဟာ သင်္ချိုင်းထဲမှာ အေးအေးဆေးဆေး နေပုံမရပါဘူး။ သူ့ဝိညာဉ်ကို မြင်ကြရတဲ့လူတွေ အတော်များတာပဲ။ ကျွန်တော်တော့ ဒီထက်လျှော့ပြီး မယူနိုင်ဘူး"

အိမ်ကြီးရှင်ပင်းချွန်းမှာ စင်စစ်အားဖြင့် ထိုအိမ်ကြီးကို မခင်မင်ချေ။ သူငယ်စဉ်ကတည်းကပင် ကောင်းကျိုးပေးသည်ဟု မဆိုသာသော အိမ်ကြီးဖြစ်သဖြင့် ထိုအိမ်ကြီးကို သူ့သဘောအတိုင်းသာ ဆိုလျှင် ပေးပစ်လိုက်ချင်လှ၏။ သူနှင့် သူ့ကွယ်လွန်သူ ဇနီးသည်၏ ပစ္စည်းဥစ္စာများလည်း တဖြည်းဖြည်း လျော့ပါး၍ ကုန်ခါနီးဖြစ်နေသဖြင့် သူသည် သူ့အဘိုးလက်ထက်ကစ၍ အမွေဖြစ်လျက် ရှိသော အရှေ့ပိုင်းမြေကွက်ကြီးကို အထူးပင် လိုချင်လှ၏။ ထိုမြေကွက်ကြီးမှာ ဧကနှင့် တွက်၍ မရနိုင်။ မိုင်နှင့်တွက်မှ ရပေမည်။

ထိုမျှကြီးမားသော လယ်ပယ်ကြီးကို ပိုင်နေလျှင် အင်္ဂလန်ပြည်၌သာဆိုပါမူ နယ်စားကြီးဘွဲ့ထူးကို ရရှိနိုင်သည်။ စင်စစ်သော်ကား သူသည် ထိုနယ်ကြီးကို အမွေနိုင်၍ရလျှင် အမေရိကန်ပြည်မှ ထွက်ခွာ၍ အင်္ဂလန်ပြည်သို့သွားကာ နယ်စားကြီးဘွဲ့ထူးကို ခံယူရန် ကြံရွယ်ထားလေသည်။ ထိုနယ်ကြီး ရရှိရေးတွင် အရေးပါ အရာရောက်လှသည့် စာချုပ်ကို ရမည်ဆိုပါက ဤအိမ်အိုကြီးကို ပေးပစ်ရန်မှာ လွယ်လွန်းလှ၍ ရယ်စရာပင် ဖြစ်နေတော့သည်။

"ကဲ... မောင်ရင်ပြောတဲ့အတိုင်း ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို ပေးပါ့မယ်...။ ကျုပ်ကိုသာ စာချုပ် ပေးပါ" ဟု ပင်းချွန်းက လက်သမားကလေးကို ပြောလိုက်လေသည်။

ဤအကြောင်းနှင့်ပတ်သက်၍ နောင်လာနောက်သားတို့ အမျိုးမျိုး ပြောဆိုကြသည်။ တချို့က ထိုအကြောင်းကို ရှေ့နေနှင့် စာချုပ်ကြသည် ဆို၏။ အချို့ကလည်း မက်သယူးမောက ပင်းချွန်းထံမှ ကတိစာတစောင်ရရုံနှင့် ကျေနပ်သည်ဟုဆို၏။ နှစ်ဦးသဘောတူ စာချုပ်လက်မှတ် ရေးထိုးပြီးသည့် နောက် ပင်းချွန်းက အရက်ယူခိုင်းပြီးလျှင် သူနှင့် လက်သမားကလေးတို့ ခွက်ဆုံသောက်ကြလေ သည်။

အရက်သောက်လိုက်သောအခါ ပင်းချွန်းမှာ အတော်ပင် မူးနောက်နောက်

ဖြစ်သွားလေရာ "အရက်က သိပ်ပြင်းသကိုး ကျုပ်ဥရောပတိုက်ကို ပြန်သွားတဲ့အခါမှာ အီတလီနဲ့ ပြင်သစ်က အကောင်းဆုံး အရက်ကို မှာသောက်မယ်" ဟုဆိုလိုက်ရာ လက်သမားကလေးက "မင်းဘုရားကြီး ဘယ်လိုပဲလုပ်လုပ် လုပ်နိုင်ပါတယ်။ ဪ ... ဒါနဲ့ စာချုပ်အကြောင်း သတင်းကောင်းကလေး မပေးသေးခင် ကျွန်တော် မင်းဘုရားကြီးရဲ့ သမီးတော်နဲ့ နည်းနည်း စကားပြောပါရစေ" ဟု ရင်းနှီးသော အသံဖြင့် တောင်းဆိုလိုက်လေသည်။

"မင်းရူးသလား မောင်ရယ်... ငါ့သမီးက ဒီကိစ္စမှာ ဘာများ ဝင်ပြီး ပြောနိုင်ဆိုနိုင်ဦးမှာတုံး" ဟု ပင်းချွန်းက ဒေါသနှင့် မာန ရောပွမ်းသောအသံဖြင့် မေးလေသည်။ စင်စစ် လက်သမားဆရာ ကလေးက ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို တောင်းစဉ်က ပင်းချွန်းသည် ယခုကဲ့သို့ အံ့အားသင့် မသွားလှချေ။ အိမ်ကြီးကို တောင်းသည်မှာ အဓိပ္ပာယ်ရှိသေး၏။ သူ့အတိုးပိုင် မြေပေါ်တွင် ကာနယ်ကြီးက အတင်းလု၍ ဆောက်သောကြောင့် ပြန်ရထိုက်သည်ဆိုသောသဘောနှင့် တောင်းသည်ဟု နားလည်နိုင်ပေသည်။ ယခုတောင်းဆိုချက်ကိုကား ပင်းချွန်း နားမလည်နိုင်အောင် ရှိတော့သည်။

သို့ရာတွင် အရှေ့ပိုင်းနယ်မြေကို လိုချင်သောဇောကြီးလွန်းလှသဖြင့် နောက်ဆုံး၌ ပင်းချွန်းက သူ့သမီးကို ခေါ်လိုက်လေသည်။ အယ်လစ်မှာ ခပ်ဝေးဝေးတွင် ရှိသည်မဟုတ်။ သူ့ဖခင်၏ အခန်းနှင့် ကပ်လျက်ရှိသော သူ့အခန်းထဲ၌ စောင်းတီးလျက်ရှိသည်။ သူ့ဖခင်နှင့် လက်သမားဆရာကလေး တို့သည် စကားပြောနေရင်း စောင်းသံကို ကြားလျက် ရှိကြလေသည်။

ပင်းချွန်းက သူ့သမီးကိုခေါ်လိုက်သဖြင့် အယ်လစ်လည်း သူတို့ရှိရာ အခန်းထဲသို့ ဝင်လာလေသည်။ သူသည် အခန်းထဲသို့ရောက်လျှင် ရောက်ချင်းပင် လက်သမားဆရာကလေးကို လှမ်း၍ကြည့်လိုက်ရာ မက်သယူးမော၏ ကိုယ်ကာယ အဆင်ပြေပုံကို သဘောကျလေသည်။ သို့ရာတွင် သူက သဘောကျ၍ ကြည့်လိုက်သည့်အကြည့်ကိုပင် မက်သယူးမောက အထင်မှားကာ "အံမယ်... သင်းက ငါ့ကို ဘာများထင်လို့... ဒီလို မျက်လွှာကြီးလှန်ပြီး ကြည့်ရတာလဲ...။ ငါ့ကို လူမမှတ်ဘူးထင်တယ်။ တိရစ္ဆာန်များ မှတ်နေရော့သလား...။ အေးကွာ သိကြရောပေါ့။ ငါဟာ လူဖြစ်တယ်ဆိုတာ မင်းသိလာလိမ့်မပေါ့" ဟု စိတ်တွင်းက ကြိမ်းလိုက်လေသည်။

"ဖေဖေ ကျွန်မကို ခေါ်သလား။ ဪ.. ဒီကဧည့်သည်နဲ့ စကားပြောနေရင် ကျွန်မ သွားပါတော့မယ်။ ကျွန်မ တကယ်ဆိုတော့ ဒီအခန်းထဲမှာ ကြာကြာမနေချင်ဘူး" ဟုပြောပြီးလျှင် အယ်လစ်က လှည့်ထွက်သွားမည်ပြုရာ မက်သယူးမောက "နေပါဦးဗျ။ အခုပဲ ခင်ဗျားရဲ့အဖေနဲ့ ပြောစရာရှိတာ တွေ ပြောပြီးပါပြီ။ ခင်ဗျားနဲ့ပဲ ပြောစရာ လိုပါတော့တယ်" ဟု လှမ်း၍

ပြောလိုက်သည့်အခါ အယ်လစ်မှာ အံ့အားသင့်စွာဖြင့် သူ့ဖခင်ကို လှမ်း၍ကြည့်လိုက်လေသည်။

သူ့အကြည့်မေးခွန်းကို ဖြေဆိုသောအားဖြင့် သူ့ဖခင်ကြီးက "ဒီသူငယ် နာမည်က မက်သယူးမောတဲ့။ သမီးနဲ့ စကားပြောစရာ ရှိလို့တဲ့။ သမီးနဲ့ပြောရင် မြေမှုမှာ အရေးတကြီးလိုနေတဲ့ စာချုပ် ဘယ်နေရာမှာရှိတဲ့အကြောင်း ပြောပြလိမ့်မယ်။ ဒီစာချုပ်ရဖို့ဆိုရင် ဘာမဆို လုပ်ရမယ်ဆိုတာ သမီး အသိသားပဲ။ ဒီတော့ ဒီသူငယ်မေးသမျှကို ဖြေလိုက်ပါ သမီးရယ်...။ ပြီးတော့လည်း ဖေဖေ ဒီအခန်းထဲမှာပဲ ရှိမှာပါ၊ သမီးက ဆက်ပြီး စကားမပြောချင်တော့ဘူးဆိုတာနဲ့ တပြိုင်နက် စကားကို ဖြတ်လိုက်ပါစေမယ်" ဟု ပြောလိုက်လေသည်။

"ဟုတ်ပါတယ်။ အယ်လစ်ပင်းချွန်းဟာ သူ့ဖခင်မျက်စိအောက်မှာ ဘေးရန်ကင်းကင်း နေနိုင်ပါတယ်" ဟု မက်သယူးမောက သရော်သော အသံမျိုးဖြင့် ဝင်၍ပြောလိုက်လေသည်။

"အိုရှင်... ကျွန်မဖေဖေ ရှိနေသမျှတော့ ဘယ်ဘေးရန်မှ မကြောက်ဘူး။ ပြီးတော့လည်း မိန်းကလေး ဆိုတာ ဣန္ဒြေကစောင့်ထိန်းတာမျိုးမို့ ကျွန်မဖြင့် ဘယ်တော့မှ မကြောက်ပါဘူး"

"ဒီလိုဆိုရင် ခင်ဗျား တဆိတ်လောက်ထိုင်ပါ။ ထိုင်ပြီးရင် ကျွန်တော့်မျက်စိကို သေသေချာချာ စိုက်ကြည့်စမ်းပါ"

အယ်လစ်က မောပြောသည့်အတိုင်းပင်ထိုင်၍ သူ့မျက်လုံးကို ကြည့်နေလေသည်။ အယ်လစ်၏ဖခင် ပင်းချွန်းသည် တဖက်သို့လှည့် ၍ နံရံတွင်ဆွဲထားသော ပန်းချီကားများကို ကြည့်နေလေသည်။ ကြည့်နေရင်းပင် သူသည် မောတို့အဆက်အနွယ်မှာ စုန်းကဝေအတတ် တတ်သည်ဟု လူပြောများ ကြောင်း သတိပြုမိလေသည်။ သူကိုယ်တိုင်ကား ခေတ်ပညာတတ် ဖြစ်သဖြင့် သမားရိုးကျ အယူသီးမှုတို့ကို ပယ်ထားသောကြောင့် ထိုစကားကို မယုံကြည်ချေ။ ယင်းသို့ ပညာတတ် တယောက်ဖြစ်သဖြင့် ယုံကြည်လျှင် ပညာတတ် မပီသမှာ စိုးလှ၍ မယုံကြည်သော်ငြားလည်း မက်သယူး၏ အဆက်အနွယ်များကား လူပြော အတော်များသော စုန်းကဝေသမားများဖြစ်ကြောင်း သတိရမိလေသည်။ ထို့ကြောင့် တဖက်သို့ လှည့်ကြည့်လိုက်ရာ မှန်ထဲတွင် မက် သယူးမောက လက်နှစ်ဖက်ကို အယ်လစ်၏ရှေ့တွင် အပေါ်မှ အောက်သို့ သပ်၍ချနေသည်ကို မြင်ရသောအခါ ချက်ချင်းပင် လှည့်၍ ကန့်ကွက်လေသည်။ "ဒီလိုတော့ မသပ်ပါနဲ့ မက်သယူးရယ်..." ဟု ဆိုသည်ကို အယ်လစ်က "လုပ်ချင်လုပ်ပါစေ ဖေဖေ ဒါပေမဲ့ ကျွန်မကို ညို့လို့ မရနိုင်ပါဘူး၊ စိတ်ပူမနေပါနဲ့" ဟု ဆိုလိုက်သဖြင့် သမီးကို အလွန် အလိုလိုက်လေရကား ပင်းချွန်းသည် ဆက်လက်၍ မကန့်ကွက်ဘဲ ပန်းချီကားများ

ဆီသို့ တကြိမ်လှည့်၍ ကြည့်နေလေသည်။

စင်စစ် စာချုပ်ရယူရေးသည် သူ့အတွက်ထက် အယ်လစ်အတွက် ပို၍အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် သူ နယ်စားကြီးဖြစ်ခါမှ အယ်လစ်သည် အင်္ဂလန်ပြည်၌သော်လည်းကောင်း၊ အိမ်ရှေ့ဥပရာဇာ တဦးဦးနှင့် စုံဖက်နိုင်ပေမည်။ ပင်းချွန်းသည် ယင်းသို့လျှင် ပန်းချီကားများကို ကြည့်ရင်း စိတ်ကူးယဉ်နေခိုက် သူ့သမီးထံမှ ခပ်သဲ့သဲ့အော်သံတခု ကြားလိုက်ရသည်။ အော်သံမှာ အတော်ပင် တိုးလွန်းသဖြင့် အော်ရင်းပြောလိုက်သော စကားတို့ကို မကြားလိုက်ရပေ...။ သို့ရာတွင် သူ နောက်မှ စဉ်းစားကြည့်သောအခါ ထိုအော်သံမှာ ကယ်ကြပါဟူသော အော်သံပင်ဖြစ်ကြောင်း၊ သို့ရာတွင် နားရှင်းအောင် မကျယ်လောင်လှသဖြင့် သူလှည့်မကြည့်မိကြောင်း သတိရမိလေသည်။

အတန်ကြာမှ မက်သယူးမောက "ခင်ဗျားသမီး ကြည့်စမ်းပါ" ဟု လှမ်း၍ ပြောလိုက်သဖြင့် မစ္စတာ ပင်းချွန်းသည် ခပ်ဝေးဝေးမှ ကပျာကသီ ရောက်လာလေသည်။ လက်သမားဆရာကလေးသည် အယ်လစ်၏ ကုလားထိုင်ရှေ့တွင် မားမားမတ်မတ်ကြီးရပ်၍ အယ်လစ်အား အောင်မြင်သော သူတို့၏ အမူအရာဖြင့် လက်ညှိုးညွှန်၍ ပြနေလေသည်။ အယ်လစ်မှာ ကုလားထိုင်ပေါ်တွင် မျက်တောင်ကြီးများ ယှက်ကာ ငြိမ်သက်စွာ နေလေသည်။

"ကဲ ... သူ့ကို ... စကားပြောစမ်းပါဗျာ..." ဟု မောက ဆိုလိုက်ရာ ပင်းချွန်းက "အယ်လစ် ... သမီးရေ ... အယ်လစ်" ဟုခေါ်လေသည်။

အယ်လစ်ကား လှုပ်ရှားခြင်းမရှိ။

"ခပ်ကျယ်ကျယ်ခေါ်ပါဗျာ..." ဟု မောက ပြုံး၍ပြောလေသည်။

"ဟဲ့ ... အယ်လစ် ... ထလေ...၊ နင်ဒီလိုနေတာ ငါမကြည့်ချင်ဘူး ... ထပါ" ဟု ပင်းချွန်းက ကြောက်အားလန့်အားနှင့် ကျယ်လောင်စွာ အယ်လစ်၏နားအနီးသို့ ကပ်၍ပြောသော်လည်း အယ်လစ်မှာ လှုပ်ရှားခြင်း မရှိ။

"မကြားရင် လှုပ်ပြီးနှိုးပါလားဗျာ။ ကျုပ်ကတော့ လက်သမားမို့ လက်ကကြမ်းတယ်၊ နို့မို့ရင် ကျုပ်ပါကူပြီး လှုပ်နှိုးပေးပါရဲ့"

ပင်းချွန်းသည် သူ့သမီး၏လက်ကို ကိုင်၍ နှိုးသော်လည်း မလှုပ်သဖြင့် ယုယစွာ ပါးကိုနမ်း၍ နှိုးပြန်လေသည်။ သို့ရာတွင် သူ့သမီးမှာ လှုပ်ရှားခြင်း မရှိသဖြင့် ဒေါသအနည်းငယ်ဖြစ်လာကာ စိတ်လိုက်မာန်ပါ တကိုယ်လုံး သိမ့်သိမ့်တုန်အောင် လှုပ်၍ နှိုးပြန်လေသည်။ သို့သော်လည်း အကြောင်းမထူးပေ။

ပင်းချွန်းသည် ဒေါသကြီးစွာထွက်၍ အပေါ်အင်္ကျီကို ချွတ်လိုက်ပြီးလျှင်

မောအား လက်သီးဆုပ်၍ ပြရင်း "ဟော့ကောင် နင်နဲ့ နင့်သရဲက ငါ့သမီးကို သတ်ပစ်တယ်ပေါ့လေ၊ ငါ့သမီးကို အသက် ပြန်ရှင်အောင် လုပ်ပေး၊ နို့မို့ရင် နင်လည်း နင့်အဘိုးလို ကြိုးပေးခံရမယ်" ဟု ကြိမ်းမောင်းလေသည်။

"သည်းခံပါခင်ဗျာ။ ဒီလောက်လည်း ဒေါသမကြီးပါနဲ့၊ ဦးရဲ့အကျိုးတွေ ကြေကုန်ပါဦးမယ်၊ တကယ်ဆိုတော့ ဒီဟာ ကျွန်တော့်အပြစ်လား၊ ဦးက စာချုပ်ကလေးအတွက် ဦးသမီးကို ရောင်းလိုက်တာကိုး..။ အခုတော့ ဦးသမီး အယ်လစ်ပင်းချွန်းဟာ အိပ်နေရှာပြီ။ သူ့ခမျာ အရင်တုန်းကလိုများ မာနကြီးသေးလားလို့ ကြည့်ရအောင်" ဟုဆိုကာ အယ်လစ်အား လက်ယပ်ခေါ်လိုက်ရာ အယ်လစ်မှာ အိပ်နေရာမှထ၍ သူ့ထံသို့ တဖြည်းဖြည်း ချဉ်းကပ်လာလေသည်။ သူက တဖန် လက်တားလိုက်ရာ အယ်လစ်မှာ သူ့ကုလားထိုင်သို့ ပြန်၍ထိုင်ပြန်လေသည်။

"ကျွန်တော်က သူ့ထက် စိတ်ဓာတ်မှာ သာလို့ သူ့ကို ကျွန်တော် ပိုင်ပြီဗျ" ဟု မက်သယူးမောက ပြောလိုက်သည်။ အယ်လစ်အား မက်သယူးမောက စိတ်ညှို့သည့်တွင် နာနာဘာဝလောကနှင့် အယ်လစ်မှတဆင့် ဆက်သွယ်လိုသောကြောင့် ယင်းသို့လုပ်ခြင်းပင်ဖြစ်သည်။ အယ်လစ်သည် သူမှတ်ထားသော မျက်စိထဲ၌မြင်သမျှကို ပြောပြလေသည်။ အယ်လစ်က ကာနယ်ကြီးနဲ့ မက်သယူးမောတို့ ပုံပန်းသဏ္ဍာန်ကို ဖော်ပြပြီးလျှင် လက်သမားဆရာကလေး၏ ဖခင်ကြီး ပုံပန်းသဏ္ဍာန်ကိုလည်း ဖော်ပြကာ သူတို့သုံးယောက် ပျောက်ဆုံးနေသော စာချုပ်ရှိသည့်နေရာကို သိကြသည်ဟု ဆိုလေသည်။ ကာနယ်ကြီးက စာချုပ်ကို လက်ကိုင်ထားသော်လည်း မက်သယူးမော နှင့် လက်သမားဆရာကလေး၏ ဖခင်တို့က စာချုပ်ကို ထုတ်ပေးရန် ခွင့်မပြုကြောင်း၊ အယ်လစ်က ပြောပြလေသည်။

ထိုသို့ပြောပြစဉ်တွင် လက်သမားဆရာကလေးက ပင်းချွန်းအား "ခင်ဗျားလိုတဲ့ စာချုပ်တော့ ရမှာ မဟုတ်တော့ဘူး။ ခင်ဗျားအဘိုး ကာနယ်ကြီးကိုယ်တိုင်က အရင်တုန်းက သူလုပ်ခဲ့တဲ့ အကုသိုလ်တွေကြောင့် ဒီစာချုပ်ကို သားစဉ်မြေးဆက် မပေးတော့ဘူးလို့ ဆိုနေပြီ။ အဲဒီတော့ စာချုပ်ကို ကျွန်တော် ရှာမပေးနိုင်ဘူး။ ခင်ဗျားပဲ ခင်ဗျားအိမ်ကြီးကို ယူပေတော့။ ဒီအိမ်ကြီးဟာ အတော်ပဲ ဒုက္ခခံပြီး ဆောက်ထားရတဲ့အိမ်မို့ ခင်ဗျားတို့ အဆက်အနွယ်တွေပဲ ယူသင့်ပါတယ်။ ပြီးတော့လည်း ဒီအိမ်ကြီးဟာ ကျိန်စာတွေသင့်နေလို့ ခင်ဗျားတို့ပဲ အမွေအနှစ် အဖြစ် အဲဒီကျိန်စာတွေကို ယူရတော့မှာပဲ" ဟု ပြောလိုက်လေသည်။

ပင်းချွန်းသည် ဘာမျှပြန်မပြောနိုင်ဘဲ အတန်ကြာငေးနေပြီးမှ "ဟော့ကောင် ... လူယောင်ဆောင်တဲ့ သရဲ။ နင်ငါ့သမီးပြန်ပေး။ ပြီးတော့ နင်ထွက်သွား...၊ နင်နဲ့ငါ တသက်နဲ့တကိုယ် တခါမှ မတွေ့ချင် တော့ဘူး..." ဟုပြောလိုက်ရာ

မက်သယူးမောက ပြုံး၍ "ခင်ဗျားသမီးဆိုပေမဲ့ဗျာ ... တကယ်တော့ ကျွန်တော်ပိုင်နေပါပြီ။ ဒါပေမဲ့ ခင်ဗျားကို သနားလို့ သူ့ကို ခင်ဗျားနဲ့ပဲ ထားခဲ့ဦးမယ်။ နောက်တော့ သူကျွန်တော့်ကို လွမ်းနေရင် ကျွန်တော်မတတ်နိုင်ဘူးနော်" ဟုပြောကာ လက်နှစ်ဖက်ကို အပေါ်သို့ အကြိမ်များစွာမြှောက်၍ ယမ်းလိုက်ရာ အယ်လစ်မှာ အိပ်ရာမှ နိုးလာလေသည်။ အယ်လစ်သည် သူအိပ်ပျော်နေစဉ်က တွေ့မြင်ရသည်တို့ကို တခုမျှ မမှတ်မိတော့ဘဲ သူ့ရှေ့တွင် ရပ်နေသည့် မက်သယူးမောအား ယခင်ကဲ့သို့ပင် မာနထားသော မျက်နှာထားမျိုးနှင့် ကြည့်နေလေသည်။

ထိုနေ့အဖို့ ထိုကိစ္စပြီးသော်လည်း အယ်လစ်မှာ အပြုစားခံရသကဲ့သို့ဖြစ်ကာ မောပြောသမျှ ကျေးကျွန်သဖွယ် တသဝေမတိမ်း လိုက်နာလုပ်ကိုင်ပေးရရှာသည်။ မောက မည်သည့်နေရာပင် ဖြစ်စေ၊ လှမ်း၍ လက်ယပ်ခေါ်လိုက်လျှင် အယ်လစ်၏ဝိညာဉ်သည် အယ်လစ်၏ ခန္ဓာကိုယ်မှ ချက်ချင်းပင်ထွက်ခွာကာ မောရှေ့သို့ ရောက်ရရှာသည်။ "အယ်လစ် ရယ်လိုက်စမ်း" ဟု မောက အမိန့်ပေးလျှင် အယ်လစ်၏ ဝိညာဉ်မှာ ခွက်ထိုးခွက်လန် ရယ်ရရှာသည်။ "အယ်လစ် ငိုလိုက်စမ်း" ဟု ဆိုလျှင်လည်း သူ့ဝိညာဉ်ခမျာမှာ မျက်ရည်ချောင်းစီးလျက် ငိုရရှာတော့သည်။ "အယ်လစ် က,လိုက်စမ်း" ဟုဆိုလျှင်လည်း အယ်လစ်မှာ သူ့ဣန္ဒြေနှင့် မကိုက်အောင်ပင် ကြမ်းကြမ်းတမ်းတမ်း ကရရှာသည်။ ယင်းသို့ မောက အယ်လစ်အား မာနကြီးလွန်းသဖြင့် နှိမ်သော်လည်း အယ်လစ် အပေါ်တွင် အာဃာတတရား မရှိပေ။

တနေ့၌ မင်္ဂလာဆောင်တခုတွင် မောက အယ်လစ်အား ခေါ်လိုက်ရာ အယ်လစ်၏ဝိညာဉ်မှာ ပါးလွှာဖြူစင်သော ဝတ်ရုံကို ဝတ်လျက် အလုပ်သမားအိမ်တအိမ်ရှေ့သို့ ရောက်လာရလေသည်။ ထိုအိမ်မှာ မင်္ဂလာဆောင်အိမ်ဖြစ်သဖြင့် ရယ်မောဆူပူနေကြသည်။ မက်သယူးမောမှာ ထိုနေ့ညက မင်္ဂလာဆောင် သတို့သားဖြစ်သဖြင့် အယ်လစ်၏ဝိညာဉ်အားခေါ်၍ သူ့သတို့သမီးကို ခစားစေလေ သည်။ အယ်လစ်၏ ဝိညာဉ်ခမျာမှာ မက်သယူးမောခိုင်းစေသမျှကို လုပ်ကိုင်ရသဖြင့် မောက အယ်လစ်အား သူ့ဇနီးလောင်းကို နမ်းစေ၍ ပြန်လွှတ်လိုက်ရာ ထိုနေ့ညမှာ မိုးသည်းထန်စွာ ရွာနေသောကြောင့် အယ်လစ်၏ဝိညာဉ်မှာ လမ်းတလျှောက်တွင် အအေးမိရရှာလေသည်။ နောက်နေ့တွင် အယ်လစ်ခမျာ အအေးမိ၍ ချောင်းဆိုးကာ စိတ်မချမ်းသာသောအသွင်ဖြင့် သူတီးနေကျ စောင်းကြီးအနီးတွင်ထိုင်ကာ လွန်စွာမှပင် ကြေကွဲဖွယ် ကောင်းလှသည့် လွမ်းချင်း တပုဒ်ကို တီးရင်း ယခင်ကထားခဲ့သည့် မာနများအကုန်ကျကာ အသက်ပျောက်ရရှာလေတော့သည်။

ပင်းချွန်းသည် သူ့သမီးအတွက် မသာအခမ်းအနားကို အကြီးအကျယ်

စီစဉ်ရာ မြို့ပေါ်မှသာမက ပြည်နယ်မြို့များမှ လူကုံထံအပေါင်းတို့ လာရောက်၍ မသာအခမ်းအနားကို တက်ကြလေသည်။ မက်သယူးမောလည်း မသာလိုက်၍ပို့လေရာ လမ်းတလျှောက်လုံးတွင် အံတကြိတ်ကြိတ်နှင့် အယ်လစ်အား သနားကြင်နာသောစိတ်ဖြင့် အလောင်းနောက်မှ လိုက်လာလေသည်။ သူကား အယ်လစ်ကို မာနချိုးရုံမျှသာ လုပ်သော်လည်း ယခုသော်မူ အယ်လစ်မှာ မာနကျိုးရုံသာမက အသက်ပင် ဆုံးရှုံးရရှာလေသည်။

[၁၄] ဖီဘီနှုတ်ဆက်ခန်း

ဟောဂရေ့သည် သူ့ဝတ္ထုကို စိတ်ဝင်စားစွာ ကိုယ်ဟန်လက်ဟန်နှင့် ဖတ်နေရာမှ နားထောင်နေသော ဖီဘီကို လှမ်းကြည့်လိုက်ရာ ဖီဘီမှာ မျက်တောင်စင်းလျက်ရှိကြောင်း တွေ့ရတော့သည်။ ဖီဘီသည် ဟောဂရေ့ဘက်သို့ ငိုက်၍ကျနေသဖြင့် ဟောဂရေ့က သူ့ဝတ္ထုစာရွက်များကို ကပျာကယာလိပ်၍ ဖီဘီအား စိုက်၍ကြည့်နေလေသည်။ ယင်းသို့ ငိုက်ကျနေခြင်းမှာ ပျင်း၍မဟုတ်၊ ဝတ္ထုထဲ၌ပါသော အယ်လစ်အား လက်သမားဆရာကလေးမောက ညို့သကဲ့သို့ ကိုယ်ဟန်လက်ဟန်ဖြင့် စိတ်မာန်ပါပါ ဖတ်ပြနေသော ဟောဂရေ့၏ညို့ဓာတ်ကြောင့်ပင်ဖြစ်သည်။ ဟောဂရေ့သည် စိတ်အားငယ်တတ်ရှာသော ဖီဘီကို စိုက်၍ကြည့်ရင်း သူကသာ လက်တချက်မြှောက်၍ အမိန့်ပေးလိုက်လျှင် ဖီဘီမှာ သူ ခိုင်းရာ လုပ်လေတော့မည်။ ဤမျှပင် သူ့စိတ်ဓာတ်က ဖီဘီ၏စိတ်ဓာတ်ကို နိုင်နင်းနိုင်ကြောင်း သိရ၏။ သို့သော် ဟောဂရေ့ကဲ့သို့ စိတ်ကူးယဉ်သမားအဖို့ ယင်းသို့ ဖီဘီအား စိတ်ဓာတ်ဖြင့် အရယူလိုသော ဆန္ဒမျိုး မပေါ်ပေါက်လာချေ။ ဟောဂရေ့မှာ မြင့်မြတ်သောစိတ်ရှိသည့် လူငယ်တဦး ဖြစ်ပေသည်။ အရမ်းမဲ့ အခွင့်အရေးယူလိုစိတ် လုံးဝမရှိချေ။

“ဖီဘီကလည်းဗျာ .. ကျွန်တော့်ကို သက်သက်နှိမ်လိုက်တာပဲဗျာ…။ ကျွန်တော့်ဝတ္ထုမျိုးကို သတင်းစာဆရာတွေက အင်မတန်ကောင်းတဲ့ ဝတ္ထုပဲလို့ ဝေဖန်ကြမှာ မှန်ပါရက်နဲ့ ခင်ဗျားက ဒီဝတ္ထုကို ဖတ်ပြသံ ကြားရတာနဲ့ တခါတည်း အိပ်ချင်သွားရောတဲ့လားဗျာ။ ဒီလိုသာဆိုရင် ဒီဝတ္ထုစာမူကို မီးရှို့ပစ်ဖို့ပဲ ကောင်းတယ်။ ပျင်းစရာကောင်းလှတဲ့ ဝတ္ထုစာမူကို မီးညှိတဲ့အခါ သုံးတဲ့စက္ကူအဖြစ် သုံးဖို့ပဲ ကောင်းပါတော့တယ်”

“ဟင် … ကျွန်မ အိပ်ပျော်သွားသလား..။ ရှင် ဘယ့်နှယ်သိသလဲ” ဟု အကြောင်းမသိရှာသော ဖီဘီက ပြောလေသည်။ “မဟုတ်ပါဘူး။ ကျွန်မ မအိပ်ပါဘူး။ ဝတ္ထုဇာတ်လမ်းကိုတော့ ကောင်းကောင်း မမှတ်မိပေမဲ့ အလွမ်းဝတ္ထုမို့ လူကြိုက်များမှာ အမှန်ပါပဲရှင်”

ထိုအချိန်၌ နေဝင်သွားပြီဖြစ်ရာ အနောက်အရပ်တွင် တိမ်နီများ တောက်လျက်ရှိလေသည်။ တဖက်မှ လလည်း သူ့အချိန်ကို စောင့်နေရင်း ခပ်မှေးမှေး ပေါ်၍နေလေသည်။ နေရောင်ပျောက်သွားသော် လည်း တိမ်နီတောက်နေသဖြင့် နေ့ကာလမှာ ကုန်ဆုံးချင်ဟန်မတူ။ အတိတ်ဘဝကို ရောက်ရမည်ကို မလိုလားဟန်ဖြင့် တဖြည်းဖြည်းတိုးဝင်လာသော

အမှောင်ခေတ်တို့ကို တိမ်နီရောင်ကလေးဖြင့် တားဆီးကာကွယ်လျက်ရှိလေသည်။ လေပြည်ကလေးမှာ တနေ့လုံး ပူပြင်းလာသည့် အပူရှိန်ကို တဖြည်းဖြည်း နှိပ်ကွပ်လျက် နွမ်းနယ်သော လူအပေါင်းတို့ ပြန်၍လန်းဆန်းလာအောင် ဆောင်ရွက်လျက် ရှိလေသည်။

ယင်းသို့ လန်းဆန်းလာ၍ ယခင်ကထက် မိမိကိုယ်ကို မိမိ နုပျိုလာသည်ဟု အောက်မေ့နေသော လူများတွင် ပန်းချီဆရာကလေး ဟောဂရေ့ ပါဝင်လေသည်။

"ကျွန်တော်ဖြင့်ဗျာ အခုလို ညနေစောင်းကလေးမှာ လေပြည်ကလေး တိုက်လိုက်ရင် ကိုယ်ရော စိတ်ရော လတ်ဆတ်ပြီး နုပျိုလာတယ်လို့ အောက်မေ့တယ်။ ဒီကမ္ဘာလောကကြီးဟာ အတော် သာယာပါလား။ ကျွန်တော်ဖြင့် ဒီအိမ်အိုကြီးမှာနေရတာ အသက်ရှူ အတော်ကျပ်တယ်။ တဖြည်းဖြည်း ဆွေးမြည့်နေတဲ့ သစ်သားတွေရဲ့အနံ့ကို မခံနိုင်ဘူး။ ဒါကြောင့်မို့ ညနေကျရင် ဒီဥယျာဉ်ထဲကိုဆင်းပြီး လေရှူရတယ် ဒီဥယျာဉ်ကလေးဟာ အတော်သာယာတာပဲ။ ပန်းရုံကလေး တွေဟာ လရောင်အောက်မှာ ကမ္ဘာဦးက အေဒင်ဥယျာဉ်မှာလို နုနုပျိုပျို လန်းလန်းဆန်းဆန်း ရှိပေတယ်" ဟုပြောလိုက်ရာ။

ဖီဘီက "ကျွန်မဖြင့် အရင်တုန်းက တောမှာနေရတာ ပိုပြီး လန်းလန်းဆန်းဆန်း ရှိတယ်လို့ အောက်မေ့တယ်၊ ကျွန်မအဖို့တော့ ဒီနေ့ဟာ အရင်နေ့တွေထက် ပိုပြီးသာယာတယ်လို့ မအောက်မေ့ ပါဘူး" ဟု တုံ့ပြန်လိုက်လေသည်။

ဖီဘီက ဆက်လက်၍ "ကျွန်မဖြင့် ဟက်ဇီဘာနဲ့ ကလစ်ဖို့တို့နဲ့ အတူနေရသမျှ ပျော်ပျော်ရွှင်ရွှင်ကြီး ဖြစ်လိမ့်မယ်လို့ မအောက်မေ့မိပါဘူး။ ကျွန်မ တောကလာတုန်းကထက် အခုပိုပြီး အိုသွားတယ်လို့ ကျွန်မကိုယ်ကျွန်မ ထင်တာပဲ။ ကျွန်မကို အကြောင်းပြုပြီး ကျွန်မအဒေါ်နဲ့ ဦးလေးတို့ စိတ်ရွှင်ရွှင်လန်းလန်း ဖြစ်လာရတာ ကျွန်မ ဝမ်းသာပါရဲ့။ ဒါပေမဲ့ ကျွန်မယူလာတဲ့နေရောင်ကို သူတို့ ပေးလိုက်ရသလို ဖြစ်နေတယ်။ သူတို့ဟာ ရွှင်ရွှင်လန်းလန်းဖြစ်ပြီး အရင်ကထက်ပိုပြီး တောက်ပ လာပေမဲ့ ကျွန်မမှာတော့ အရင်ကထက်ပိုပြီး မှိန်သွားတယ်လို့ ဆိုရမှာပဲ" ဟု ဆိုလေသည်။

"ကျွန်တော်တော့ ခင်ဗျားဟာ အရင်ကထက်ပိုပြီး ရင့်သွားတယ်လို့ မထင်မိဘူး။ ပြီးတော့လည်း နုပျိုတယ်ဆိုတာဟာ အသက်အရွယ် ငယ်လို့ နုကိုနုပျိုတဲ့ဟာမျိုးက သိပ်ပြီး အဖိုးမတန်လှဘူး။ အမှတ်တမဲ့နဲ့မို့ နုပျိုခြင်းရဲ့ အရသာကို ကောင်းကောင်းကြီး မခံစားနိုင်ဘူး။ လောကကြီးရဲ့ ဒုက္ခတွေကို ကြုံတွေ့ပြီးခါမှ စိတ်ခေတ်ကြောင့် ပြန်ပြီး နုပျိုရတဲ့ ဒုတိယနုပျိုခြင်းသာ ပိုပြီး အရသာ ရှိတယ်လို့ ကျွန်တော်ဆိုချင်ပါတယ်"

"ရှင်ဆိုချင်တာကတော့ ဟုတ်တယ်၊ ကျွန်မ ရှင်ဆိုလိုတာကို နားမလည်ဘူး"

"ဒါကတော့ ဟုတ်မှာပဲလေ၊ ခင်ဗျား နောက်တော့ နက်နက်နဲနဲ စဉ်းစားရင် အဓိပ္ပာယ်ပေါ်လာပါ လိမ့်မယ်၊ ဩော် ... ဒါနဲ့ ခင်ဗျား တောကို ပြန်ဦးမလို့ဆို..."

"ဟုတ်ကဲ့...၊ ကျွန်မ ခဏလောက် ပြန်ဦးမလို့။ မကြာခင်ပဲ ပြန်လာမှာပါ။ ကျွန်မ ဒီအိမ်မှာပဲ အတော်ကြာကြာနေဖို့ စိတ်ကူးထားပါတယ်။ မိဘတွေကို ပြန်ပြီး ပြောမလို့ပါ။ ဒီတခါပြန်လာရင် တော့ ခပ်ကြာကြာကလေး နေမှာပါပဲ။ ကျွန်မဖို့တော့ ကျွန်မကို အားကိုးနေကြတဲ့ လူများကို ထောက်ညှာပြီး ကျွန်မ မပျော် ပျော်ပျော်၊ ပျော်အောင် ကြည့်ပြီးနေမှာပေါ့။ ကျွန်မကတော့ သူတပါး စိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်ပေးရပေးရ ကျေနပ်ပါတယ်"

"မှန်ပါတယ်၊ ခင်ဗျားရှိတာဟာ ဒီအိမ်မှာ အတော်လေး ကျက်သရေ ရှိတာပဲ၊ ဟက်ဇီဘာ ဆိုတာကတော့ တသက်လုံး လူနဲ့သူနဲ့ ကင်းကွာနေလို့ အသက်ရှင်နေပေမဲ့ လူသေနဲ့ မခြားလှပါဘူး။ ကလစ်ဖို့ဆိုပြန်တော့လည်း နှစ်ပေါင်းများစွာ အရှင်လတ်လတ် အမြှုပ်ခံရသလို ဖြစ်နေခဲ့တယ်။ အခုမှပဲ ကံအားလျော်စွာ လူတောသူတော ပြန်ရောက်လာတယ်။ ဒါပေမဲ့လို့ သူ့ကိုလည်း အသက်ရှင်ပေမဲ့ လူသေတယောက်လို့ပဲ အောက်မေ့ရမှာပေါ့"

"ကျွန်မဖြင့် သူတို့ စိတ်ချမ်းသာရေးကို တတ်နိုင်သလောက် ပြုစုသွားမှာပဲ၊ သူတို့အပေါ်မှာ ထူးထူးဆန်းဆန်း စကားပြောရမယ်ဆိုရင် မိခင်မေတ္တာမျိုး ရှိနေတာပဲ၊ ဩော် ... ဒါနဲ့ မစ္စတာ ဟောဂရေ့ ရယ်၊ ဩော် ရှင်ဟာ သူတို့ကို မုန်းသလား၊ ချစ်သလား သိစမ်းပါရစေရှင်"

"ကျွန်တော် သူတို့နှစ်ယောက်ကို ခင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ကတော့ သုတေသီပုဂ္ဂိုလ်မို့ သူတို့ကိုကြည့်ပြီး သဘာဝဓမ္မတရားကို ဆင်ခြင်သုံးသပ်နေတာပဲ၊ တကယ်ဆိုတော့ သူတို့ဟာ ကုသိုလ်ကောင်းပါတယ်။ ခင်ဗျားရောက်လာပေလို့ သူတို့လည်း အရင်တုန်းကလို မဟုတ်ဘဲ ရွှင်ရွှင်လန်းလန်းနဲ့ လူ့ဘဝ နေရကျိုး နပ်လာကြတာပဲ"

"နေစမ်းပါဦးရှင်၊ ရှင်ပြောတဲ့ စကားတွေက သိပ်မရှင်းလှဘူး။ ရှင် ဒီခုနစ်ဆောင်ပြိုင်အိမ်ကြီးကို ရောက်လာတာဟာ ဟက်ဇီဘာတို့နဲ့ ခင်လို့ပဲလား၊ ဒါမှမဟုတ်ရင် ဒီအိမ်ကြီးကို ရှင်က ဇာတ်ရုံလို သဘောထားပြီး ဒီမောင်နှမနှစ်ယောက်ကို အလွမ်းဇာတ်သမားတွေအနေနဲ့ လောကကြီးအကြောင်း ကို ဇာတ်ကြည့်သလို ကြည့်မလို့ လာနေတာလား"

"ဟာ... ဒီလို မပြောပါနဲ့ဗျာ.." ဟု ဟောဂရေ့က ဆိုသော်လည်း

ဖိဘီပြောသည်မှာ အတော်ပင် မှန်ကြောင်း သူ့စိတ်တွင်းက ဝန်ခံမိလေသည်။ ထို့နောက် ဆက်လက်၍ "စိတ်မဆိုးပါနဲ့ ဖိဘီရယ်၊ ကျွန်တော်ဟာ တကယ်ဆိုတော့ ကဝေအတတ် တတ်သလို စိတ်ပညာမှာ အတော်ကလေး ကျွမ်းကျင်တာမို့ အရင်တုန်းက ခေတ်မျိုးဆိုရင် ကျွန်တော့်ကို ကဝေဆရာတယောက်လို့ စွပ်စွဲပြီး ကြိုးစင်အတင်ခံရမှာပဲ။ ဒီလို စိတ်ပညာအတတ်ကို တတ်ပေမဲ့ အနာဂတ်ကာလကို လှမ်းမြင်နိုင်စွမ်း ရှိတာမှ မဟုတ်ဘဲ။ ခင်ဗျားအဒေါ်နဲ့ ဦးလေးတို့ဟာ နောက် ဒုက္ခရောက်ဦးမလား၊ မရောက်တော့ဘူး လားဆိုတာ ဘယ်သိနိုင်ပါမလဲဗျာ။ ဒါပေမဲ့ ကျွန်တော်တော့ စိတ်ထဲမှာ မသိုးမသန့်ဖြစ်မိတယ်၊ ဒီအိမ်ကြီးမှာ ဒုက္ခတခုခုတော့ တွေ့လိမ့်ဦးမယ်လို့ အောက်မေ့မိတာပဲ" ဟု ဆိုလိုက်ရာ ဖိဘီမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးလျှင် "နေစမ်းပါဦး။ ဘယ်လိုဖြစ်မှာတဲ့လဲ။ စိုးရိမ်ရရင် ကျွန်မတော့ မပြန်တော့ဘူး။ ရှင်သိတာများဖြစ်ရင် .. ဖွင့်ပြောစမ်းပါ.." ဟု တောင်းပန်ရှာလေသည်။

"ဘာမှတော့ သေသေချာချာ မသိပါဘူးဗျာ...။ ဒါပေမဲ့ ကျွန်တော့်စိတ်က မသိုးမသန့် ဖြစ်နေတာပါပဲ။ ဟော ... မက်သယူးမောရဲ့ ရေတွင်းက ရေအော်သံကြားရတယ်...။ ခင်ဗျားကြားရဲ့မဟုတ်လား။ အဲဒါပါပဲဗျာ၊ ကျွန်တော်တော့ အထူးအထွေ မပြောတတ်ပါဘူး"

"မဟုတ်ပါဘူးရှင်။ ရှင်ပြောလိုက်မှဖြင့် ဒီလိုချည်းပဲ ...။ မပြတ်မသားနဲ့"

"ကဲဗျာ ... အချိန်လည်း အတော်နှောင်းသွားပြီ။ ကျွန်တော်တို့နှစ်ယောက် တယောက်ကိုတယောက် အထင်မမှားကြဖို့ အရေးကြီးပါတယ်ဗျာ။ ခင်ဗျားဟာ တခြားလူတွေကို ခင်ခင်မင်မင်ရှိတတ်သားနဲ့ ကျွန်တော့်အပေါ်တော့ မုန်းစိတ်မထားလိုက်ပါနဲ့နော် ..."

"ကျွန်မ ရှင့်ကို မမုန်းပါဘူး။ ရှင်က... ကျွန်မ မုန်းတယ်လို့ ထင်နေရင် ဝမ်းနည်းပါတယ်။ အချိန်လည်း အတော်နောက်ကျသွားပြီ။ ဒေါ်ဒေါ်ကြီးလည်း တံခါးဝက စောင့်နေတယ်။ နှင်းတွေကျလို့ တော်တော်လေးတောင်မှ စိုနေပါပကော။ ကဲ ... ကျွန်မ သွားလိုက်ဦးမယ် နော်" ဟုပြောကာ ဖိဘီသည် အိမ်ကြီးထဲသို့ ခပ်သုတ်သုတ် ဝင်ပြေးလေသည်။

နောက်တနေ့နံနက်တွင် ကောက်ရိုးဦးထုပ်ကလေး ဆောင်းလျက် ရှောစောင်ကလေး လက်မောင်းတွင် ပတ်ကာ ကော်ဇောအိတ်လေးတအိတ်ကို ဆွဲ၍ ဟက်ဇီဘာနှင့် ကလစ်ဖို့တို့အား လက်ကလေးတယမ်းယမ်းနှင့် နှုတ်ဆက်သွားသော ဖိဘီကို မြင်လိုက်ရလေသည်။ သူသည် ခြောက်မိုင်မျှကွာသော သူ့ရွာသို့ပြန်ရန် မော်တော်ကားဆိပ်သို့ သွားခြင်းပင် ဖြစ်သည်။ ဖိဘီ၏ မျက်လုံးများမှ မျက်ရည်များ ယိုစီးလျက်ရှိသည်။ မျက်ရည်များကြား၌ အပြုံးကလေးကိုလည်း တွေ့နိုင်သည်။

သူသည် ဥယျာဉ်ထဲမှ ထွက်မသွားမီ ကြက်ဖကြီးနှင့် သူ့ဇနီးကြက်မကြီးနှစ်ကောင်ကို ခေါ်၍ သူမရှိခိုက် ကောင်းကောင်းနေရန် ပြောလိုက်လေသေးသည်။ ဟက်ဇီဘာက သူ့အားပြန်ခေါ်၍ "ဖီဘီရယ်၊ ညည်းကြာကြာမနေနဲ့ကွယ်။ ဒီအိမ်ကြီးမှာ ညည်းမရှိရင် တို့နေလို့ မဖြစ်တော့ဘူး။ ဆိုင်လည်း ကောင်းကောင်း ရောင်းတတ်တာမှ မဟုတ်ဘဲ။ ညည်း မြန်မြန် ပြန်လာမှ ဖြစ်မယ်" ဟု ပြောလိုက်လေသည်။

ကလစ်ဖို့က ဖီဘီအား အနားသို့ခေါ်၍ မျက်နှာကို သေသေချာချာ ကြည့်ပြီးလျှင် "ငါ့တူမကို ပထမတွေ့ရတုန်းက ခပ်ချောချော သူငယ်မလေးတယောက်ပဲလို့ သာမန်အားဖြင့် ထင်ခဲ့မိပေမဲ့ အခု သေသေချာချာကြည့်မှ ငါ့တူမဟာ တကယ်ချောတဲ့ မိန်းကလေးတယောက်ဆိုတာ ငါသိရတယ်။ အရင်တုန်းကတော့ ပန်းငုံကလေးလို ဖူးနေတယ်လို့ အောက်မေ့တာ၊ အခုတော့ ပန်းပွင့်ကြီးပွင့်သလို တင့်တင့်တယ်တယ် ရှိပါပေတယ်ကွယ်။ ကဲ.. သွားတော့.. သွားတော့" ဟုဆို၍ လွှတ်လိုက်လေ သည်။

ဖီဘီသည် သူတို့မောင်နှမနှစ်ယောက်ကို နှုတ်ဆက်ပြီးသည့်နောက် သူရောင်းနေကျ ဆိုင်ခန်းကလေး ကို ဖြတ်ကျော်၍ လမ်းဘက်သို့ ထွက်သွားလေသည်။ လမ်းပေါ်တွင် လှည်းကြီးကို ထမ်း၍လာသော ဘကြီး ဗင်နားနှင့် တွေ့လေသည်။

"ဖီဘီရေ.. တို့တော့ ... ဒီတနင်္ဂနွေမှာ မင်းမရှိတာနဲ့ ပျော်ကြရတော့မှာ မဟုတ်ဘူး။ မြန်မြန် ပြန်လာခဲ့ပါနော်။ ဟိုနှစ်ယောက်အတွက်က အရေးကြီးတယ်။ မင်းမှာတော့ အခုမှ နုနုပျိုပျိုနဲ့ လူ့ပြည်မှာနေဖို့ အချိန်တွေ အများကြီး ရှိသေးတယ်။ ငါ့အဖို့မှာဆို အသက်က အတော်ကြီးပြီ။ အခုတလောလည်း လှတိုက်တာ အင်မတန် မောတယ်။ မင်း မြန်မြန်ပြန်မလာရင် ဘကြီးတော့ မင်းကို နောက်ထပ်တွေ့ရမှာမဟုတ်ဘူးလို့ အောက်မေ့တယ်" ဟု အထူးဝမ်းနည်းသံဖြင့် ပြောလေသည်။

"မြန်မြန်ပြန်လာမှာပေါ့ ဘကြီးဗင်နားရယ်...။ စိတ်သာချပါ..."

"အေး.. အေး ငါ့တူမကြီး လိမ္မာတယ်။ မြန်မြန်ပြန်လာမှလည်း ဟိုမောင်နှမနှစ်ယောက်ဟာ အသက်ရှည်ကြမှာ၊ နို့မို့ရင် ခက်သားကလားကွယ်" ဟုဆိုလိုက်ရာ ဖီဘီက "ကျွန်မလည်း နတ်တို့ သိကြားတို့မဟုတ်ဘူး ဘကြီးရယ်...။ လူတယောက်ကို မသေအောင်တော့ မလုပ်တတ်ပေဘူး။ ဒါပေမဲ့ ကျွန်မတတ်သလောက် ကြိုးစားပြီး သူတို့ကို ပြုစုမှာပေါ့" ဟု ပြောရင်းပင် လမ်းထိပ်သို့ ရောက်သဖြင့်

ဖီဘီက "ကျွန်မ မကြာခင် ဆက်ဆက်ကြီးပြန်လာမှာပါ စိတ်သာချပါ

ဘကြီးရယ်” ဟု ပြော၍ မော်တော်ဘတ်စ်ဆိပ်သို့ ခပ်သုတ်သုတ်ကလေး ထွက်သွားလေသည်။ အဘိုးကြီးလည်း သွက်လက် နုပျိုလှသော ဖိုးဘိုကြီးကိုငေး၍ကြည့်ရင်း လမ်းထိပ်တွင် ကျန်ခဲ့လေသည်။

[၁၅] အမဲ့နှင့် အပြုံး

ဖီဘီ တောသို့ပြန်သွားပြီးနောက် ရက်အတော်ကြာသောအခါ၌ မိုးရွာလေထန်နေသဖြင့် နဂိုက တိတ်တိတ်ပွေပွေနေခဲ့သော ခုနစ်ဆောင်ပြိုင် အိမ်ကြီးမှာ ဖီဘီမရှိသည်လည်း တကြောင်း၊ မိုးလေထန်နေ၍လည်း တကြောင်းတို့ကြောင့် ပို၍ပင် တိတ်တိတ်ပွေပွေ ရှိလှတော့သည်။ နေရောင် မမြင်ရသည်မှာ အတော်ကြာလေပြီ။ မိုးတစိမ့်စိမ့်နှင့် အအေးဓာတ် လွန်နေသောကြောင့် ဟက်ဇီဘာမှာ နဂိုကထက်ပို၍ မှိန်းနေရှာသည်။ ဆိုင်ကလေးမှာလည်း ရောင်း၍ မကောင်းတော့ချေ။ အချို့က ဟက်ဇီဘာ၏ဆိုင်မှ ဝယ်သောပစ္စည်းမှာ မကောင်းဟု ဆိုကြသည်။ သူမျက်မှောင်ကုတ် လိုက်သည့် ဒဏ်ကြောင့် ဘီယာများလည်း ချဉ်သွားသည်ဟု ဆိုကြသည်။ အချုပ်မှာကား ဟက်ဇီဘာ၏ မျက်နှာထားဆိုးမှုကြောင့် ဈေးဝယ်သူတို့သည် ဝယ်စရာရှိလျှင် အခြားဆိုင်များသို့သာ သွားလိုကြ၍ မလွှဲမရှောင်သာမှသာ ဟက်ဇီဘာ၏ဆိုင်သို့ လာကြတော့သည်။ ထို့ကြောင့် ဟက်ဇီဘာသည် မိုးအေးအေးနှင့် ချောင်ကလေးတချောင်တွင် ခပ်ကုပ်ကုပ်ကလေး ထိုင်နေရှာလေ သည်။ မိုးလေမှာလည်း အတော်ပင်ထန်သဖြင့် ဧည့်ခန်းထဲ၌ရှိသည့် ခက်ထန်လှသော မျက်နှာထား နှင့် ကာနယ်ကြီး၏ရုပ်ပုံပင်လျှင် ချမ်းရှာလွန်း၍ ခိုက်ခိုက်တုန်နေဟန် ရှိလေသည်။

ဟက်ဇီဘာသည် အအေးသက်သာအောင် ဧည့်ခန်းထဲတွင် မီးလင်းဖိုကလေးတခု၌ မီးမွှေးလေရာ လေတိုက်လွန်းသဖြင့် မီးကောင်းစွာ မတောက်ဘဲ မီးခိုးများသာ လုံး၍ တက်လေတော့သည်။ လေးရက်မျှ မိုးလေထန်နေခိုက်တွင် ကလစ်ဖို့သည် ဝတ်ရုံရှည်အဟောင်းကြီးနှင့် ထွေး၍ အိပ်ရာထဲမှ မထတော့ဘဲ တနေကုန် နေလေသည်။ သူ့အစ်မကြီးကလည်း သူ့ကို အိပ်ရာမှထရန် မတိုက်တွန်း တော့ချေ။ ဟက်ဇီဘာခမျာမှာ သူ့မောင်ကို ချစ်ခင်သော်လည်း ပြုစုတတ်သူ မဟုတ်လေရကား သူ့မောင်အား ချော့ချော့မော့မော့ ဖျောင်းဖျောင်းဖျဖျ မပြောတတ်၊ မဆိုတတ်ချေ။

ကလစ်ဖို့လည်း အိမ်အောက်ထပ်သို့ မဆင်းတော့ဘဲ သူ့အိမ်ခန်းထဲ၌ တခါတရံ လှုပ်လှုပ်ရှားရှား လုပ်ကာ သူ့ဘာသာသူ အပျင်းပြေ နေရှာလေသည်။ တနေ့နံနက်ခင်း၌ ချောင်တချောင်၌ ကုပ်ကုပ် ကလေး ထိုင်နေရှာသော ဟက်ဇီဘာသည် ဧည့်ခန်းဘက်မှ သာယာချိုအေးသော စောင်းသံကို ကြားရသဖြင့် အသံသာယာသော်လည်း စိတ်ကြည်လင်ချမ်းမြေ့ခြင်း မရှိဘဲ ထိတ်လန့်စိုးရိမ်၍ သွားလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုစောင်းသံမှာ

အယ်လစ်၏စောင်းကြီးမှ ထွက်ပေါ်လာသောအသံ ထင်မိခြင်းကြောင့်ပင်ဖြစ်သည်။ အယ်လစ်၏ စောင်းကြီးကို ကလစ်ဖို့က ပျင်း၍ တီးချင်လျှင် တီးနိုင်စရာ အကြောင်းရှိ၏။ သို့သော် စောင်းကြီးမှာ မပြုပြင်ဘဲ ပစ်ထားသည်မှာ နှစ်လရှည် ကြာနေသောကြောင့် ထိုစောင်းကြီးမှ သာယာငြိမ့်ညောင်းသော တူရိယာသံ ထွက်လာနိုင် ဖွယ်ရာ အကြောင်းမရှိချေ။ အကယ်၍ ထိုစောင်းကြီးမှ ထွက်လာသော အသံသာ ဖြစ်ပါမူ သွားလေသူ အယ်လစ်ပင်းချွန်းက သူ့အနွယ်တယောက် ကွယ်လွန်ခါနီးတွင် လာ၍တီးသော စောင်းသံဖြစ်နိုင်သည်။

စောင်းသံအကြားတွင် ထွက်ပေါ်လာပြီးလျှင် စောင်းသံကို လွှမ်းမိုးဖျက်ဆီးလိုက်သည့်အသံသည် ကား ဆိုင်ရှေ့တံခါးမှ ညှော့လာခေါင်းလောင်းသံပင် ဖြစ်သည်။ ဟက်ဇီဘာလည်း ရှောစောင်ကလေး ကို ကပျာကယာ လည်တွင်ရစ်ပတ်ကာ ဆိုင်ခန်းဘက်သို့ ထွက်လာပြီးလျှင် တံခါးကိုဖွင့်လိုက်ရာ ထီးကိုပိတ်၍ တံခါးပေါင်တွင်ထောင်ကာ စောင့်နေသော တရားသူကြီးပင်းချွန်းကို တွေ့ရလေသည်။

"မာရဲ့လား ညီမလေးရေ...။ အခုလို ရာသီဥတု မကောင်းတဲ့အခါမှာ ငါ့ညီလေး ကလစ်ဖို့ နေထိုင်ကောင်းမှ ကောင်းရဲ့လားလို့ အစ်ကိုကြီး လာမေးတာပါကွယ်။ သူ့ကောင်းစားရေးကို အစ်ကိုကြီး အမြဲလိုလားနေလို့ သူ့ကို မတွေ့ရ မနေနိုင်အောင် ဖြစ်နေတာနဲ့ မိုးရွာကြီးထဲမှာပဲ လာခဲ့တာပေါ့ကွယ်" ဟု တရားသူကြီးက ပြုံး၍ပြောလိုက်သောအခါ ဒေါသကို အနိုင်နိုင် ချုပ်တည်းထားရရှာသော ဟက်ဇီဘာက "ရှင်... ဘာမှ လုပ်ပေးစရာမလိုပါဘူး။ ကလစ်ဖို့ ကောင်းစားဖို့ ချမ်းသာဖို့ဟာ ကျွန်မအရေးပါ။ ကျွန်မ ဆောင်ရွက်မှာပေါ့" ဟု တိုတိုတောင်းတောင်း ပြောလိုက်လေသည်။

"နို့ ဒီလိုလည်း ဘယ်ကောင်းမလဲကွယ်...၊ ကလစ်ဖို့ကို ဒီအိမ်ကြီးမှာချည်းထားလို့ ဘယ်ဟန်မလဲ၊ လူတောသူတော တိုးခိုင်းဦးမှပေါ့။ ညီမကလေးက တယောက်ထဲ ဒိုင်ခံပြီး ပြုစုနေလို့ ကိစ္စ မပြီးသေးဘူးကွဲ့။ ဒီအိမ်ကြီးမှာ တိတ်တိတ်ပွေပွေ နေရလို့ စိတ်ချမ်းသာမှာမဟုတ်ဘူး။ မိတ်သင်္ဂဟ ဆွေမျိုးသားချင်းတွေနဲ့ တွေ့ဆုံပြီး စိတ်ပြေလက်ပျောက် နေပါစေကွယ်။ ကဲ ... ကဲ ... ငါနဲ့တွေ့မှ သူ့ကို ဒီအကြောင်း ပြောပြဦးမယ်..."

"ရှင် သူ့ကို မတွေ့ရဘူး။ ကလစ်ဖို့ဟာ ... မနေ့ကတည်းက အိပ်ရာက မထဘူး"

"အို ... ဘာများဖြစ်လို့လဲကွယ်။ နေထိုင်မကောင်းလို့လား၊ ဩော်... ဒါဖြင့်လည်း ငါတွေ့ဦးမှဖြစ်မယ်။ မတော်တဆ ကတိမ်းကပါးဖြစ်သွားမှဖြင့်..."

"သူအိပ်ရာထဲမှာ နေတာဟာ သေနိုင်တဲ့အကြောင်းကြောင့် မဟုတ်ပါဘူး၊

မသွားပါနဲ့။ ရှင်သူ့ကို အရင်တုန်းက နှိပ်စက်ပြီးပြီပဲဟာ တော်ရောပေါ့၊ ဘာဖြစ်လို့ အခုထပ်ပြီး နှိပ်စက်ချင်သေးတာလဲ။ သေအောင် နှိပ်စက်မလို့လား”

“အိုကွယ် .. ညီမကလည်း ... အစ်ကိုကြီးကို အထင်မှားနေတုန်းပဲကိုး။ အရင်တုန်းကလည်း နှိပ်စက်တာ မဟုတ်ပါဘူးကွယ်။ အလုပ်ဝတ္တရားမို့ ... မလွှဲမရှောင်သာလို့ .. လုပ်လိုက်ရပေမဲ့ ဝမ်းနည်းလို့ မဆုံးပါဘူးကွယ်။ အလွဲမထင်ပါနဲ့တော့ ညီမရယ်။ မင်းတို့က ငါ့အကြောင်းကို ကောင်းကောင်း မသိကြလို့သာ ဒီလိုအထင်မှားနေကြတာပေါ့...။ တကယ်ဆိုတော့ ... ငါ့မှာ ကလစ်ဖို့ အပေါ်မှာ ထားစရာ အာဃာတတရားရယ်လို့ တစ္ဆေးမှ မရှိပါဘူးကွယ်၊ ကောင်းစားစေချင်တဲ့ စိတ်သာ ရှိပါတယ်။ မင်းတို့ ငါ့အကြောင်း တနေ့ကျတော့ ကောင်းကောင်းကြီး သိကြပါလိမ့်မယ် ကွယ်။ ဂျက်ဖရီးပင်းချွန်းဟာ စေတနာ ဘယ်လောက်မွန်မြတ်ထက်သန်တယ်ဆိုတာ သိကြမှာပေါ့”

“အို .. ဒီလို လူကြားကောင်းအောင် စကားတွေ သုံးမနေစမ်းပါနဲ့။ ရှင် ကျွန်မမောင်ကို မုန်းရင် မုန်းတယ်ပဲ ပြောင်ပြောင်ကြီး ပြောလိုက်စမ်းပါ။ ဟန်ဆောင်နေတာ သိပ်ပြီး ရွံစရာကောင်းပါတယ်။ မုန်းရင် မုန်းတယ်ပေါ့။ ယောကျ်ားပီပီ လုပ်စမ်းပါ။ မုန်းရက်သားနဲ့ ချစ်လေယောင် ခင်လေယောင်နဲ့ ပြောမနေပါနဲ့။ နားကြားပြင်းကတ်လိုက်တာ။ ကျွန်မတော့ သည်းခံရလွန်းလို့ မခံချင်တော့ဘူး။ မိန်းမလို သိမ်သိမ်မွေ့မွေ့ မပြောချင်တော့ဘူး။ ရှူးတောင်ရှူးချင်ပြီ။ တော်တော့ နောက်ထပ်ပြီး ဘာမျှ ပြောမနေနဲ့။ ပြောရင် ကျွန်မ ကန်မိလိမ့်မယ်”

ဟက်ဇီဘာသည် နဂိုက ရဲစွမ်းသတ္တိရှိသူ မဟုတ်သည့်အပြင် တရားသူကြီးပင်းချွန်းအား အတော်ပင် ရွံကြောက် ကြောက်ခဲ့သူဖြစ်သော်လည်း ဒေါသ၏ ရဲဆေးတင်မှုကြောင့် သူ့ကိုယ်သူပင် အံ့သြ လောက်အောင် ရဲဝံ့စွာ ပြောလိုက်လေတော့သည်။ စင်စစ်သော်ကား တရားသူကြီးပင်းချွန်းမှာ အလွန်ဂုဏ်သရေရှိသည့် ပုဂ္ဂိုလ်ကြီးတဦး ဖြစ်ပေသည်။ သူ့ကို ဟက်ဇီဘာတို့ မောင်နှမနှင့် ပန်းချီဆရာ ဟောဂရေ့တို့လောက်သာ အကောင်းမထင်ကြသော်လည်း မြို့နယ်တဝန်း၌ ကြေးရတတ် ဂုဏ်ကြီးရှင် ဖြစ်သောကြောင့် အကောင်းထင်ကြပေသည်။ သူ့အား ဝတ္တရား ကျေပွန်၍ သန့်ရှင်းစင်ကြယ်သော တရားသူကြီးအဖြစ် အများက အသိအမှတ်ပြုကြသည်။ သူကလည်း ဘာသာတရား၌ ကိုင်းရှိုင်း၍ ရပ်ပေါ်ရွာပေါ်တွင် သာသနာရေးကိစ္စ၌ သူကပင် ခေါင်းဆောင်ရလေ သည်။ မရှိဆင်းရဲသူတို့ ထောက်ပံ့ရေး ရန်ပုံငွေထိန်း လူကြီးတဦး ဖြစ်သည့်အပြင် တောင်သူ လယ်သမား ဆင်းရဲသားတို့အားလည်း တတ်နိုင်သည့်ဘက်က ကူညီစောင့်ရှောက်လေ့ရှိပေသည်။ ယင်းသို့ ဂုဏ်ထူးအထွေထွေနှင့် ပြည့်စုံသောကြောင့် ပြည်နယ်တဝန်းတွင် သူ့အား ကြည်ညိုသူ ပေါ်များလှတော့သည်။

ဟက်ဇီဘာက ယင်းသို့ ကြမ်းတမ်းစွာ ပြောလိုက်သည့်အခါ ယခင်က ချိုသာလျက်ရှိခဲ့သော တရားသူကြီး၏ မျက်နှာမှာ အတော်ပင် ညိုသွားလေသည်။ ဟက်ဇီဘာလည်း ဒေါသနှင့် တရားသူကြီးကို ကြည့်နေရင်းပင် တရားသူကြီးမှာ စင်စစ်အား ကာနယ်ကြီးကို ပြန်၍ အသက် ဝင်လာသည်ဟူ၍ပင် အောက်မေ့မိလေသည်။

"ကဲ ... ဟက်ဇီဘာ၊ ဒီလိုသာဆိုရင် ဒီကိစ္စကို ရပ်တန်းက ရပ်လိုက်ကြရင် ကောင်းမယ်"

"အို.. ကောင်းပါတယ်။ ရပ်တန်းကပဲ ရပ်ပါ။ နောက်လည်း ဘယ်တော့မှ မလာခဲ့ပါနဲ့။ ကလစ်ဖို့ကို လည်း နောက်ထပ်ပြီး နှိပ်စက်ဦးမယ် မကြံပါနဲ့တော့။ ရပ်တန်းက ရပ်မယ်ဆိုတာကိုပဲ ကျွန်မတို့ မောင်နှမနှစ်ယောက်က ကြားချင်လှပါတယ်"

"ဒါပေမဲ့ ငါဒီလာတာ ကလစ်ဖို့ကို တွေ့ချင်လို့ လာတာ။ ဟက်ဇီဘာ နင် အရူးမကြီးလို လုပ်မနေစမ်း ပါနဲ့။ ငါဟာ ကလစ်ဖို့ရဲ့ မိတ်ဆွေ တန်ခိုးကြီးတဲ့ မိတ်ဆွေတယောက်ဆိုတာ ... နင်မသိဘူးလား.. ဟင်..၊ ငါက ဆောင်ရွက်မပေးဘူးဆိုရင် နင့်မောင် လွတ်ပါ့မလား။ ငါ့ကြေဇာကြောင့် အခုလို လွတ်တယ်ဆိုတာ နင်မသိဘူးလားဟင်၊ ငါက သူ့အပေါ်မှာ စေတနာ မေတ္တာရှိလို့ လွတ်လိုက်အောင် လုပ်ပေးတာ၊ ကလစ်ဖို့ကို လွတ်လိုက်တဲ့လူဟာ ငါပဲဟ ... ငါပဲ"

"ရှင်က သူ့ကို လွတ်အောင်လုပ်ပေးတာ ... ဟင် ကျွန်မတော့ မယုံပေါင်...။ သူ့အကုသိုလ်ကြောင့် ကလစ်ဖို့ ထောင်ကျတာ၊ အခု လွတ်လာတာလည်း သူ့ကုသိုလ်ကြောင့်ပဲ"

"မဟုတ်ဘူး။ ငါလွှတ်လိုက်တာ။ အခုငါလာတာဟာ သူဆက်ပြီး လွတ်နေဖို့ သင့် မသင့် ဆုံးဖြတ်ဖို့ပဲ။ သူ အဟုတ်မဟုတ်ရင် သူ့အတွက် အခက်တွေ့လိမ့်မယ်။ ဒါကြောင့်မို့ ငါသူ့ကို တွေ့ရလိမ့်မယ် တွေ့မှ ဖြစ်မယ်"

"ဟင့်အင်း... ရှင် သူ့ကို မတွေ့ရဘူး။ ရှင့်ကိုမြင်ရင် သူရူးသွားလိမ့်မယ်။ ရှင်ဘာလို့ ဒီလိုဒုက္ခသည်မျိုး ကို တွေ့ချင်ရတာလဲ၊ သူ့ခမျာမှာ နဂိုရုပ်မပေါက်ဘဲ စိတ်မနှံ့တနှံ့ ဖြစ်နေရှာတယ်" ဟု ဟက်ဇီဘာက တရားသူကြီးအား ယခင်ကကဲ့သို့မဟုတ်ဘဲ လေသံခပ်ပျော့ပျော့ဖြစ်ကာ ပြောရှာလေသည်။

"ဟက်ဇီဘာ...၊ ငါသူ့ကို ဘာဖြစ်လို့ မတွေ့ရ မနေနိုင်ဘူးဆိုတဲ့အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြမယ်။ တို့ဦးလေး ဂျက်ဖရီ သေတုန်းက သူ့မှာရှိတဲ့ပစ္စည်းတွေ စာရင်းအပြည့်အစုံ ရှာလို့ မတွေ့ရဘူး။ ဦးလေးဟာ သူ့ခေတ်မှာတုန်းက အချမ်းသာဆုံး ပုဂ္ဂိုလ်ကြီးတယောက် ဖြစ်တယ် ဆိုတာ

လူတိုင်းအသိပဲ မဟုတ်လား။ ဒါပေမဲ့ သူ့မှာ နိုင်ငံခြားအရပ်တွေမှာ ငွေပင် ငွေရင်း မြှုပ်တတ်တဲ့ အလေ့ကလေးတခု ရှိလေတော့ သူ့ငွေတွေ ဘယ်တိုင်းပြည်မှာ ဘယ်လောက် ရောက်နေတယ်ဆိုတာလည်း သေသေချာချာ မသိရဘူး။ တချို့နေရာတွေမှာ သူ့နာမည်နဲ့ မဟုတ်တော့ သာပြီး သိဖို့ခက်သေးတယ်။ အဲဒါတွေ ထားလိုက်ပါဦး။ ဦးလေးက သူ့ပစ္စည်းတွေ အားလုံး ငါ့ကို အမွေပေးခဲ့တယ် မဟုတ်လား။ နင့်အတွက် ဒီအိမ်ကြီးမှာ တသက်လုံး နေဖို့နဲ့ အိမ်ကြီးနဲ့ဆက်နေတဲ့ မြေကွက်ကလေးကို အမွေပေးခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ... ဘာလဲ၊ ဒီအမွေကိုပဲ ယူချင်သေးလို့လား၊ ကလစ်ဖို့ကို မနှိပ်စက်ချင်တော့လို့ ဒီအမွေကလေးကို သိမ်းချင်ပြန်ပြီလား"

"ဟာ... မဟုတ်တာပဲကွယ်... အမွေကလေးကို သိမ်းဖို့ဝေးရော။ ငါကနင့်ကို နောက်ထပ်ပေးနေသေး တာဟာ နင်မို့ ပြောရက်ပလေတယ်။ အကြောင်းရင်းက ဒီလိုကွဲ့။ ဦးလေးရဲ့ပစ္စည်းတွေဟာ သူသေတော့ သုံးပုံတပုံလောက်ပဲ စာရင်းကောက်လို့ရတယ်။ အဲဒီတော့ .. ကျန်တဲ့ပစ္စည်းတွေ ဘယ်ရောက်နေတယ်ဆိုတာ ကလစ်ဖို့ ပြောနိုင်လိမ့်မယ် ထင်တယ်။ အဲဒါကြောင့်မို့ ငါသူ့ကို သိပ်တွေ့ချင်တာပဲ"

"အလိုလေး ... ကလစ်ဖို့က စာရင်းပျောက်နေတဲ့ ပစ္စည်းတွေ ဘယ်မှာ ရှိတယ်ဆိုတာ သိတယ်၊ ကလစ်ဖို့က ရှင့်ကို ပိုပြီးချမ်းသာအောင် လုပ်ပေးရဦးမယ်၊ ဟဲ.. ဟဲ.. ဟဲ... ရယ်စရာဖြစ်နေပါကလား"

"အို ... နင်ဘာသိလို့လဲ၊ ကလစ်ဖို့ကိုယ်တိုင်က ငါ့ကို တခါက ပြောဖူးတယ်" ဟု တရားသူကြီးက သူ့ရွှေကွပ်ထားသောတုတ်နှင့် ကြမ်းကို ဆောင့်၍ထုရင်း ပြောလေသည်။

"အို ... မဖြစ်နိုင်တာ၊ အစ်ကိုကြီးကလည်း ဘာတွေ လျှောက်ပြောနေရတာတုံး"

"ငါမဟုတ်တာတွေ လျှောက်ပြောတတ်တဲ့လူမျိုးမဟုတ်ပါဘူး ဟ။ ဦးလေးမသေခင်က ကလစ်ဖို့က သူ့ရွှေငွေပစ္စည်းတွေ အများကြီး ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိတယ်လို့ ငါ့ကိုပြောဖူးတယ်။ သူကတော့ ငါမခံချင်အောင် စတာပေါ့လေ။ ဒါပေမဲ့ သူက ငါမခံချင်အောင် ပြောတာတင်မကဘူး၊ တကယ်ပြောတာလည်း ဖြစ်တယ်လို့ ငါမှတ်မိတယ်"

"တကယ်သာ ကလစ်ဖို့က ဦးလေးရဲ့ပစ္စည်းတွေ ဘယ်မှာရှိတာသိရင် ဘာဖြစ်လို့ အခုလောက် ကြာအောင် လိမ်ထားရတာလဲ"

“ဩော် ... ဒါကတော့ အခက်သားကလားကွယ်..။ လူဆိုတာ ဒီလိုပေါ့၊ သူက ငါ့ကို ရန်သူလို သဘောထားနေတော့ ဘယ်ပြောမလဲ။ သူက ငါ့ကြောင့် သူဒီလိုဒုက္ခရောက်ရတယ် ... သေမလို ဖြစ်ရတယ်လို့ အောက်မေ့နေတော့ ငါကောင်းစားမှာကို သူဘယ်လိုလားပါ့မလဲ။ ဒါပေမဲ့ ... အခုတော့ သူပြောမှ ဖြစ်မယ်”

“အလို ... သူမပြောတော့ကော...”

“ဒီမှာ ငါ့ညီမရဲ့...၊ အရပ်ထဲက လူတွေက မင်းတို့တွေ နေကြပုံကို ကြည့်နေကြတာ၊ အို ... အဆုံးပြောလိုက်မယ်၊ ငါးသည်၊ ပေါင်မုန့်သည်၊ နို့သည်တို့ကအစ မင်းတို့ကို ဂရုတစိုက် ကြည့်နေကြ တာ၊ ဒီတော့ ကလစ်ဖို့ဟာ စိတ်မနှံ့ဘူးဆိုတာ အားလုံး အသိကြသားပဲ၊ စိတ်မနှံ့ရင် ငါ့ဝတ္တရားက သူ့ကို ဒီလို လွတ်လွတ်လပ်လပ်ထားလို့ မဖြစ်ဘူးပေါ့။ ဒါပေမဲ့ ဝတ္တရားဆိုတော့လည်း အခက်သား ကလားကွဲ့၊ အဲဒီတော့ သူ့ကို အသက်ထက်ဆုံး အရူးထောင်မှာ ထည့်ထားရုံ ရှိတော့မှာပေါ့”

“အို .. ဒီလို တကယ်ပဲ လုပ်မှာလား” ဟု ဟက်ဇီဘာက မေးလိုက်လေသည်။

“ဒါကတော့ ကလစ်ဖို့က ငါ့အပေါ်မှာ မတရားလုပ်ရင် ငါက သူ့ကို ဒီလိုပဲလုပ်ရမှာပေါ့။ နင်လည်း ငါ့စိတ်အသိသားနဲ့”

“အို .. အစ်ကိုကြီး ဂျက်ဖရီ၊ စင်စစ်တော့ ကလစ်ဖို့က ရူးတာ မဟုတ်ဘူး။ အစ်ကိုကြီးက ရူးနေတာ။ အစ်ကိုကြီးဟာ အသက်အရွယ်လည်း ငယ်တာ မဟုတ်ဘူး။ လူကြီးပိုင်း ရောက်နေပြီ။ ဒီတော့ အစ်ကိုကြီးဟာ နောက် ဘယ်လောက်များ ကြာကြာနေရဦးမှာတဲ့လဲ။ အခုလို အသက်အရွယ် ကြီးပြီးနေခါမှ ပစ္စည်းကို မခုံမင်ချင်စမ်းပါနဲ့ အစ်ကိုကြီးရယ်။ အခု အစ်ကိုကြီးမှာရှိတဲ့ ပစ္စည်းဟာ ဘယ်လောက်ပဲ နည်းတယ်ပြောပြော မကုန်နိုင်၊ မခန်းနိုင်ပါဘူး။ ဒီတော့ ကျွန်မတို့အပေါ်မှာ ရက်ရက်စက်စက်နဲ့ မလုပ်သင့်ဘူးလို့ ကျွန်မထင်ပါတယ်။ အစ်ကိုကြီးဟာ တကယ်တော့ ဟိုအရင် ကျွန်မတို့ရဲ့အဘိုး ကာနယ်ကြီးလုပ်သလိုပဲ နောင်လာနောက်သားတို့အထိ အပြစ်မကင်းအောင် ရက်ရက်စက်စက် လုပ်တာနဲ့ တူပါလိမ့်မယ်” ဟု ဟက်ဇီဘာက ငိုသံပါကြီးနှင့် ပြောလေသည်။

တရားသူကြီးက သူပြောသောစကားတို့ကို နားမဝင်သည့်အနေမျိုးနှင့် “ရှူးကြောင်ကြောင် ပြောမနေပါနဲ့ဟယ်၊ ငါက တခုခုလုပ်မယ်ဆိုရင် လုပ်တာပဲ။ အဲဒီ ပျောက်ဆုံးနေတဲ့ ပစ္စည်းဥစ္စာတွေ ဘယ်ဆီမှာ ရှိတယ်ဆိုတာကို ဘယ်တော့မှ လက်မလျှော့ဘူး။ ကလစ်ဖို့က ငါ့ကို ပြောရင်ပြော၊ မပြောရင် သူဒုက္ခရောက်ဖို့သာ ပြင်ပေတော့၊ အဲဒါ သူ ခပ်မြန်မြန် ဆုံးဖြတ်ဖို့ပဲ လိုတော့တယ်။ ငါကြာကြာမနေနိုင်ဘူး။ ငါ့မှာ လုပ်စရာ ကိုင်စရာ အလုပ်တွေ ရှိသေးတယ်။

ညကျတော့လည်း နိုင်ငံရေးသမား မိတ်ဆွေအချို့နဲ့ ညစာစားပွဲကြီး တက်စရာ ရှိသေးတယ်” ဟု ပြောလေသည်။

“ကလစ်ဖို့မှာ ဖွင့်ပြောစရာ လျှို့ဝှက်တဲ့အချက် တခုမှ မရှိပါဘူးရှင်”

“အို ... ဒါကတော့ သူနဲ့တွေ့ပြီး မေးကြည့်တဲ့အခါကျတော့ သိလိမ့်မပေါ့။ အဲဒါပဲ ကလစ်ဖို့ကို နင်ခေါ်ပေးရင်ပေး မပေးရင် အကြမ်းကိုင်ရလိမ့်မယ်။ အဲဒီတော့ ကိုးရိုးကားရားဖြစ်ရင် နင့်တာဝန်ပဲ”

“အစ်ကိုကြီးက ပြောအားရှိတာပေါ့လေ။ တကယ်ဆိုတော့ ကလစ်ဖို့ဟာ မရူးပါဘူး။ အစ်ကိုကြီး အခုလုပ်ပုံနဲ့ဆိုမှသာ ရူးချင်ရူးသွားလိမ့်မယ်။ ကလစ်ဖို့ ရူးတယ် မရူးဘူးဆိုတာ အစ်ကိုကြီးကိုယ်တိုင် စကားပြောကြည့်တော့ သိပါလိမ့်မယ်၊ ဒါပေမဲ့ အစ်ကိုကြီးရယ် ... သူ့ကို သနားပါ။ အစ်ကိုကြီး စိတ်ရင်းရှိတာထက် ပိုပြီးတော့ သနားစေချင်ပါတယ်”

ဟက်ဇီဘာသည် ယင်းသို့ဆိုပြီးနောက် ဆိုင်ခန်းထဲမှ အတွင်းခန်းထဲသို့ ဝင်သွားလေရာ တရားသူကြီး ပင်းချွန်းလည်း နောက်မှ လိုက်သွားပြီးလျှင် ဘိုးစဉ်ဘောင်ဆက်ကရှိလာခဲ့သော ပက်လက် ကုလားထိုင်ကြီးပေါ်တွင် သူ့ကိုယ်ကြီးကို ပစ်၍ ထိုင်လိုက်လေသည်။

ဟက်ဇီဘာလည်း ရှေ့သို့တိုးသွားရာမှ တဖန် ကလစ်ဖို့၏ အခန်းဝမှ ပြန်လှည့်၍ တရားသူကြီးအား “ကျွန်မကို ခေါ်လိုက်သလား” ဟု လှမ်းမေးလိုက်သည်။

“ဟင့်အင်း ... မခေါ်ပါဘူး။ ဘာလုပ်ခေါ်ရမှာလဲ။ နင့်မောင်ကိုသာ ခပ်မြန်မြန် ခေါ်ပေးပါ၊ အချိန်မရှိဘူး” ဟု တရားသူကြီးက နာရီအိတ်ထဲမှ နာရီကြီးကိုထုတ်ကာ ကြည့်ရင်း သည်းမခံနိုင် တော့သည့် အမူအရာမျိုးနှင့် ပြောလိုက်လေသည်။ ဟက်ဇီဘာလည်း ကလစ်ဖို့ အခန်းဘက်သို့ ပြန်လှည့်ထွက်သွား လေသည်။

[၁၆] ကလစ်ဖို့၏ အခန်း

ဟက်ဇီဘာသည် သူ မနှစ်သက်ဆုံးသော အလုပ်ဖြစ်သည့် ကလစ်ဖို့အား တရားသူကြီးပင်းချွန်း၏ ရှေ့တော်မှောက်သို့ ခေါ်ရသော အလုပ်ကို လုပ်ရမည့်အတွက် စိတ်လက်မချမ်းမသာ ဖြစ်နေလေရာ ယခင်က တိတ်တိတ်ပွေပွေနေခဲ့သည့် ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ ယခု သာ၍ပင် တိတ်တိတ်ပွေပွေ နိုင်လေတော့သည်။ သူသည် အခန်းကြီး အခန်းငယ်များစွာတို့ကို ဖွင့်၍ ဖြတ်ကျော်လာပြီးလျှင် လှေကားပေါ်သို့ တက်ရာတွင် သူ့စိတ်မှာ အထူးလေးလံလျက်ရှိလေသည်။ ခုနစ်ဆောင်ပြိုင် အိမ်ကြီးကို စ၍ဆောက်ခဲ့သည့် ကာနယ်ကြီးမှစ၍ ဆွေမျိုးသားချင်းပေါင်း များစွာတို့၏ အဖြစ်အပျက် ဒုက္ခသုခအပေါင်းတို့ကို ကလစ်ဖို့၏ အခန်းသို့ လေးလံသောခြေလှမ်းဖြင့် လှမ်းရင်းပင် မဦးမစပ် တွေးမိလေတော့သည်။

ပင်းချွန်းအနွယ်အပေါင်းတို့မှာ တနည်းနည်းဖြင့် ဒုက္ခရောက်ကြသည်သာ များသဖြင့် ဟက်ဇီဘာက သူနှင့် သူ့မောင် ကလစ်ဖို့သာမက မတရားသော တရားသူကြီး ပင်းချွန်းလည်း မရှေးမနှောင်းပင်လျှင် ဒုက္ခသည် စာရင်းဝင် ဖြစ်ကောင်း ဖြစ်ကြပေမည်ဟု စိတ်တွင် မသိုးမသန့် ဖြစ်မိလေသည်။

သူ့ရင်မှာ အဆမတန်လေးကာ တခုခု ဒုက္ခကြီးလှလှ တွေ့ကြရတော့မည်ဟု အဘယ်အကြောင်း ကြောင့် ဟူ၍ သူ့သဘော ဝေခွဲ၍ မသိနိုင်စွမ်းသော်လည်း ဥပါဒါန်ဖြစ်နေမိ၏။ အိမ်ကြီးအပြင်ဘက်၌ မိုးလေ ထန်လျက်ရှိလေသည်။ သူသည် ကလစ်ဖို့ အမြဲတမ်းထိုင်၍ လမ်းဘက်သို့ လှမ်းကြည့်နေကျ ဖြစ်သည့် ပြတင်းပေါက်ကြီးသို့ ရောက်သောအခါ လှမ်း၍ လမ်းဘက်သို့ ကြည့်လိုက်လေသည်။ လမ်းဘက်မှ ကျော်လွန်၍ မျက်နှာချင်းဆိုင် အိမ်ကလေးတွင် စက်ချုပ်နေသော မိန်းမတယောက်ကို လှမ်းကြည့်လိုက်ပြီးလျှင် ထိုမိန်းမနှင့် သူမှာ အလှမ်းအတော်ဝေးသော်လည်း တောကြီးမျက်မည်း တွင် လမ်းရှာမတွေ့ သော ခရီးသည်သည် ခပ်ဝေးဝေးမှ လူသံကြားလိုက်ရလျှင် ဝမ်းတမျိုးသာ၍ အားတမျိုး ရှိသွားသကဲ့သို့ပင် သူလည်း ထိုအပ်ချုပ်သည်မကို ကြည့်၍ အားရှိသလိုလို ဖြစ်သွားလေ သည်။

ထိုအခိုက်လမ်းပေါ်တွင် မြင်းရထားတစင်းဖြတ်၍ မောင်းသွားလေသည်။ ရွှံ့များသည် ရထားဘီးတို့မှ အလိပ်လိုက်ကွာကျပြီးလျှင် မိုးရေများလည်း ဘေးဘက်သို့ လွင့်စဉ်သွားလေသည်။ ရထားလွန်သွား ပြီးနောက် အတန်ကြာပင်လျှင် ရထားကို ငေးငိုက်ကြည့်ရင်း ကလစ်ဖို့၏ အခန်းသို့ မသွားသေးဘဲ ဆိုင်းငံ့လျက်နေလေသည်။

သူသည် သူ့အဖို့ ဒုက္ခရောက်ရသည်ကို ဂရုမထား ခံနိုင်ရည်ရှိသော်လည်း သူ့မောင်အား ဒုက္ခဖြစ်စေမည့်အရေးကို သည်းမခံနိုင်ဘဲ ရှိတော့သည်။ သူသည် အစက တရားသူကြီးပင်းချွန်း၌ ဤမျှ အာဏာစက် ပြင်းထန်လိမ့်မည်ဟု မတွေးထင်မိခဲ့ချေ။ ယခု သူက အခေါ်ခိုင်း၍ သူ့စကားကို ပယ်ရှားကာ သူ့အား ပုန်ကန်ရန် မဝံ့ရဲ၍သာ ကလစ်ဖို့ကို သွား၍ ခေါ်ရချေမည်။ စင်စစ်သော်ကား ကလစ်ဖို့၌ တရားသူကြီး လိုချင်သည့် ဦးလေးပစ္စည်းများနှင့်ပတ်သက်သည့် လျှို့ဝှက်ချက်များ မရှိကြောင်း ဟက်ဇီဘာ အသိပင်ဖြစ်သည်။ အကယ်၍သာ ထိုလျှို့ဝှက်ချက်များကိုသာ ကလစ်ဖို့ သိလျှင် အမြန်ဆုံး ဖွင့်ဟပြောဆိုလိုက်ရန် တိုက်တွန်းလိုက်ချင်တော့၏။ အဘယ်ကြောင့်ဆိုသော် ထိုလျှို့ဝှက်ချက်များကြောင့် ငွေကြေး ကျိုကျိုတက်ချမ်းသာမှုကို သူမလို။ ကလစ်ဖို့အား တရားသူကြီးက လူလိမ္မာ ညှဥ်းဆဲနည်းမျိုးနှင့် ညှဥ်းဆဲသည်ကိုသာ မခံစေလိုပေ။

တရားသူကြီးပင်းချွန်းမှာ တန်ခိုးအာဏာရှိသူ တဦးဖြစ်သဖြင့် ကလစ်ဖို့က သူ့အား လျှို့ဝှက်ချက် များကို မပေးဟုဆိုလျှင် ထိုအာဏာရှင် တန်ခိုးရှင်နှင့် ဖက်ပြိုင်၍ တိုက်ခိုက်နိုင်ဖို့ ခဲယဉ်းလှကြောင်း ဟက်ဇီ ကောင်းစွာသိလေသည်။ တရားသူကြီးမှာ သူ့ရန်ကို နှိမ်နင်းဖျက်ဆီးရာ၌ လူ့ဘဝတွင် တတ်နိုင်သမျှ အင်အားစုနှင့် ဖြစ်နိုင်သမျှ နည်းလမ်းတို့ကို အသုံးပြုမည် ဧကန်ဖြစ်ချေသည်။ ကလစ်ဖို့ဘက်မှ ဟက်ဇီဘာတဦးအပြင် မည်သူမျှ မရှိချေ။ ဖီဘီကလေး ပြန်ရောက်နေလျှင် တော်သေး၏။ ပန်းချီဆရာကလေးကို အားကိုးလိုသောစိတ်မျိုး တခါတရံ ပေါ်ပေါက်လာလေသည်။ ပန်းချီဆရာကလေးမှာ အခြေအနေမရှိသော လူငယ်တဦး ဖြစ်စေကာမူလည်း စွမ်းရည်သတ္တိနှင့် ပြည့်စုံသူတဦးဖြစ်ကြောင်း၊ ဟက်ဇီဘာ ကောင်းစွာ သိရှိလေသည်။ ထို့ကြောင့် အရေးအကြောင်း ရှိလျှင် အကူအညီရအောင် ပန်းချီဆရာကလေး၏ အဆောင်ဘက်သို့သွား၍ ကြည့်လေသည်။ ပန်းချီဆရာလေးကို သူ့အဆောင်ထဲ၌ မတွေ့ရစေကာမူလည်း ဖတ်လက်စဖြစ်ကြောင်း ထင်ရှားလှ သည့် ဖွင့်ထားသော စာအုပ်တအုပ်နှင့် သတင်းစာချုပ်များ ပြန့်ကျဲနေသည်ကို တွေ့ရလေသည်။ ထိုလက္ခဏာများက ပန်းချီဆရာကလေးမှာ ဝေးလံသောဒေသသို့ သွားနေသည် မဟုတ်ပါဟု လက်တို့၍ ပြောနေကြသကဲ့သို့ပင်တည်း။ ပန်းချီဆရာကလေး၏ အဆောင်တွင် ချိတ်ဆွဲထားသော တရားသူကြီး ပင်းချွန်း၏ ရုပ်ပုံက သူ့အား မျက်ထောင့်နီကြီးနှင့် ကြည့်နေသဖြင့် ရင်တုန်ကာ အဆောင်ထဲမှ ကပျာကယာ ထွက်ပြေးလာတော့သည်။

ပန်းချီဆရာကလေး၏အဆောင်မှ ထွက်လာပြီးလျှင် ပြတင်းပေါက်ကြီးအနီးသို့ ပြန်ရောက်လာသော အခါ ဟက်ဇီဘာသည် မျက်မှောင်ကုတ်လျက် မိုးကောင်းကင်သို့ မော်၍ကြည့်ကာ ဆုတောင်းသကဲ့ သို့ ပြုပြီးနောက် ဆက်လက်၍ အချိန်ဖြုန်းရန် အကြောင်းမမြင်တော့သဖြင့် မထူးတော့သည့် အဖြစ်ကို အာရုံပြုကာ စိတ်တင်းလျက် ကလစ်ဖို့၏အခန်းသို့

လျှောက်သွားပြီးလျှင် တံခါးခေါက်လေ သည်။

အခန်းထဲမှ ပြန်၍ထူးသံကို မကြားရချေ။

ဟက်ဇီဘာလည်း တံခါးခေါက်သည်ကို ကလစ်ဖို့က ပြန်ကြားခြင်း မပြုသဖြင့် အံ့အားသင့်နေလေ သည်။ ကလစ်ဖို့မှာ ကလေးသဖွယ် စိတ်ကောက်၍ မှောက်လျက် အိပ်ပျော်နေလေရော့သလားဟု တွေးထင်မိ၏။ ထို့ကြောင့် ဟက်ဇီဘာသည် တဖန် တံခါးကို ခေါက်ပြန်လေသည်။ ယင်းသို့ ခေါက်သော်လည်း အခန်းထဲမှ ပြန်၍ထူးသံကို မကြားရချေ။ ငြိမ်ချက်သား ကောင်းလှချေတကား။

"ကလစ်ဖို့ရေ... မောင်လေး...၊ အစ်မကြီး ဝင်လာခဲ့မယ်နော်" ဟု ဟက်ဇီဘာက အခန်းတံခါးဝမှနေ၍ ပြောသော်လည်း စကားပြန် မရချေ။

သူသည် ကလစ်ဖို့၏အမည်ကို နှစ်ကြိမ်သုံးကြိမ်မျှ ခေါ်သော်လည်း ကလစ်ဖို့၏ အခန်းထဲမှ ပြန်၍ ထူးသံကို မကြားရချေ။ ကလစ်ဖို့ ငြိမ်သက်မှုသည်ကား အံ့ဩစရာပင်ဖြစ်တော့၏။ သူသည် ကလစ်ဖို့ သွားတတ်သော ဥယျာဉ်ထဲရှိ အိမ်ငယ်ကလေးဘက်သို့ လှမ်း၍ကြည့်သော်လည်း ကလစ်ဖို့ကို မတွေ့ ရချေ။ အိမ်ငယ်ကလေးမှ ကြောင်ကလေးတကောင် ထွက်လာသဖြင့် ဟက်ဇီဘာမှ ကြောင်အပေါ် တွင် ဒေါသဖြစ်ကာ မောင်းနှင်ထုတ်ပစ်လိုက်ချင်စိတ် ပေါ်ပေါက်လာလေသည်။ ကြောင်ကလေးမှာ အဒေါ်ကြီး အမောင်းကို မခံဘဲ သူ့သဘောနှင့်သူ တဖက်သို့ ထွက်ပြေးသွားလေသည်။ ကြက်အိမ်များဘက်မှလည်း ကြက်များ ထွက်နေကြ၍လည်းကောင်း၊ မိုးရွာသဖြင့် အိပ်တန်းမှ မဆင်းဘဲ ကုပ်နေကြ၍လည်းကောင်း ဘာသံမျှ မကြားရချေ။

ဟက်ဇီဘာသည် သူကြည့်နေသော ပြတင်းတံခါးကိုပိတ်၍ ကလစ်ဖို့ အခန်းတွင်းသို့ဝင်၍ ကြည့်ပြန်ပါလည်း ကလစ်ဖို့မှာ ထိုင်နေကျ ကုလားထိုင်ပေါ်တွင် မရှိတော့ချေ။ အခန်းထဲ၌ ကလစ်ဖို့ကို တွေ့နေကျ ဖြစ်ပါလျက်နှင့် မတွေ့ရသဖြင့် ဟက်ဇီဘာမှာ အံ့ဩကာ စိတ်ထွေပြားသွား လေတော့သည်။

"ငါ့မောင်လေး စိတ်ရူးပေါက်ပြီး လမ်းဘက်ကိုများ လျှောက်သွားလေရော့သလား" ဟု သူ့ဘာသာသူ ပြောရင်း အစိုးရိမ် ပို၍လာလေသည်။ တရားသူကြီးပင်ချွန်းက သူ့မောင်အား ရူးသွပ်နေသည်ဟု စွပ်စွဲမည် တကဲကဲ ပြုနေရာတွင် သူ့မောင်ကလည်း ရူးသွပ်နေကြောင်း သက်သေခံလျက် ရှိသကဲ့သို့ ထင်ရာ လျှောက်၍သွားပါမူ ဟက်ဇီဘာမှာ ဘယ်သို့ ကာကွယ်ရပါမည်နည်း။ သူသည် ကလစ်ဖို့ အတွက် တွေးမိ၏။ စိတ် ဆွဲဆောင်ရာ လျှောက်၍သွားလျှင် လူတောသူတော မတိုးခဲ့သောသူ တယောက် ဖြစ်သဖြင့် လူသူအပေါင်းက သူ့အား အရူးဟု အမှတ်ပြုကာ ရှောင်ရှားကြပေလိမ့်မည်။ ကလေးများကမူ ကလေးတို့ဘာဝ အရူးနောက်တွင် တကောက်ကောက်လိုက်၍

နောက်ပြောင်နေကြ ပေလိမ့်မည်။ ယင်းသို့ဆိုလျှင် သူ့ဦးလေး၏ စာရင်းပျောက်နေသော ပစ္စည်းများ ဘယ်နေရာတွင် ရှိသည်ကို ကလစ်ဖို့က သိလျက်နှင့် မပြောရ ကောင်းလားဟု အငြိုးထားကာ ကလစ်ဖို့အား အရူးဟု စွပ်စွဲရန် ဟန်ပြင်နေသော တရား သူကြီးအဖို့ အကြိုက်ကျ ဖြစ်သွားချေမည်။

ဟက်ဇီဘာလည်း ကလစ်ဖို့ကို မတွေ့သည်နှင့်တပြိုင်နက် စိတ်မချမ်းမြေ့ဖွယ်ရာတို့ကို အစီအရီ လျှောက်၍ တွေးကာ ကြောက်အားပိုလာသဖြင့် “ကလစ်ဖို့ မရှိတော့ဘူး မောင်လေး ပျောက်နေပြီ၊ အစ်ကိုကြီး ဂျက်ဖရီ လုပ်စမ်းပါဦး၊ ဒုက္ခရောက်နေပါပြီ” ဟု ဟစ်အော်ပြီးလျှင် ဧည့်ခန်းတံခါးကြီးကို ဖြုန်းခနဲ ဖွင့်လိုက်လေသည်။

ဧည့်ခန်းကြီးမှာ နဂိုကပင် မှောင်မည်းနေရာ ဟက်ဇီဘာအဖို့ ပို၍ပင် မှောင်မည်းသွားလေတော့ သည်။ မကြာမီကပင် ပြတင်းပေါက်မှနေ၍ အလင်းဘက်သို့ လှမ်း၍ကြည့်နေခဲ့သည်တကြောင်း ယခု ကလစ်ဖို့ကို ရှာမတွေ့သဖြင့် မွန်ထူနေသောကြောင့်တကြောင်း ထိုအကြောင်း နှစ်ရပ်တို့ကြောင့် အခန်းကြီးမှာ နဂိုထက်ပင် ပို၍မှောင်မည်းသွားသဖြင့် တရားသူကြီး ပင်ချွန်း ပက်လက်ကုလားထိုင် ကြီးပေါ်တွင် ထိုင်နေသည်ကို ပြတ်ပြတ်သားသား မမြင်ရဘဲ ခပ်မည်းမည်းသာ မြင်ရလေသည်။

“အစ်ကိုကြီး ကျွန်မပြောတာ မကြားဘူးလားဟင်၊ ကလစ်ဖို့ အခန်းထဲမှာ မရှိတော့ဘူး၊ ဝိုင်းပြီး ရှာပေးစမ်းပါ”

ဟက်ဇီဘာက ပျာယီးပျာယာနှင့် ပြောသော်လည်း တရားသူကြီးမှာ မတုန်မလှုပ်နှင့်ပင် နေလေသည်။

“အို ... မကြားဘူးလား၊ ကလစ်ဖို့ ထွက်သွားပြီ”

ဟက်ဇီဘာက တရားသူကြီးအနီးသို့ တိုး၍ ထပ်မံပြောကြားသော်လည်း တရားသူကြီးမှာ မည်သို့မျှ ပြန်မပြောရုံသာမက မလှုပ်မယှက်နှင့် နေလေသည်။ ထိုအခိုက် အခန်းတံခါး တဖက်က ကလစ်ဖို့ ဝင်လာလေသည်။ သူ့မျက်နှာမှာ နဂိုထက်ပင်ပို၍ ဖြူရော်ရော် ဖြစ်နေသည်။ မှောင်ထဲ၌ပင် ဖြစ်သော်လည်း ဟက်ဇီဘာ၏မျက်လုံးများမှာ အခန်းထဲသို့ ဝင်လာခါစကထက် ပို၍ကြည်လင်လာသဖြင့် ကလစ်ဖို့မျက်နှာ ဖြူရော်ရော်ဖြစ်နေသည်ကို သတိပြုမိ၏။ ဟက်ဇီဘာမှာ ကလစ်ဖို့ကို မြင်လိုက်လျှင်ပင် ယခင်ကနှင့်မတူ အမူကွဲပြားနေကြောင်း သိရသဖြင့် တရားသူကြီးပြောသည့် အတိုင်း အရူးကြီး လုံးလုံးလျားလျား ဖြစ်နေပြီလားဟု အောက်မေ့မိလေသည်။

“ဟဲ့ .. ကလစ်ဖို့ ငြိမ်ငြိမ်နေစမ်း”

"ကျွန်တော်တို့ ငြိမ်ငြိမ်နေဖို့ မဟုတ်ဘူးဗျ။ သူငြိမ်ငြိမ်နေဖို့သာ ရှိတယ်။ ကျွန်တော်တို့အဖို့ကတော့ ကကြ၊ ခုန်ကြဖို့ပဲရှိတယ်။ ကျွန်တော်တို့ လွတ်လပ်ပြီ။ လုပ်ချင်တာ လုပ်နိုင်ပြီ။ ကချင်က၊ ခုန်ချင်ခုန်၊ သီချင်း ဆိုချင်ဆို၊ လုပ်ချင်တာ လုပ်နိုင်ပြီဗျ။ ဝန်ထုပ်ကြီး ကျသွားပြီ။ ပျော်ပျော်ပါးပါးကြီး နေဖို့ပဲ လိုတော့တယ်" ဟု ကလစ်ဖို့ကပြောရင်း တရားသူကြီး ပင်းချွန်း ထိုင်နေသည့်ဘက်သို့ လက်ညှိုး တငေါက်ငေါက်ထိုး၍ ပြနေလေသည်။

ဟက်ဇီဘာလည်း သူ့မောင်ကိုကြည့်ကာ လန့်ထိတ်ရွံ့စိုးသော မျက်နှာနှင့် "ဟဲ့.. တို့တတွေ ဘာဖြစ်နေကြတာလဲဟဲ့" ဟုဆိုလေသည်။

"လာ ... လာ.. ကျွန်တော်တို့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး။ သွားကြရအောင် ဒီအိမ်ကို ဂျက်ဖရီ စောင့်နေလိမ့်မပေါ့။ သူ ကောင်းကောင်း စောင့်ရှောက်ကြည့်ရှုထားမှာပေါ့ဗျာ..." ဟု ကလစ်ဖို့က ပြောလိုက်လေသည်။

ဟက်ဇီဘာလည်း ကလစ်ဖို့ကို သေသေချာချာ ကြည့်လိုက်ရာ၊ သူ အမြဲတမ်း ဝတ်ဆင်လေ့ရှိသော ဝတ်လုံအင်္ကျီကြီး ဝတ်ထားကြောင်း တွေ့ရှိရသည်။ ကလစ်ဖို့က ဟက်ဇီဘာအား လက်ဆွဲ၍ အိမ်ထဲမှ အပြင်သို့ ကပျာကသီ ထွက်မည်ပြုသည်ကို ဟက်ဇီဘာသိသော်လည်း ယခင်ကဆိုလျှင် တားကောင်းတားပေမည်။ ယခု၌မူ ထုံထိုင်းထိုင်း ကြောင်တက်တက် ဖြစ်နေသောကြောင့် ကလစ်ဖို့ ဆွဲဆောင်ရာသို့ လိုက်ပါသွားလေသည်။

"နေစမ်းပါဦးအစ်မကြီးရဲ့ ... ခပ်မြန်မြန်ကလေး အနွေးထည် ဝတ်လိုက်စမ်းပါ။ ခင်ဗျား ဘယ်လိုပဲ ပြုပြင် ပြုပြင် မလှဘူးဆိုတာတော့ သေချာပါတယ်။ ဒါပေမဲ့ အပြင်ထွက်ရမှာမို့ အနွေးထည် လုံလုံလောက်လောက် ဝတ်လိုက်စမ်းပါလို့ ပြောနေတာပါဗျာ။ ပြီးတော့လည်း ပိုက်ဆံ အိတ်ယူခဲ့ပါ။ ပိုက်ဆံတွေအားလုံး ထည့်ခဲ့နော်.... ။ ပြီးပလား ... ဟင်...၊ ကဲ ပြီးရင်လာ သွားကြမယ်

ဟက်ဇီဘာလည်း ကလစ်ဖို့ပြောသမျှကို တခွန်းတပါဒမှ စောဒကတက်ခြင်း၊ နှောင့်နှေးခြင်းမရှိဘဲ လိုက်နာလေသည်။ သူ့စိတ်ထဲ၌ အိပ်မက်မက်နေသည်ဟု ထင်မိလေသည်။

"လုပ်ပါဗျ... မြန်မြန် ...၊ တော်တော်ကြာ ဟိုငနဲကြီး ထလာရင် အခက်ကြီး ခက်လိမ့်မယ်"

ကလစ်ဖို့သည် ဟက်ဇီဘာ၏လက်ကိုဆွဲ၍ မိုးရွာထဲ၌ပင်လျှင် ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှ ခပ်သုတ်သုတ် ထွက်သွားလေသည်။ သူတို့မောင်နှမနှစ်ယောက် ရွှံ့ထဲတွင် တစွပ်စွပ်နှင့် လျှောက်၍ အိမ်ကြီးမှ

ထွက်ခွာသွားစဉ် ဘိုးစဉ်ဘောင်ဆက်က ထိုင်လာခဲ့ကြသော ကုလားထိုင်ကြီးပေါ်၌ တရားသူကြီး ဂျက်ဖရီပင်းချွန်းမှာ မလှုပ်မယှက် လဲလျောင်းလျက်ပင် ရှိလေသေးသည်။

[၁၇] ဧးကွက်နှစ်ကောင် ပြေးကြပြီ

သူတို့ မောင်နှမနှစ်ယောက်သည် ပင်းချွန်းသစ်ချပင်ကြီးအောက်မှလွန်၍ ပင်းချွန်းလမ်းမပေါ်သို့ ရောက်ကြသောအခါ ခြေမနင်းတတ်သလို ဖြစ်နေကြသည်။ အပြင်ပသို့ ထွက်ဖူးခဲလှသော အိမ်တွင်းပုန်း မောင်နှမမှာ မိုးရွာထဲတွင် ဘယ်အရပ်သို့ သွားရမည်မသိ၊ ယောင်ချာချာဖြစ်နေကြရာ အိမ်ထဲ၌ ဟက်ဇီဘာက ကလစ်ဖို့ကို ထိန်းသိမ်းစောင့်ရှောက်သော်လည်း အိမ်ပြင်၌မူ ကလစ်ဖို့က ဟက်ဇီဘာကို ထိန်းသိမ်း ရှေ့ဆောင်ရသူသည် သူ့အစ်မကြီးလက်ဆွဲ၍ ခပ်သုတ်သုတ် လျှောက်သွား လေသည်။ လမ်းတွင် လူအချို့ကို တွေ့သော်လည်း မိုးရွာနေခိုက်ဖြစ်သဖြင့် မည်သူမျှ သူတို့နှစ်ယောက်ကို ကောင်းစွာ မမှတ်မိကြချေ။

ဟက်ဇီဘာသည် ယင်းသို့ ကလစ်ဖို့ ခေါ်ရာသို့ လျှောက်၍ လိုက်နေရသော်လည်း သူ့စိတ်ထဲ၌ ဝေဝေဝါးဝါးရီလျက် နေလေသေးသည်။ အိပ်မက် မက်နေသလားဟု ကြိမ်ဖန်များစွာ စိတ်ထဲက မေးမိလေသည်။ မကြာမီပင် သူတို့သည် မီးရထားဘူတာရုံသို့ ရောက်သွားကာ ကလစ်ဖို့က ထွက်အံ့ဆဲဆဲ မီးရထားတစင်း၏ ကြုံရာတွဲပေါ်သို့ လှမ်းတက်လိုက်ရာ ဟက်ဇီဘာမှာ ယောင်ကန်းကန်း ဖြစ်နေသဖြင့် သူ့မောင်က လက်ဆွဲ၍ မီးရထားတွဲပေါ်သို့ တင်လိုက်ရလေသည်။ ဟက်ဇီဘာ တက်ပြီးသည်နှင့် တပြိုင်နက်ပင် မီးရထားလည်း တရှဲရှဲမြည်ကာ ဘူတာရုံမှ ထွက်ခွာသွားလေသည်။

မီးရထားတွဲပေါ်၌ ထိုင်မိသည့်တိုင်အောင် ဟက်ဇီဘာမှာ သူ့ကိုယ်သူ အိပ်မက်မက်နေသည်ဟု အောက်မေ့ကာ မီးရထားတွဲ ပြတင်းပေါက်မှ လှမ်း၍မြင်ရသော လူသူလေးပါးနှင့် ရှုမျှော်ခင်းတို့ကို ငေးကြည့်ရင်း သူ့မျက်စိကို သူမယုံသည့်အနေနှင့် “ကလစ်ဖို့ရယ် ငါ အိပ်မက်မက်နေတာလားဟယ်” ဟု မေးလိုက်လေသည်။

ကလစ်ဖို့က အားရပါးရ ရယ်မောရ၍ “အိပ်မက် မက်နေတာ မဟုတ်ပါဘူး အစ်မကြီးရယ်၊ တကယ့် အဖြစ်အပျက်ပဲ၊ ကျွန်တော်ဖြင့် အခုမှ အိပ်ရာက ကောင်းကောင်းကြီးနိုးလာသလို အောက်မေ့မိတော့ တယ်” ဟု ဆိုလေသည်။

ကလစ်ဖို့သည် သူပြောသည့်အတိုင်းပင် ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ နေစဉ်ကကဲ့သို့ မဟုတ်ဘဲ သွက်သွက်လက်လက်နှင့် စကားအတော် များလာလေသည်။ သူတို့လိုက်ပါလာသော တွဲပေါ်တွင် လူ ၅၀ ခန့် ပါလာရာ ခုံတန်းလျား အသီးသီး၌ ထိုင်နေကြလေသည်။ အချို့မှာ ဦးထုပ်တွင် လက်မှတ်ကို ညှပ်၍ထားပြီးလျှင် ဝတ္ထုစာအုပ် ဖတ်နေကြသည်။

ခရီးရှည်ရှည်သွားရမည်မဟုတ်သည့် ခရီးသည် များကား ဝတ္ထုကဲ့သို့ ရှည်ရှည်လျားလျားကို မဖတ်နိုင်ဘဲ သတင်းစာကိုဖြန့်၍ လျှောက်ကြည့်ကာ နောက်တဘူတာအဆိုက်ကို စောင့်၍နေကြလေသည်။ တွဲတောင့်တထောင့်၌ လုပချော်မောသော မိန်းကလေးများဝန်းရံလျက် ရှိသည့် လူငယ်တယောက်သည် သူ့အဖော် မိန်းကလေးများနှင့်အတူ ဘောလုံးပစ်တမ်းကစားကာ တဝါးဝါး ရယ်မောနေကြလေသည်။ ခရီးသည်အချို့၏ ကလေးများမှာ ကား ပန်းသီးများ၊ ကိတ်မုန့်များ၊ သကြားခဲများကို အသီးသီး စားသောက်ဝါးမျိုနေကြလေသည်။ ထိုစားစရာများကို မြင်ရသော ဟက်ဇီဘာမှာ သူပစ်ခဲ့ရသော ဆိုင်ကလေးကို သွား၍ မြင်နေမိ သေးသည်။ လူသူနှင့် ဆက်ဆံမှုနည်းပါးလှသည့် ဟက်ဇီဘာအဖို့ကား ခရီးသည် ၅၀ ခန့်အကြားတွင် ထိုင်၍ မီးရထားစီးလာရသည်ကိုပင် မနေတတ် မထိုင်တတ် ဖြစ်နေတော့သည်။ ကလစ်ဖို့မှာမူကား လူသူနှင့် တွေ့ကြုံရသဖြင့် အပျော်ကြီးပျော်နေလေတော့သည်။

"အစ်မကြီး မပျော်ဘူးလားဗျာ၊ ခင်ဗျားကလည်း ခင်ဗျားအိမ်အိုကြီးနဲ့ အစ်ကိုကြီး ဂျက်ဖရီကို သွားပြီးသတိရနေလို့ မပျော်တာလား။ ဒါတွေကို စဉ်းစားမနေပါနဲ့ဗျာ။ ကျွန်တော်တို့ အခု လူတော သူတောထဲ ရောက်နေကြပြီ။ ပျော်ပျော်ပါးပါး နေကြမှဖြစ်မယ်။ ဟိုမှာကြည့်စမ်း ဟိုကောင်လေးနဲ့ ကောင်မလေးတွေ ဘောလုံးပစ်တမ်း ကစားနေကြတာ ဘယ်လောက်ပျော်ကြသလဲ" ဟု ပြောလိုက်ရာ ဟက်ဇီဘာက ကလစ်ဖို့ကိုကြည့်၍ သူတပါး စိတ်ညစ်နေသည့်အခိုက်တွင် ပျော်နိုင်အားသည်ဟုဆိုကာ "ငါ့မောင် ရူးများ ရူးသွားလေရော့သလား" ဟု တွေးမိပြန်လေသည်။ ကလစ်ဖို့မှာ ရူးသည်ဟု မဆိုသာသော်လည်း ခုနစ်ဆောင်ပြိုင် အိမ်ကြီး၌ နေသကဲ့သို့ မဟုတ်ဘဲ အမူအရာ ထူးခြားလှပေသည်။ ထိုအခိုက် လက်မှတ်ရောင်းသမား ရောက်လာကာ သူတို့အား လက်မှတ်ဝယ်ရန် ပြောသဖြင့် ကလစ်ဖို့က ဟက်ဇီဘာထံမှ ယူထားသော ငွေအိတ်ထဲမှ ငွေစက္ကူ တချပ်ကို ထုတ်ပေးလိုက်လေသည်။

"မိတ်ဆွေနဲ့ ဒီက အစ်မကြီးအတွက် မဟုတ်လား။ ဘယ်အထိ သွားကြမှာလဲ" ဟု လက်မှတ် ရောင်းသမားက မေးလိုက်ရာ "ဟုတ်ပါတယ်၊ ကျွန်တော်တို့နှစ်ယောက်အတွက်ပါပဲ၊ ဘယ်အထိလဲ ဆိုတာကတော့ဗျာ...။ ဒီမီးရထား ဘယ်အထိသွားမလဲ။ အဲဒီအထိပေါ့။ ကျွန်တော်တို့က ရိုးရိုးခရီးသည် မဟုတ်ဘူး မီးရထား အပျော်လျှောက်စီးကြတာ" ဟု ကလစ်ဖို့က ပြန်ပြောလေသည်။

"ခင်ဗျားတို့ မီးရထား အပျော်စီးတဲ့အချိန်ကလည်းဗျာ မိုးတွေ လေတွေနဲ့ တခြားလူတွေအဖို့မှာ မလွှဲသာလို့ ခရီးသွားကြရတာ။ အိမ်မှာ နေတာလောက် ဘယ်ကောင်းနိုင်ပါ့မလဲဗျာ" ဟု လက်မှတ်ရောင်းသမား ပြောသောအခါ ကလစ်ဖို့က

"ဒါကတော့ဗျာ လူတကိုယ် အကြိုက်တမျိုးစီပဲ။ ခင်ဗျားပြောသလိုလည်း ဘယ်ဟုတ်မလဲ" ဟု ပြန်ပြောလိုက်ရာ သူတို့အနီးတွင် ထိုင်နေသည့် လူကြီးတယောက်က "ဘယ့်နှယ်လဲကွယ် မောင်ရင်ရယ်။ အခုနေအခါမှာ ကိုယ့်အိမ်မှာ ထိုင်နေသလောက် ဘယ်ကောင်းနိုင်ပါ့မလဲ၊ ခရီးမသွားလို့ မဖြစ်တဲ့လူတွေသာ ခရီးသွားကြရတာပဲ။ မောင်ရင်ပြောသလို မီးရထားလျှောက်ပြီး အပျော်စီးတယ်ဆိုတာဟာ တယ်မဟန်သေးပါဘူး" ဟု ဝင်၍ထောက်လိုက်သဖြင့် စကားပြောချင်လှသော ကလစ်ဖို့မှာ အချေအတင် စကားပြောစရာလူ တယောက် ရသွားသဖြင့် သဘောကျကာ ထိုလူကြီးဘက်သို့လှည့်၍ အမျိုးမျိုး ငြင်းဆိုလေသည်။

ကလစ်ဖို့သည် လူကြီးနှင့် စကားအချေအတင် ပြောရသဖြင့် မျက်နှာ ကြည်လင်လာပြီးလျှင် အိမ်မှာနေတိုင်း မပျော်ရွှင်ကြောင်း လေးနက်သော ယထာဘူတ ပညာအရ အကိုးအကားများဖြင့် လေရှည်ရှည်ပြော ဆိုလေရာ ဟက်ဇီဘာမှာ အလွန်ထူးခြားသော ကလစ်ဖို့၏ အမူအရာကို ကြောက်လန့်သဖြင့် ကလစ်ဖို့အား လက်တို့ကာ "ငြိမ်ငြိမ်နေစမ်းပါ မောင်လေးရယ်၊ ဒီပြင်လူတွေက အရူးလို့ထင်နေပါဦးမယ်" ဟု ခပ်တိုးတိုး သတိပေးလိုက်လေသည်။ သို့ရာတွင် ကလစ်ဖို့မှာ သူ့အစ်မ ကြီး သတိပေးချက်ကို ဂရုမထားဘဲ "နေစမ်းပါဗျာ၊ ခင်ဗျားသာ ငြိမ်ငြိမ်နေပါ" ဟုပြောကာ အဘိုးကြီးနှင့် ဆက်လက်ငြင်းခုံနေလေသည်။ ကလစ်ဖို့လည်း အဘိုးကြီးအား သဘာဝတ္တဗေဒ အကိုးအကားများနှင့် ခေတ်အဖြစ်အပျက်တို့ကို လျှောက်၍ ဝေဖန်လျက်ရှိလေသည်။

အဘိုးကြီးကလည်း ကလစ်ဖို့ပြောသည့် စကားများကို နားထောင်ရင်း စကားလုံးများမှာ ကြီးမား၍ အဓိပ္ပာယ်လေးနက်သောကြောင့် နားမလည်သည့်အလျောက် စိတ်ပျက်ဟန်ဖြင့် "ဟာ... မောင်ရင်ကလည်း တော်တော်ထူးဆန်းတဲ့လူပါပဲ၊ ကျုပ်ဖြင့် မောင်ရင်ပြောတာတွေ နားမရှင်းပါဘူး" ဟု ပြောလိုက်လေရာ ကလစ်ဖို့က ရယ်မော၍ "ကျွန်တော်ပြောတာက ရှင်းပါတယ်ဦးရယ်။ ဦးနားမလည်လို့သာ နားမလည်တာပါ" ဟု ဆိုလေသည်။

ယင်းသို့ အားပါးတရ စကားပြောလိုက်ရပြီးနောက် ကလစ်ဖို့မှာ အတော်ပင် ပျော်ရွှင်လာဟန်ဖြင့် ဟက်ဇီဘာဘက်သို့လှည့်ကာ "အစ်မကြီးရေ။ ကျွန်တော်တို့ ဒီတခါ ရထားရပ်ရင် ဆင်းမှပဲ တော်တော့မယ်။ ကျွန်တော်တို့ဟာ အသိုက်က ခပ်ဝေးဝေးရောက်အောင် ပျံလာတဲ့ ငှက်နှစ်ကောင်နဲ့ တူတယ်။ အဲဒီတော့ နီးရာသစ်ကိုင်းမှာ ဝင်ပြီးနားရင်း နောက် ဘယ်စခန်းထိအောင် ပျံကြမယ်ဆိုတာ စဉ်းစားကြသေးတာပေါ့" ဟု ဆိုလေသည်။ ယင်းသို့ဆိုခိုက်ပင်လျှင် မီးရထားလည်း လမ်းခုလတ် ဘူတာရုံကလေးတရုံသို့ဝင်၍ ဆိုက်လေသည်။ ဆိုက်လျှင် ဆိုက်ချင်းပင် ကလစ်ဖို့လည်း ဟက်ဇီဘာ၏ လက်ကိုဆွဲ၍ ရထားတွဲထဲမှ ကပျာကယာ ဘူတာရုံပလက်ဖောင်းပေါ်သို့ ဆင်းလိုက်လေသည်။ သူတို့ ဆင်းပြီးသည်နှင့်

တပြိုင်နက် မီးရထားလည်း ဆက်လက်၍ ခုတ်မောင်း သွားလေသည်။

သူတို့သည် ဆင်း၍သာ ဆင်းလိုက်သည်။ ဘယ်ဘူတာတွင် ဆင်းမှန်းလည်း မသိရှာချေ။ ဘူတာရုံကလေးမှာ အတော်ပင် သေးငယ်၍ အနီးအနား၌ လူနေအိမ်ခြေ မရှိချေ။ ခပ်ဝေးဝေးသို့ လှမ်းကြည့်လိုက်သောအခါ လယ်တဲကလေး တခုနှစ်ခုသို့ မြင်ရလေသည်။ မိုးကလေးမှာလည်း တစိမ့်စိမ့်ရွာလျက်ပင်။ အအေးဓာတ်သည်လည်း တဖြည်းဖြည်း တိုးတက်လျက်ရှိသောကြောင့် ကလစ်ဖို့မှာ တကိုယ်လုံး တုန်၍နေ လေသည်။ တွဲထဲ၌ ခြောက်ခြောက်သွေ့သွေ့ နေကာ အဘိုးကြီးနှင့် ငြင်းခုံနေသဖြင့် တကိုယ်လုံး နွေး၍နေသော်လည်း ယခုချက်ချင်းပင် လွင်တီးခေါင်၌ ရပ်နေကြရသောကြောင့် ကလစ်ဖို့မှာ အအေးပတ်၍ ခိုက်ခိုက်တုန်လျက် ရှိလေသည်။ ယင်းသို့ အအေးဒဏ်ကို ခံနေရသည့်အခါ ကလစ်ဖို့မှာ ယခင်ကကဲ့သို့ ကြည်လင် ပျော်ရွှင်ခြင်း မရှိဘဲ မျက်နှာငယ်ကလေးနှင့် သူ့အစ်မအား "ဟက်ဇီဘာရယ်... ခင်ဗျား စီမံချင်သလို စီမံပေးတော့ဗျာ ကျွန်တော်တော့ ရှေ့မဆောင်တတ်တော့ဘူး" ဟု ပြောလိုက်လေသည်။

နဂိုကပင် ရှေ့မဆောင်တတ်ရှာသော ဟက်ဇီဘာမှာ ဘယ်စခန်းသို့ ဆိုက်နေမှန်း မသိသည့်အချိန်၌ သာ၍ပင် ရှေ့မဆောင်တတ်သည့်အလျောက် ပလက်ဖောင်းပေါ်တွင် ဒူးထောက်လျက် ဘုရားသခင် ကို တသကာ ဆုတောင်းနေလေတော့သည်။

[၁၈] ဘုရင်ခံပင်းချွန်း

တရားသူကြီးပင်းချွန်းသည် သူ့ဆွေမျိုး မောင်နှမနှစ်ယောက် ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှ ထွက်ပြေးကြသောအခါ ညှော်ခန်းထဲတွင် ကျန်ခဲ့လေရာ ဘိုးစဉ်ဘောင်ဆက်က ထိုင်လာခဲ့ကြသော ကုလားထိုင်ကြီးပေါ်၌ မလှုပ်မယှက် ထိုင်လျက်ပင် ရှိလေသည်။ သူသည် ထိုင်ရင်း အိပ်ပျော်နေသည် ဟု ဆိုဖွယ်ရှိသော်လည်း သူ့မျက်လုံးမှာ ပွင့်လျက်ရှိသည်။ တရားသူကြီးပင်းချွန်းမှာ နေရာတကာ တွင် အိပ်တတ်သူ မဟုတ်သဖြင့် အိပ်နေမည်ဟု ဆိုနိုင်ဖို့ ခဲယဉ်းလှပေတော့သည်။

တရားသူကြီးသည် သူ့ဦးလေး၏ စာရင်းရှာမရသော ပစ္စည်းများအကြောင်းကို ကလစ်ဖို့တွင် သိလို၍သာ မိုးရွာထဲ၌ ခုနစ်ဆောင်ပြိုင် အိမ်ကြီးသို့ ရောက်လာရခြင်းဖြစ်သည်။ စင်စစ်သော်ကား သူ့၌ သွားလာလုပ်ကိုင်စရာ အလုပ်များ မြောက်မြားစွာရှိသဖြင့် အနားယူ၍ အိပ်နေနိုင်စရာ အကြောင်း လုံးဝမရှိချေ။ သူကဲ့သို့သော ဂုဏ်ကြီးရှင်တယောက်မှာ အချိန်အား၍ အနားယူရန် မဖြစ်နိုင်ချေ။ သူသည် ခုနစ်ဆောင်ပြိုင် အိမ်ကြီးနောက်ပိုင်း၌ မြေကွက်တကွက်ကို ထိုနေ့နံနက်၌ လေလံပစ်မည်ဖြစ်ရာ ထိုမြေကွက်ကို လေလံဆွဲရန် ပိုင်းဖြတ်ထားလေသည်။ ထိုမြေကွက်မှာ စင်စစ်အားဖြင့် ရှေးယခင်က မက်သယူးမောပိုင်သော မြေရာကွက်ဖြစ်လေရာ ခုနစ်ဆောင်ပြိုင် အိမ်ကြီးကို ဆောက်သည့်အချိန်က ထိုအကွက်မှာ အိမ်ကြီး၏ပရိဝုဏ်တွင် ပါရှိသော်လည်း နောက်ပင်းချွန်းအနွယ်အချို့လက်ထက်၌ သူတပါးလက်သို့ ရောက်ရလေသည်။ တရားသူကြီး ပင်းချွန်းသည် ထိုနေရာကွက်ကို ပြန်၍ဝယ်ကာ ဘိုးစဉ်ဘောင်ဆက် ပစ္စည်းများထဲတွင် အပါအဝင် ဖြစ်အောင် ဆောင်ရွက်ခဲ့မည်ဟု အိမ်မှမထွက်ခင် ကတည်းက စိတ်ပိုင်းဖြတ်ထားခဲ့လေသည်။

သို့ရာတွင် ယခု၌ကား လေလံပစ်ချိန် လွန်ခဲ့လေပြီ...။ တရားသူကြီးလည်း ထိုင်နေရာမှ မထသေးချေ။ ထိုကိစ္စမှာ စင်စစ်အားဖြင့် ကြီးမားသောကိစ္စ မဟုတ်သေးချေ။ တရားသူကြီး၌ ထိုထက်ကြီးမားသောကိစ္စများ ရှိပေသေး၏။ သူသည် နိုင်ငံရေး အစည်းအဝေးပွဲ တခုသို့ တက်ရောက်ကာ သူ့မိတ်ဆွေများက တိုက်တွန်းချက်အရ မက်ဆာချူးဆက်ပြည်နယ် ဘုရင်ခံအဖြစ် အရွေးခံရန် စီစဉ်ရပေဦးမည်။ ထိုအစည်းအဝေးပွဲသို့ သူမတက်လျှင် မဖြစ်နိုင်ချေ။ စင်စစ် သူကောင်းစားရေးအတွက် ပြည်နယ်ဘုရင်ခံ လုပ်ချင်သည်မဟုတ်။ ပြည်နယ် ကောင်းစားရေး အတွက် ဘုရင်ခံလုပ်ရန် တိုက်တွန်းသောကြောင့်သာ တာဝန်သိတတ်သော မျိုးချစ်ပုဂ္ဂိုလ်ကြီးတဦး အဖြစ်ဖြင့် ထိုရာထူးကို

လက်ခံရမည်ဖြစ်သည်။ ယင်းသို့ပင် သူသည် နိုင်ငံရေးသမားပီပီ တွေ့ရာကြုံရာလူများကို ပြောခဲ့လေသည်။ ထိုအရေးကြီးသော အစည်းအဝေးသို့ တက်ရောက်ရန် အချိန်မှာလည်း လွန်ခဲ့လေရာ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၏ ခန်းမထဲ၌ ဘိုးစဉ်ဘောင်ဆက် ထိုင်လာခဲ့ကြသော ကုလားထိုင်ကြီး၌ ထိုင်ရင်း အိပ်ပျော်နေသည်မှာ မယုံကြည်နိုင်စရာပင် ဖြစ်တော့သည်။ နောက်ဆုံး၌ တဖြည်းဖြည်း နေကုန်သွားသော်လည်း တရားသူကြီး ပင်းချွန်းမှာ ကုလားထိုင်မှ မထဘဲ နေလေတော့သည်။ နောက်နေ့ နံနက်တိုင်အောင် တရားသူကြီးမှာ ကုလားထိုင်မှ မထတော့ချေ။

အိမ်ရှေ့ညှော်ခန်းမှ ညှော်လာခေါင်းလောင်းသည် ညံညံစီစီ မြည်လျက်ရှိလေသည်။ ဈေးဝယ်လာသူ တို့မှာ အကြောင်းမဲ့ ဆိုင်ပိတ်ထားသည်ကို တွေ့သဖြင့် ဒေါသဖြစ်ကာ ညှော်လာခေါင်းလောင်းကို ကြမ်းကြမ်းတမ်းတမ်း တီး၍ နှိပ်နေကြဟန်ရှိလေသည်။ ယင်းသို့ အသံများ ဆူညံနေသော်လည်း တရားသူကြီးပင်းချွန်းမှာ ဘိုးစဉ်ဘောင်ဆက်က ထိုင်လာခဲ့ကြသော ကုလားထိုင်ကြီးမှ ထဖို့ ဝေးလေစွ၊ တုတ်တုတ်မျှပင် မလှုပ်ချေ။

[၁၉] အယ်လစ်၏ ပန်းစည်းများ

မနက်စောစောတွင် ဘကြီးဗင်းနားသည် သူ့နေ့စဉ်လုပ်ငန်းအတိုင်း၊ လက်တွန်းလှည်းကလေးကို တွန်း၍ ပင်းချွန်းလမ်းတလျှောက်တွင် လျှောက်လာလေသည်။ ခုနစ်ဆောင်ပြိုင်အိမ်ကြီးသို့ ရောက်သောအခါ ဝင်းထဲသို့ ဝင်၍ နောက်ဖေး၌ နေ့စဉ် စွန့်ပစ်ထားသော ထမင်းဟင်း အကြွင်းအကျန်တို့ကို ဝက်ကျွေးရန် သိမ်းယူလေ့ရှိရာ ထိုနေ့၌လည်း ခါတိုင်းကဲ့သို့ အိမ်နောက်ဖေး ဘက်သို့ တွန်းလှည်းကလေးကို တွန်း၍ သွားလေသည်။ သူသွားသောအချိန်သည်ကား နေထွက်ခါစ ဖြစ်၍ ယခင်ကဆိုလျှင် ဟက်ဇီဘာသည် ညစာ စားသောက်ပြီးနောက် ဟင်းကြွင်း ဟင်းကျန်တို့ကို ပစ်ထားလေ့ရှိသဖြင့် ဘကြီးဗင်းနားအဖို့မှာ ယင်းတို့ကို တွန်းလှည်းကလေးထဲသို့ ကျုံးထည့်၍ ယူသွားရန်သာဖြစ်ပေသည်။ သို့ရာတွင် ယနေ့၌ကား မီးဖိုချောင်ဘေး၌ စားကြွင်းစားကျန်များ မရှိသဖြင့် အဘိုးကြီးမှာ အံ့ဩ၍နေလေသည်။

"မဟုတ်သေးပါဘူး... ညက သူတို့ညစာမစားဘဲ နေလို့လား၊ ညစာစားရင်လည်း စားကြွင်းစားကျန် တွေကို ပစ်ဖို့ မေ့များနေရော့လား ဟက်ဇီဘာက မေ့တတ်တာ မဟုတ်ပါဘူးလေ ... ဘာများ ဖြစ်ကြပါလိမ့်" ဟု အဘိုးကြီးက တကိုယ်တည်း ညည်းတွားရင်း တံခါးခေါက်၍ အကြောင်းအကျိုး ကို ဟက်ဇီဘာအား မေးမည်ဟု ကြံမိလေသည်။ ထို့နောက်မှ "ဟယ် ... မမေးသေးပါဘူး၊ မေးရင်လည်း ဒီသူငယ်မကြီးက မျက်နှာရှစ်ခေါက်ချိုးကြီးနှင့် မနက်အစောကြီး ကျက်သရေ မရှိပါဘူးလေ၊ နေ့လယ်ကျမှ ငါပြန်လာပါဦးမယ်" ဟုဆိုကာ တွန်းလှည်းကလေးကို တွန်း၍ နောက်ဖေးဝင်းတံခါးမှ ထွက်သွားမည်အပြုတွင် "ဘကြီး ဗင်းနား.." ဟု ပန်းချီဆရာလေးက သူ့အဆောင် ပြတင်းပေါက်မှနေ၍ နှုတ်ဆက်လိုက်လေသည်။ "ဟိုဘက်အဆောင်က ဘာသံမှ မကြားပါကလားဗျ" ဟုဆိုလိုက်လေရာ ဘကြီးဗင်းနားက "ဟုတ်တယ် ... ဖြစ်နေကြတယ်လည်း မသိပါဘူး၊ နေထွက်တာဖြင့် နာရီဝက်ကျော်ပြီ။ သူတို့မောင်နှမလည်း အိပ်ရာကပဲ မထသေးလို့လား မသိဘူး။ ဘာများ ဖြစ်နေကြပါလိမ့်။ အိမ်ရှေ့ဘက်မှာ အယ်လစ်ပန်းနွယ်တွေကလည်း ပွင့်လိုက်တာ ဝေဝေဆာနေတာပဲ၊ ကျက်သရေတမျိုး တိုးနေတာပေါ့။ ကျုပ်သာ မောင်ရင်တို့လို လူငယ်ဆိုရင် ရည်းစားပေးဖို့ ခူးပြီး သိမ်းထားမှာပဲ၊ ဩော် ... ဒါနဲ့ ညက လေထန်လိုက်တာ ကျုပ်ဖြင့် အိပ်လို့မရဘူး မောင်ရင်ကော အိပ်ရရဲ့လား" ဟု မေးလေသည်။

"ဩော် ... ဘကြီးပြောမှ သတိရတော့တယ်၊ ဟက်ဇီဘာတို့ အိပ်ရာထ

နောက်ကျမှာပေါ့၊ ညက တညလုံး သူတို့ဘက်က တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ ဆူညံနေကြတာပဲ၊ ကျွန်တော်တော့ သေသွားတဲ့ ပင်းချွန်းအနွယ်တွေ တစ္ဆေဖြစ်၍ ... သောင်းကျန်းနေကြတယ်လို့ အောက်မေ့တာပဲ”

“ဩော် ... ဟုတ်လား၊ မနေ့ကနေ့လယ်ကလည်း တရားသူကြီး ပင်းချွန်း ဒီအိမ်ကြီးထဲ ဝင်သွားတာ မြင်လိုက်ရတယ်၊ ကျုပ်က ဝက်စာကျွေးဖို့ စားကြွင်းသောက်ကြွင်းတွေ လိုက်စုနေတုန်း တရားသူကြီး ဒီအိမ် ထဲဝင်သွားတာ မြင်လိုက်တာပဲ။ ကဲ ... ကဲ ... သွားဦးမယ်။ ဒါနဲ့အိမ်ရှေ့က ပန်းတွေခူးပြီး ဖီဘီပြန်လာရင် လက်ဆောင်ပေးဖို့ မမေ့နဲ့နော်” ဟု အဘိုးကြီးက ပြောပြီးထွက်သွားလေသည်။

နာရီဝက်ခန့်ကြာသောအခါ ထူးထူးခြားခြား တိတ်ဆိတ်လျက်ရှိသည့် ခုနစ်ဆောင်ပြိုင်အိမ်ကြီးသို့ သတင်းစာပို့သမားကလေးတယောက် သတင်းစာတစောင် လာ၍ ပစ်ပေးသည်မှအပ မည်သူမျှ မလာသေးချေ။ သို့ရာတွင် မကြာမီပင် ခပ်ဝဝ မိန်းမတယောက် မောကြီးပန်းကြီးနှင့် ဟက်ဇီဘာ၏ ဆိုင်ရှေ့သို့ရောက်လာကာ ဒေါ့လာခေါင်းလောင်းကို ကမန်းကတန်း တီးလေသည်။ သို့ရာတွင် အခန်းထဲမှ တုတ်တုတ်မျှ မလှုပ်သဖြင့် တံခါးကို ကြည့်လိုက်ရာ တံခါးမှ သော့ပိတ်ထားကြောင်း တွေ့ရသဖြင့် မိန်းမကြီးမှာ မောပန်းသည့်အတွက် နဂိုကထက် ပို၍ ဒေါသထွက်လာလေသည်။ “ဘယ့်နှယ်တော် ဆိုင်ဖွင့်ထားပြီး နေမြင့်အောင် အိပ်ရတယ်လို့၊ ဒီပင်းချွန်းဆိုတဲ့ မိန်းမကြီးက သူ့ကိုယ်သူ သူကောင်းမျိုးရယ်လို့ လူကုံထံတွေလို အအိပ်ကြီးရတာ ဘာမို့လဲ၊ အခု လူကုံထံ မဟုတ်တော့ဘူး။ ဈေးသည်ဖြစ်နေပြီဆိုတာ မသိဘူးလား။ ငါတော့ သူ မနိုးနိုးအောင် တံခါးကျိုးရင် ကျိုးပါစေ ထုမှာပဲ” ဟု သူ့ကိုယ်သူ ပြောရင်း တံခါးကို နာနာထုလေရာ အိမ်ရှေ့အိမ်မှ မိန်းမကြီးက ပြတင်းပေါက်ဖွင့်၍ “မစ္စစ်ဂပ်ဗင် ... ရှင်တံခါးထုနေပေမဲ့ အလကားပဲ၊ အိမ်ထဲမှာ မရှိဘူးရှင့်” ဟု လှမ်း၍ပြောလိုက်လေသည်။

“ဘယ့်နှယ် လူမရှိလို့ ဖြစ်မလဲရှင်၊ တယောက်ယောက်တော့ ရှိမှာပေါ့။ ကျွန်မ ဝက်ပေါင်ခြောက် ပေါင်ဝက် ခပ်မြန်မြန်လိုချင်တယ်။ မစ္စတာဂပ်ဗင် မနက်စာ ဘာမှမရှိလို့ ဒီပင်းချွန်းဆိုတဲ့မိန်းမကြီးက ဒီလိုသာ အိပ်နေရင် ဘယ်ဖြစ်ပါ့မလဲ”

“ဒီမှာ နားထောင်စမ်းပါဦးရှင်။ အဲဒီမိန်းမကြီးနဲ့ သူ့မောင်တို့ဟာ သူ့အစ်ကို တရားသူကြီး ပင်းချွန်း အိမ်ကို သွားကြတယ်။ အိမ်မှာ ဘယ်သူမှ မရှိဘူး။ ဟိုဘက်မြောက်ဆောင်က ပန်းချီဆရာကလေး တယောက်ပဲရှိတယ်။ သူတို့မောင်နှမနှစ်ယောက် ထွက်သွားတာ ကျွန်မမြင်လိုက်ရပါတယ်”

“သူတို့သွားတာ တရားသူကြီးအိမ်ရယ်လို့ ရှင်ဘယ့်နှယ် သိသလဲ၊ တရားသူကြီးနဲ့ သူတို့ တည့်မှ မတည့်ဘဲနဲ့ဟာ...”

"အို ... ကျွန်မသိလို့ ပြောတာပေါ့ရှင်၊ မတည့်ဘူးဆိုပေမယ်လို့ သွေးသားချင်းဆိုတော့ ခဏပဲ မတည့်ကြတာပေါ့။ သူတို့ထွက်သွားတာ ကျွန်မ မြင်လိုက်ရပါတယ်" ဟု မျက်နှာချင်းဆိုင်အိမ်မှ အဒေါ်ကြီးက ပြောလိုက်သဖြင့် ဈေးဝယ်လာသော အဒေါ်ကြီးမှာ မကျေမနပ်နှင့် ထွက်သွားရလေ တော့သည်။

ထိုမိန်းမကြီး ထွက်သွားပြီးနောက် မကြာမီလျှင် ဟက်ဇီဘာ၏ဆိုင်တွင် ပထမဦးစွာ ဈေးဦးဖောက်ခဲ့ သော နက်ဟောဂင် သူငယ်ကလေးသည် ဆိုင်တံခါးကို လာ၍ခေါက်လေသည်။

"မစ္စပင်းချွန်း ကျွန်တော် ဆင်တကောင် လိုချင်တယ်ဗျ" ဟု သူငယ်ကလေးက ဟစ်အော်၍ ပြောလိုက်သော်လည်း ဆိုင်ခန်းကြီးမှာ ပိတ်လျက် အိမ်တွင်းမှ အသံဟူ၍လည်း ဘာမျှ မကြားရ သဖြင့် သူငယ်ကလေးသည် ဒေါသဖြစ်ကာ ဆိုင်ရှေ့ရှိ ခဲတလုံးနှင့် ဆိုင်တံခါး၏မှန်ကို ပစ်ခွဲလိုက်လေ သည်။

"ဟဲ့ကောင်လေး၊ ဘာဖြစ်လို့ ခဲနဲ့ပေါက်ရတာလဲကွဲ့"

"ဟာဗျာ ... သူတို့က ဆိုင်တံခါးလည်း ဖွင့်မပေးဘူး၊ ကျွန်တော် ဆင်တကောင် လိုချင်တယ်ဗျ"

"ဟယ် ... ဒီကောင်လေး ... ဒီဆိုင်မဖွင့်ရင် တခြားဆိုင် သွားဝယ်ရောပေါ့၊ ဘာဖြစ်လို့ သူ့အိမ်ကို ခဲနဲ့ ပေါက်ရတာလဲ" ဟု လူတယောက်က ဆိုလိုက်သဖြင့် နက်ဟောဂင်မှာ လွယ်အိတ်ကလေး တန်းလန်းတန်းလန်းနှင့် ပင်းချွန်းလမ်းမဘက်သို့ ထွက်ပြေးလေသည်။

နက်ဟောဂင်ကို မောင်းထုတ်လိုက်သောသူက သူ့အဖော်အား "ဟော့ ... ဒီကနေ့ ဘာဖြစ်တယ်မသိဘူး။ ဒီအိမ်ကြီးဟာ ငြိမ်ချက်သား ကောင်းလှတယ်။ လမ်းမှာ တရားသူကြီးပင်းချွန်းအိမ်က လူတယောက် နဲ့ တွေ့လို့ မနေ့တည်းက တရားသူကြီး အိမ်ပြန်မလာဘူးလို့ ငါ့ကို ပြောလိုက်တယ်ကွ။ တရားသူကြီးဟာ ဘယ်တော့မှ ညဥ့်အိပ်ညဥ့်နေ လျှောက်သွားတယ်လို့ မရှိဖူးဘူးဆိုပဲ" ဟုဆို၍ နှစ်ယောက်သား ဆက်လျှောက်သွားကြလေသည်။

မျိုးမကြာမီပင်လျှင် အမဲသားသည်သည် သူ့လှည်းကလေးကို တွန်း၍ ခုနစ်ဆောင်ပြိုင် အိမ်ကြီး ရှေ့သို့ ရောက်လာလေသည်။ "ဒီကနေ့တော့ ... ဒီအိမ်က အဒေါ်ကြီး ငါ့ဆီက သိုးသားယူမှာပဲ။ သိုးသားကလေးက အတော်ကောင်းတာကလား" ဟု သူ့ကိုယ်သူပြောရင်း တံခါးခေါက်လေရာ အိမ်တွင်းမှ ဘာသံမျှ မကြားရသဖြင့် ငေးကြောင်နေရာမှ သူငယ်ကလေး ခဲနှင့် ပေါက်သွားသဖြင့် ကွဲနေသော မှန်ပေါက်မှနေ၍ အတွင်းသို့ လှမ်းကြည့်လိုက်ရာ ဧည့်ခန်းထဲ၌ လူတယောက် ကုလားထိုင်ပေါ်တွင် အိပ်နေသည်ကို ခပ်မှောင်မှောင်

ခပ်မည်းမည်းတွင် တွေ့ရလေသည်။

"အဒေါ်ကြီး အိပ်ရာက မနိုးတောင် သူ့မောင်ဆိုတဲ့ကောင်ကြီးက ငါတံခါးခေါက်တာ ဂရုမစိုက်ဘူး။ အင်မတန် ရိုင်းတဲ့ကောင်ကြီးပဲ။ ငါ နောက်ဒီအိမ်ကိုလာပြီး မရောင်းတော့ဘူး" ဟု စိတ်ဆိုးဆိုးနှင့် တဖျစ်တောက်တောက်ပြောကာ လှည့်ထွက်သွားလေသည်။ နောက်မကြာမီပင် အီတာလျံ သူတောင်းစားကလေးသည် သူ့မျောက်ကလေးနှင့် တယောကလေးပါ ခုနစ်ဆောင်ပြိုင် အိမ်ကြီး ရှေ့သို့ ရောက်လာလေသည်။ သူရောက်လာသည်နှင့် တပြိုင်နက် အနီးအနားရှိ ကလေးများသည် သူ့ထံသို့ စုပြုံလာကြလေသည်။ ကလေးများထဲမှ တယောက်ယောက်သောကလေးက "ဟေ့ ... ဒီနေ့ ဒီအိမ်ကြီး တံခါးလည်း မဖွင့်သေးပါလား၊ ငြိမ်လှချည်လားဟေ့" ဟုပြောလိုက်ရာ နောက် တယောက်က "ဟာကွာ .... အိမ်ထဲမှာတော့ ရှိမှာပေါ့။ ငါ အခုပဲ ခြေသံကြားလိုက်ရသေးတယ်" ဟု ပြောလိုက်လေသည်။ အီတာလျံကလေးမှာလည်း ယခင်က ပြတင်းပေါက်ကြီးမှ ဖီဘီပစ်ချလိုက် သော အကြွေ မြောက်မြားစွာကို ရဖူးသဖြင့် ယခုလည်း ပြတင်းပေါက်ကြီးကို လှမ်း၍ လှမ်း၍ ကြည့်ရင်း... တယောကလေးထိုးကာ မျောက်ကလေးအား စည်းဝါးတကျ ကပြစေလေသည်။ ဝိုင်း၍ကြည့်နေသော ကလေးများထဲမှ ကလေးတယောက်က "ဗျို့ ဆရာကြီး ဒီအိမ်မှာ ကလေးမရှိ ဘူးဗျ၊ မိန်းမကြီး မောင်နှမနှစ်ယောက်သာ နေတယ်၊ ခင်ဗျားဒီမှာ တယောထိုးနေပေမဲ့ ပိုက်ဆံ တပြားမှ ရမှာ မဟုတ်ဘူး" ဟုပြောလိုက်ရာ တယောက်သောကလေးက "ဟေ့ကောင် မင်းဘာလုပ် ဒီလိုစကား ပြောရတာလဲကွ။ သူ့ဘာသာသူ ထိုးရင် ထိုးပါစေလား...။ ပိုက်ဆံ ပေးတာ မပေးတာ မင်းတာဝန် မဟုတ်ပါဘူး၊ သူ့ဘာသာသူ သိလိမ့်မပေါ့" ဟု ပြောလိုက်လေသည်။

အီတာလျံကလေးသည် အိမ်ကြီး၏ပြတင်းပေါက်မှ ရွှေမိုးငွေမိုး ရွာချဦးမည်လောဟု မျှော်တော်ဇောနှင့် ဒုတိယအကြိမ် တယောထိုးပြန်လေသည်။ မျောက်ကလေးမှာလည်း ကျလာသော ပိုက်ဆံများကို ကောက်ရန် အသင့်ရပ်၍ စောင့်နေလေသည်။ သို့ရာတွင် တံခါးလည်း ပွင့်မလာ၊ ရတနာမိုးလည်း မရွာသွန်း။ နောက်ဆုံး၌ သူတောင်းစားလေးလည်း စိတ်ပျက်ပျက်နှင့် မျောက်ကို ပခုံးပေါ်သို့တင်ကာ တယောလေးကို ပိုက်၍ ထွက်သွားလေသည်။ သူထွက်သွားပြီးနောက် အလုပ်သမား နှစ်ယောက် လမ်းလျှောက်လာရာ အိမ်ကြီးရှေ့၌ တရားသူကြီးပင်ချွန်း နာမည်ကတ်ပြားကလေး တခုကို တယောက်သောသူက တွေ့သဖြင့် သူ့မိတ်ဆွေအား "ဟေ့ ဒီမှာကြည့်စမ်း ... တရားသူကြီးပင်ချွန်းရဲ့ နာမည်ကတ်ပြားလေးကွ၊ အခု တရားသူကြီး ပျောက်နေတယ်ဆိုတာနဲ့ ဒီနာမည်ကတ်ပြားလေးဟာ ဘယ်လိုဆက်သွယ်တယ်ဆိုတာကို တို့လို ဆင်းရဲသားတွေ သိနိုင်တဲ့ဉာဏ် မရှိဘူးကွ၊ မြို့တော်ဝန်ဆီ ယူသွားကြရအောင်ကွာ" ဟု ဆိုလေသည်။

နောက်တယောက်က "အေးအေး၊ ဒီကိစ္စကို တို့သွားတိုင်မှ ဖြစ်မယ်။ ဒီအိမ်မှာနေတဲ့ မိန်းမကြီးက မျက်နှာထား ခပ်ဆိုးဆိုးမို့ သူ့ကို ငါ သိပ်မသင်္ကာဘူးကွ" ဟုဆိုပြီးလျှင် နှစ်ယောက်သား ထွက်သွားကြလေသည်။

သူတို့ထွက်သွားကြပြီးနောက် နာရီဝက်ခန့်ကြာသောအခါ ခုနစ်ဆောင်ပြိုင်အိမ်ကြီးရှေ့၌ ရထား တစင်းဆိုက်ပြီး ရထားသမားက သေတ္တာတလုံးကို ရထားခေါင်မိုးပေါ်မှ သယ်ယူ၍ မြေကြီးပေါ်သို့ ချလာလေသည်။ ရထားထဲမှ ကောက်ရိုးဦးထုပ်ကလေးနှင့် ချောမောလှပသည့် မိန်းမပျိုလေး တယောက် ထွက်လာလေသည်။ ယင်းသည်ကား ဖီဘီပင်ဖြစ်လေသည်။ ဖီဘီလည်း အိမ်ရှေ့တံခါးကို သွား၍ခေါက်ရာ အိမ်ထဲမှ ဘာသံမျှ မကြားရသဖြင့် ဆိုင်တံခါး ခေါင်းလောင်းကို သွား၍ တီးပြန်လေသည်။ ထိုအခိုက် နက်ဟောဂင် ရောက်လာပြီးလျှင် "မမ မမ။ ဒီအိမ်ကြီးနားကို မကပ်နဲ့ အထဲမှာ ဘာဖြစ်မှန်း မသိဘူး၊ တခုခု ဖြစ်နေတယ်" ဟု သတိပေးလေသည်။

ဖီဘီက သူငယ်လေးအား အဘယ်အကြောင်းကြောင့် ဤသို့ဆိုရသနည်းဟု မေးသောအခါ သူငယ်လေးမှာ ရေရေလည်လည် မပြောတတ်ဘဲ ဆိုင်ရှေ့တံခါး တနေ့လုံး ပိတ်ထားကြောင်းကိုသာ ပြောလေသည်။ ဖီဘီလည်း နောက်ဖေးဥယျာဉ်ဘက်ဆီသို့ လှည့်၍ လျှောက်သွားပြီးလျှင် ကလစ်ဖို့ အခန်းနှင့် ဆက်လျက်ရှိသော အခန်းတံခါးကို ဆက်၍ ခေါက်ပြန်လေသည်။ သူ့အထင်မှာ ကလစ်ဖို့သည် ထိုင်မြဲနေရာတွင် ထိုင်၍ သူတံခါးခေါက်သံကို ကြားလိမ့်မည်ဖြစ်ကြောင်း။ သို့ရာတွင် သူ့အထင်အတိုင်း မဖြစ်ဘဲ တံခါးခေါက်၍ မရသဖြင့် အကြံရခက်ကာ ငေးကြောင်ကြောင် ကြည့်နေခိုက် တံခါးမှာ တယောက်ဝင်သာရုံကလေး ပွင့်လာသဖြင့် ဖီဘီလည်း ကိုယ်ကို စောင်း၍ ဝင်သွားလေရာ အခန်းထဲသို့ ရောက်လျှင်ရောက်ချင်း တံခါးမှာ ပြန်ပိတ်သွားလေတော့သည်။

[၂၀] အချစ်ပန်း

ဖီဘီသည် အလင်းမှ အမှောင်ထဲသို့ ရုတ်တရက် ရောက်သွားသဖြင့် အခန်းထဲတွင် ဘာမျှ မမြင်ရဘဲ မှောင်ထဲ၌ရပ်၍ နေရလေသည်။ သူ့အား မည်သူက တံခါးဖွင့်ပေးကြောင်းကိုလည်း မသိရ။ တဖြည်းဖြည်းမှ မျက်စိကြည်လင်လာပြီး ခပ်ဝေးဝေး ပြတင်းပေါက်မှ ဝင်လာသော နေရောင်ကြောင့် အခန်းထဲ၌ မည်သူရှိသည်ကို မြင်နိုင်လေတော့သည်။ အခန်းထဲ၌ သူ့အနီးတွင် ရပ်၍နေသောသူကား သူမျှော်လင့်ခဲ့သည့် ဟက်ဇီဘာလည်း မဟုတ်၊ ကလစ်ဖို့လည်း မဟုတ်၊ အခြားတယောက် ဖြစ်လေရာ သေသေချာချာ ကြည့်ကာမှ ပန်းချီဆရာကလေး ဟောဂရေ့ ဖြစ်ကြောင်း သိရလေသည်။

ဟောဂရေ့မှာ ယခင်ကထက်ပို၍ မျက်နှာ ဖြူရော်ရော်ရှိကား စိတ်ရှုပ်နေသော ဟန်အမူအရာကို ကောင်းစွာ သိနိုင်လေသည်။ ယခင်က ဟောဂရေ့မှာ အမြဲတမ်းပင် ပြုံး၍နေတတ်သောသူ ဖြစ်သော်လည်း ယခုမူ သူ့အပြုံးကား ... ပျောက်ကွယ်လျက် ရှိလေပြီ။

"ဖီဘီရယ် ... မင်းလာတာဟာ ငါဝမ်းသာပေမဲ့ အခုအချိန်အခါကြီးမှာ ဝမ်းမသာရတော့မလို ဖြစ်နေတာပဲကွယ်"

"အို ... ဘာဖြစ်လို့လဲ၊ အိမ်ကြီးကလည်း လူတယောက်မှ မရှိသလိုပဲ၊ ဟက်ဇီဘာနဲ့ ကလစ်ဖို့တို့ ဘယ်သွားကြသလဲ"

"သွားကြပြီကွ၊ ဘယ်သွားမှန်းတော့ မသိကြဘူး၊ အခုဆိုရင် မင်းနဲ့ငါနဲ့ ဒီအိမ်ကြီးထဲမှာရှိတယ်"

"အို .. သူတို့ ဘယ်သွားကြသလဲ၊ မဖြစ်နိုင်ပါဘူး ရှင် ဘာလို့ ကျွန်မကို ဧည့်ခန်းကို ခေါ်မသွားဘဲ ဒီအခန်းဘက်ကို ခေါ်လာရသလဲ၊ ဘာများ ဖြစ်နေကြတာလဲ၊ ကျွန်မ ဧည့်ခန်းထဲကို ပြေးကြည့်လိုက်ဦးမယ်"

"ဟဲ့.... ဟဲ့.... ဧည့်ခန်းထဲကို မသွားနဲ့ ကြောက်စရာကောင်းတဲ့ အဖြစ်တခု ဖြစ်နေတယ်၊ ဟက်ဇီဘာတို့မောင်နှမလည်း မရှိဘူး..။ ဒါနဲ့ ဖီဘီရယ်... မင်းစိတ်ခိုင်မယ်လို့.... ငါမျှော်လင့်ပါတယ် ကွယ်..."

"ဟင့်အင်း ... ကျွန်မ စိတ်မခိုင်ဘူး .... ဘာဖြစ်တယ်ဆိုတာ ပြောစမ်းပါ ခပ်မြန်မြန်.."

"မဟုတ်ပါဘူး မင်းစိတ်ခိုင်ပါတယ်၊ ငါ ... မင်းကို တိုင်ပင်မလို့ဘဲ၊ တို့ ဒီကိစ္စမှာ ခြေလှမ်း မမှားကြဖို့လိုတယ်"

"နေစမ်းပါဦး ဘာကိစ္စလဲ ပြောစမ်းပါ၊ မြန်မြန်ပြောစမ်းပါ" ဟု ဖီဘီက မေးသော်လည်း ပန်းချီဆရာကလေးမှာ ချက်ချင်းမပြောဘဲ ဆုတ်ဆိုင်း ဆုတ်ဆိုင်း နေပြီးနောက် သူနှင့် ဖီဘီ ပထမတွေ့စဉ်က ပြသောရုပ်ပုံကို ထုတ်၍ "ဖီဘီ၊ မင်းဒီရုပ်ပုံကို မှတ်မိသေးသလား" ဟု မေးလေသည်။

"အို ... ဒီရုပ်ပုံနဲ့ ဟက်ဇီဘာတို့ မောင်နှမနဲ့ ဘာဆိုင်လို့လဲ။ ဒီရုပ်ပုံက တရားသူကြီးပင်းချွန်း ရုပ်ပုံပဲဟာ ..."

"အဲဒီရုပ်ပုံနဲ့ ဒီရုပ်ပုံ ယှဉ်ကြည့်စမ်းပါ" ဟုဆိုကာ ဟောဂရေ့က ရုပ်ပုံတခုကို ထပ်၍ပြရင်း "ဒီရုပ်ပုံကို ဆွဲတာ အခုနကလေးမှပဲ ပြီးတယ်" ဟု ဆိုလိုက်လေသည်။

"ဟင် ... ဒါက သေနေတဲ့ ပုံကြီးပါလား။ တရားသူကြီးပင်းချွန်း သေပြီလား"ဟု ဖီဘီက အလန့်တကြား အော်မေးလိုက်လေရာ ဟောဂရေ့က "အဲဒီရုပ်ပုံထဲကအတိုင်းပါပဲကွယ်။ သူ ဟိုဘက်က ဧည့်ခန်းထဲမှာ အခုထက်ထိ ထိုင်ရက်ကြီး သေနေတယ်။ ကလစ်ဖို့နဲ့ ဟက်ဇီဘာတို့ လည်း ဘယ်ထွက်သွားကြသလဲ မသိဘူး။ မနေ့ညနေက ငါ အိမ်ပြန်လာတော့ ဟက်ဇီဘာရော ကလစ်ဖို့ရော မတွေ့ရဘူး..။ ဒီနေ့မနက်လည်း အိမ်ကြီးဟာ ပိတ်လို့...။ နောက် အတော်လေး ကြာတော့ တရားသူကြီး ပင်းချွန်း ပျောက်သွားတယ်လို့.. ကြားရတယ်။ အဲဒါနဲ့ ငါ မသင်္ကာလို့ ဒီဘက်အဆောင်က ဧည့်ခန်းကြီးကို လာကြည့်တော့ မင်းရုပ်ပုံထဲမှာ မြင်ရတဲ့အတိုင်း ငါတွေ့ရတယ်။ ဒါပဲ ငါသိတယ်...။ တရားသူကြီးပင်းချွန်း သေတာကို ပုံတူဆွဲထားတာဟာ တနေ့နေ့တော့ အသုံးဝင်လိမ့်မယ်လို့ ငါထင်တယ်" ဟု ပြောပြလေသည်။

"ဒီလို သေနေတာတွေ့တော့ ရှင် ဘာဖြစ်လို့ တံခါးတွေဖွင့်ပြီး လူတွေကို သက်သေရအောင် ခေါ်မပြတာလဲ"

"ဒါကတော့ ဒီလိုလုပ်လိုက်ရင် ဟက်ဇီဘာနဲ့ ကလစ်ဖို့အပေါ်မှာ အမှုပတ်နေမှာ စိုးရတယ်။ တကယ်လို့ ဟက်ဇီဘာတို့က တရားသူကြီး သေတာကို တွေ့ရတုန်းက ထွက်မပြေးဘဲ တံခါးတွေ ဖွင့်ပြီး အော်လိုက် ဟစ်လိုက်မယ်ဆိုရင် သူတို့အပေါ်မှာ အပြစ်မရှိနိုင်ဘူး။ အခုတော့ သူတို့က ထွက်ပြေးတော့ မသင်္ကာစရာကြီး ဖြစ်နေတာပေါ့"

"အခု ဘယ်လိုလုပ်ကြမှာလဲ"

"ဒါကတော့ တဖြည်းဖြည်း အရေလည်လာလိမ့်မပေါ့။ ဒီတရားသူကြီး

ပင်းချွန်းအကြောင်းကို ငါသေသေချာချာ စုံစမ်းလို့ ကောင်းကောင်းကြီး သိရပါတယ်။ သူသေတာ ဟိုအရင်နှစ် အကြာကြီးတုန်းက မင်းတို့ရဲ့အဘိုး ကာနယ်ကြီး သေတာနဲ့ တထေရာတည်းပဲ။ မက်သယူးမောက ကျိန်ဆဲတဲ့အတိုင်း ထိုင်ရက်ကြီး သေတာပါပဲ။ ပင်းချွန်းအနွယ်တွေဟာ ဒီလိုအသေမျိုး သေကြတာ ရှိသားပဲ။ တရားသူကြီးသေတာနဲ့ သူ့ဦးလေး ဂျက်ဖရီပင်းချွန်းသေတာနဲ့လည်း သေပုံချင်းတူတယ်။ ဟိုတုန်းက သူ့ဦးလေးသေတာကို ကျိန်စာသင့်လို့ သေတာမျိုးမဟုတ်ဘဲ ကလစ်ဖို့လက်ချက်နဲ့ သေတာလိုလုပ်ပြီး ကလစ်ဖို့ကို ထောင်ချခဲ့ကြတယ်။ ဘယ်လို အမှုဆင်တယ်ဆိုတာ ငါစုံစမ်းလို့ သိရပါပြီ။

အဘိုးကြီးသေတာကတော့ ပင်းချွန်းအနွယ် သေတဲ့နည်းမျိုးအတိုင်းပဲ။ လည်ချောင်းဆို့ပြီး သွေးအန်သေတာပါပဲ။ ဒါပေမဲ့ ကလစ်ဖို့အပေါ်ကို အမှုပတ်အောင် ပြန်ပြီး ပြုပြင်ထားတယ်။ အခုတခါလည်း ကလစ်ဖို့က ပြေးပြန်ပြီ။ အဲဒါဟာ သူ့အဖို့ မကောင်းဘူး၊ သူ့ကို မသင်္ကာစရာ ဖြစ်တော့တာပေါ့”

“အို ... ရှင် ဒီလိုသိရင် ကျွန်မတို့ ဆိုင်ရာကို သွားပြီးပြောကြရအောင်၊ နို့မို့ရင် ကလစ်ဖို့ခမျာမှာ အပြစ်မရှိဘဲနဲ့ အပြစ်ဖြစ်ပါဦးမယ်...။ အခုချက်ချင်းပဲ တရားသူကြီး သေတဲ့အကြောင်းကို လူတွေသိအောင် တံခါးတွေဖွင့်ပြီး အိမ်နီးနားချင်းတွေကို လှမ်းအော် ပြောကြရအောင်”

“အေး .... အေး မင်းပြောသလိုလုပ်တာ ကောင်းပါတယ်” ဟု ဆိုလေသည်။

ဟောဂရေ့မှာ ထိတ်ထိတ်ပျာပျာ လုပ်တတ်သူ မဟုတ်သဖြင့် ဖီဘီက ထိုအကျင့်ကို နှစ်သက်လေ သည်။ သူတို့နှစ်ယောက်သည် ယခု ဖြစ်ပျက်နေသောကိစ္စ၌ တယောက်ကိုတယောက် တိုင်ပင်၍ လုပ်ကြရသောကြောင့် ပိုမို၍ ရင်းနှီးလာလေသည်။ သူတို့သည် တစ္ဆေခြောက်တတ်သော လမ်းတခု သို့ အတူလက်တွဲ၍သွားကြသည့် ကလေးနှစ်ယောက်နှင့် တူလေတော့သည်။

“ကဲလေ .... တံခါးဖွင့်ပြီး အိမ်နီးချင်းတွေကို အော်ပြောကြရအောင်ပါ။ ဒီလို ဆုတ်ဆိုင်းဆုတ်ဆိုင်း လုပ်တာ မကြိုက်ပါဘူး”

“ဖီဘီရယ်... တို့နှစ်ယောက် အခုလို အိမ်ကြီးတအိမ်လုံးမှာ ဘယ်သူမှ မရှိဘဲ တခါမှ မနေခဲ့ကြရတော့ မင်းမှာ ကြောက်တဲ့စိတ်ကော ရှိသလား။ ငါ့လို ပျော်တဲ့စိတ်ကလေးများ မရှိဘူးလားကွယ်”

“အို ... ခုနေအခါ ပျော်တဲ့စိတ်တွေဘာတွေ လုပ်နေရင် ဘယ်ဖြစ်မလဲ။ ဒုက္ခကြီးရောက်နေတဲ့ဟာပဲ”

“မင်းပြောတာလည်း မှန်ပါတယ်။ ဟိုဘက်ခန်းမှာ လူသေကြီးနဲ့

ဟက်ဇီဘာတို့မောင်နှမ အပြစ်ကြီး ရောက်နေတာကလည်း တမျိုး။ အဲဒီလိုအခါမျိုးမှာ လူငယ်တွေတောင်မှပဲ ပျိုတဲ့စိတ်မရှိဘဲ အိုသလို ဖြစ်သွားရတယ်။ ဒါပေမဲ့ မင်းရောက်လာတော့ ငါ့မှာဖြင့် မျှော်လင့်ချက်တမျိုး ရှိလာပြီး ကျေနပ်ပျော်ရွှင်တဲ့စိတ်ကလေး ဝင်လာတယ်။ အနိဋ္ဌာရုံ လောကကြီးဟာ ဣဋ္ဌာရုံလောကကြီး ဖြစ်လာတယ်။ အဲဒီတော့ ငါမင့်ကို မပြောရင် မဖြစ်တဲ့ စကားတခွန်း ပြောရဦးမယ်၊ အဲဒါကတော့ တခြားမဟုတ်ဘူး ငါမင့်ကိုချစ်တယ်ဆိုတဲ့ အကြောင်းပါပဲ”

“အို.... ကျွန်မလို တောသူမျိုးကို ရှင်တကယ် ချစ်နိုင်မှာ မဟုတ်ပါဘူး။ ရှင့်မှာရှိတဲ့ အချို့အတွေးအခေါ်ကိုလည်း ကျွန်မ ဘယ်လိုပဲလုပ်လုပ် နားလည်မှာ မဟုတ်ဘူး။ ကျွန်မမှာရှိတဲ့ အလေ့အကျင့်တွေကိုလည်း ရှင်သည်းခံနိုင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မက ရှင့်ကို ပျော်အောင် ထားနိုင်လိမ့်မယ် မဟုတ်ဘူးလို့ ဆိုချင်ပါတယ်”

“မဟုတ်ပါဘူးကွယ်၊ ငါ့မှာ ပျော်စရာ အကြောင်းအချက်ရယ်လို့ မင်းအပြင် ဘာမှ မရှိပါဘူး။ မင်းကိုသာ ငါယုံကြည်တယ် ယုံကြည်လို့လည်း အားကိုးတယ်”

“ဒါပေမဲ့လည်း ကျွန်မတော့ သိပ်ပြီး ဖြစ်နိုင်မယ် မထင်ပါဘူး။ ကျွန်မက အေးအေးဆေးဆေး နေချင်တာ။ ရှင်က အေးအေးဆေးဆေး နေချင်တာ မဟုတ်ဘူး။ နောက်ဆုံးတော့ ကျွန်မပဲ ဒုက္ခရောက်ပါလိမ့်မယ်”

“ဟာ ... ဖီဘီရာ ဒီလိုလည်း မဟုတ်ပါဘူးကွာ၊ ဘယ်အခါမဆို မှတ်ထား၊ သားနဲ့ မယားနဲ့ ကျေကျေနပ်နပ် ပျော်ပျော်ရွှင်ရွှင် နေတဲ့လူဟာ ခပ်အေးအေး နေတတ်တာချည်းပဲ။ သက်သောင့် သက်သာ မနေရတဲ့လူတွေသာ တောင်လုပ်မြောက်လုပ်နဲ့ အေးဆေးမနေတာပါ။ မင်းလို ဣန္ဒြေရရနဲ့ နေတဲ့အနေမျိုးကို လွန်ဆန်ပြီး ငါက ယောက်ယက်ခတ်ဖို့ အကြောင်း မရှိပါဘူး”

“အို .... ဒီလိုလည်း ဖြစ်နိုင်မယ် မဟုတ်သေးပါဘူး”

“မင်းငါ့ကိုချစ်ပါ၊ ချစ်တယ်ဆိုရင် ထွေထွေရာရာတွေ လျှောက်ပြီး ပြောနေစရာ မလိုပါဘူး ဒီစခန်းမှာပဲ ရပ်ကြရုံပေါ့ မင်းချစ်တယ် မဟုတ်လား”

“အို ... ဒါကတော့ ရှင်အသိသားပဲ” ဟု ဖီဘီက မျက်လွှာချ၍ ပြောလိုက်လေသည်။ သူတို့နှစ်ယောက် စကားပြောနေကြစဉ် လမ်းဘက်မှ တံခါးက အသံတခုကြားရသဖြင့် ဟောဂရေ့က “ဟော့.. ဘယ်သူလဲ မသိဘူး၊ ထွက်ကြည့်ရအောင် တရားသူကြီး ပင်းချွန်း သေတဲ့အမှုနဲ့ ပတ်သက်လို့ စစ်ဆေးဖို့ လာတာနဲ့တူတယ်” ဟုဆိုကာ နှစ်ယောက်သား အိမ်ရှေ့ခန်းသို့ထွက်၍ ကြည့်ကြရာ သူတို့မြင်ရသော လူများမှာ သူတို့အား အံ့အားသင့်စရာ ဖြစ်နေတော့သည်။

"အို... သူတို့ပါလား"ဟု ဖီဘီက အံ့အားသင့်စွာ ဆိုလိုက်လေသည်။ ဖီဘီအသံအဆုံးတွင် ဟက်ဇီဘာ၏အသံကို ကြားရလေသည်။ "အိမ်ပြန်ရောက်လာတာ သိပ်ဝမ်းသာတာပဲ မောင်လေးရယ်" ဟု ဟက်ဇီဘာက ဆိုလိုက်လေသည်။

"ဟုတ်ကဲ့ အစ်မကြီးရယ်၊ ကျွန်တော်လည်း အိမ်ပြန်ရောက်လာတာ ဝမ်းသာတာပါပဲ၊ အိမ်ဆိုတာ ဘယ်လောက်ပဲ မသာယာဦးတော့ ပြန်လာချင်တာပဲဗျ။ အခုမှ ကျွန်တော်သိပါတယ်၊ ကျွန်တော်တော့ ဥယျာဉ်ထဲက ပန်းရုံအောက်ကို သွားထိုင်လိုက်ဦးမယ်" ဟု ပြောကာ အိမ်ထဲသို့ ဝင်လာကြရာတွင် ဖီဘီတို့နှစ်ယောက်ကို မြင်သဖြင့် ကလစ်ဖို့ "ဩော် ... ငါတို့ဖီဘီကလေးနဲ့ ဟောဂရေ့ပါကလားကွ။ ငါ မင်းတို့နှစ်ယောက်ကို သွားသတိရတယ်ဟေ့။ အိမ်ရှေ့မှာ ပန်းတွေ ပွင့်နေလိုက်တာ ဝေလို့ပါကလား။ အဲဒီပန်းတွေဟာ တကယ်ဆိုတော့ အချစ်ပန်းတွေပဲကွဲ့" ဟု ဆိုလိုက်လေသည်။

[၂၁] အိမ်ကြီးနှုတ်ဆက်ပွဲ

တရားသူကြီးပင်းချွန်းမှာ ရပ်ရွာအပေါ် အတော်ကျော်ကြားသော ဂုဏ်ကြီးရှင်တဦးဖြစ်သဖြင့် သူကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိခါစက တမြို့လုံး လှုပ်လှုပ်ရှားရှားနှင့် ပြောကြဆိုကြလေ သည်။ သို့ရာတွင် သခါရသဘာဝအလျောက် ဂုဏ်ကြီးရှင်ပင်လျှင် မကြာမီ တဖြည်းဖြည်း မေ့လျော့ခြင်း ခံရလေတော့သည်။ ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါ တရားသူကြီးပင်းချွန်း အနိစ္စရောက်သည့် အကြောင်းကို မည်သူမျှ ဂရုတစိုက် ပြောဆိုခြင်း မရှိကြတော့ချေ။

တရားသူကြီးပင်းချွန်းမှာ ဂုဏ်ကြီးရှင်တယောက် ဖြစ်သည့်အလျောက် သေပြီးခါစက သူ့အကြောင်းကို ပြောကြဆိုကြသော်လည်း မကြာမီပင် လူထုက သူ့ကို မေ့လျော့ပစ်လိုက်ကြလေ သည်။ သူ့အကြောင်းနှင့်ပတ်သက်၍ သေခါမှ ကြားသိရသောအချက်တို့မှာ အံ့အားသင့်ဖွယ် ဖြစ်လေသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက တရားသူကြီး၏ ဦးလေး ဂျက်ဖရီပင်းချွန်း ကွယ်လွန်ခြင်းနှင့် ပတ်သက်၍ ကလစ်ဖို့မှာ လူသတ်မှုဖြစ်ကာ အနှစ်သုံးဆယ် ထောင်ဒဏ်ကျခံခဲ့ရ လေသည်။ ထိုအချက်နှင့် ပတ်သက်၍ နောက်ဆုံးသိရှိရသည့် အချက်အလက်တို့မှာ ကလစ်ဖို့မှာ အပြစ်ကင်းစင်ကြောင်း ထင်ရှားစွာ ဖော်ပြလျက်ရှိလေသည်။ ငယ်စဉ်က တရားသူကြီးဖြစ်မည့် ဂျက်ဖရီပင်းချွန်းမှာ လူငယ်ဘာဝ တေတေပေပေနှင့် နေခဲ့လေသည်။ သူနှင့်အတူ ဦးလေးကြီး ဂျက်ဖရီ၏တူဖြစ်သော ကလစ်ဖို့မှာ အနုပညာ၌ စိတ်ဝင်စားကာ အေးချမ်းစွာ နေလေ့ရှိသည်။ တနေ့၌ ဦးလေးကြီးဂျက်ဖရီမှာ ထိုင်ရင်းပင် ပါးစပ်မှ သွေးများ ယိုစီးကာ အသက်ပျောက်နေရာ တေတေပေပေနှင့် နေခဲ့သောတူဖြစ်သူ ဂျက်ဖရီက ဦးလေးကြီး၏အခန်းထဲသို့ ဝင်၍ရှာဖွေရာ ကလစ်ဖို့အား ပစ္စည်းရှိသမျှကို အမွေခံအဖြစ် ပေးခဲ့ကြောင်း သေတမ်းစာတခုနှင့် သူ့အား အမွေခံ အဖြစ် ကြေညာသော သေတမ်းစာတခု၊ ပေါင်းနှစ်ခုတို့ကို ဦးလေးကြီး၏ အံဆွဲထဲ၌ တွေ့လေရာ သူ့အဖို့ရေးထားသော သေတမ်းစာမှာ အလျင်ကျ၍ ကလစ်ဖို့အတွက် ရေးထားသော သေတမ်းစာမှာ နောက်ကျကြောင်း တွေ့ရလေသည်။ သူသည် ကလစ်ဖို့အတွက် သေတမ်းစာကို ယူ၍ ဖျက်ဆီး ပစ်လိုက်ပြီးနောက် သူ့အဖို့ သေတမ်းစာကို အံဆွဲထဲ၌ထားကာ သူ့ဦးလေးကြီးအား ကလစ်ဖို့က ဝင်၍ သတ်ပစ်လိုက်သည့် အနေအထားမျိုးဖြစ်အောင် ခြေရာလက်ရာများ ချထားပြီးလျှင် ကလစ်ဖို့ အပေါ်တွင် လုံးလုံး အပြစ်ရောက်အောင် လုပ်ခဲ့ခြင်းဖြစ်၏။ ကလစ်ဖို့မှာ လူသတ်မှုနှင့် ထောင်ဒဏ် အနှစ်သုံးဆယ် ကျခံလိုက်ရပေသည်။

ထိုသို့ တရားသူကြီးပင်းချွန်း၏ ငယ်ရွယ်စဉ် ဆိုးညစ်ယုတ်မာခဲ့ကြောင်းကို စာရွက်စာတမ်း သက်သေသာဓက အချို့ကို တွေ့ရသဖြင့် သိရှိရသော်လည်း ခရီးလွန်နေသဖြင့် မည်သို့မျှ မတတ်နိုင်ဘဲ သွားလေသူ တရားသူကြီး ပင်းချွန်းအကြောင်းကို သူတို့ ဆက်လက် အရေးယူ၍ မပြောကြတော့ချေ။

တရားသူကြီးပင်းချွန်းမှာ မသေခင်ကလေးက လောဘဇောတိုက်၍ ဦးလေးကြီး၏ ပစ္စည်းအချို့ ရှိသေးသည်ဟု အောက်မေ့ကာ ကလစ်ဖို့အား အတင်းအဓမ္မ မေးမြန်း စစ်ဆေးမည်အကြံတွင် လည်ချောင်းကျပ်၍ ပါးစပ်မှ သွေးစီးကာ သေဆုံးရှာလေသည်။ သူမသေခင်က သူ့ပစ္စည်း အားလုံးကို သူသေလျှင် သူ့သားကလေး ရလိမ့်မည်ဟု မျှော်လင့်ခဲ့ရသော်လည်း ရပ်ဝေးသို့ သွားနေသော သူ့သားမှာ သင်္ဘောပေါ်တွင် ဝမ်းရောဂါဖြစ်၍ သေဆုံးရှာကြောင်း သူ သိမသွားရရှာချေ။ သူ့သား သေဆုံးသဖြင့် သူ့ပစ္စည်းအားလုံးမှာ သူ့ဆွေမျိုးဖြစ်သည့် ကလစ်ဖို့၊ ဟက်ဇီဘာ၊ ဖီဘီတို့ ရကြလေ သည်။ ဖီဘီကို အကြောင်းပြု၍ ဟောဂရေ့လည်း အကျိုးခံစားရပေတော့သည်။

ကလစ်ဖို့မှာ နုပျိုငယ်ရွယ်စဉ်က ဦးလေး၏အမွေကို ရထိုက်ပါလျက်နှင့် မရဘဲ ထောင်ထဲ၌ အချိန်ကုန်ခဲ့ရပြီးလျှင် ယခု အသက်ကြီးခါမှ အမွေရသဖြင့် လူငယ်တို့ဘာဝ စည်းစိမ်ခံစားရန် အခွင့်မသာတော့ချေ။ သို့ရာတွင် သူသည် တရားသူကြီးပင်းချွန်း သေဆုံးကတည်းက စိတ် လွတ်လွတ်လပ်လပ်နှင့် ပျော်ပျော်ရွှင်ရွှင် ဖြစ်လာလေသည်။ ယခင်က တရားသူကြီးကို အမြဲတမ်း ကြောက်နေရသဖြင့် စိတ်လွတ်လပ် ပျော်ရွှင်ခွင့် အနည်းငယ်မျှ မရခဲ့ချေ။

သူတို့သည် တရားသူကြီးပင်းချွန်း၏ အမွေများကို ရရှိကတည်း ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို စွန့်ခွာ၍ တရားသူကြီး၏ တောင်ပိုင်းတွင် ဆောက်လုပ်ထားသော အိမ်ကြီးသို့ ပြောင်း၍နေရန် ဆုံးဖြတ်လိုက် ကြလေသည်။ သူတို့မပြောင်းခင်ကပင် ကြက်များကို အိမ်သစ်သို့ ပို့ထားရာ ကြက်မနှစ်ကောင်မှာ ယခင်ကနှင့်မတူဘဲ အပြိုင်အဆိုင် ဥ၍ချည်း နေကြလေသည်။ သူတို့ ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှ မထွက်ခွာမီ အိမ်ကြီးအား နှုတ်ဆက်သည့်အနေဖြင့် နှုတ်ဆက်ပွဲတခု ကျင်းပကြလေသည်။ ထိုနှုတ်ဆက်ပွဲ၌ အခြားသူများ မပါချေ။ သူတို့လေးယောက်အပြင် ဘကြီးဗင်းနားသာ ပါရှိလေသည်။

"တရားသူကြီးကလည်းဗျာ၊ အိမ်ဆောက်ထားတာဟာ ကျကျနနတော့ ရှိပါရဲ့၊ ဒါပေမဲ့ နှစ်ပေါင်း များများကြီး တည်နေအောင် အုတ်တွေ ကျောက်တွေနဲ့ ဆောက်ထားရောပေါ့၊ အဲဒီတော့မှ တဆက်ပြီးတဆက် ဆွေမျိုးအဆက်ဆက် နေနိုင်ကြမှာပေါ့။ သစ်သားနဲ့ ဆောက်တဲ့ အိမ်ဆိုတော့ ဘယ်ကြာရှည်ခံသင့်သလောက် ခံမလဲ" ဟု ဟောဂရေ့ ပြောသောအခါ ဖီဘီက သူ့မျက်နှာကို အံ့အားသင့်စွာကြည့်၍ "ဘယ့်နှယ်လဲ ...

ရှင့်အတွေးအခေါ်တွေကလည်း ကြမ်းလှချည်လား၊ ၂ ပတ် ၃ ပတ်လောက်တုန်းက ရှင်ပဲပြောတယ် မဟုတ်လား၊ အိမ်ဆိုတာ ခိုင်ခိုင်ခန့်ခန့်ကြီး ဆောက်ဖို့ မလိုဘူးလို့၊ အခုတော့ အုတ်တွေကျောက်တွေနဲ့ ဆောက်ရမယ်ဆို”

“အဲဒါပဲကြည့်ပေတော့၊ ဖီဘီရယ်... ငါ မပြောလား...၊ ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်နေရတဲ့လူဟာ ခဏခဏ ပြောင်းချင်တဲ့ မတည်ကြည်တဲ့စိတ်မျိုး မရှိတော့ဘူးဆိုတာ ဟိုရုပ်ပုံကြီးကိုပဲ ကြည့်ပေတော့။ အဲဒီရုပ်ပုံကြီးဟာ အပြောင်းအလဲကို နည်းနည်းမှ မကြိုက်တဲ့ လူကြီးရဲ့ ရုပ်ပုံပေါ့”ဟု ဟောဂရေ့က ပြုံး၍ဆိုလိုက်ရာ ကလစ်ဖို့က “ဒီရုပ်ပုံကြီးကိုမြင်တိုင်း ကျုပ်ဖြင့် စိတ်တမျိုး ဖြစ်သွားတယ်။ ငယ်ငယ်တုန်းက ဒီရုပ်ပုံကြီးနဲ့ ပတ်သက်လို့ ပြောသံကြားရတာ တခုရှိတယ်။ ဒါပေမဲ့ ဘာအကြောင်းရယ်လို့တော့ ကောင်းကောင်း မမှတ်မိတော့ဘူး။ ဒီရုပ်ပုံကြီးဟာ ပစ္စည်းဥစ္စာ ရတနာတွေ ရနိုင်တဲ့ အကြောင်းတခုရှိတယ်လို့ ပြောသံကြားဖူးတယ်။ ကျုပ်တော့ဖြင့် အခု ပြန်စဉ်းစားလို့ မရတော့ဘူး” ဟု ပြောလိုက်သောအခါ ဟောဂရေ့က “ကျွန်တော် သတိပေးနိုင်တာ တခုကတော့ အဲဒီဓာတ်ပုံကြီးမှာရှိတဲ့ ခလုတ်ကလေးကို နှိပ်လိုက်ရင် မမျှော်လင့်တဲ့ ပစ္စည်းဥစ္စာ ရတနာတွေ ပေါ်ထွက်လာစရာအကြောင်း ရှိတယ်ဆိုတဲ့ အကြောင်းတခုပါပဲ” ဟု ဆိုလေသည်။

“ဟာ ... ဟုတ်ပြီ၊ အခုမှပဲ ကျုပ် သတိရတော့တယ်ဗျာ။ ဒီဓာတ်ပုံကြီးမှာ ခလုတ်ပုန်းကလေး တခုရှိတယ်။ အဲဒီအကြောင်းကို ငယ်ငယ်တုန်းက ကြားဖူးပါတယ်” ဟု ကလစ်ဖို့က ဆိုလိုက်လျှင် ဟောဂရေ့က ဓာတ်ပုံကြီးနောက်ဘက်ရှိ ခလုတ်ကလေးကို နှိပ်လိုက်ရာ ခလုတ်ကလေးမှာ အသုံးမပြုသည်မှာ နှစ်လ မရေမတွက်နိုင်အောင် ကြာညောင်းလေရကား၊ သံချေးတက်နေသော ကြောင့် ဟောဂရေ့က အတော်ပင် နှိပ်လိုက်ရလေသည်။ ယင်းသို့နှိပ်လိုက်သည်နှင့် တပြိုင်နက် ဓာတ်ပုံကြီးမှာ ပြုတ်၍ကျလာလေသည်။ ဓာတ်ပုံနောက်၌ တိုင်အံဖုံးကလေးတခု ရှိကြောင်း တွေ့ရှိကြရလေသည်။ ထိုအံဖုံးကလေးကို ဖွင့်လိုက်သောအခါ အရှေ့ပိုင်းနယ်များကို ပင်းချွန်းတို့ ပိုင်ဆိုင်အပ်သည့်အကြောင်းနှင့် ပတ်သက်သော စာချုပ်ကို တွေ့ကြရလေသည်။

“ဒီစာချုပ်ကြောင့် ဟို... လွန်ခဲ့တဲ့ အနှစ်တရာလောက်က အယ်လစ်ဆိုတဲ့ မိန်းကလေးတယောက် ဟာ အသက်နဲ့ စည်းစိမ်ကို စွန့်ပစ်လိုက်ရရှာတယ်” ဟု ဟောဂရေ့က ရာဇဝင်ကြောင်းကို ညွှန်၍ ပြောပြလေသည်။ “ဒီစာချုပ်ကို ပင်းချွန်းအဆက်ဆက် ရှာလိုက်ကြတာဟာ မတွေ့ခဲ့ကြဘူး၊ အခု တွေ့ကြရတော့လည်း ဒီစာချုပ်ဟာ တန်ဖိုး မရှိတော့ဘူး”

“ဩော် .. ဒီစာချုပ်ကို တရားသူကြီးပင်းချွန်းက ကလစ်ဖို့ ငယ်ငယ်က ယုံတမ်းစကားမျိုး ပြောတာကို သူ့ဦးလေးပစ္စည်းတွေ ဘယ်နေရာမှာ

ရှိတယ်ဆိုတဲ့အကြောင်း ကလစ်ဖို့ သိတယ်ထင်ပြီး အကျပ် လာကိုင်တာကိုး” ဟု ဟက်ဇီဘာက ဆိုလေသည်။

ဖီဘီက ဟောဂရေ့အား “ရှင် ဒီအကြောင်းကို ဘယ့်နှယ်လုပ်ပြီး သိသလဲ” ဟုမေးလိုက်ရာ ဟောဂရေ့ က “ဖီဘီရေ အခုမှပဲ ငါဖွင့်ပြောတော့မယ်။ ငါ့နာမည် ဟောဂရဲ့ဆိုပေမဲ့ စင်စစ်တော့ ငါဟာ ... မောအနွယ်တယောက်ပါပဲ၊ ငါ့အဘိုးဟာ ကဝေအတတ် တတ်သလိုပဲ၊ ငါလည်း စိတ်ပညာအတတ်ကို တတ်တယ်။ ကြိုးပေးခံရတဲ့ မက်သယူးမောရဲ့သား လက်သမားကြီးဟာ ဒီစာချုပ်ကို ဒီအိမ်ကြီး ဆောက်တဲ့အခါမှာ ဒီလိုပဲ ဝှက်ခဲ့တယ်” ဟုပြောလိုက်ရာ ဘကြီးဗင်းနားကဝင်၍ “မင်းတို့ ပြောနေတဲ့ နယ်မြေတွေ ဘာတွေဆိုတာဟာ စင်စစ်တော့ ငါ့လယ်တဲကလေးလောက် တန်ဖိုး မရှိပါဘူးကွာ” ဟု ပြောချင်ရာ လျှောက်ပြောလိုက်လေသည်။

“ဘကြီး၊ လယ်တဲအကြောင်း ပြောမနေနဲ့တော့၊ ကျွန်မတို့အိမ်သစ်က ဥယျာဉ်မှာ တဲကလေး တဆောင် ဆောက်ထားတယ်၊ အဲဒီတဲကလေးဟာ ဘကြီးဖို့ပဲ” ဟု ဖီဘီက ပြောသောအခါ အဘိုးကြီးမှာ သဘောကျသဖြင့် “ဒါကတော့ကွာ မင်းတို့စီမံပေးသလို ငါနေမှာပေါ့” ဟု ဆိုလေသည်။

“ဘကြီး၊ ကျွန်တော်နဲ့ ခပ်နီးနီး နေရမယ်နော်၊ ကျွန်တော် တွေ့ရတဲ့ ပညာရှိတွေထဲမှာ ဘကြီးလို စိတ်ထားဖြူစင်တဲ့လူမျိုး တယောက်မှ မရှိသေးဘူး” ဟု ကလစ်ဖို့က ဝင်၍ပြောလေသည်။

“အေး.. အေး.. မင်းတို့ပြောတဲ့အတိုင်းပေါ့ကွာ။ ငါတော့ မင်းတို့ ဘာပဲပြောပြော၊ ငါ့လယ်တဲကလေး ကိုပဲ ပြန်ပြန် လွမ်းသေးတာပဲ”

ယင်းသို့ သူတို့အားလုံး ပျော်ပျော်ပါးပါး ပြောဆိုနေခိုက်တွင် လှပသော မြင်းရထားကြီးတစင်း အိမ်ရှေ့သို့ ဆိုက်လာလေသည်။ သူတို့သည် ရထားကြီးပေါ်သို့ တက်ကြရာတွင် အိမ်နီးနားချင်းတို့က လာ၍ နှုတ်ဆက်ကြလေသည်။ နှုတ်ဆက်ရန် ရောက်လာသူများအနက် ဟက်ဇီဘာ၏ ဖောက်သည် နက်ဂေဟင်ကလေးကို ဟက်ဇီဘာ မြင်သဖြင့် အရုပ်မုန့်များ ဝယ်စားနိုင်အောင် အကြွေလက်တဆုပ် မျှ သူငယ်လေး၏ လက်ထဲသို့ ထည့်လိုက်လေသည်။

ထိုအခိုက် အလုပ်သမားနှစ်ယောက် လမ်းလျှောက်လာကြရာ တယောက်က တယောက်အား “ဟေ့.. ဟိုမှာကြည့်စမ်း၊ ဟက်ဇီဘာဆိုတဲ့ မိန်းမကြီးဟာ ငါ့မိန်းမလိုပဲ ဆိုင်ရောင်းတာပဲကွ၊ ဒါပေမဲ့ တရားသူကြီး ပင်းချွန်းရဲ့အမွေရလို့ အခု သူဌေးကြီးဖြစ်နေပြီ။ ငါ့မိန်းမတော့ သုံးလအတွင်း ဆိုင်က ငါးဒေါ်လာရှုံးတယ်။ ကုသိုလ်ဆိုတာ ဒါပဲနဲ့ တူပါရဲ့ကွာ” ဟု ပြော၍ ထွက်သွားကြလေသည်။

မက်သယူးမောရေ၏ရေတွင်းထဲမှ တည်ငြိမ်နေသော ရေပေါ်တွင် ကုန်းပေါ်၌ သွားလာကြသူတို့၏ အရိပ်လာ၍ ထင်မြဲဖြစ်လေရာ ယခု၌မူ ဟက်ဇီဘာတို့မောင်နှမ အရိပ်သာမက ချစ်သွေးရောင် တက်လျက် ရှိသည့် ဖီဘီတို့ဇနီးမောင်နှံ၏ အရိပ်လည်း ထင်လာလေသည်။ ပင်းချွန်း သစ်ချပင်ကြီးမှ အကိုင်းအခက်တို့သည်လည်း တကျိုကျိုနှင့် လူနားမလည်နိုင်သော ဟောကိန်းများကို ထုတ်လျက် ရှိလေသည်။ ဘကြီးဗင်းနားသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှ မထွက်ခွာမီကလေးတွင် အိမ်ပေါ်မှ စောင်းတီးသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။ ယင်းသို့ ကြားရသောအခါ သူသည် အတိတ်ကာလက ဒုက္ခရောက်ခဲ့ရရှာသည့် အယ်လစ်ပင်းချွန်းခများမှာ ပင်းချွန်းအနွယ်တို့ ဒုက္ခရောက်တိုင်း စောင်းတီး၍ အထိမ်းအမှတ် ပြုခဲ့သော်လည်း ယနေ့အဖို့ကား ပင်းချွန်းအနွယ်တို့ သုခစခန်းသို့ မြန်းကြသည့် အထိမ်းအမှတ်ပြုသည့်အနေဖြင့် စောင်းသံပေးကာ အယ်လစ်ကိုယ်တိုင်ပင် အကျွတ်တရား ရ၍ ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှ ကောင်းကင်ဘုံသို့ တက်ကြွသွားသည်ဟု ဘကြီးဗင်းနားက ပညာရှိ ပီသစွာ အမှတ်ပြုလိုက်မိလေသည်။

ပြီး

Whisper Of Words